www.burmeseclassic.com

တက္ကသိုလ်

# တင်မြင့်

မေမေကိုယ်တိုင် လျှို့ဝှက်သည်




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ် တင်မြင့်

မေမေကိုယ်တိုင်လျှို့ဝှက်သည်

၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၅၅၇၃)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိုသာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

တက္ကသိုလ်တင်မြင့်

မေမေကိုယ်တိုင်လျှို့ဝှက်သည် (တက္ကသိုလ်တင်မြင့်၊ ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၃၀၄-စာ၊ ၅×၇

(၁) မေမေကိုယ်တိုင်လျှို့ဝှက်သည်

## တက္ကသိုလ် တင်မြင့်

# မေမေကိုယ်တိုင် လျှို့ဝှက်သည်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုဇာတ်လမ်းသည်

(၁၉၇၀)ခုနှစ် ကာလပေါ်တွင်

အခြေခံ ရေးသားအပ်ပါကြောင်း။

(စာရေးသူ)



# ၁

ခက်တော့ ခက်နေမှ ...

ကားရှေ့မီးကြီးနှစ်လုံး အလင်းရောင်ဖြင့် အမျိုးသမီးကို ထင်းခနဲ တွေ့နေရသည်။

ကားကို ရပ်ပေးရမည်လား၊ မရပ်ပေးရမည်လား နောင်နောင် မဆုံးဖြတ်နိုင်။ မိမိ၏ကားကို အမျိုးသမီးက လက်ပြတားနေသည်။

နောင်နောင်က ကားကို ရပ်မပေးလို၊ ယခု မိမိ မောင်းလာသော ကားသည် ကိုယ်ပိုင်ကားလည်းမဟုတ်၊ အငှားကားလည်းမဟုတ်။ စက်စမ်းယာဉ်သာ ဖြစ်နေသည်။

ယနေ့ည (၇)နာရီထိုး ဝပ်ရှော့အလုပ်သိမ်းချိန်ကျမှ သူ့ကားကို စက်ညှိပေးပါဟု ဦးကောင်းညွန့်က ဝပ်ရှော့ပိုင်ရှင် ဆရာမြတ်ကို လာရောက်အပ်နှံသော လင်းရိုဗာကား ဖြစ်သည်။

ဆရာမြတ် အဖို့ ဦးကောင်းညွန့်ကို မငြင်းသာ၊ ဦးကောင်းညွန့်က ယခုညတွင်ချင်း ခရီးဝေးထွက်မည်၊

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးအထိ သွားမည်။ ကားကို စိတ်ချရအောင် လုပ်ပေးပါ။ ည(၁၀)နာရီထိုးကျမှ ကားကိုလာယူမည်ဟု ပြောပြီးထွက်သွားသည်။

"ကဲ ... နောင်နောင်၊ ဦးကောင်းညွန့် ဆိုတော့ ငါ မငြင်းသာဘူး၊ မင်းပဲ သူ့ကားကို ကိုင်ပေးလိုက်ကွာ၊ အင်ဂျင်ကျူးနင်းလုပ်၊ အောက် ဆပ်စပရင်းရှင်းတွေ စစ်ဆေးပြီး လဲသင့်တဲ့ပစ္စည်း လဲပေး၊ ဘရိတ်တွေ ဘီးတွေအားလုံး စိတ်ချရအောင် လုပ်ပေးကွာ၊ သူက ညတွင်းချင်း မန္တလေးအထိ သွားချင်နေတာကိုး"

ဆရာမြတ်ခိုင် လာသည်မို့ နောင်နောင် မငြင်းသာ။ နောက်ပြီး ဝပ်ရှော့လခစား အောင်ကြည်စိန်တို့ မျိုးညွန့်တို့ကို မခိုင်းဘဲ နောင်နောင့်ကိုသာ ရွေးခိုင်းသည်။

ဦးကောင်းညွန့်၏ကားဆိုလျှင် နေ့ခင်းနေ့လယ်သာဆိုပါက ဆရာမြတ် ကိုယ်တိုင် ကိုင်ပေးသည်။ ဦးကောင်းညွန့်ကလည်း သူ့ကားကို ဆရာမြတ် ကိုယ်တိုင် ကိုင်ပေးလျှင်ပေး။ ဆရာမြတ် ကိုင်မပေးနိုင်လျှင် နောင်နောင် ကိုင်ပေးမှ ကျေနပ်သည်။

နောက်တစ်ချက်မှာ ည(၇)နာရီထိုးနေပြီမို့ လခစား အောင်ကြည်စိန်နှင့် မျိုးညွန့်တို့က အလုပ်သိမ်း အိမ်ပြန်ရန် ရေမိုးပင် ချိုးပြီးနေလေပြီ။

ဒီတော့လည်း နောင်နောင်သာလျှင် ဦးကောင်းညွန့်၏ကားကို ကိုင်ပေးရာ ညကိုးနာရီခွဲပြီးမှ ကိုင်ပြီးသွားသောကြောင့် နောင်နောင်က ကားကို စက်စမ်းယာဉ်အဖြစ် မောင်းကြည့်ခြင်း



ဖြစ်ပါ၏။ ကန်တော်ကြီးတစ်ပတ် နောင်နောင် မောင်းရာတွင် ည(၁၀)နာရီထိုးကာနီးသွားသည်။

ဝပ်ရှော့က ဘိုလိန်းလမ်းတွင် ဖြစ်သောကြောင့် ကန်တော်ကြီးတစ်ပတ် မောင်းခြင်းက ဆီလျော်နေသည်။

နတ်မောက်လမ်းအဝင် လမ်းတစ်ဝက်လောက်မှာပင် ကားမီးအလင်းရှေ့တွင် အမျိုးသမီးချော တစ်ယောက်က ကားကို ဖွတ်လက်တားပြပါ၏။

အမျိုးသမီးသည် တစ်ကိုယ်လုံး အမည်းရောင်ဆင်မြန်းထားသည်။ အင်္ကျီမှာ ရင်ဖုံးလက်ရှည် ဖြစ်ပြီး ထဘီကလည်း ပျော့ပျောင်းသော အမျိုးအစား အမည်းဖြောင်ဖြစ်သည်။ ဆံပင်ကလည်း မည်းနက်ပြီး ရှိုးရှိုးလေး နဖူးပေါ် နောက်ပြန်ပိလုန်ထားပြီး နောက်တွဲထုံးထားသည်။

သူမတစ်ကိုယ်လုံး အမည်းရောင် ဆင်မြန်းထား၍လားမသိ၊ ကားမီးရောင်တွင် သူမ၏ မျက်နှာလေးမှာ ဝင်းပနေသည်။

နောင်နောင် ရပ်ပေးရ၊ မရပ်ပေးရ စဉ်းစားနေချိန်မှာပင် သူမသည် ကားလမ်းအလယ်သို့ တက်ရောက်ကာ ကားရှေ့မှ ပိတ်ရပ်ပေသည်။

နောင်နောင် ရပ်မပေး၍မဖြစ်တော့ပြီ၊ ဆက်မောင်းလျှင် အမျိုးသမီးကို တည့်တည့်ကြီး တိုက်မိရုံသာ ရှိတော့သည်။

"ဘယ်လိုလဲဗျ၊ ခွတ်ကြီးပါလား၊ ဒီကားက အငှားကားမဟုတ်ဘူး၊ ကားရှေ့မှာ 'စက်စမ်းယာဉ်'လို့ ကချိတ်ဆွဲထားသားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် ပထမ ကားတံခါးပေါက်မှ မောင်းသူ နောင်နောင်ကို သေချာကြည့်သည်။

"အိုးကွယ် ... တို့မောင်က ကားပြင်ဆရာ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါပေမဲ့ ဒီအချိန်နဲ့ ဒီအခြေအနေမှာ မမနွေးက ဘယ်သူ့ကားကိုဖြစ်ဖြစ် လာတဲ့ကား တားရမယ်။ စီးရမယ်"

ပြောပြောဆိုဆို အမျိုးသမီးသည် ကားနောက်သို့ သွားကာ တက်ရောက်ပြီး ထိုင်ခုံတွင် ထိုင်လိုက်သည်။

"မောင်းကွယ် ... မမနွေးကို စမ်းချောင်း၊ မင်္ဂလာလမ်းကို မောင်းပို့ပေးပါ"

အမျိုးသမီးသည် ကားတံခါးပေါက်မှကြည့်ပြီး မောင်းသူ နောင်နောင်တွင် မက္ကင်းနှစ်အင်္ကျီ ဝတ်ထားခြင်းနှင့် သူမထက် ပို၍ အသက်ငယ်သူမှန်း မြင်တွေ့သည်။ ထို့ကြောင့် နောင်နောင်အား "တို့မောင်"ဟု ခေါ်ခြင်းဖြစ်ပါ၏။

"ဟာဗျာ ... မဖြစ်ပါဘူးလို့ ဆိုနေမှ"

သူမသည် ချက်ချင်း သူမ၏ လက်ကိုင်ပိုက်ဆံအိတ်ထဲမှ တစ်ရာတန် အသစ်လေးကို ထုတ်ယူကာ နောင်နောင်၏ ပေါင်ပေါ်သို့ ပစ်ချပေးလိုက်သည်။

လင်းရိုဗာကားမို့ ရှေ့နှင့်အနောက် အကာအရံမရှိသောကြောင့် ငွေတစ်ရာတန်အသစ်လေး နောင်နောင်၏ ပေါင်ပေါ် ရောက်သွားသည်။ တစ်ဖန် သူမသည် ပိုက်ဆံအိတ်ထဲမှ သေနတ်သေးသေးတစ်လက် ထုတ်ကိုင်သည်။

"မောင်းကွာ ... မမနွေးမှာ သေရေးရှင်ရေးတွေနဲ့ကွ၊ ဒီနေရာက မြန်မြန်မောင်းထွက်ကွာ"



နောင်နောင် မမောင်းပဲပေကပ်နေသည်မို့ နောင်နောင်၏ လည်ကုပ်ကို သူမက သေနတ်ပြောင်း ထောက်လိုက်သည်။

"မောင်းတော့ကွာ တို့မောင်"

နောင်နောင် မတတ်သာတော့ပြီမို့ မောင်းထွက်ခဲ့ရသည်။ နောင်နောင်သည် အားကစားနှင့် ကာယပညာ၊ ကိုယ်ခံပညာတွေ သင်ကြားတတ်မြောက်ထားသူ ဖြစ်ပါ၏။

သို့သော် သေနတ်ကိုတော့ နောင်နောင် အံမတုရဲ။ မည်သည့် ဂျူဒို၊ ကရာတေးနှင့် သိုင်းသမား၊ လက်ဝှေ့သမားမှ လည်း သေနတ်ကိုတော့ အံတုရဲမည် မဟုတ်။

ထိုစဉ်မှာပင် ပြဿနာသည် ပို၍ရှုပ်ထွေးလာသည်။ မော်တော်ကားကို နံပါတ်တစ်ဂီယာနှင့်လည်း ထွက်ပြန်၊ မောင်းမပို့ချင်ဘဲ မောင်းရပြန်မို့ ကားအရှိန်နှုန်းမှာ နည်းလှသည်။

လင်းရိုဗာကားနောက်သို့ လူနှစ်ယောက် ပြေးလိုက်လာပြီး အမျိုးသမီးရှိရာ နောက်ခန်းသို့ ခုန်တက်ကြသည်။ အမျိုးသမီးကို သူတို့နှစ်ယောက်က ချုပ်ကိုင်ကြသည်။ အမျိုးသမီးကလည်းသူတို့ အချုပ်အကိုင်ကို မခံဘဲ ရုန်းကန်နေသည်။

"ဟော့ ကားသမား၊ ကားရပ်စမ်း"

"မရပ်ပေးနဲ့ တို့မောင်၊ ဒီနှစ်ယောက် မမနွေးကို တမင် နှောင့်ယှက်နေတာ၊ တို့မောင် မမနွေးကို ကူညီပါကွယ်"

နောင်နောင် ဘာလုပ်ရမည်မှန်း မသိ။ ကားကလည်း နံပါတ်သရီးဂီယာနှင့် မောင်းနေပြီမို့ အရှိန်ရနေသည်။ သူတို့ ဘယ်လိုမှ ခုန်မဆင်းရဲတော့။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက အားနွဲ့သူ မိန်းမသားတစ်ယောက်တည်း။

အမျိုးသားက နှစ်ယောက်။ အရွယ်ကောင်း သန်မာသောသူတွေ။ သူတို့ဘာသာ ဘာတွေ ပတ်သက်လာမှန်းတော့ နောင်နောင် မသိ။

လတ်တလော အခြေအနေကတော့ ကြည့်၍မကောင်းသောပွဲ၊ မမျှတသောပွဲ ဖြစ်နေသည်။

"တို့မောင် ... ကူညီပါကွယ်"

အမျိုးသမီးအပေါ် နောင်နောင် ကရုဏာသက်ရောက်သွားသည်။

နောင်နောင် ကားကိုရပ်လိုက်သည်။

အမျိုးသားနှစ်ဦးက သူတို့အမိန့်အတိုင်း ကားရပ်ပေးသည်ဟုထင်ကာ ကားနောက်ခန်းမှ အမျိုးသမီးကို အတင်းဆွဲအတင်းအောက်သို့ ခေါ်သည်။ အမျိုးသမီးက ရုန်းကန်နေသဖြင့် အထဲတွင် အမျိုးသားနှစ်ဦးမှာ ကုန်းကုန်းကွကွတွေ ရှိနေသည်။

နောင်နောင်က ကားတံခါး ဖွင့်ဆင်းလာကာ နောက်တွင်ပိတ်ရပ်လိုက်သည်။

ထိုးရမှာ အားနာစရာပင် ကောင်းသေးတော့။

ကုန်းကွကွပုံစံ ဆိုသည်မှာ ဒူးကိုကိုင်ထားပြီး မျက်နှာကို ရှေ့သို့ပေးထားသောပုံစံ ဖြစ်နေသည်။

"ခွပ် ... ခွပ်"

ဘယ်ဝိုက်လက်သီးကို ပထမလူ၏ မေးစေ့ကိုထိုးပြီး ညာဝိုက်လက်သီးက ဒုတိယလူ မျက်နှာကို ပစ်သွင်းလိုက်သည်။



"အား ... အား"

နှစ်ယောက်စလုံး ဖင်ထိုင်ကျသွားပြီး အမျိုးသမီးကို ချုပ်ကိုင်ထားသော လက်တွေ လွတ်သွားသည်။

အမျိုးသမီးက တကယ့်ကျားမလေး။ လွှားခနဲ ကားပေါ်မှ ခုန်ဆင်းကာ လမ်းဘေး သစ်ပင်များရှိရာ မှောင်ထဲသို့ ပြေးဝင်ပျောက်ကွယ်သွားသည်။

"ဟာ ... သောက်ရေးထဲ ဒီချာတိတ်က ငါတို့ကို လက်သီးစွမ်း ပြနေသေး။ ချကွာ ... လူဖော်၊ ဒီချာတိတ်ကို အရင်လှဲသိပ်လိုက်"

နှစ်ယောက်စလုံး ကားပေါ်မှ ဆင်းကြကာ လမ်းပေါ်ခြေထောက်မိသည်နှင့် သူတို့နှစ်ယောက်က နောင်နောင့်ကို အပိုင်စီးရန် ဖွတ်ဝင်လာကြတော့သည်။

သူတို့ မှားသွားပြီ။

နောင်နောင် အဖို့ ဒီပွဲမျိုးလောက်တော့ ရိုးနေပြီ။ နောင်နောင် ယခင်က ကြုံခဲ့သောပွဲတွေမှာ ချိန်းကြိုးတွေ၊ သံလက်သီးတွေ၊ လိပ်ကျောက်မြီးတွေ၊ ဘလိတ်ဓား၊ မောင်းပြန်ဓား ရောပွန်းနေသော ပွဲကြမ်းမျိုးတွေ မနည်းခဲ့ပြီ။

ချာတိတ်ဆိုပြီး ဖွတ်ဝင်လာသော ပထမလူ၏ ဝမ်းဗိုက်ကို နောင်နောင်က မြားဦးထိုး ခြေတန်းဝင် ဖွတ်ဝင်ထောက်လိုက်သည်။

"အွန့်"ခနဲ အသံနှင့် ထိုလူခံသွားရသည်။ ဝမ်းဗိုက်ကို လက်ဝါးနှစ်ဖက်အုပ်ကာ ဒူးထောက်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယလူ၏ လက်သီးချက်ကိုတော့ နောင်နောင် ခံလိုက်ရသည်။ လက်ဝဲဘက်ပါးရိုးတစ်ချက် ကျင်ခနဲ ခံစားလိုက်ရသည်။ သို့သော် နောင်နောင် ကိုယ်ဟန်အနေအထား ပျက်မသွား။ ဒုတိယလူကို ရင်ဆိုင်လိုက်သည်။

တစ်ယောက်ချင်းပွဲကျတော့ နောင်နောင် သိပ်အချိန်မယူရ။ တစ်မိနစ်အတွင်းမှာပင် ဒုတိယလူ ပုံလဲကျသွားသည်။

နှစ်ယောက်စလုံး ဝေဒနာကိုယ်စီဖြင့် ထပ်မံ၍ဘာမျှမလုပ်နိုင်မှန်း သိသဖြင့် နောင်နောင်က ထပ်မံ၍ဘာမှမလုပ်တော့ဘဲ ကားဆီသို့ ပြန်လာသည်။ မမနွေး ဆိုသည့် အမျိုးသမီးကို လုံးဝမတွေ့ရပါလေတော့။

နောင်နောင် ပြန်မောင်းထွက်လာခဲ့သည်။

* * *



# ( ၂ )

ဘိုလိန်းလမ်း ဝပ်ရှော့အရောက်တွင် ဆရာမြတ်နှင့် ဦးကောင်းညွန့်က နောင်နောင် ပြန်အလာကို စောင့်နေသည်ကို တွေ့ရပေသည်။

"ဘယ်လိုလဲဟေ့ နောင်နောင်၊ အိုကေရဲ့လား"

"အားလုံး စိတ်ကြိုက်ပါပဲ အန်ကယ်ဦးကောင်းညွန့်၊ ဆီမှန်၊ မီးမှန်၊ အောက်ပိုင်းငြိမ်၊ ဘာရိတ်မိပဲ"

"အေးကွာ … နောင်နောင် ကိုင်ရင် အန်ကယ်က စိတ်ချပြီးသားပါ။ ကဲ … ဆရာမြတ်၊ ကျုပ်သွားတော့မယ်၊ တစ်ညလုံး မောင်းမယ်လေ၊ မိုးလင်းရင် မန္တလေးအရောက်ပဲ၊ ကျုပ်အဖွဲ့ကတော့ ညနေခြောက်နာရီကတည်းက ဒေါ့ဂျစ်ကားနဲ့ ထွက်သွားကြပြီ"

ဦးကောင်းညွန့် နှုတ်ဆက်ပြီး လင်းရိုဗာကားကို မောင်းထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မင်း ရေချိုးချိုး၊ ထမင်းစား နောင်နောင်၊ 'အမာလေး'က မင်းအတွက် ထမင်းပွဲ ပြင်ထားလိမ့်မယ်၊ ငါတော့ ဘုရားခန်း ဝင်ဦးမယ်"

နောင်နောင်သည် ဝပ်ရှော့ဘေးရှိ စည်ပိုင်းမှာ ရေချိုးသည်။ ရေချိုးပြီး ဝပ်ရှော့၏ ထပ်ခိုးပေါ်သို့ မျောက်လွှဲကျော်တစ်ကောင်လို လွှားခနဲ တက်ရောက်ကာ အဝတ်များ လဲသည်။

ဝပ်ရှော့အပေါ်ထပ် ထပ်ခိုးသည် နောင်နောင်၏ အိပ်ခန်းပင် ဖြစ်ပါ၏။ လှေကားတပ်ထားသည်တော့ မဟုတ်။ တိုင်တွင် သစ်သားအထစ်များ သံရိုက်ကပ်ထားပြီး၊ ထိုသစ်သားအထစ်များမှ တက်ရောက်ရခြင်း ဖြစ်သည်။

ဆရာမြတ်နှင့်ဇနီး ဒေါ်ဒေါ်ကြူ၊ သမီး "အမာလေး" သုံးယောက်၊ ကားဂိုဒေါင်နှင့်တွဲလျက်သား နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးတွင် နေကြသည်။ သမီး အမာလေး၏ ကျောင်းအမည်မှာ "မြတ်သီရိ"ဖြစ်သည်။ မြတ်သီရိ ခေါ် အမာလေးက တက္ကသိုလ်တွင် တက်ရောက်နေပေပြီ။

ရှေ့ပိုင်း အဖီချ ကားဂိုဒေါင်ကြီးတွင် ညသိပ်ပြင်ရသော ကားများနှင့် ကားပစ္စည်းများကို စောင့်ရန် ညစောင့် ဦးဘအေးကို တစ်လလျှင် တစ်ရာ့ငါးဆယ်ကျပ်ဖြင့် ငှားထားသည်။

"ဟေး ... အစ်ကိုနောင်နောင်၊ ထမင်းစားဖို့ ဆင်းခဲ့တော့လေ"

"အေး ... အခုပဲ ဆင်းခဲ့မယ်၊ အမာလေး အိပ်တော့လေ၊ မနန်းဝေကို ထမင်းပွဲသိမ်းဖို့ စောင့်ခိုင်းပေါ့"



အမာလေးက အထပ်ခိုးအောက်မှ မော့၍ နောင်နောင့်အား ထမင်းစားခေါ်ခြင်း ဖြစ်ပေသည်။

နောင်နောင်သည် တိုင်အထစ် လှေကားမှ ဆင်းလာသည်။ အမာလေးက အောက်မှ မော့ကြည့်ရင်း စောင့်နေပါ၏။

ရေချိုးပြီးစ နောင်နောင်၏ အသားအရည်မှာ စိုပြည်နေသည်၊ ကားစက်ပြင် အလုပ်ကြမ်း လုပ်ရသောကြောင့် နောင်နောင်၏ မျက်နှာမှာ အညိုရောင်သမ်းနေသော်လည်း အင်္ကျီကြယ်သီးပြုတ် ရင်ဘတ်အသားရောင်မှာ ဖြူရောင်သမ်းနေပါ၏။

"လာ ... အမာလေးတို့ သိမ်ဆာနေပြီ"

"ဆာရောပေါ့၊ ဆယ်နာရီတောင် ခွဲပြီပဲဟာ"

မီးဖိုနှင့် တစ်ဆက်တည်းရှိသော အခန်းသို့ နှစ်ယောက်သား လာခဲ့ကြသည်။

"အမာလေး မအိပ်သေးဘူးလား"

"စာကျက်နေတာ အစ်ကိုနောင်၊ ဖေဖေက အစ်ကိုနောင်ကို ထမင်းခူးကျွေးလိုက် ဆိုလို့"

"ဒါဆို စာဆက်ကျက်လေ၊ ထမင်းပွဲကို မနန်းဝေ သိမ်းပစေပေါ့၊ တို့ကြောင့်တော့ အမာလေး စာကျက်မပျက်စေနဲ့"

"ဟွန်း ... အစ်ကိုနောင်က မနန်းဝေကို တော်တော်အားကိုးတယ်နော်၊ မနန်းဝေက လက်စင်စင်မဆေးဘဲ ခူးခပ်ပေးတာက ပိုပြီးအရသာရှိနေလို့လား"

အမာလေးက မျက်စောင်းထိုး၍ ပြောသည်ကို နောင်နောင်က သဘောကျစွာ ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မနန်းဝေ ဆိုသူမှာ ဒေါ်ကြူကြူက အိမ်ဖော်အဖြစ် ခေါ်ထားသော ကရင်အမျိုးသမီးတစ်ဦး ဖြစ်သည်။ အသားဖြူဝင်းသည်၊ မျက်လုံးမျက်ခုံးနှင့် မျက်နှာပေါက် လှသည်။ အမာလေးထက် အသက်(၂)နှစ်ခန့် ပိုကြီးသည်။ မနန်းဝေသည် ဒေါ်ကြူကြူနှင့်အတူ နံနက်ဈေးလိုက်သွားပြီး အပြန်တွင် ဒေါ်ကြူကြူနှင့်ပင် ချက်ရပြုတ်ရသည်။ အိမ်သန့်ရှင်းရေးနှင့် လျှော်ဖွပ်ရေးတွေကို လုပ်သည်။

ဆရာမြတ်၏ ဝပ်ရှော့တွင် အကူစက်ပြင်အဖြစ် တစ်လလျှင် နှစ်ရာကျပ်ဖြင့် ခေါ်ထားသော အောင်ကြည်စိန်နှင့် မျိုးညွှန့်ကိုပါ နံနက်စာ ထမင်းကျွေးရသောကြောင့် ဒေါ်ကြူကြူ စီစဉ်ရသော ထမင်းအိုးမှာ မသေးလှ။

အလုပ်သမားနှင့် အလုပ်လုပ်ပြီး အိမ်ဖော်မွေးတတ်သော အလုပ်ရှင်တို့၏ အိမ်ရှင်မတွင် ဒီလိုဘဝဲ့လေးမျိုး ရှိတတ်သည်။

အလုပ်တော်သော အလုပ်သမားနှင့် သူတို့မွေးထားသော အိမ်ဖော်အမျိုးသမီးကို ပေးစားလိုက်ခြင်းဖြင့် လုပ်ငန်းခွင်တွင် နှစ်ယောက်စလုံး ပိုပြီးမြဲစေသော ရည်ရွယ်ချက်မျိုး ဖြစ်ပါ၏။

ထို့ကြောင့် ဒေါ်ကြူကြူတွင် အလုပ်တော်သော နောင်နောင်နှင့် မနန်းဝေတို့ ဖြစ်မြောက်သွားစေလိုသော ဆန္ဒမျိုး ရှိနေပုံရသည်။

ဒါကို အမာလေး ရင်ထဲက ဂျိုတ်ပြီးမခံချင် ဖြစ်ရသည်။



"အို ... မေမေကလည်း၊ အစ်ကိုနောင်နဲ့ မနန်းဝေက တခြားစီပဲ၊ ဘာဆိုင်လဲ"

"ဘာတခြားစီလဲ သမီး၊ သူတို့နှစ်ယောက်မှာ ဘာကွာခြားချက် ရှိလို့လဲ"

ဒီလို မေမေဒေါ်ကြူကြူက ပြန်မေးတော့လည်း အမာလေး ဘယ်လိုပြန်ဖြေရမှန်း မသိ။

အမာလေး ရင်ထဲက အစ်ကိုနောင်နောင်နှင့် မနန်းဝေသည် တခြားစီမှန်းတော့ သိသည်။ အစ်ကိုနောင်နောင်၏ အပြောအဆို အနေအထိုင် အပြုအမူတို့သည် တစ်မျိုးဖြစ်ရုံမက ဥပဓိရုပ် သိပ်သန့်သည်။ အတူတူ လုပ်ကိုင်နေသော ကိုအောင်ကြည်စိန်တို့ ကိုမျိုးညွှန့်တို့နှင့် မတူပဲ အစ်ကိုနောင်နောင်က သိပ်သန့်နေသည်။ ပြီးနောက်ပြီး ဖေဖေ ဦးအောင်မြတ် ကားပြင်လုပ်ငန်းတွင် ဟိုနှစ်ယောက်လို သတ်မှတ်ပေးလခနှင့် လုပ်သည် မျိုးမဟုတ်။ အစ်ကိုနောင်နောင်ကို အိမ်တွင်နေစေသည်။ ထမင်းစားစေသည်။ လကုန်လျှင် ဖေဖေ့က လက်ဖက်ရည်ဖိုး မုန့်ဖိုး အနေနှင့်တစ်ရာမျိုး ကိုးဆယ်မျိုး ပေးသည်နှင့်ပင် အစ်ကိုနောင်နောင်က ကျေနပ်သည်။

ပြီး ... ဖေဖေ ကားပြင်လုပ်ငန်းတွင် အစ်ကိုနောင်နောင်က ဘာကိုခိုင်းခိုင်း လုပ်ကိုင်နိုင်ပြီး အတော်ဆုံးဖြစ်သည်။

မနန်းဝေသည် ရုပ်လေးချော၊ ရုပ်လေးသန့်ပါ၏။ သို့သော် အစ်ကိုနောင်နောင်နှင့် ယှဉ်လိုက်ပါက တခြားစီဟု အမာလေး မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



*ဘယ်လိုပြောရပါ့။ မနန်းဝေ၏ အလှက ကြမ်းနေ*ပြီး၊ အစ်ကိုနောင်နောင်က သိမ်မွေ့နေသလို အမာလေး မြင်သောကြောင့် တခြားစီဟု သတ်မှတ်ခြင်း ဖြစ်ပါ၏။ အမာလေး အမြင်တွင် အကယ်၍ မနန်းဝေအား ကိုအောင်ကြည်စိန်နှင့်ဖြစ်စေ၊ ကိုမျိုးညွန့်နှင့်ဖြစ်စေ ရည်ရွယ်ပါက လိုက်ဖက်သည်ဟု မြင်သည်။

နောက်တစ်ခု ရှိသေးသည်။ မေမေဒေါ်ကြူကြူက အစ်ကိုနောင်နောင်အား မနန်းဝေနှင့် ဖြစ်စေချင်သော စကားရိပ်သမ်းပြောလျှင် အစ်ကိုနောင်နောင်က မေမေ့ကိုတော့ ဘာမျှပြန်မပြော၊ သူ့ဟာသူ ပခုံးတွန့်သည်။ ပြီး ... တစ်မျိုးသော အပြုံးမျိုးပြုံးသည်။

အစ်ကိုနောင်၏ ပခုံးတွန့်နှင့် အပြုံးသည် "ကြည့်လည်းလုပ်ပါ ဒေါ်ဒေါ်ကြူ"ဟု သရော်ကမော်လေးအသွင် ရှိနေသည်ဟု အမာလေး ထင်သည်။

မေမေက မနန်းဝေနှင့် ရည်ရွယ်သည်ကို အမာလေးက မခံချင်၊ မနှစ်သက်ချင် ဖြစ်မှန်းကိုလည်း နောင်နောင် ရိပ်မိပါ၏။

အိမ်ရှေ့အဖီချ ဂိုဒေါင်တွင် နှစ်ပေမီးချောင်းထွန်းထားသည်။ ညစောင့် ဦးဘအေးက ပက်လက်ကုလားထိုင်ဖြင့် မီးလင်းစောင့်သည်။

"အား ... နိပ်တယ် အမာလေး၊ ဝက်သားနဲ့ပုန်းရည်ကြီး၊ ငရုတ်သီးထောင်းကြော်၊ ပဲနီလေးဟင်းချိုနဲ့ ဗိုက်ကဆာနေ့က အတော်ပဲ မြိန်ပြီပေါ့"



"ထမင်းတွေ ဟင်းတွေတော့ အေးကုန်ပြီ အစ်ကိုနောင်၊ အစ်ကိုနောင် စားတဲ့အချိန်လည်းကြည့် ဦးလေး"

"ရတယ် အမာလေး၊ ထမင်းပူ ဟင်းပူဆိုရင် မှုတ်နေရဦးမယ်၊ အခုလို အေးနေတော့ ဗိုက်ထဲ လျှောခနဲ လျှောခနဲ ဝင်သွားတာပေါ့"

အမာလေးက သဘောကျစွာ ရယ်ပါ၏။ ပြီး ... အစ်ကိုနောင် စားပုံကို သေချာငေးကြည့်နေသည်။

ဟင်းခပ်ဇွန်းကို လက်ဝဲလက်နှင့် ကိုင်သည်။ ပေနေသော ညာလက်ဖြင့် မကိုင်။ ထမင်းပန်းကန်ထဲမှ ထမင်းလိုသလောက် ကန့်ယူပြီးမှ ဟင်းနှင့်နယ်သည်။ ထမင်းပန်းကန် အနားတွေကို ဟင်းမှုန့်ဆီများ အနှစ်များ လုံးဝမပေစေရ။

အမာလေးက ထမင်းနယ်နေသော အစ်ကိုနောင်၏ လက်ချောင်းလေးများကို ကြည့်နေမိသည်။ ရှည်ရှည်မျောမျော သွယ်သွယ်လျလျလေးတွေ ဖြစ်ပါ၏။ အလွန်ကြည့်ကောင်းသော လက်ချောင်းများပါပေ။

"အစ်ကိုနောင်က တူတွေထု၊ စပါနာတွေလှည့်၊ ပလာယာတွေကိုင်ပြီး အလုပ်ကြမ်းတွေ လုပ်နေတာတောင် လက်ချောင်းလေးတွေက သိပ်ကြည့်ကောင်းတယ်နော်"

"ယော ... ဘာဆိုင်လဲ အမာလေးရဲ့၊ အမေမွေးကတည်းကပါလာတဲ့အတိုင်း ရှိနေတာပဲဟာ၊ ကားပြင်သမား အလုပ်ကြမ်းသမားမို့ ဘယ်လိုလက်ချောင်းခြေချောင်း ရှိရမယ်လို့မှ မသတ်မှတ်တာ၊ အမာလေးရဲ့ လက်ချောင်းလေးတွေလည်း အမေမွေးကတည်းက လှလှလေးပါလာတာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



နောင်နောင်ပြောမှ အမာလေးသည် သူမ၏လက်ချောင်းများကို ထောင်ကြည့်သည်။ သူမ၏ လက်ချောင်းလေးများကလည်း အဆစ်အမြစ် မပေါ်သလို ဖယောင်းတိုင်လေးသဖွယ် ရှိနေပါ၏။ ဖေဖေဦးအောင်မြတ်တွင်လည်းကောင်း၊ မေမေဒေါ်ကြူကြူတွင်လည်းကောင်း ထိုသို့သော လက်ချောင်းများပင် ရှိသည်ကို အမာလေး သတိထားမိသည်။ ဖေဖေလည်း ဝပ်ရှော့ဆရာ ဝပ်ရှော့ပိုင်ရှင် ဖြစ်လာသည်အထိ အလုပ်လုပ်ခဲ့သော်လည်း ယနေ့ထိ ဖေဖေ့လက်ချောင်းလေးများသည် အစ်ကိုနောင်နောင့်ကဲ့သို့ပင် ရှိနေသည်။

"ဟုတ်တယ်နော် ... အမေ မွေးပေးလိုက်တဲ့ပုံစံ အမိကပဲ၊ ဒါဆို မိဘမျိုးရိုးလိုက်တယ်လို့ ပြောရမှာပေါ့နော် အစ်ကိုနောင်"

နောင်နောင် ထမင်းတစ်ပန်းကန် ကုန်သွားပြီ။ ထမင်းအုပ်ထဲမှ ထမင်းကို လက်ဝဲလက်ဖြင့် ခပ်ဇွန်းကြီးကိုင်ကာ ထပ်ထည့်သည်။

"ဘာလဲ ... အမာလေးက မျိုးရိုးလိုက်တာတွေ ဘာတွေ ပြောနေတာ သုတေသနပညာရှင် ကျနေတာပဲ"

"ဟုတ်တယ်လေ အစ်ကိုနောင်ရဲ့၊ တမာသီးကိုစိုက်ရင် တမာပင်ပဲ ပေါက်မယ်၊ တမာသီးပဲ သီးမယ်။ သရက်စေ့ကိုစိုက်ရင်လည်း သရက်ပင်ပဲ ပေါက်ပြီး သရက်သီးပဲ သီးတာပဲ မဟုတ်လား၊ တမာပင်က သရက်သီး မသီးသလို သရက်ပင်ကလည်း တမာသီး မသီးဘူးလေ"

"ဟေ"



"အစ်ကိုနောင်ရဲ့ မိဘတွေဟာ ဘယ်သူတွေလဲဟင်၊ ဘယ်လိုအမျိုးအနွယ်လဲ၊ ဘာအလုပ် လုပ်ကြသလဲ အစ်ကိုနောင်"

"ဟိုက်"

ခနဲ နောင်နောင် ရင်ထဲက ဖြစ်သွားသည်။ သို့သော် နောင်နောင် ချက်ချင်းပြန်၍ အဖြေပေးပေသည်။

"သြော် ... ဒါလား။ ကိုယ့်ဖေဖေက လက်သမား၊ ကိုယ့်မေမေက ပဲပြုတ်ရောင်းတယ်"

"ဟုတ်ကို မဟုတ်နိုင်ဘူး"

"ဗုဒ္ဓေါ ... ကိုယ့်ကိုယ်တိုင်က ပြောနေတာကိုမှ အမာလေးက မဟုတ်နိုင်ဘူး ဆိုရင်တော့ တပည့်တော် မလျှောက်တတ်တော့ပါပေါ့"

ပြောရင်း နောင်နောင်က ရယ်သည်။ အမာလေးက လိုက်၍မရယ်ပေ။

အမာလေး စိတ်ထဲတွင် အစ်ကိုနောင်နောင်သည် တမင် သူ့ဇာတိဇစ်မြစ်ကို မပြောလို၍ ပေါက်ကရပြောသည်ဟု ယူမှတ်ရင်း အစ်ကိုနောင်၏ မျက်နှာကို ငေးနေရာ ပါးတစ်ဖက်တွင် ဖူးယောင်နေသည်ကို သတိထားမြင်မိသည်။

"ဟင် ... အစ်ကိုနောင်ရဲ့ ပါးတစ်ဖက် နီပြီးဖူးထနေတယ်၊ ဘာလို့လဲဟင်"

ဟုတ်ပေမည်။ နတ်မောက်လမ်းထဲတွင် မဟူရာင်းသမီးနှင့် ဆုံခဲ့ပြီး နောက်ထပ်လူဆိုးနှစ်ဦးနှင့် သတ်ပုတ်ခဲ့ရာ ပါးရိုးတစ်ဖက် အတိုးခံခဲ့ရသော ဒဏ်ချက်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"စောစောက အန်ကယ်ဦးကောင်းညွန့်ကား အောက်ပိုင်းကိုင်တုန်းက မတော်တဆ ထိခိုက်မိတာပါ အမာလေး"

နောင်နောင် ထမင်းသုံးပန်းကန်အထိ စားနိုင်သည်။ အမာလေးက အစ်ကိုနောင် ထမင်းစားနိုင်သည်ကို ကျေနပ်စွာ ကြည့်နေပါ၏။

အစ်ကိုနောင်သည် ဘာကြောင့်များ သူ့ဘဝမှန်ကို လုံးဝတစ်ခွန်းမှ မဟပဲ လျှို့ဝှက်ထားချင်ပေသနည်း။

"အား ... စားလို့လည်း ကောင်းပ့ါ၊ တစ်ဝကြီးကို စားလိုက်တယ်။ သာဓုဗျာ ... သာဓု ... သာဓု ... ဆရာမြတ်ရော၊ အန်တီကြူရော၊ အမာလေးရော၊ တို့ကို ကျွေးမွေးတဲ့အတွက် ကျန်းမာပါစေ၊ ချမ်းသာပါစေဗျား။ အမာလေးလည်း တက္ကသိုလ်က ဘွဲ့တွေရပြီး လင်ကောင်းသားကောင်းရပါစေဗျား"

"ဟင်းနော် ... အစ်ကိုနောင်၊ မနောက်နဲ့"

"ဟ ... အမာလေးက ထမင်းပွဲဘေးမှာ ရောမကျောက်ထုရုပ်ကြီးလို တအားကြီး ငြိမ်နေလို့ တို့က ကျောက်ရုပ်ကြီးလှုပ်လာအောင် လိုအပ်တဲ့ဆုတွေ ပေးလိုက်တာ"

"ဘာ လိုအပ်တဲ့ဆုလည်း အမာလေးနဲ့ လင်ဆု သားဆုတွေ ဘာဆိုင်လဲ၊ ဟွန်း ... ခုချိန်ထိ အမာလေးမှာ ဘာချစ်သူမှတောင် မရှိသေးဘူး သိလား"

"ဟ ... ဒေသကောလိပ်တစ်မှာ ဒီလောက်တောင်ပဲ သကောင့်သားလေးတွေ ရှားပါးလို့လား၊ အေးလေ ... အခုမရှိလည်း နောက်တော့ ရှိလာမှာပါ၊ မပူနဲ့"



"ဘာမပူနဲ့လဲ ... အစ်ကိုနောင်နောင်"

"ဟဲ့ ... အမာလေး"

အိပ်ခန်းထဲမှ အသံပေးလိုက်သော ဒေါ်ကြူကြူ၏ အသံ ထွက်လာသဖြင့် နှစ်ယောက်သား ငြိမ်သွားသည်။

"ဟဲ့ ... ငါခေါ်တာ မကြားဘူးလား"

"ကြားပါတယ် မေမေ"

"နောင်နောင် ထမင်းစားပြီးသွားပြီလား"

"အခုပဲ ပြီးတယ် မေမေ"

"အေး ... ဒါဆို ထမင်းပွဲသိမ်း။ အိမ်တံခါးတွေ ပိတ်တော့"

အမိဗွာယ်မှာ ပေါ်လွင်ပါ၏။ သူ့သမီး နောင်နောင်နှင့် သိပ်အရောတဝင် မနေနဲ့ဟူသော အဓိပ္ပာယ်ပါပေ။

နောင်နောင်သည် တံခါးပေါက်ဆီသို့ ထွက်လာသည့်နောက်သို့ အမာလေး လိုက်လာသည်။ တံခါးပိတ်ရန်ဖြစ်ပါ၏။

နောင်နောင်က အိမ်လှေကားထစ်များမှ ဆင်းသည်။

"အစ်ကိုနောင်"

အမာလေးက ခပ်အုပ်အုပ် အသံဖြင့် ခေါ်သည်။

နောင်နောင်က လှေကားထစ်မှဆင်းရင်း အမာလေးခေါ်သံကြောင့် ရပ်ပြီး ပြန်လှည့်ကြည့်သည်။ ဘာပြောချင်လဲဟု အဓိပ္ပာယ်ပေါက်သည့် မျက်ခုံးပင့် မေးဆတ်ပြလိုက်သည်။

"လူတွေမှာ အမိဝမ်းက မွေးလာတဲ့ အချိန်ကစပြီး နောက်တစ်နေ့ ကူးသွားတာနဲ့ မနေ့ကဆိုတာ ရှိစမြဲပါနော်"

နောင်နောင် ခေါင်းကုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


"အမာလေးက ဒေသကောလိပ် ရောက်သွားပြီးမှ သိပ်ကိုကြီးတဲ့ စကားလုံးတွေကို အားကြီးပြောတာပဲနော်။ တို့ဦးနောက်က အမာလေး စကားတွေကို ဖော်လိုမလိုက်နိုင်တော့ဘူး"

"လူတွေမှာ နက်ဖြန်ကူးပြီး မနေ့ကတွေတိုင်းမှာ အတိတ်ဆိုတာတွေ ရှိနေတာပဲ"

"*အင်း ... တို့စိတ်ကူးထားတဲ့ အတိတ်ကတော့ 'သိန်းထီကြီးပေါက်၊ တို့လည်းမြောက်၊ အောက်တန်းဘဝမှ ကင်းလွတ်ရန်' ဆိုတဲ့ အတိတ်ရေးပြီး ထီတစ်စောင်တော့ ထိုးထားတာပဲ*"

အမာလေးက နောင်နောင်၏ ပြက်လုံးကို မရယ်ပေ။ သံဘာဂျာတံခါးကို ဆွဲပိတ်လိုက်သည်။ ထို့နောက် အတွင်းဘက်ကျွန်းတံခါးရွက်ကိုပိတ်ရန် ကိုင်လိုက်ရင်း ...

"လုပ်မနေနဲ့ အစ်ကိုနောင်။ နက်ဖြန်ကျရင် အစ်ကိုနောင်အားလပ်တဲ့အချိန်မှာ အစ်ကိုနောင်ရဲ့ အတိတ်ကအကြောင်းတွေ အမာလေးကို ပြောပြရမယ်။ ဒါပဲနော် ... အခု အမာလေး ပြောတာ တကယ် အတည်ပြောတာ"

ပြောပြီး အမာလေးက ကျွန်းတံခါးနှစ်ချပ်ကို ပိတ်ပြီး ကန့်လန့်ထိုးလိုက်ပါ၏။

နောင်နောင် အဖီကိုဒေါင်သို့ ဆင်းလာခဲ့တော့သည်။

* * *

# ၄ ၊ ၅

ရဲခနဲ ရဲခနဲ ဆေးပေါ့လိပ် ဖွာသောက်နေသော ပက်လက်ကုလားထိုင်ပေါ်မှ ညစောင့် အဘဦးဘအေးကို တွေ့ရပေသည်။

ခါတိုင်းနေ့များဆိုလျှင် အလုပ်သိမ်းချိန်အတိုင်း သိမ်းပြီးနောက် ညအိပ်ရာမဝင်မီ အဘဦးဘအေးနှင့် စကားစမြည်ပြောရုံမက အဘဦးဘအေးထံမှ သိုင်းပညာကိုပင် သင်ယူကစားကြသေးသည်။

အဘဦးဘအေးသည် ငယ်စဉ်က ရှမ်းပြည်နယ်ဘက်တွင် အနေများခဲ့ပြီး၊ ရှမ်းသိုင်းပညာ တတ်မြောက်ထားသူ ဖြစ်ပေသည်။

နောင်နောင်က သူတတ်ထားသော ကာယပညာအပြင် အလေ့အကျင့်လည်း မပျက်စေရန် ညပိုင်းတွင် အဘဦးဘအေး ထံမှ သင်ယူခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ယနေ့ညအဖို့တော့ အန်ကယ်ဦးကောင်းညွန့်၏ မော်တော်ကားကို အချိန်ပို ကိုင်ပေးရသည့်ပြင် လမ်းတွင် သတ်ပုတ်ပွဲပင် ကြုံခဲ့ရသောကြောင့် ပင်ပန်းနေပေပြီ။ ထို့ကြောင့် သူ၏ ထပ်ခိုးပေါ် တက်အိပ်ရန် တိုင်လှေကားထစ်သို့ ခြေလှမ်းပြင်လိုက်စဉ် အဘဦးဘအေး ခေါ်သံ ထွက်လာသည်။

"ဟေး ... နောင်နောင်"

"ဒီညတော့ ဆောရီးပဲ အဘရေ။ ကျွန်တော် မစွမ်းနိုင်တော့ဘူး၊ ပုန်းရည်ကြီးနဲ့ဝက်သားဟင်းကလည်း တက်တယ်လေ အဘရဲ့"

"မင်း သဘောပဲလေ၊ ငါက သိုင်းကစားဖို့ ခေါ်တာမဟုတ်ဘူး၊ ခုနလေးကပဲ အကျႌအနက် ထဘီအနက်နဲ့ ကောင်မလေးတစ်ယောက်က မင်းအကြောင်းတွေ လာမေးသွားလို့ မင်း အိပ်ချင် အိပ်တော့လေ။ မနက်ကျမှ ငါ ပြောမယ်"

"ဗျာ"

"အကျႌနက် ထဘီနက်နှင့် ကောင်မလေး"ဟု အဘဦးဘအေးထံမှ ကြားသည်နှင့် နောင်နောင်တွင် အိပ်ချင်စိတ်တွေ ပျောက်သွားသည်။

နောင်နောင် သူ့အကျႌအိတ်ထဲရှိ မဟူရာ မင်းသမီးလေး ပေးသွားသော ရာတန်အသစ်လေးကို စမ်းကိုင်မိသည်။

"တကယ်လား အဘ၊ ထဘီနက်၊ အကျႌနက်နဲ့ အမျိုးသမီးတစ်ယောက် တကယ်လာသွားသလား"

"ငါက လူကြီးပဲ နောင်နောင်၊ မင်းကို အလကားလိမ်ပြောမလား"



"အဲဒီအမျိုးသမီးက အသားဖြူဝင်းပြီး တော်တော်ချောတယ် မဟုတ်လား အဘ"

"အေး ... စကားပြောရင် ပါးပြင်မှာ ပါးချိုင့်လေးတောင် ခွက်ဝင်တတ်သေးတယ်"

နောင်နောင်သည် ရိပ်ခနဲ လွှားခနဲ အဘဦးဘအေး အနီးသို့ ရောက်သွားသည်။

"ပြောပါ အဘ၊ အဲဒီအမျိုးသမီးက အဘကို ကျွန်တော့်အကြောင်း ဘာတွေ ပြောသွားလဲဟင်"

"ဒီဝပ်ရှော့မှာ အရပ်ထောင်ထောင်မောင်းမောင်း၊ မျက်ခုံးထူထူ၊ မေးစေ့ထောင့်မှာ မှည့်လေးတစ်လုံးပါတဲ့ မက္ကင်းနစ်လူငယ်တစ်ယောက် ရှိသလားလို့ အဘကို မေးတယ်"

"အဘက ဘာပြန်ပြောလိုက်လဲဟင်"

"အေး ... သူ မေးတဲ့ပုံသဏ္ဍာန် ရုပ်ဟာ နောင်နောင်ပဲလို့ အဘ တန်းသိတယ်။ အောင်ကြည်စိန်တို့ မျိုးညွန့်တို့က ထောင်ထောင်မောင်းမောင်းလည်း မဟုတ်ဘူး၊ သူ့တို့ မျက်နှာမှာ ဘာမှဲ့တစ်လုံးမှလဲ မရှိဘူး၊ ဒီတော့ အဘက မိန်းကလေးပြောတာ နောင်နောင်ပဲလို့ ပြောလိုက်တယ်"

"အဲဒီတော့ သူက ဘာပြန်ပြောလဲ အဘ"

"သြော် ... သူ့နာမည် နောင်နောင်တဲ့လားတဲ့၊ အခု သူ့ကိုတွေ့လို့ရမလားတဲ့၊ ငါက နောင်နောင် အခုမှ ညစာ ထမင်းစားနေတယ်၊ မိန်းကလေးတွေ့ချင်ရင် ခေါ်ပေးမယ်လို့ ပြောလိုက်တယ်၊ ဒီတော့ မိန်းကလေးက ထမင်းစားနေတယ်ဆိုတော့ အိမ်ရှင်တွေ မအိပ်သေးလို့ နေမှာပေါ့တဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဒါဆို နေပါစေ၊ နောက်မှပဲ လာတွေ့တွေ့မယ်ဆိုပြီး သူ့ ဖင်မလီယာကားအပြာလေးနဲ့ ထွက်သွားတာပဲ နောင်နောင်”

“ဖင်မလီယာကား အပြာနဲ့ ဟုတ်လား အဘ”

“အင်းလေ ... အဖော်တောင် မပါဘူး၊ သူ့ဟာသူ မောင်းလာတာ”

နောင်နောင် စဉ်းစားသည်။ နတ်မောက်လမ်းမှာ တွေ့စဉ်က သူမတွင် ဘာကားမျှ မရှိသဖြင့် မိမိမောင်းလာသော ကားကို အတင်းဖွတ်တားပြီး စီးသည်။ ယခု ဖင်မလီယာကားကို ကိုယ်တိုင်မောင်းသည် ဆိုခြင်းမှာ စဉ်းစားစရာ။

“အဘ ... တကယ်လို့ သူနောက်တစ်ခေါက် ပြန်လာပြီး ကျွန်တော့်ကို တွေ့ချင်တယ်ဆိုရင် ကျွန်တော် အိပ်ပျော်နေလည်း နှိုးပါနော် အဘ”

“အေး ... အေး ... မင်းကတော့ တကယ့်ကို မောင်ကံထူးပဲ ‘နောင်နောင်’”

“ဗျာ”

“သြော် ... မင်းကို သဘောကျကြတဲ့ မိန်းကလေးတွေဟာ တကယ့်မိန်းမချော မိန်းမလှလေးတွေချည်းပဲ။ ဒီအိမ်က ကိုအောင်မြတ်ရဲ့သမီး အမာလေးကလည်း ...”

“ဟာ ... အဘ ပေါက်ကရတွေ မပြောနဲ့ ကျွန်တော် ဒီအိမ်က ခေါင်းနဲ့ဆင်းပြေးရဦးမယ်၊ ပြီးတော့ ... ကျွန်တော်နဲ့ အမာလေးဟာ မောင်လို နှမလို ...”

“ဟဲ ... ဟဲ ... တော့်စမ်းပါ ကောင်ရာ၊ အရွယ်ကိုယ်စီရောက်နေတဲ့ တက်သစ်စ အပျိုလူပျိုဟာ သွေးသားတစ်



စက်မှမတော်စပ်ပဲ မောင်လို နှမလို ဆိုတာ ချေးစားပြောရင် ဝက်မို့ပဲဟေ့။ အေး ... ဒါပေမဲ့ ခေါင်းနဲ့ဆင်းပြေးရမယ်ဆိုတာတော့ ဟုတ်လောက်တယ်၊ အမာလေး အဖေ ကိုအောင်မြတ်ကတော့ မဆိုးပါဘူး၊ အေး ... မမကြူကြူကတော့ မဟာဆန်ချင်သူလေ၊ သမီးပျိုလှလှလေး မွေးမိတဲ့ ကြွက်ရဲ့မိခင်နဲ့ တူနေတယ်ကွ၊ သူ့သမီး ကြွက်မလှလှလေးကို သူတို့ဘဝတူ ကြွက်အချင်းချင်းနဲ့ မတူဘူး မတန်ဘူး၊ ဆိုပြီး နေနတ်သား၊ လေနတ်သား၊ မိုးနတ်သားနဲ့မှ ပေးစားချင်တာ”

အဘဦးဘအေး၏ စကားကို နောင်နောင်၏ ရင်ထဲမှ ကျိတ်၍ ထောက်ခံမိ၏။

အဘဦးဘအေးသည် နောင်နောင့်ကို သံယောဇဉ်ရှိသည်။ ညတိုင်း အိမ်ကြီးက တံခါးပိတ်ရာတွင် အပြင်အဖီဂိုဒေါင်၌ အဘဦးဘအေးနှင့် နောင်နောင် နှစ်ယောက်သား အတူသိုင်းကစား အတူစကားပြောရင်း တစ်ဦးနှင့်တစ်ဦးထံ သံယောဇဉ်ဖြစ်သွားခြင်းမျိုး ဖြစ်ပါ၏။ ထို့ထက်မှာမူ အဘဦးဘအေးမှာ နောင်နောင်က လူငယ်တစ်ဦး ဖြစ်သော်လည်း သစ္စာ၊ သမာဓိနှင့် သတ္တိရှိခြင်းကို သဘောကျသည်။ ပြီး ... နောင်နောင်၏ ယောကျ်ားဆန်ပြီး ယောကျ်ားပီသသော ခန္ဓာကိုယ်နှင့် ဥပမိရုပ်ကိုလည်း အဘဦးဘအေးက သဘောကျ နှစ်ခြိုက်သည်။

“မင်းက မျက်နှာမြင် ချစ်ခင်ပါစေ ဆိုတဲ့ဆုနဲ့ ပြည့်တယ်ကွ။ မင်း စိတ်နေသဘောထားကလည်း သိပ်ယောကျ်ားဆန်တယ်၊ ဒီလိုလူမျိုးမှ အဘက သဘောကျတာ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ့ရှိသေးသည်။

"အမာလေးကတော့ မင်းကို တော်တော်သဘောကျနေပုံပဲ နောင်နောင်။ ဒါပေမဲ့ သူက တက္ကသိုလ်ကျောင်းတော်သူ ဖြစ်နေပြီ။ မင်းက ပညာသင်မကွင်းနှစ်ပဲ၊ အင်း ... ကြာလေ ... ကွာလေပေါ့ကွာ။ ဟေး ... ဒါထက် တစ်ခါတလေ ကားပစ္စည်းတွေမှာရော တခြားကိစ္စတွေမှာရော မင်းအင်္ဂလိပ်လို ချွတ်ယုက် ဒွက်ဒက်နဲ့လည်း ပြောသံ ငါ ကြားတယ်။ နောက်ပြီး အမာလေး ဆယ်တန်းမှာတုန်းက မင်းကပဲ ညပိုင်းမှာ အမာလေးတို့ ဆယ်တန်းစာတွေ သင်ပေးခဲ့တာပဲ။ မင်း အထက်တန်းကျောင်းမှာ ဘယ်နှတန်းအထိ အောင်ခဲ့လဲ နောင်နောင်"

"ကျွန်တော် ဆယ်တန်းမှာ သုံးခါကျခဲ့တယ် အဘ။ အဲဒီနောက် အိမ်က ကျွန်တော့်ကို ကျောင်းဆက်မထားနိုင်တော့ဘူးဆိုလို့ ..."

အဘဦးဘအေးက လေးလေးနက်နက် စဉ်းစားပြီးမှ ကောက်ကာငင်ကာ မေးလိုက်သည်။

"မင်း အခု အသက်အစိတ်ထဲမှာနော်"

"အဲဒါ ... ဟုတ်သားပဲ အဘ"

"နေဦး ... ယေဘုယျသဘောပေါ့ကွာ။ ငါးနှစ်အရွယ်မှာ မူလတန်း သူငယ်တန်းမှာနေတာက စတွက်ရင် အသက်ဆယ့်ခြောက်နှစ်မှာ ဆယ်တန်းရောက်တယ်"

"ဒါက တစ်နှစ် တစ်တန်း အောင်တဲ့သူတွေအဖို့တော့ ဟုတ်တာပေါ့ အဘ"



"ထားပါတော့ကွာ၊ မင်း ဆယ်တန်းကို သုံးနှစ်ကျတယ်ပဲထား၊ မင်းအသက် ဆယ့်ရှစ် ဆယ့်ကိုးအထိ ကျောင်းနေခဲ့တယ်ထားပါ။ အခု အသက်အစိတ်ထဲ ဝင်လာတဲ့ ကြားကာလနှစ်တွေမှာ မင်း ဘာတွေလုပ်ခဲ့သလဲကွာ"

ရုတ်တရက် အဘဦးဘအေး၏ စစ်စစ်ပေါက်ပေါက် မေးခွန်းကို နောင်နောင် ဘယ်လို ပြန်ဖြေရမည်မှန်းပင် မသိ။ သို့သော် ... နောင်နောင်သည် ဉာဏ်ကောင်းသူပီပီ ဦးဘအေး၏ မေးခွန်းကို ဖြေနိုင်ပါ၏။

"ဟာ ... အဘကလည်း တွက်ကြည့်လေ၊ ဆယ်တန်းကို သုံးခါကျခဲ့တာက သုံးနှစ်၊ အခု ဆရာမြတ် ဝပ်ရှော့မှာ ကျွန်တော် ပညာသင် ဝင်လုပ်လာတာကလည်း သုံးနှစ်ပြည့်ဖို့ တစ်လ နှစ်လလောက်သာ လိုတော့တာ၊ စုစုပေါင်း ခြောက်နှစ်ဆိုတော့ ကျွန်တော့်အသက် အစိတ်နဲ့ ကိုက်နေတာပဲဟာ"

"အေး ... ဒီလိုတွက်တော့လည်း ဟုတ်သလိုလိုပဲ၊ ဒါပေမဲ့ ငါ့စိတ်ထဲ တစ်ခုခု လိုနေသလိုကြီးကွ။ ငါကပဲ မင်းကို နေ့တိုင်းမြင်တွေ့ပြီး စိတ်ထဲက အထင်ကြီးနေမလို့လားတော့ မသိဘူး၊ မင်းဟာ ဆယ်တန်းမကတဲ့ ပညာတွေ သင်ထား၊ တတ်မြောက်ထားတယ်လို့ပဲ ယူဆထားတယ်"

နောင်နောင် ပြုံးလိုက်ပါ၏။

"ရှမ်းကြီးကြိုက်လို့ နွားကြီးချော တာမျိုး ဖြစ်မှာပေါ့ အဘရာ"

www.burmeseclassic.com

www.burmeseclassic.com



နောင်နောင်သည် အဘဦးဘအေးကို နှုတ်ဆက်ကာ သူ၏ ထပ်ခိုးပေါ်ရှိ အိပ်ရာသို့ တက်ရောက်လဲလျောင်းလိုက်သည်။

လူတွေသည် ကိုယ်နှင့်နီးစပ်ရာကို လေ့လာအကဲခတ်တတ်ကြပါလားဟု နောင်နောင် သတိထားမိပေသည်။ မိမိဟာ မိမိ နေတတ်သလို နေသွားသော်လည်း အေးမှ မိမိကို အကဲခတ်လျက် ရှိနေကြောင်း အမာလေး၏ စကားနှင့် အဘဦးဘအေး၏ စကားတွေက သက်သေခံနေသည်။

"နက်ဖြန်ကျရင် အစ်ကိုနောင်ရဲ့ အတိတ်က အကြောင်းတွေ ပြောပြရမယ်"ဟု ပြောလိုက်သော အမာလေး၏ စကားသံကို နားထဲတွင် နောင်နောင် ကြားယောင်မိသည်။

အမာလေးသည် မိမိ ယခုရောက်ရှိနေသော ဘဝထက် ပိုမိုပြီး မမကို အထင်ကြီးနေမှန်း နောင်နောင် သိသည်။ ဒါတင်မက အမာလေးသည် မိမိအပေါ်တွင် သာမန်ထက်ပိုချင်သော ခင်မင်မှု ရှိနေမှန်းလည်း နောင်နောင် သိသည်။ အဘဦးဘအေးကပင် အမာလေး မိမိအပေါ် ပိုမိုလွန်ကဲနေမှန်း ရိပ်မိသည်။

မိမိကကော အမာလေ အပေါ်တွင် ဘယ်လိုနည်း။

"ဘယ်လိုမှ မဟုတ်ပါ"ဟု နှုတ်မှ တိုးတိုးလေး ရေရွတ်ရင်း နောင်နောင် ဦးခေါင်းခါယမ်းမိသည်။

အမာလေးရုပ်က တကယ်ချောပါ၏။ တကယ်လည်း နုပျိုပြီး ချစ်စဖွယ် ကောင်းလှပါ၏။



အကယ်၍သာ မိမိဘဝသည် ဒေါ်ကြူကြူ ရည်မှန်းသော မိုးနတ်သား၊ လေနတ်သား၊ နေနတ်သား ဘဝဆိုလျှင်တော့ မိမိက အမာလေး အပေါ် ဘယ်လိုနည်း ဆိုသည့် မေးခွန်းဝယ် အဖြေထွက်လာနိုင်မည် ထင်ပါ၏။

ယခုမူ နောင်နောင် ဦးခေါင်းခါယမ်းရသည်။

ဒေါ်ကြူကြူက မိမိကို ရည်မှန်းသည်မှာ သူမ၏ အိမ်ဖော် မနန်းဝေလောက်နှင့်သာ။

အမာလေးနှင့် ပတ်သက်သော အတွေးတွေကို နောင်နောင် ဦးခေါင်းထဲမှ ခါထုတ်ပစ်လိုက်သည်နှင့် ယခုည လတ်တလော ပူပူနွေးနွေး အဖြစ်ဆန်းနှင့် တွေ့ကြုံခဲ့ရသည့် မဟူရာအနက်ရောင် ရွှေမင်းသမီးကို မျက်စိထဲ မြင်လာသည်။

"မမနွေး"တဲ့။

မမနွေး ဆိုသည့် အမျိုးသမီးမှာ အနက်ရောင်ဝတ်စုံကိုဝတ်၊ ပိုက်ဆံအိတ်ထဲတွင် ရာတန်တွေ ထည့်ရုံမက သေနတ်လေး တစ်လက်ပင် ပါရှိသေးသည်။

မမနွေးကြောင့် နောင်နောင်သည် လူနှစ်ယောက်နှင့် သတ်ပုတ်လိုက်ရသည်မှာလည်း စိတ်ဝင်စားစရာ။

ပြီး ... မမနွေးက သူ့ကို သေချာ ကားပြတင်းပေါက်မှကြည့်ပြီး မိမိကို "တို့မောင်"ဟု ခေါ်ပုံကလည်း စိတ်ဝင်စားစရာ၊ သူမထက် မိမိက အသက်ငယ်သည်ကို ခန့်မှန်းမိပြီး သူမကိုယ်ကို "မမနွေး"ဟု ပြောပြီး မိမိကို "တို့မောင်"ဟု ခေါ်ခြင်းသည်တို့ကလည်း စိတ်ဝင်စားစရာ။

www.burmeseclassic.com

www.burmeseclassic.com

အခိုက် နောင်နောင် အဖို့ စိတ်ဝင်စားရသည်မှာ မမနွေးသည့် အလွန်ချော၊ အလွန်လှ၊ အလွန်အချိုးကျ ကြော့ရှင်းခြင်းပင် ဖြစ်ပါ၏။

နှိုင်းယှဉ်ကြည့်မိသည်။

အမာလေး၏ အလှက စံပယ်ပွင့်လေးလို လှသည် ဆိုလျှင် မမနွေး၏ အလှက နှင်းဆီပွင့်လို အလှမျိုးဟု ဆိုရလေမလား။

နောက်တစ်နည်း ဆိုရပါမူ ... အမာလေးသည် စိမ်းဖန့်ဖန့် သီးကင်းလေး အလှမျိုးဖြစ်ပြီး မမနွေးကတော့ ဝင်းဝင်းဝါ သီးမှည့်အလှမျိုးဟု ဆိုလျှင်လည်း မမှားတန်ပေ။

အဲ ... သူတို့နှစ်ယောက်လုံး လှကြသည်ကတော့ လှကြသည်ပဲ ထားပါတော့။

မမနွေးက မိမိ ထမင်းစားနေစဉ် အဘဦးဘအေးထံ လာပြီး ဘာကြောင့် မိမိကို မေးမြန်းစုံစမ်းခြင်း ပြုပေသနည်း။ အဘ ဦးဘအေးနှင့်တွေ့တော့ မမနွေးတွင် ဖင်မလီယာကား ကိုယ်တိုင်မောင်းလာသည်ဟု ဆိုသေးသည်။

ပဟေဠိ။

မမနွေးသည် ပဟေဠိမှ တကယ့်ပဟေဠိ နောင်နောင် အတွက် ဖြစ်လာပေပြီ။ ရုပ်ချောသလောက် မည်သို့သော ပြဿနာတွေကြောင့် လူကြမ်းတွေနှင့် မမနွေး ပတ်သက်နေပေသနည်း။

မမနွေး အကြောင်းတွေးပြီး အိပ်မပျော်ဘဲ ရှိနေစဉ်မှာပင် အဘဦးဘအေး၏ ခပ်အုပ်အုပ် အသံဖြင့် ခေါ်သံထွက်လာသည်။



"နောင်နောင် ... ဟေး ... နောင်နောင်"

"ဗျာ ... အဘ"

"ရောက်လာပြန်ပြီလေကွာ၊ ပါးချိုင့်လေးနဲ့ ဖင်မလီယာကားနဲ့လေ၊ မင်းကို တွေ့ချင်လို့တဲ့၊ စောင့်နေတယ်"

"ဟုတ်ကဲ့ အဘ ... လာပါပြီ"

ဝေါက်ခနဲထထိုင်၊ ထရုပ်ပြီး ထပ်နိုးပေါ်မှ လွှားခနဲ ဆင်းလာသည်။

ကားရုံရှေ့ ကတ္တရာလမ်းပေါ်တွင် ဖင်မလီယာ ကားပြာတစ်စီး ရပ်ထားသည်ကို ပထမ နောင်နောင် မြင်တွေ့ရသည်။

နောင်နောင်သည် တန်းတန်းမတ်မတ်ပင် ထိုဖင်မလီယာကားပြာဆီသို့ လျှောက်သွားသည်။ ကားရှေ့ခန်း မောင်းသူနေရာတွင် မမနွေး ထိုင်နေသည်ကို တွေ့ရသည်။ မမနွေး၏ ဝင်းပပ မျက်နှာလေးမှ မျက်ဝန်းစုံသည် မိမိထံသို့ နောင်နောင် လာသည်ကို ငေးကြည့်နေပါ၏။ အနီးသို့ နောင်နောင် ရောက်လာသည်။

"တို့မောင်ရဲ့ နာမည်က နောင်နောင်နော်"

"ဟုတ်ပါတယ်"

"ဟို ... တော်တော်စောစောလေးက နတ်မောက်လမ်းထဲမှာ လင်းရိုဗာကားနဲ့ တွေ့ခဲ့တဲ့ တို့မောင်ပါနော်"

"ဟုတ်ပါတယ်"

"အဲဒီ လင်းရိုဗာကားကော"

www.burmeseclassic.com

www.burmeseclassic.com

"သူ့ကားရှင် ပြန်ယူသွားပါပြီ"

"အယ် ... တကယ်"

လင်းရိုဗာကားကို ပိုင်ရှင် ပြန်ယူသွားပြီဟု ကြားရသည်ကိုပင် မမနွေးသည် အံ့သြတုန်လှုပ်သွားသော အမူအရာ ဖြစ်သွားသည်။

"တကယ်ပေါ့ ... မ ... မ ... မမနွေး ... အဲဒီ လင်းရိုဗာကားက ပြင်ကားမှ မဟုတ်တာ၊ စက်ညှိကားပဲ၊ စက်ညှိပြီးတာမို့ သူ့ပိုင်ရှင် ပြန်ယူသွားပြီ"

ဦးဘအေးသည် စပ်စပ်စုစု မရှိ၊ သူ့ပက်လက်ကုလားထိုင်မှာပင် ထိုင်နေသည်။

"အဲဒီ လင်းရိုဗာကားပိုင်ရှင် ဘယ်သူလဲကွယ်"

"အန်ကယ်ဦးကောင်းညွှန့်"

"သူဘယ်မှာနေလဲ တို့မောင်"

"ပြည်လမ်းမကြီးမှာ"

ဂျူးခနဲ အမျိုးသမီး သက်ပြင်းချလိုက်သည်။ မမနွေးသည် အင်္ကျီမည်း ထဘီမည်း မဟုတ်တော့၊ အဝါပုပ်ရောင်လက်ရှည်အင်္ကျီ ဝတ်ထားသည်။ အဝါပုပ်ရောင်နှင့်လည်း လိုက်ဖက်စွာ လှနေပြန်သည်။ မမနွေးသည် ဘာကိုဝတ်ဝတ် လှနေမည်ဟု နောင်နောင် ထင်သည်။ ဂုန်အိတ်ခြုံထားသော်လည်း မမနွေးက လှနေမည်သာ။

မမနွေး ထံမှ ယဉ်ယဉ်လေးသင်းသော ရေမွှေးနံ့ ထွက်နေသည်။ တန်ဖိုးကြီးမားလှသော ရေမွှေးဖြစ်မည်။ မမနွေးသည် အိမ်ပြန်ရေမိုးချိုး အဝတ်လဲပြီးမှ တစ်ခေါက်ပြန်လာဟန်



တူပါ၏။ မမနွေး မျက်နှာတွင် သနပ်ခါး ကွက်တိကွက်ကြားလေး လိမ်းထားသည်ကို တွေ့မြင်ရသည်။

"အဲဒီ ဦးကောင်းညွှန့် အိမ်ကို တို့မောင် သိသလားဟင်"

"သိပါတယ်၊ မြေနီကုန်း အလွန်လေးမှာ"

မမနွေးသည် ရှေ့ဟိုဘက်ကူရှင်သို့ နေရာပြောင်းရွှေ့ထိုင်လိုက်သည်။

"... တို့မောင်ပဲ၊ အဲဒီ ဦးကောင်းညွှန့် အိမ်ကို လိုက်ပေးပါကွာ"

"ဲ ဆရာမြတ်ဆီ ခွင့်တောင်းပြီးမှ လိုက်လို့ရမှာ။ ကလည်း အိပ်နေပြီ"

"ကွာ ... ခဏလေးပါ၊ အခုသွား အခုပြန်မှာပဲဟာ၊ မှာ အရေးကြီးလို့ပါ"

ဘာကြောင့်မှန်းတော့ မသိ။ နောင်နောင်သည် ောင်နောင်၏ စိတ်ထဲတွင် မမနွေးကို ကူညီချင်သောဆန္ဒ ရှိနေသည်။

"အဘရေ ... ကျွန်တော့် ခဏလိုက်သွားဦးမယ်နော်၊ တကယ်လို့ ဆရာမြတ် နိုးလာပြီး ကျွန်တော့်ကိုမေးရင်း အဘမြင်တဲ့အတိုင်းသာ ပြောပြပေးပါ"

"အေး ... အေး ... စိတ်ချ"

နောင်နောင်သည် မောင်းသူနေရာတွင် ဝင်ရောက်ထိုင်လိုက်သည်။ စက်ပိတ်မထားသောကြောင့် နံပါတ်တစ်ဂီယာတန်းထိုး မောင်းထွက်ခဲ့သည်။

"ဦးကောင်းညွှန့်ရဲ့ အိမ်ကိုလား မမနွေး"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... အဲဒီကိုပဲပေါ့"

"ဘာလို့ မမနွေးက ဦးကောင်းညွန့်ဆီ သွားချင်တာလဲ"

"တို့မောင်က စစ်လိုက် ဆေးလိုက်တာ စုံထောက်ကျနေ့တာပဲ"

"စုံထောက် ကျနေတာကြောင့်လည်း မဟုတ်ဘူး၊ စပ်စုတာလည်း မဟုတ်ဘူး၊ အခု ဦးကောင်းညွန့်နဲ့တွေ့ဖို့ သွားတာဆိုရင်တော့ အလကား ခတ်ဆိုကုန်ရုံပဲ ဖြစ်မှာမို့ မေးတာ"

"ဘာလို့လဲ"

"အန်ကယ်ဦးကောင်းညွန့်က သူ့အိမ်မှာ ရှိမှာမဟုတ်တော့လို့"

"ဟုတ်လား ... ဘာလို့လဲ"

"သူ့လင်းရိဗာကားကို ညကြီးမိုးချုပ်အပြီး စက်ညှိခိုင်းတာဟာ ချက်ချင်းခရီးထွက်ဖို့ပဲတဲ့။ ခုလောက်ဆို အန်ကယ်ဦးကောင်းညွန့် ခရီးထွက်သွားလောက်ပြီ"

"ဦးကောင်းညွန့်က ဘယ်ကို ဘာလို့ သွားမှာမို့လဲ တို့မောင်"

"အန်ကယ်ဦးကောင်းညွန့်က ရုပ်ရှင်ပရိုဂျူဆာနဲ့ ဒါရိုက်တာပဲ၊ သူ့ရဲ့ကုမ္ပဏီက မင်းသီရိတဲ့။ သူကိုယ်တိုင် ဒါရိုက်တာနာမည်ကလည်း မင်းသီရိပဲ။ သူ အခုထွက်သွားတာ ကားရိုက်ဖို့တဲ့"

"အင်း ... ဒါရိုက်တာမင်းသီရိ ဆိုတာ မမနွေး ကြားဖူးသားပဲ။ နို့ သူက ညကြီးမင်းကြီး ဘယ်မှာသွားကားရိုက်မှာတဲ့လဲ တို့မောင်"



"မန္တလေးကို သွားမယ်လို့ ဆရာမြတ်နဲ့ ပြောနေတာကြားတာပဲ။ သူ့အဖွဲ့က ဒေါ့ဂျစ်ကားနဲ့ ညနေကတည်းက ထွက်သွားပြီတဲ့။ ဒါကြောင့် လင်းရိဗာကားနဲ့ သူကမီအောင် လိုက်သွားမလို့တဲ့"

"ဟင် ... ဒါဆို အဲဒီလင့်ရိဗာကားကို ဦးကောင်းညွန့် မောင်းယူသွားပြီးပေါ့၊ အဲဒါမှ ဒုက္ခပဲ၊ လင်းရိဗာကား မတွေ့ရင် အလကားပဲ"

နောင်နောင်က ကားကို ဘရိတ်နင်းပြီး ရပ်လိုက်သည်။

"မရပ်နဲ့လေ တို့မောင်"

"လင်းရိဗာကားရော အန်ကယ် ဦးကောင်းညွန့်ရော မရှိရင် အလကားပဲဆို၊ ဒါကြောင့် ကားပြန်ကွေ့ပြီး ပြန်မောင်းမလို့"

"ဦးကောင်းညွန့် အိမ်ကိုပဲ ဆက်မောင်းပေးပါ တို့မောင်။ ဘာပဲဖြစ်ဖြစ် ဦးကောင်းညွန့် အိမ်မှာ သူ့လင်းရိဗာကား ရှိမရှိ သေချာအောင် မမနွေး သွားကြည့်ချင်တယ်၊ တကယ်လို့ ဦးကောင်းညွန့်က လင်းရိဗာကားနဲ့ မသွားတော့ဘဲ တခြားကားနဲ့ ထွက်သွားရင် လင်းရိဗာကား အိမ်မှာပဲ ထားခဲ့မှာပေါ့"

နောင်နောင်က ကားကို ဆက်မောင်းသည်။

"ဒါဆို မမနွေးက ဦးကောင်းညွန့်ကို တွေ့ချင်တာထက် လင်းရိဗာကားကို တွေ့ချင်တာ အဓိကပေါ့၊ ဟုတ်တယ်လား"

"အဲဒါ အမှန်ပဲ တို့မောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

မမနွေးက ချက်ချင်း ပြန်မေးပါ၏။

"နတ်မောက်လမ်းမှာ တို့မောင်ရဲ့ လင်းရိဗာကားပေါ်မှာ မမနွေးနဲ့ ဟိုလူဇော် လူမော် ဆိုတဲ့ လူမိုက်နှစ်ယောက်နဲ့ ရှန်းရင်းဆန်ခတ် ဖြစ်ကြတုန်းက မမနွေးရဲ့ ဆွဲကြိုး အဲဒီ လင်းရိဗာကားထဲမှာ ပြုတ်ကျကျန်ခဲ့တယ်၊ အဲဒီဆွဲကြိုးကို မမနွေး ပြန်လိုချင်တယ်၊ ဒါကြောင့် အဲဒီလင်းရိဗာကား ဆီ သွားချင်လို့ တို့မောင်ကို ရှာဖွေပြီး လိုက်တာ"

မမနွေးက သူ့ပစ္စည်းပျောက်အကြောင်း ပြောမှ နောင်နောင်သည် သူ့အကျီအိတ်ထဲမှ မမနွေး ပေးခဲ့သော တစ်ရာတန်အသစ်လေးကို ထုတ်ယူကာ အမျိုးသမီးကို ပြန်ပေးသည်။

"ဒါ ဘာလဲ တို့မောင်"

"ရော့ ... ဒါဆို မမနွေးမှာ မွေပါလည်းဆုံး သားလည်းဆုံး ဖြစ်နေလို့ ဒီတစ်ရာတန် ပြန်ယူပါ"

"ဘာ ဆိုလိုတာလဲ"

"မမနွေး ဒီတစ်ရာတန် ကျွန်တော့်ကို ပေးတုန်းက နတ်မောက်လမ်းကနေ စမ်းချောင်းမင်္ဂလာလမ်းကို လိုက်ပို့ပေးခအဖြစ် ပေးခဲ့တာပဲ။ ဒါပေမဲ့ မပို့ပေးဖြစ်ခဲ့ဘူးလေ။ ကျွန်တော်က ကျွန်တော့်ရဲ့ လုပ်အားခကို တန်ရာတန်ကြေး လုပ်ပေးပြီးမှ လိုချင်တာ၊ အခုတော့ မမနွေးမှာ ဆွဲကြိုး လည်းပျောက် ငွေတစ်ရာလည်းဆုံး ဖြစ်နေလို့ ပြန်ပေးတာ"

"ရှားတယ် ... တို့မောင်လို လူကတော့ တစ်ရာမှာတစ်ယောက်၊ တစ်ထောင်မှာတစ်ယောက် မရှိအောင် ရှားတယ်။



မမနွေး တွေးခဲ့ဖူးသမျှ လူတွေက ပါးပါးလှီးလို့ရရင် ပါးပါးလှီးမယ် ဆိုတဲ့ လူစားမျိုးတွေချည်းပဲ"

ပြောပြောဆိုဆို မမနွေးသည် ရာတန်ပြန်ပေးနေသော နောင်နောင်၏ လက်ကိုကိုင်ကာ ရာတန်လေးကိုယူပြီး နောင်နောင်၏အကျီအိတ်ထဲသို့ပင် ပြန်ထည့်ပေးသည်။

ဤမှာပင် ပြဿနာပေါ်တော့သည်။

နောင်နောင်က ချိုင်းအောက်နေရာ၊ ရင်ဘတ်နေရာနှင့် ခါးနေရာကို အခြားသူတစ်ဦးက လာရောက်ထိတို့ပါက အလွန်ယားတတ်ပါ၏။ ဝတ်ထားသော အကျီကလည်း ကိုယ်ကျပ်စပို့ရှပ် အသားကပ်အကျီ ဖြစ်နေသောကြောင့် ရင်ဘတ်အကျီ အိပ်ထဲသို့ မမနွေးက သူမလက်ဖြင့် တစ်ရာတန်ကို ထည့်ပေးရာတွင် ယားတတ်သူကို ကလိထိုးသလို ဖြစ်သွားလေတော့သည်။

"အာ ... အာ ... အာ"

နောင်နောင် ထိုးထိုးထွန့်ထွန့် ဖြစ်သွားကာ ယောင်တိယောင်ကန်း ကားစတီယာရင်ကို ဟိုလှည့်ဒီလှည့် ဖြစ်သွားသည်။

မော်တော်ကားမှာ လမ်းပေါ်တွင် မြွေလိမ်မြွေကောက် တွန့်လိမ်ပြေးသွားတော့သည်။

"ဟဲ့ ... ဟဲ့ ... ပလက်ဖောင်း တို့မောင်"

မမနွေး အလန့်တကြား အော်သည်။ နောင်နောင် ချက်ချင်းသတိရကာ ကားဘရိတ်ကို နင်းချလိုက်ပါ၏။

ကျွိခနဲ ဘရိတ်သံနှင့်အတူ ပလက်ဖောင်းပေါ် ကား ရှေ့ဘီး ထိုးတက်သွားပြီး ကားမှာ တုံ့ခနဲ ရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယင်းတဒင်္ဂဖြစ်ရပ်လေးတွင် ဆန်ကောထဲ ဆီးဖြူသီး လိမ့်သည့်နှယ် နှစ်ဦးသား ဖြစ်သွားသည်။ မမနွေးသည် ယိုင်လဲမသွားစေရန် ဆွဲမိဆွဲရာ နောင်နောင့်ကို လှမ်းဆွဲသည်။ နောင်နောင်ကလည်း ကယောင်ကတန်းဖြင့် မမနွေးကို လက်တစ်ဖက်ဖြင့် လှမ်းတွယ်ဖက်ထားသည်။

ကျွိခနဲ ဘရိတ်နင်း၍ တုံ့ခနဲ ကားရပ်သွားသော အခါတွင် မမနွေးသည် နောင်နောင်၏ ရင်ခွင်ထဲ ရောက်နေပြီး နောင်နောင်က လက်တစ်ဖက်က စတီယာရင်ကို ကိုင်ပြီး ကျန်တစ်ဖက်က မမနွေးကို ဖက်ထားလျက်သား ဖြစ်နေသည်။

"အိုကွာ ... မင်း သိပ်ဆိုးတာပဲ"

ဒါမျိုးဖြစ်လာလျှင် ပထမဆုံး ရှက်တတ်သူမှာ မိန်းမသားပင် ဖြစ်ပါ၏။ မမနွေးသည် နောင်နောင်၏ ရင်ဘတ်ကို တွန်းဖယ်ရင်း လူချစ်ခွာတော့သည်။

"ဟာဗျာ ... တကယ်ပါ ဘုရားစူး၊ မိုးကြိုးပစ်ရစေရဲ့၊ သူ့ဟာသူ ဖြစ်သွားတာပါ။ ကျွန်တော်က သိပ်ယားတတ်တယ် မမနွေး၊ ကျွန်တော့်တစ်သက်မှာ ဒီလိုယုတ်ညံ့တဲ့ အခွင့်အရေး ယူတာမျိုး မရှိခဲ့တာ အမှန်ပါ၊ ကန်တော့ဗျာ မမနွေး၊ ကန်တော့"

နောင်နောင်သည် တကယ်ပင် မျက်စိမျက်နှာပျက်ပြီး ရင်ဘတ်ပေါ် လက်အုပ်ချီကာ ကန်တော့ဟန် ပြုပေသည်။

နွေးနွေးသည် ချက်ချင်းပင် သွေးရိုးသားရိုး ဖြစ်သွားကြောင်း နောင်နောင်၏ အမူအရာအရရော သူ၏သိပ်ယားတတ်သည်ဟု ဆိုသော စကားကြောင့်ရော ယုံကြည်လိုက်ပါ၏။



နွေးနွေး သူ့နေရာသို့ ပြန်ရွေ့ထိုင်သည်။ ပြီး ... ပါးချိုင့်လေး ခွက်ဝင်သွားအောင် ပြုံးလိုက်ပါ၏။

"မင်းကို ဘယ်သူက ဘာပြောလို့လဲ၊ တကတဲ"

"ခုနပဲ မမနွေးက ကျွန်တော့်ကို သိပ်ဆိုးတာပဲလို့ ပြောတယ်လေ"

"တော်ပါ ... ဟိုမှာကြည့်စမ်း၊ ဓာတ်တိုင်ဝင်တိုက်ဖို့ တစ်တောင်လောက်ပဲ လိုတော့တယ်၊ ကံကောင်းလို့ နှစ်ယောက်စလုံး မာလကီးကုတ်မသွားတယ်၊ ကဲ ... ကားပြန်ဆုတ်၊ ဆက်မောင်း"

နောင်နောင် ကားပြန်ဆုတ်ပြီး နဂိုသွားလမ်းအတိုင်း ဆက်မောင်းသည်။

"တို့မောင် ဒီလိုယားတတ်တာ ကျောင်းသားဘဝတုန်းက ပြဿနာတွေ မဖြစ်ဘူးလား"

"သိပ်ကို ဖြစ်တာပေါ့၊ ဓာတ်သိ သူငယ်ချင်းတွေ တမင်စ,ပြီး ကလိထိုးလို့ လက်သီးနဲ့ ထိုးမိတာရော၊ ဓာတ်မသိတဲ့ ကျောင်းသားက စကားပြောရင်း လာပြီးထိမိတို့မိလို့ လက်တုံ့ပြန်မိတာတွေရော၊ ကျွန်တော်က ပြန်တောင်းပန်ရတာချည်းပဲ မမနွေး၊ ဒါက ကျွန်တော့်ရဲ့ ပျော့ကွက် အားနည်းချက် ဖြစ်နေတာကိုး"

"ဘာလဲ ... ကန်တော့ ... ကန်တော့လို့ လက်အုပ်ချီ တောင်းပန်ခဲ့တာမျိုးလား"

"ဟာ ... မမနွေးကလည်း၊ သူငယ်ချင်းချင်းကိုတော့ ရိုးရိုးပဲ တောင်းပန်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

မမနွေး၏ ညင်သာပြီး နွဲ့နွဲ့ညြညြ ရယ်မောသံလေး ထွက်လာသည်။

"မင်း ယားတတ်ပုံက တစ်မျိုးပဲနော်"

"ဘယ်လိုတစ်မျိုးလဲဗျာ"

"ဩော် ... သူငယ်ချင်းချင်းကျတော့ ယားတာနဲ့ လက်သီး ထိုးတယ်၊ မမနွေးကျတော့ မင်းက အတင်းဖက်တာပါ လား"

"ဟာဗျာ"

မမနွေးက ရဲတင်းစွာ ပြောလိုက်သော်လည်း နောင်နောင်မှာ နားရွက်ပူသွားအောင် ရှက်သွားမိသည်။

မမနွေး ဆိုသည့် မိန်းမချောသည် ဟာဗျာဟု ပြောပြီး ရှက်နေသော နောင်နောင့်အား ငေးကြည့်နေမိသည်။

ပြည်လမ်းဓာတ်တိုင်မီးရောင်များကြောင့် နောင်နောင်၏ မျက်နှာကို ဘေးတိုက်အနေအထားဖြင့် ကောင်းကောင်းမြင်နေရပါ၏။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ နောင်နောင်"

"အစိတ်"

"ပြည့်ပြီလား"

"အခုလာမဲ့ ဒီဇင်ဘာမှာ ပြည့်မယ်"

"အင်း ... အစိတ်တောင် မပြည့်သေးပဲကိုး။ မမနွေးက အသက်နှစ်ဆယ့်ကိုးနှစ် ဆိုတော့ မင်းက မမနွေးထက် လေးနှစ်ပိုငယ်တယ်"



"ဟုတ်မှာပေါ့၊ ဒါပေမဲ့ သိပ်ချော သိပ်လှတဲ့ မိန်းကလေး တွေကို ကျွန်တော် အသက်မမှန်းတတ်ဘူး။ မမနွေး အသက်ကို ကျွန်တော့်စိတ်ထဲက မှန်းကြည့်တာ ကျွန်တော့် ထက်တောင် ပိုငယ်မယ် ထင်နေတာ"

"ဟော့ ဟော့ ... တို့မောင်က မဆိုးဘူး"

"ဘာမဆိုးတာလဲ"

"မြှောက်ပုံ မြှောက်နည်းလေးလေ၊ နည်းနည်းပါးပါး စာ တတ်တဲ့ အမျိုးသမီးဟာ သူတစ်ပါးက ကိုယ့်ကိုမြှောက် ပင့်ပြောရင် မြှောက်ပြောမှန်း သိကြတယ်။ ဒါပေမဲ့ တို့မောင်က မမနွေးကို မြှောက်ပြောပုံကတော့ ပညာသား ပါတယ်၊ မမနွေး စာမှတတ်သေးရဲ့လားပဲကွယ်"

နောင်နောင်က ကားမောင်းလျက်ပင် မမနွေးဘက်သို့ ငေးကြည့်သည်။

"တစ်ပါးသူကို မြှောက်ပင့်ပြောဆိုသူဟာ သူ့အတွက် အကျိုးတစ်ခုခု ရလိုမှုကို မျှော်လင့်ချက်ထားပြီး မြှောက် ပြောတာပါ။ ကျွန်တော်နဲ့ မမနွေး တွေ့ကြတာ နာရီပိုင်း ပဲရှိပါသေးတယ်၊ မမနွေးဟာ ဘယ်သူဘယ်ဝါ ဆိုတာတော့ ကျွန်တော် မသိသေးပါဘူး၊ ဒါကြောင့် မမနွေးဆီက ကျွန်တော် ဘာမျှော်လင့်ချက်မှ မရှိရိုးအမှန်။ ဒါဆို ကျွန် တော်ပြောတဲ့ စကားဟာ မြှောက်ပင့်စကား ဖြစ်နိုင်ပါ့မလား မမနွေး"

မိန်းမချောလေး တစ်ချက်တည်း ငိုင်ကျသွားပါ၏။ နောင်နောင်၏ စကားကို သူမသည် စောဒကမတက်တတ်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဟိုရှေ့ ညာဘက်က ခြံအုတ်တိုင်မှာ ဖန်မီးသီးကြီး နှစ်လုံး ထွန်းထားတဲ့ တိုက်အိမ်ကြီးဟာ ဦးကောင်းညွှန့်ရဲ့ ခြံနဲ့တိုက်ပဲ"

"ခြံထဲကို ဝင်လိုက်ပါ တို့မောင်"

နောင်နောင်က ခြံတံခါးဝကို ကားခေါင်း ကွေ့ဝင်သည်။ သို့သော် ခြံတံခါး ပိတ်ထားသည်ကို တွေ့ရသည်။

"ဟွန်းတီးကွာ တို့မောင်"

နောင်နောင် ဟွန်းသုံးချက် ဆက်တီးလိုက်သည်။

ကာကီအင်္ကျီလက်တို၊ ကာကီဘောင်းဘီတိုဝတ်ပြီး ခါးပတ်တွင် ဓားကောက်ကြီး ချိတ်ထားသော ညစောင့်ဒရဝမ်ကြီး ထွက်လာသည်။

မမနွေးက ကားပေါ်မှဆင်းပြီး ခြံစောင့်ဒရဝမ်ကြီးနှင့် စကားအတန်ငယ်ပြောပြီး ပြန်လာသည်။

"ပြန်ကွေ့မောင်းတော့ တို့မောင်၊ မင်းပြောတဲ့ အတိုင်းပဲ ဦးကောင်းညွှန့် မန္တလေးကို သွားပြီတဲ့"

နောင်နောင် ပြန်ကွေ့ပြီး လာလမ်းအတိုင်း ပြန်မောင်းခဲ့သည်။ နှစ်ဦးစလုံး ကိုယ့်အတွေးနှင့်ကိုယ် စကားမပြောကြသေး။ တော်တော်လေး မောင်းလာမှ မမနွေးက ပြောသည်။

"တို့မောင် အခု ဝပ်ရှော့မှာ လုပ်နေတာ နေ့စားလား၊ လခစားလား"

"နေ့စားလည်း မဟုတ်ဘူး၊ လခစားလည်း မဟုတ်ဘူး၊ နေ့တိုင်း ထမင်းကျွေးတယ်၊ လကုန်ရင် ဆရာမြတ်က လက်ဖက်ရည်ဖိုးဆိုပြီး သင့်သလို ပေးတယ်"

www.burmeseclassic.com



"သင့်သလို ပေးတယ်ဆိုတာ ဘယ်ပုံစံလဲ"

"တစ်လထဲမှာ ကားတွေအကိုင်ရများတဲ့လ ဆိုရင် ကျွန်တော့်ကို တစ်ရာ့ငါးဆယ်လောက် ပေးတယ်။ ကားအကိုင်နည်းတဲ့လ ဆိုရင် ကိုးဆယ် တစ်ရာ ပေးတယ်"

"မင်းဟာက မမှန်လိုက်တာ"

"ပညာသင်ကိုး မမနွေး။ တချို့ဝပ်ရှော့တွေမှာဆိုရင် ပညာသင်ဟာ သူတို့အိမ်က ထင်းခွဲရေခပ် အလုပ်တွေတောင် လုပ်ပေးရတယ်"

"မင်း တက္ကသိုလ်က ဘယ်နှခုနှစ်မှ ထွက်ခဲ့တာလဲ တို့မောင်"

"ဗျာ"

ယခု နာရီပိုင်းသာ တွေ့ဖူးသေးသော မမနွေးက မိကို တက္ကသိုလ်ကျောင်းထွက်ဟု အထင်မျိုးမြင်မှတော့ အနေကြာခဲ့သော အဘဦးဘအေးတို့ အမာလေးတို့က မိမိကို အထင်ကြီးကြသည်မှာ မဆန်းပေ။

"မင်း ခုနက ယားတတ်တဲ့အကြောင်းတွေ ပြောတုန်းက ကျောင်းသားဘဝက အကြောင်းတွေ မင်း ပြောသွားတယ်၊ ဒါကပဲ မင်းဟာ ကျောင်းသားတစ်ယောက် ဖြစ်ခဲ့မှန်း သေချာနေပြီ"

"ဟာ ... မမနွေးကလည်း၊ ဘယ်သူမဆို ကျောင်းသားဘဝဆိုတာ ရှိခဲ့ဖူးတာပေါ့၊ မူလတန်းကျောင်းသား၊ အလယ်တန်းကျောင်းသား၊ အထက်တန်းကျောင်းသား စသည်ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com


"နောင်နောင် ဆိုတဲ့ တို့မောင်ကရော"

"ဆယ်တန်းသုံးခါကျ"

မမနွေးက နောင်နောင့်ကို မယုံကြည်သော အကြည့်မျိုးဖြင့် ကြည့်လိုက်သည်။

"အေးပေါ့ကွာ … ဒီလို ပြောတော့လည်း ဒီလိုပဲ ယုံလိုက်ရမှာပေါ့၊ ဒါထက် မမနွေးက ပင်းဆီမှာ အကူအညီတစ်ခု တောင်းချင်တယ်၊ မင်း ပေးနိုင်မလား"

"ဘာအကူအညီမှန်းမှ မသိဘဲနဲ့၊ ကျွန်တော်က ပေးနိုင်ပါတယ်လို့ ဘယ်လိုပြောလို့ရမလဲ မမနွေး"

"နက်ဖြန် မမနွေးကားနဲ့ ခရီးသွားစရာရှိတယ်၊ အဲဒါ တို့မောင်က လိုက်မောင်းပေးနိုင်မလား၊ အနည်းဆုံး သုံးလေးရက် ကြာနိုင်တယ်။ ဒီထက် ပိုကြာချင်လည်း ကြာမယ်ပေါ့ကွာ၊ တစ်ရက်ကို ရာတန်တစ်ရွက်၊ မမနွေးက ဆုချမယ်။ အဲဒါ တို့မောင် လိုက်မောင်းပေးမလား"

"မလိုက်နိုင်ဘူး မမနွေး။ အခုလက်ရှိ ကားရုံမှာ အင်ဂျင်ချထားတဲ့ ကားသုံးစင်းနဲ့ ဂီယာဘောက်(စ်)ချထားတာ နှစ်စီးရှိနေတယ်၊ တွင်ခုံမှာ ပစ္စည်းတွေအပ်ထားတာ နက်ဖြန်ရမယ်ဆိုတော့ အဲဒီကားတွေကို နက်ဖြန်ကစပြီး အင်ဂျင်တွေ ပြန်လုံးရမယ်၊ ဂီယာတွေ ပြန်လုံးရမယ်။ ဆရာမြတ်က ကျွန်တော့်ကို သွားခွင့်ပေးမှာ မဟုတ်ဘူး"

နောင်နောင်သည် ကားမောင်းကျွမ်းကျင်သူပီပီ မောင်းရင်း ဘေးမှန်နှင့် နောက်မှန်ကို မပြတ်ကြည့်မောင်းလေ့ရှိရာ မိမိကားနောက်မှ အနက်ရောင် ဆလွန်းကားတစ်စီး လိုက်

သာမှန်း စောစောကတည်းက သတိထားမိသည်။ ထိုကားကို သေကာသဖြင့် ယခု ထပ်မံကြည့်ပြန်သည်။ ထိုကားမှာ နောက်လိုက်မြဲ လိုက်ပါလာသည်ကို မြင်နေရသည်။ ရှေ့မီးကြီးနှစ်လုံး ဖွင့်ဘဲ ဆိုင်းလင့်မီးလေး နှစ်လုံးသာ ဖွင့်မောင်းလိုက်လာခြင်း ဖြစ်သည်။

"မင်းကို မမနွေးက တစ်နေ့ တစ်ရာပေးတဲ့နှုန်းနဲ့ မင်း ဆရာမြတ်က တစ်လလုံးပေးတဲ့နှုန်းကို မင်း နှိုင်းယှဉ်ကြည့်ပေါ့ တို့မောင်"

"ကျွန်တော် ပညာလိုချင်လို့ ပညာသင်နေတာပဲ မမနွေး၊ ငွေလိုချင်တဲ့ အပိုင်းထိ ကျွန်တော် မရောက်သေးဘူး"

"စံပဲ … တို့မောင်လို လူကတော့ တကယ့်ကို ရှာမှရှားထဲကပဲ၊ ဟဲ့ … ဟဲ့ … ကားကို ဘာလို့ရပ်လိုက်ရပြန်တာလဲ တို့မောင်"

မမနွေးက နောင်နောင်ကို ချီးကျူးစကား ဆိုနေစဉ်မှာပင် နောင်နောင်က လမ်းဘေးပလက်ဖောင်းကပ်ပြီး ကားရပ်လိုက်သောကြောင့် မမနွေးက ချီးကျူးစကားနှင့် တစ်ဆက်တည်း အံ့သြစွာ မေးလိုက်သည်။

"ကျွန်တော်တို့ကားနောက်က ဆလွန်းကားအနက်တစ်စီး လိုက်နေတယ် မမနွေး၊ အဲဒါ သူ့လမ်းသူသွားနေတာလား၊ ကျွန်တော်တို့ကားနောက်ကို တမင်လိုက်နေတာလား ဆိုတာ သိရအောင် ကားကို ရပ်ထားလိုက်တာ"

ထိုစဉ်မှာပင် ဆလွန်းကားနက်သည် နောင်နောင်၏ ကားရပ်လိုက်သည်၌ သူပါရောပြီး နောက်ကရပ်လျှင်-သီဟာလွန်း

www.burmeseclassic.com

www.burmeseclassic.com


မည်စိုးသောကြောင့်လား မသိ။ နော်နောင်နှင့် နွေးကို ဖြတ်ကျော်ကာ ဆက်ပြီး ရှေ့သို့မောင်းသွားသည်။ ထိုကား တော်တော်ဝေးဝေး ရောက်သွားမှ နောင်နောင် ဆက်မောင်းခဲ့သည်။

"အဲဒီကားနက်ဟာ ရိုးတော့ မရိုးဘူး မမနွေး"

"ဟုတ်မှာပေါ့ တို့မောင်၊ သူတို့က မမနွေးရဲ့နောက်ကို တကောက်ကောက် လိုက်နေရမှ ထမင်းမြိန်တဲ့လူတွေပဲ"

"သူတို့ ... ဟုတ်လား"

"အလကားပါ၊ သူတို့အကြောင်း ပြောပြလည်း တို့မောင်က ဘာမှသိနိုင်မှာမှ မဟုတ်တာ၊ ဒါပေမဲ့ ဘာပြောပြော တို့မောင်ကိုတော့ မမနွေး သိပ်ကျေနပ်တယ်၊ ဘာလို့လဲဆိုတော့ နတ်မောက်လမ်းထဲမှာတုန်းက မမနွေး လစ်ပြေးပေမဲ့ သစ်ပင်ကွယ်တစ်ခုက တို့မောင်နဲ့ လူဖော် လူမော် သတ်ပုတ်ကြတာကို မမနွေး ချောင်းကြည့်နေတာပါ"

မမနွေးကို အလိုရှိနေသူ နှစ်ဦးမှာ လူဖော်နှင့် လူမော်ဟု နောင်နောင် ဦးနှောက်က မှတ်သားထားလိုက်ပြန်သည်။

"လူဖော်နဲ့ လူမော်လို အသတ်အပုတ် ကျွမ်းကျင်တဲ့ သူတွေကိုတောင် တို့မောင်က အလဲထိုးပစ်နိုင်တာ မမနွေး တွေ့ရတယ်။ အခုအချိန်မျိုးမှာ တို့မောင်ဟာ မမနွေးရဲ့ မောင်အရင်းဖြစ်ပြီး မမနွေး ဘေးမှာ အမြဲတမ်း ရှိနေမယ်ဆိုရင် သိပ်ကောင်းမှာ"

နောင်နောင့် ရင်ထဲတွင် တစ်မျိုးကြီး ခံစားနေရပါ၏။ မမနွေး အပေါ် ကြင်နာသနားသောစိတ်တွေ ဖြစ်ပေါ်နေသည်။ မမနွေးကို ကူညီချင်သော ဆန္ဒလည်း ရှိနေသည်။ မမနွေးက ခရီးဖော်အဖြစ် အားကိုး၍ ခေါ်သည်ကိုလည်း လိုက်ချင်ပါ၏။

သို့သော် မဖြစ်နိုင်ပါပေ။

ဆရာမြတ်က ဘယ်လိုမှ လိုက်ခွင့်ပြုမည်မဟုတ်ပါလေ။ မိမိကလည်း လိုက်သွားပါရစေဟု ဆရာမြတ်ထံတွင် ခွင့်မတောင်းချင်။ အထူးသဖြင့် မိန်းမချောလေး ခေါ်သည်မို့ မိမိလိုက်ချင်သည်ဟုလည်းကောင်း၊ တစ်နေ့ တစ်ရာနှုန်းရသဖြင့် လိုက်သည်ဟုလည်းကောင်း၊ ဆရာမြတ်နှင့်တကွ အမာလေး အထင်သေးသွားမည်ကို စိုးရိမ်သည်။

တိတ်ဆိတ်စွာပင် ကိုယ့်အတွေးနှင့်ကိုယ် ဘိုလိန်းလမ်းဝပ်ရှော့ရှေ့သို့ ရောက်လာသည်။

"ကဲ ... ကိုမောင် နေခဲ့ပေတော့"

"မမနွေးက ဘယ်ကိုပြန်မှာလဲဟင်"

"စမ်းချောင်း မင်္ဂလာလမ်း အိမ်ကိုပေါ့"

"မမနွေး နောက်ကို ဟိုလူတွေ လိုက်နေတယ်၊ မိုးလည်း တော်တော်ချုပ်နေပြီ၊ မမနွေး တစ်ယောက်တည်း ပြန်လို့ ဖြစ်ပါ့မလားဗျာ"

နွေးနွေးက ချက်ချင်း အဖြေပြန်မပေးသေးဘဲ နောင်နောင့်ကို စိုက်ကြည့်နေသည်။ ပြီး ... မမနွေး ပြုံးပါ၏။ မမနွေး၏ အပြုံးထဲတွင် အဓိပ္ပာယ်တစ်ခု ပါရှိနေပါ၏။ သူမ အတွက် နောင်နောင်က စိုးရိမ်စိတ်လေး စွက်ဖက်ပြီး ပြောလိုက်သော စကားကို ကျေနပ်စွာပြုံးခြင်း ဖြစ်ပါ၏။

www.burmeseclassic.com



သို့တစေ နောင်နောင်ကို ဝပ်ရှော့ရောက်ပြီး ဆင်းတော့ ဆိုသည် အစီပွာယ်နှင့် တွန်းကာ မောင်းသူနေရာတွင် နွေးနွေး ဝင်ထိုင်ရန် နေရာရွှေ့သည်။

"လွမ်းမနေနဲ့ နောင်နောင်၊ မမနွေးကို စိုးရိမ်တယ် စိတ်မချဘူးဆိုရင် မမနွေးရဲ့ ခရီးဖော်အဖြစ် လိုက်ခဲ့ပေါ့၊ ကဲ... ဆင်းတော့"

"ဒီလို မပြောပါနဲ့ မမနွေး၊ ကျွန်တော့်ဘဝက အလုပ်ရှင်အိမ်မှာ ထမင်းစားကျွန်ခံပါ။ ဆရာမြတ်ကသာ ထည့်မယ်ဆိုရင် ကျွန်တော်က ဝမ်းမြောက်ဝမ်းသာနဲ့ မမနွေးကို လိုက်မောင်းပေးမှာပါ"

"အေးပါကွာ ... ဒါဆိုရင်ပဲ မမနွေးက ကျေနပ်လှပါပြီ"

နောင်နောင် ကားတံခါးဖွင့် ဆင်းသည်။

"သွားပြီဟေ့ ... တို့မောင်"

မမနွေး နှုတ်ဆက်ကာ တစ်ရှိန်ထိုး မောင်းထွက်သွားတော့သည်။

* * *



# ၄

နံနက်(၆)နာရီမှာပင် ကိုဒေဝကြီး ပေါက်ချလာသည်။ လာပုံကလည်း ပျာယီးပျာယာပုံစံ ဖြစ်ပါ၏။

"ဟေ့ နောင်နောင် ... ဆရာမြတ်ကော"

"ဆင်းမလာသေးဘူး ဦးဒေဝ။ ဒီအချိန်ဆို ဆရာမြတ် ဘုရားခန်းမှာ ရှိခိုးပုတီးစိပ်နေမှာပေါ့"

"ကွာ ... ဆရာမြတ်က ဘုန်းကြီးပဲ ဝတ်ပါတော့"

ဦးဒေဝသည် အဘဦးဘအေး၏ ပက်လက်ကုလားထိုင်တွင် ညည်းညည်းညူညူ ဝင်ထိုင်သည်။ ညစောင့် အဘဦးဘအေးက နံနက်ခြောက်နာရီ ထိုးသည်နှင့် ပြန်သွားချေပြီ။

ဦးဒေဝနှင့် ဆရာမြတ် ခင်မင်သူတွေဖြစ်သည်။ ဦးဒေဝသည် အောက်ဈေးမီလာသော ကားညံ့များကို ဝယ်ယူကာ ဆရာမြတ်ကို အပ်သည်။ ဆရာမြတ် ပြင်ဆင်ပေး၍ ကားကောင်းကားချောဖြစ်သွားသောအခါ ဦးဒေဝက အမြတ်အစွန်းများစွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တင်၍ရောင်းသည်။ ဆရာမြတ်ကိုလည်း ပြင်ခ တန်ရာတန်ကြေး ပေးခြင်းဖြင့် ဆရာမြတ်နှင့် ဦးဒေဝ စီးပွားရေး အပြန်အလှန် အကျိုးပြု ခင်မင်သူတွေ ဖြစ်ပါ၏။

ယခုလည်း အောင်ကြည်ရှိန်တို့ မျိုးညွှန့်တို့မရောက် သေးမီမှာပင် ဦးဒေဝ ရောက်လာသည်။

နောင်နောင် တစ်ယောက်တည်း ထုံးစံအတိုင်း ရုံး ထဲတွင်ရှိနေခိုက်ဖြစ်သည်။ အဘဦးဘအေးက နံနက်ခြောက်နာရီ ပြန်ကာနီးတိုင်း နောင်နောင်ကိုနှိုးကာ ရုံထဲမှာပစ္စည်းများ လက်ရာ မယွင်း ရှိနေကြောင်း အပ်ပြီးမှ သွားလေ့ရှိသောကြောင့် နောင်နောင် စောစီးစွာ ထရလေ့ရှိပါ၏။

ယနေ့နံနက်တော့ နောင်နောင်မှာ အဘဦးဘအေး နှိုး၍သာ ထခဲ့ရသည်။ အိပ်ရေးမဝသေး။

ညက မမနွေး အကြောင်း စဉ်းစားရင်း အိပ်မပျော် ဖြစ်ခဲ့သည်။ ညက မော်တော်ကားမောင်းနေစဉ် မိမိယားတတ်သော အကျင့်ကြောင့် မောင်းနေသောကား ကစဉ့်ကလျား ဖြစ်သွားစဉ် မမနွေးအား မိမိ ပွေ့ပွေ့ပိုက်ပိုက် ဖြစ်သွားမိသည်ကို တနံ့နံ့ စဉ်းစားပြီး နောင်နောင် တော်တော်နှင့် အိပ်မပျော်ခြင်း ဖြစ်ရ သည်။

မမနွေး၏ ကိုယ်သင်းနံ့လေးသည် နောင်နောင့် နှာခေါင်းထဲ ခွဲကျန်ခဲ့ပြီး မမနွေး၏ ချောမောလှပသော မျက်နှာ လေးသည် နောင်နောင့် မျက်စိထဲ စွဲကျန်ခဲ့ပြန်ကာ အလိုလိုမြင် ယောင်နေမိခဲ့သည်။



နောင်နောင့် တစ်သက်နှင့်တစ်ကိုယ် ဤလို အတွေ့ အကြုံမျိုး တစ်ခါမျှ မကြုံစဖူးခဲ့။ ညက အတွေ့အကြုံမှာ ပထမ ဆုံးသော အတွေ့အကြုံသာ ဖြစ်တော့သည်။

ထိုစဉ်မှာပင် အိမ်တံခါး ပွင့်လာပြီး အမာလေးကို ဦးဒေဝ တွေ့ရသည်။

“နင့်အဖေကော အမာလေး”

“ဘုရားခန်းမှာ။ မိုးတောင် မလင်းသေးဘူး၊ ဦးဒေဝကြီး က ဘာတွေ အရေးကြီးလာလဲ”

“အရေးကြီးတယ်ဟ၊ ငါ နင်တို့ဧည့်ခန်းကပဲ ဆရာမြတ် ကို ထိုင်စောင့်တော့မယ်”

ဦးဒေဝ အိမ်ထဲဝင်ထိုင်သည်။ အမာလေးက အိမ် တံခါးဖွင့်ရင်း ရေစည်ဘေးတွင် သွားတိုက် မျက်နှာသစ်နေသော အစ်ကိုနောင့်ကို လှမ်းကြည့်သည်။ အမာလေး အောက်ရုံထဲသို့ ဆင်းကာ နောင်နောင် ရှိရာသို့ ရောက်လာသည်။

“အစ်ကိုနောင် ညက တော်တော် အလုပ်များသွားသလား ဟင်”

“ဟေ”

နောင်နောင် အံ့သြသွားသည်။ ညက မမနွေးနှင့်အတူ ဇင်မလီယာကားနှင့် ထွက်သွားသည်ကို အမာလေးက သိနေပုံပင်။

“အမာလေးက အိပ်ရာဝင်သေးတာ မဟုတ်ပါဘူးနော်၊ စာကြည့်စားပွဲက ပြတင်းပေါက်ကို ဖွင့်ပြီး စာကျက်နေရင်း အစ်ကိုနောင့်ကို ဇင်မလီယာကားပြာတစ်စီး လာခေါ်လို့ လိုက်သွားတာကို မြင်တာ”

www.burmeseclassic.com



"ဗုဒ္ဓေါ"ဟု နောင်နောင် ဘုရားတ,မိသည်။ သိပ်ချော သိပ်လှသော မမနွေး လာခေါ်သည်ကို အမာလေး မြင်သွားသလားဟု အမာလေးကို စူးစိုက်ပြီး နောင်နောင် ကြည့်နေမိသည်။

"အစ်ကိုနောင့်မှာ ရန်ကုန်က သူဌေးသားတွေ၊ အရာရှိကြီးသားတွေနဲ့ အပေါင်းအသင်း ဖြစ်နေသလားဟင်"

"မဖြစ်ပါဘူး၊ အဲဒီလို ဘာလို့မေးတာလဲ"

"အိုး ... ကိုယ်ပိုင်ဖင်မလီယာကားမျိုးနဲ့ ညဉ့်နက်သန်းခေါင် လျှောက်သွားနေတဲ့ လူစားဟာ အဲဒီလို သူဌေးသား၊ အရာရှိသားမျိုးတွေသာ ဖြစ်မှာပေါ့"

"တော်ပါသေးရဲ့"ဟု နောင်နောင့် စိတ်ထဲက မှတ်ချက်ပြုမိသည်။

"အင်းပေါ့ အမာလေးရော၊ တို့အလုပ်ကိုက ကားပိုင်ရှင် ကျေနပ်အောင် လုပ်ပေးရတဲ့ အလုပ်မဟုတ်လား"

"ဘာလဲ ... ညကြီးသန်းခေါင် ကားပြင်ဖို့ လာခေါ်တာလား၊ မဖြစ်နိုင်ပါဘူး၊ ကားပြင်ဖို့ လာခေါ်တာဆိုရင် အစ်ကိုနောင် ချက်ချင်း ဘယ်ပြန်လာမလဲ။ အခုတော့ တစ်နာရီသာသာလောက်ကြာပြီး အစ်ကိုနောင် အဲဒီဖင်မလီယာကားနဲ့ ပြန်လာတာပဲဟာ၊ အစ်ကိုနောင် ပြန်လာတာကို စောင့်ရင်း အမာလေး စာကျက်နေတာ"

"ကားပြင်ဖို့ လာခေါ်တာမှ မဟုတ်တာ၊ အဲဒီလူက ကားဝယ်ချင်လို့ ဝယ်မဲ့ကားကို လိုက်ကြည့်စစ်ဆေးပေးပါဆိုလို့ လိုက်ကြည့်ပေးတာ၊ ဒီမှာကြည့်လေ ... ကားကြည့်ခတို့ကို ငွေတစ်ရာ ပေးသွားတာ"



နောင်နောင်က အိပ်ထဲမှ ရာတန်အသစ်လေးကို အမာလေးအား ထုတ်ပြလိုက်သည်။ ဘာကြောင့်မှန်းတော့ မသိ။ မိမိကို အမာလေး အထင်လွဲမှာတို့ အထင်သေးမှာတို့ကို နောင်နောင် ရင်ထဲက စိုးရိမ်မိသည်။

အမာလေးကလည်း ရာတန်လေးကို မြင်ရပြီး အစ်ကိုနောင် ပြောစကားကို ယုံကြည်သွားသည်။

ဖေဖေဦးအောင်မြတ်သည် တစ်လလျှင် အစ်ကိုနောင်အား ဘယ်လောက်ပိုက်ဆံပေးသည်ကို အမာလေး သိနေသည်။ ဖေဖေ ပေးသောငွေလောက်နှင့် အစ်ကိုနောင်တွင် ငွေပိုငွေလျှံ မဖြစ်နိုင်။ အစ်ကိုနောင်သည် ဟော့ဟော့ရမ်းရမ်းလူ မဟုတ်မှန်းတော့ အမာလေး ကောင်းကောင်း သိသည်။ သို့သော် အဝတ်အစားဆို ကောင်းကောင်းဝယ်ဝတ်သည်။ ကိုအောင်ကြည်စိန်တို့ ကိုမျိုးညွန့်တို့က ပုဆိုးတစ်ထည်ဆို အစိတ် သုံးဆယ်တန်မျိုး ဝယ်သော်လည်း အစ်ကိုနောင်က ငါးဆယ့်ငါး ခြောက်ဆယ်တန် ပုဆိုးမျိုးကိုမှ ဝယ်ဝတ်သည်။ အင်္ကျီစပို့ရှပ် စသည်တို့တွင်လည်း ဤသို့ပင်။ သို့တစေ အစ်ကိုနောင်သည် အဝတ်အစားကို စည်းကမ်းနှင့်ဝတ်သည်။ ကားရုံတွင် အလုပ်ဆင်းသည့်အခါ ဝတ်သည့် အဝတ်ဟောင်း သပ်သပ်ထားသည်။ အပြင်မထွက်ဘဲ အိမ်တွင် ဝတ်သည့် အဝတ်ကိုလည်းကောင်း၊ လမ်းထွက်လျှင်ဝတ်သည့် အဝတ်ကိုလည်းကောင်း သီးခြားစီ ထားဝတ်တတ်ကြောင်း အမာလေး သတိထားမိသည်။

ယင်းအချက်ကပင် အစ်ကိုနောင် အပေါ် အထင်ကြီးသည့် အချက်တစ်ချက် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရော့ … အမာလေး၊ ညက တို့ကားလိုက်ကြည့်ပေးလို့ ရတဲ့ တစ်ရာ၊ ဆရာမြတ်ကို ပေးပါ၊ အဲဒီထဲကမှ ဆရာမြတ် ပြန်ပေးသလောက် တို့ ယူမယ်"

"အို … မဟုတ်တာ"

"ဘာလို့ မဟုတ်တာ ရမှာလဲ၊ တို့က ဒီဝပ်ရှော့ကို အမှီပြုပြီး ကြားပေါက်ငွေရှာနေတယ်လို့ ဆရာမြတ်ကဖြစ်ဖြစ် ဒေါ်ဒေါ်ကြူကဖြစ်ဖြစ်၊ အမာလေး ကိုယ်တိုင်ကဖြစ်ဖြစ် ထင်သွားရင် တို့ ဘယ်ကောင်းမလဲ"

"ဘာဆိုင်လဲ … အခု အစ်ကိုနောင် ရတဲ့ပိုက်ဆံက ဖေဖေ့ အလုပ်ချိန်နဲ့လည်း မသက်ဆိုင်ဘူး၊ ဖေဖေ့ပစ္စည်းကိရိယာတွေကို ယူသုံးတာလည်း မဟုတ်ဘူး၊ အစ်ကိုနောင့်ပညာနဲ့ လိုက်ကြည့်ပေးလို့ ရတာပဲဟာ၊ ဖေဖေ့ကို ငါးပြားစေ့တောင် ပေးဖို့မှမလိုတာ"

မိမိအပေါ်တွင် ထားရှိသော အမာလေး၏ စေတနာကို နောင်နောင် အသိအမှတ်မပြုဘဲ မနေနိုင်ပါလေ။

"ဟေး … နောင်နောင်၊ လာစမ်းကွာခဏ"

ဆရာမြတ်၏ ဧည့်ခန်းမှ လှမ်းအော်ခေါ်သံကြောင့် နောင်နောင် မျက်နှာသုတ်ပဝါဖြင့် မျက်နှာကိုသုတ်ရင်း ဧည့်ခန်းသို့ လာခဲ့ရသည်။ အမာလေးက အစ်ကိုနောင်၏နောက်မှ လိုက်လာသည်။

ဧည့်ခန်းတွင် ဆရာမြတ်နှင့် ဦးဒေဝကြီး ထိုင်နေကြပါ၏။



တစ်ခုတော့ ရှိသည်။ ဆရာမြတ်သည် မိမိနှင့် အမာလေး ရောရောဝင်ဝင် နေသည်ကို ဟန့်တားလေ့ မရှိ။ ဒေါ်ဒေါ်ကြူကသာ အမြဲဟန့်တားခြင်း ပြုတတ်သည်။

"ဒီမယ်ဟေ့ … နောင်နောင်၊ ဟောဒီ ကိုဒေဝက မနက်စောစောစီးစီး အချွန်နဲ့ လာမ,နေလေရဲ့ကွာ"

နောင်နောင်က ဘာမျှပြန်မပြော၊ ဆရာမြတ်အား ရိုသေကျိုးနွံစွာ ရပ်မြဲ ရပ်နေသည်။

"မိတ္ထီလာမှာ ကားတစ်စီးဝယ်ဖို့ ကိုဒေဝက စရံသတ်ထားခဲ့ပြီးပြီတဲ့။ အဲဒီကားကို ရန်ကုန်ယူလာပြီး ဒီဝပ်ရှော့မှာ ထုံးစံအတိုင်း ပြင်ချင်တယ်ပေါ့ကွာ၊ အဲဒီကား သွားယူဖို့ နောင်နောင်ကို ထည့်ပေးပါတဲ့"

"ဒီမှာ အင်ဂျင်တွေရော၊ ဂီယာဘောက်တွေရော လုံးဖို့ရှိနေတာပဲ ဆရာမြတ်"

"အဲဒါကိုလည်း ငါ ပြောပါတယ်။ အောင်ကြည်စိန် ဖြစ်ဖြစ် မျိုးညွန့်ကိုဖြစ်ဖြစ် ငါ ထည့်ပေးမယ်လို့လေ။ ဒါပေမဲ့ ကိုဒေဝက နောင်နောင့်ကိုပဲ လိုချင်တယ်တဲ့၊ ငါ့ကို ငွေငါးရာ အတင်းလာဘ်ထိုးပြီး မင်းကို ထည့်ပေးဖို့ ဇွတ်ပြောနေတာကွ"

ဆရာမြတ် လက်ထဲတွင် တစ်ရာတန်ငါးရွက် ကိုင်ထားသည်ကို နောင်နောင် တွေ့ရသည်။

"ဖြစ်ပါ့မလား ဖေဖေ၊ အစ်ကိုနောင် မရှိရင် ဖေဖေပဲ သိပ်ပင်ပန်းမှာပေါ့။ ဟိုနှစ်ယောက်က ညနေ ဒေါင်ဆို နာရီထိုးတာနဲ့ ပြန်ကြတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်တာပေါ့ သမီး၊ ဒါမေမဲ့ အလွန်ဆုံး လေးငါးရက်ပဲ ကြာမှာပဲဆိုပြီး ဖွတ်ပြောနေတယ်၊ မိတ္ထီလာက ကားစုတ်ကို နောင်နောင်နဲ့ ယူမှ ဖြစ်မှာတဲ့လေ။ ကဲပါကွာ ... နောင်နောင် လိုက်သွားပါ"

"ဆရာမြတ် သဘောပါ၊ ဆရာမြတ် ထည့်ရင် ကျွန်တော် လိုက်ရမှာပါ"

"အေး ... လိုက်သွားလိုက်ပါကွာ"

နောင်နောင် ပြန်ထွက်သွားကာ ထပ်ခိုးပေါ် ပြန်တက်ပြီး လေးငါးရက်စာ အဝတ်အစား အနည်းငယ်ကို ဆွဲအိတ်တွင် ထည့်သည်။ လိုအပ်သော တိုလီမိုလီများလည်း ထည့်သည်။

အမာလေးသည် ဘာမှမပြောတော့ဘဲ သူမအခန်းရှိရာ အပေါ်ထပ်သို့ တက်သွားသည်။

နောင်နောင်သည် ဆွဲအိပ်ဆွဲကာ ဦးဒေဝ ဂျစ်ကားပေါ် တက်ထိုင်ရင်း ဘာရယ်မဟုတ် အိမ်ပေါ်ထပ်သို့ ကြည့်မိရာ အပေါ်ထပ်ပြတင်းပေါက်မှ အမာလေးက သူ့အား လှမ်းကြည့်နေသည်ကို တွေ့ရသည်။ နောင်နောင်က လှမ်းအကြည့်တွင် အမာလေးက သူမကိုယ်ကို ကွယ်ဝှက်လိုက်ပါ၏။

နောင်နောင် သက်ပြင်းတစ်လုံး ချမိသည်။

ဦးဒေဝကြီးက ဂျစ်ကားမောင်းထွက်လာရင်း တဟဲဟဲ ရယ်ရင်းပြောပေသည်။

"ယေဘုယျပေါ့ကွာ နောင်နောင်၊ မင်းတို့အရွယ်မှာ အားကြီး စွံတတ်တာပေါ့၊ ဟုတ်လား"



နောင်နောင် ဘာမှပြန်မပြော၊ ဦးဒေဝလို စကားကို ဘွာလောင်ပြောတတ်သူမျိုးကို နောင်နောင် စကားလက်ဆုံမကျချင်။

"အေးကွ ... မင်းကတော့ ယေဘုယျ ထက်တောင် ကျော်လွန်နေတယ်၊ အမာလေးက မင်းကို အရမ်းပစ်ကျနေပုံပဲ နောင်နောင်"

"မဟုတ်တာဗျာ"

"သိပ်ဟုတ်တာပေါ့၊ မင်းကို ငါ ခေါ်သွားတာ အမာလေး သဘောကျပုံ မရမှန်း ငါ တွေ့တာပဲ၊ အခုလည်း အိမ်ပေါ်ထပ်ကနေပြီး မင်းကို လှမ်းကြည့်နေရှာတယ်"

"ကဲပါ ဦးဒေဝရာ၊ အဲဒါတွေ ဘေးချိတ်ထားပါ၊ အခု ခင်ဗျား ဘယ်ကိုမောင်းနေတာလဲ"

"စမ်းချောင်းကိုလေကွာ"

"ဗျာ ... ဒါနဲ့ မိတ္ထီလာကို သွားမှာဆို"

"အေးလေကွာ၊ စမ်းချောင်းကို သွားရဦးမယ်၊ ဟိုရောက်မှ ဆက်ပြီးသွားရမဲ့ ခရီးအတွက် "အဲဒီအိမ်ကတစ်ဆင့် စီစဉ်လိမ့်မယ်"

"ဘာဗျ ... အဲဒီအိမ်ကတစ်ဆင့် စီစဉ်မယ် ဟုတ်လား။ ဒါနဲ့ ခင်ဗျားနဲ့အတူတူ မိတ္ထီလာမှာ ဝယ်ထားတဲ့ကား သွားယူမလို့ဆို"

"ငါနဲ့အတူတူသွားလို့ မင်းမှာ ကြည်နူးစရာ ဘာရှိမှာလဲ နောင်နောင်၊ မင်း ခရီးသွားရင်း ကြည်နူးစရာတွေ အများကြီး တွေ့ဦးမှာကွ။ ဟဲ ဟဲ ... မင်းကသိုလ်မျိုးကတော့

www.burmeseclassic.com

www.burmeseclassic.com



ရှာမှရှားကွာ၊ ဒါကြောင့် ငါက မင်းကို ယေဘုယျထက် သာလွန်နေတဲ့ ဖိုးစွံလို့ ပြောတာကွ"

"ဘာတွေ ပြောနေတာလဲ ဦးဒေဝ၊ ခင်ဗျား ပြောတာတွေ ကျွန်တော် တစ်လုံးမှ နားမလည်ပါလား"

"စမ်းချောင်းအိမ်ရောက်ရင် မင်း နားလည်သွားမှာပါ၊ တကယ်တော့ ငါကိုယ်တိုင် လိုက်မောင်းပေးချင်တာကွ။ ဒါပေမဲ့ ရွှေမင်းသမီးက နောင်နောင်ဆို နောင်နောင်တဲ့မှ တဲ့လေ"

"ခင်ဗျား ဘာတွေ ပြောနေမှန်း ကျုပ် မသိဘူး"

"သိမှာပေါ့ကွာ ... ဟော ... ရောက်ပြီ"

***



# (၁)

ဩော် ... ဒီလိုကိုး။

စမ်းချောင်း၊ မင်္ဂလာလမ်းပေါ်ရှိ တိုက်အိမ်ကြီး တစ်အိမ်ရှေ့တွင် ကိုဒေဝ ကားရပ်သည်။ ခမ်းနားထည်ဝါသော တိုက်အိမ်ကြီးပါပေ။

"ဟေး ... တို့မောင်"

တိုက်အိမ်ကြီးပေါ်မှ မမနွေး ပြေးဆင်းလာပြီး နောင်နောင့်ကို ဝမ်းသာအားရ နှုတ်ဆက်သည်။

"ဩော် ... မမနွေး"

နောင်နောင်က မှုန်ကုပ်ကုပ်နှင့်ပင် ပြန်၍နှုတ်ဆက် ပါ၏။

"ဘယ်လိုလဲ မနွေးနွေး၊ ကျုပ်က ယောကျ်ားတန်မဲ့ ပရိယာယ်တွေနဲ့ တပင်တပန်း ခေါ်လာပေးတဲ့လူကိုတော့ နှုတ်မဆက်ဘဲ ..."

www.burmeseclassic.com

www.burmeseclassic.com

"အဲ … ကိုဒေဝကို နွေးက ကျေးဇူးကုဋေကုဋာ တင်ပါသတဲ့ရှင်။ ကဲ … လာလေ၊ အိမ်ထဲဝင်ကြဦး"

နောင်နောင်သည် သဘောပေါက်ပေပြီ။ ညက မမနွေးသည် ခရီးသွားစရာရှိ၍ နောင်နောင့်ကို လိုက်မောင်းပေးရန် ခေါ်ခဲ့သည်။

နောင်နောင်က ဝပ်ရှော့ဆရာမြတ် ခွင့်မပြုလျှင် လိုက်၍မရကြောင်းဖြင့် ငြင်းဆိုလိုက်သည်။

ထို့ကြောင့် ယနေ့ နံနက် အစောကြီး ဦးဒေဝ ပေါက်ချလာကာ ဆရာမြတ်ကို လိမ်ပြီး ဆရာမြတ်ထံမှ နောင်နောင်ကို ထည့်ပေးလိုက်သည်အထိ မိမိကို မမနွေးထံ အပါခေါ်လာခဲ့ခြင်း ဖြစ်နေပါ၏။

ရှင်းနေပါ၏။

မမနွေးသည် ဆရာမြတ် အပေါ်တွင် လွှမ်းမိုးနိုင်သော ဦးဒေဝလိုလူကို ချက်ချင်းရှာကာ သူမ၏ခရီးစဉ်အတွက် မိမိကို အရခေါ်ယူနိုင်ခြင်း ဖြစ်တော့သည်။

"ဟေး … တို့မောင်၊ မှုန်ကုပ်ကုပ်နဲ့ မမနွေးကို ကြည့်နေပါလား"

"မမှုန်ကုပ်ပါဘူး မမနွေး၊ ကိုယ်လိုချင်တာကို မရ,ရတဲ့နည်းနဲ့ စွမ်းဆောင်ရယူနိုင်တဲ့ မမနွေးရဲ့ အရည်အချင်းကို ကျွန်တော် စဉ်းစားနေတာပါ"

"ဘာလဲကွ ဖိုးနောင်နောင်၊ မင်းက မနွေးနွေးနဲ့ ခရီးအတူတူ သွားရမှာကိုတောင် မကျေနပ်ဘူးလားကွ"



"ကျေနပ်တာတွေ၊ မကျေနပ်တာတွေ ကျွန်တော့်မှာ မရှိပါဘူး ဦးဒေဝ။ ဆရာမြတ်က ထည့်ပေးလိုက်မှတော့ ကျွန်တော်က ဘာပဲဖြစ်ဖြစ် လိုက်မောင်းပေးရမှာပေါ့။ အဲ … ဦးဒေဝသာ စဉ်းစားထားပါနော်။ ကျွန်တော် ပြန်လာရင် မိတ္ထီလာက ယူလာတဲ့ ကားပျက်နဲ့ ဆရာမြတ် ဝပ်ရှော့ထဲ ဝင်နိုင်မှ ဖြစ်မှာ"

"သိပ်ဖြစ်တာပေါ့ နောင်နောင်ရာ၊ မိတ္ထီလာက ဝယ်တဲ့ကားဟာ ငါ့ဆီ ရောက်နေတာ နှစ်ရက်တောင်ရှိနေပြီ။ အခု မနွေးနွေးက ကြားဖြတ်အကူအညီတောင်းလို့။ နို့မို့ရင် အဲဒီကားကို ဒီနေ့ မင်းတို့ဝပ်ရှော့မှာ ထိုးတော့မှာ၊ အေး … မင်း ပြန်ရောက်တာနဲ့ ငါ အဲဒီကားနဲ့ ဝပ်ရှော့ဝင်မယ်လေ။ ဩော် … မနွေးနွေး၊ ရန်ကုန် ပြန်ရောက်ရောက်ချင်း နောင်နောင့်ကို ပြန်မလွှတ်ပါနဲ့၊ ကျွန်တော့်ဆီကို အရင်ဖုန်းဆက်ပါ၊ ဒါမှ နောင်နောင်နဲ့ အတူတူ ဝယ်ထားတဲ့ ကားနဲ့ ဆရာမြတ် ဝပ်ရှော့ကို ဝင်မှ ဆရာမြတ်ကို ကျွန်တော် လိမ်ထားတာ ယုတ္တိရှိမှာ"

နွေးနွေးက ခေါင်းညိတ်ပြသည်။

နောင်နောင့်ကို ထားခဲ့ကာ ကိုဒေဝ ပြန်မောင်းထွက်သွားပေတော့သည်။

အဆင်သင့် ဖြစ်နေသော မမနွေးက သူမ၏ ဖင်မလီယာကားပြာပေါ်တွင် နောင်နောင်၏ ဆွဲအိတ်ကို တင်စေကာ ချက်ချင်းပင် စမ်းချောင်းအိမ်မှ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်းသူ နောင်နောင်နှင့်ပင် နွေးနွေးက ရှေ့တွင် တွဲထိုင်ပါ၏။

နောင်နောင်သည် စကားတစ်ခွန်းမျှ မပြောဘဲ မောင်းလာခဲ့ရာ ထောက်ကြန့်လမ်းဆုံသို့ပင် ရောက်လာသည်။

"လမ်းဆုံရောက်လာပြီ၊ လက်ဝဲလမ်းအတိုင်း တည့်တည့်ကြီး မောင်းသွားရင် မှော်ဘီ၊ တိုက်ကြီးကတစ်ဆင့် ပြည်ကိုသွားတဲ့လမ်း။ လက်ယာဘက်လမ်းကိုမောင်းရင် မုတ္တမလမ်းနဲ့ မန္တလေးလမ်းပဲ။ ကျွန်တော် ဘယ်လမ်းကိုမောင်းရမှာလဲ"

"ဦးကောင်းညွန့် ကားရှိရာကို တို့မောင် မောင်းပို့ပေးရမှာလေ၊ အဲဒီတော့ ကြိုက်တဲ့လမ်းကို မောင်းပေါ့"

"အန်ကယ်ဦးကောင်းညွန့် ပြောသွားတာကတော့ မန္တလေးကို သွားမယ်လို့ ပြောသွားတာပဲ"

"ဒါဆို မန္တလေးပဲပေါ့ တို့မောင်"

"အဲဒါ ခက်တယ်၊ ပြည်၊ တောင်တွင်းကြီး၊ မကွေးကနေပြီး မန္တလေးကိုသွားလည်း ရတယ်။ ပဲခူး၊ တောင်ငူ၊ သာစည် ဖြတ်ပြီးလည်း မန္တလေးကို သွားလည်း ရတာပဲ"

"ဟုတ်တယ် တို့မောင်၊ အဲဒါကိုပဲ မမနွေး စဉ်းစားနေတာ၊ ဦးကောင်းညွန့်ဟာ အဲဒီနှစ်လမ်းမှာ ဘယ်လမ်းက သွားသလဲ၊ သူ့မှာ မန္တလေးကို သွားရင် ကြားတစ်မြို့မြို့မှာ ဝင်နားစရာ ဝင်ရိုက်စရာ ရှိနေမလား၊ အဲဒါဆိုရင် ဘယ်မြို့မှာနားပြီး ရုပ်ရှင်ကား ရိုက်မှာလဲ"



"အဲဒီလောက်အထိတော့ ကျွန်တော် မသိဘူးဗျာ၊ ကျွန်တော်သိတာက အန်ကယ်ဦးကောင်းညွန့်ဟာ မန္တလေးမှာ သူ့ရုပ်ရှင် သွားရိုက်မယ် ဆိုတာပဲ သိတယ်။ တဂယ်လို့ ညဦးကတည်းက ထွက်သွားတဲ့ အန်ကယ်ဦးကောင်းညွန့်ဟာ မန္တလေးကို တိုက်ရိုက်မောင်းသွားတာဆိုရင် အခုလောက်ဆို မန္တလေး ရောက်နေလောက်ပြီ"

"ဒါဆိုလည်း ကြိုက်တဲ့လမ်းကပဲ မန္တလေးကိုသာ မောင်းပေတော့ တို့မောင်"

နောင်နောင်သည် လက်ယာလမ်းကို ရွေးချယ်မောင်းလာခဲ့သည်။ ပဲခူး၊ တောင်ငူကို ဖြတ်သန်းရသော ရန်ကုန်-မန္တလေးလမ်းအတိုင်း မောင်းခြင်းဖြစ်ပါ၏။

ထောက်ကြန့်မှ ထွက်လာသည်နှင့် ကားလမ်းကြီး၏ လက်ဝဲလက်ယာတွင် လယ်ကွင်းတွေ တစ်မျှော်တစ်ခေါ်ကြီး ရှိနေသည်။

နောင်နောင်သည် မှုန်ကုပ်ကုပ် ဖြစ်ရာမှ ပြန်လည်ကာ စိတ်ကြည်လင်လာသဖြင့် ဘေးတွင် ငြိမ်ချက်သားကောင်းလှသော မမနွေးကို စွေစောင်းကြည့်သည်။

မမနွေးသည် လယ်ကွင်းပြင်ကျယ်ကြီးမှ မိုးကုတ်စက်ဝိုင်းတိုင်အောင် ငေးကြည့်နေသည်။ လယ်ကွင်းတွေကို အထူးအဆန်းလုပ်ပြီး ကြည့်နေခြင်းတော့ မဟုတ်တန်ရာ၊ ငေးမိငေးရာ ငေးကြည့်ရင်း တစ်ခုခု စဉ်းစားနေသည်ပဲ ဖြစ်မည်။

နောင်နောင်ကလည်း ပြန်စဉ်းစားသည်။ ဘက်မောက်လမ်းတွင် လူဖော် လူမော် နှစ်ဦးနှင့် တွေ့ဆုံရှင်းရင်းဆန်ခတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် သူမ၏ဆွဲကြိုး ဦးကောင်းညွန့်၏ လင်းရိဗာကားပေါ်တွင် ကျကျန်ခဲ့သည်။ ထို့ကြောင့် ထိုဆွဲကြိုးကို ပြန်လိုချင်သောကြောင့် လင်းရိဗာကားနောက်သို့ လိုက်သည်ဟု ဆိုသည်။ ကျကျန်ခဲ့သော ဆွဲကြိုးက အဘယ်မျှ တန်ဖိုးကြီးမားနေသောကြောင့် ယခုလို တပင်တပန်း လင်းရိဗာကားနောက်သို့ လိုက်ချင်ရပေသနည်း။ စမ်းချောင်း၊ မင်္ဂလာလမ်း တိုက်အိမ်ကြီးနှင့် ယခုဖင်မလီယာကို ပိုင်ဆိုင်သော မမနွေးသည် အလွန်ချမ်းသာသူဖြစ်ကြောင်း သက်သေခံနေသည်။

မမနွေး၏ ဆွဲကြိုးသည် စိန်ဆွဲကြိုး ဖြစ်စေဦးတော့ ဤမျှ ကြွယ်ဝသော မမနွေး အဖို့ ဤအပင်ပန်းခံ တကူးတကစွန့်စွန့်စားစား လိုက်စရာမရှိဟု နောင်နောင် ထင်မိသည်။ အဲ... တစ်ခုတော့ ရှိသည်။ နောင်နောင်၏ လူငယ်တွေးနှင့်တွေးလျှင် မမနွေး၏ ဆွဲကြိုးသည် မမနွေး၏ ချစ်သူကပေးသော ချစ်လက်ဆောင်မို့ သိပ်အမြတ်တနိုးထားသောကြောင့် မရမက ပြန်လိုချင်သည်လားတော့ မပြောတတ်။ ဒါဆို မမနွေးတွင် ချစ်သူရှိသည်ပေါ့။

ယင်းအတွေးကပင် နောင်နောင်၏ ရင်ထဲတွင် ကျင်ခနဲ ခံစားလိုက်ရသည်။ သူမဟာသူမ ချစ်သူရှိသည်ဆိုခြင်းကို နောင်နောင်က ဘာကိစ္စ ရင်ထဲတွင် ကျင်ခနဲ ခံစားလိုက်ရပေသနည်း။

"အယ် ... ရှုပ်ပါ့"

နောင်နောင်သည် မမနွေး အကြောင်း တွေးရင်းကပင် ဗိုက်ဆာလာသည်။ ရန်ကုန် ဆရာမြတ် ဝပ်ရှော့မှာဆိုလျှင် ဒီအချိန် ပဲပြုတ်နှင့် ထမင်းကြော်စားပြီး ဗိုက်တင်းနေလေပြီ။



"ဟို ... ရှေ့ရောက်ရင် အင်းတကော်ပဲ မမနွေး၊ အင်းတကော်မှာ ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်ဟင်းခါးနဲ့ ထမင်းရောင်းတဲ့ဆိုင်ကြီးတွေ ရှိတယ်။ မိုးလင်းကတည်းက ကျွန်တော်ဘာမှ မစားရသေးဘူး၊ ကျွန်တော် ဗိုက်ဆာပြီ မမနွေး"

"အယ် ... ဟုတ်သားပဲ။ မမနွေးက ကိုယ်ချင်းမစာသလို ဖြစ်သွားပြီ။ အဲဒီဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်ပါ တို့မောင်"

အင်းတကော် ရောက်ပြီ။ ဆိုင်ကြီးတစ်ဆိုင်ရှေ့တွင် နောင်နောင် ကားရပ်လိုက်သည်။

"ကဲ ... တို့မောင် ကြိုက်ရာ အဝစားပေတော့"

"မမနွေးကကော"

"မမနွေးက မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ကော်ဖီရယ်၊ ပေါင်မုန့် ထောပတ်သုတ် နှစ်ချပ်ရယ်၊ ဝက်အူချောင်းကြော်ရယ်၊ ကြက်ဥပြုတ်ရယ် စားတာကွယ့်၊ မမနွေး ဗိုက်မဆာလို့ တို့မောင်ကို ကိုယ်ချင်းမစာမိတာလေ"

"ကျွန်တော်ကလည်း ဝပ်ရှော့မှာ မိုးလင်းတာနဲ့ ပဲပြုတ်နဲ့ ထမင်းကြော်၊ ရေနွေးကြမ်း အဝစားသောက်တာ မမနွေး"

နောင်နောင်၏ စကားကြောင့် နွေးနွေးသည် ပျာပျာသလဲလေး ဖြစ်သွားသည်။

"မမနွေးက ပေါင်မုန့်ထောပတ်သုတ်တွေ၊ ကြက်ဥပြုတ်တွေ၊ ဝက်အူချောင်းကြော် စားတာတွေ ပြောလိုက်မိတာ၊ အမှတ်မထင် မမနွေ ဗိုက်မဆာတာကို ပြောတာပါ တို့မောင်၊ ကြွားချင်တဲ့သဘော အထက်စီးသဘောနဲ့ပြောတာ မဟုတ်ရိုးအမှန်ပါ တို့မောင်"

www.burmeseclassic.com

www.burmeseclassic.com

"အား ... မမနွေးကလည်းဗျာ၊ မမနွေးလို တန်းမြင့်အဆင့်ဝင်တွေ ပေါင်မုန့်ထောပတ်သုတ်၊ ကြက်ဥပြုတ်စား၊ ကော်ဖီသောက်တာ အထက်စီးစကား ကြွားဝါစကားလို့ ဘယ်သူက ထင်မှာလဲ။ တကယ်ဆိုရင် မမနွေး အနေနဲ့ အသားညှပ်ပေါင်မုန့် ဆင်းဒဝစ်(ချ်)တို့ ကြက်သားရိုး(စ်)တို့တောင် စားတတ်ကြတာပဲဟာ။ အခု မမနွေး ပြောတာ အထက်စီးစကား မဟုတ်မှန်း လူတိုင်း နားလည်ပြီးသားပါ"

"နောင်နောင်"

စကားအဆုံးတွင် နွေးနွေးသည် နောင်နောင်ဟု အမည်ကို ပီပီသသကြီး ခေါ်လိုက်သည်။ နောင်နောင်က မမနွေးကို ပြန်ကြည့်ပါ၏။

"မင်း မမနွေးကို မှန်မှန်ပြောစမ်း၊ မင်းဟာ ဆင်းဒဝစ်(ချ်)တို့ ကြက်သားရိုး(စ်)တို့ ကြားမှာ ကျင်လည်ခဲ့ရာက အခု ဝပ်ရှော့မှာ ပဲပြုတ်ထမင်းကြော် ရေနွေးကြမ်းစားသောက်တဲ့ဘဝကို ရောက်နေတာ မဟုတ်လား"

နောင်နောင် ချက်ချင်းမဖြေဘဲ ဆွံ့အသွားသေးသည်။ သို့သော် တစ်ခဏအတွင်း ပြန်ဖြေပါ၏။

"ကြားဖူးနားဝတွေပါ မမနွေး၊ ကိုယ့်အိမ်မှာတော့ ဒါမျိုးတွေ ဘယ်စားသောက်နိုင်မှာလဲ။ ကျောင်းသားတုန်းက သူငယ်ချင်း သူဌေးသားတွေ၊ အရာရှိကြီးရဲ့သားတွေနဲ့ အပေါင်းအသင်း ဖြစ်ခဲ့ဖူးတော့ သူတို့အိမ်မှာ စားတာသောက်တာတွေ စပ်မိစပ်ရာ ပြောရင်း ကျွန်တော် ကြားဖူးတာပါဗျာ"



"အင်းပေါ့လေ ... နောင်နောင် ပြောသမျှ မမနွေးက ယုံတယ်လို့ပဲ ထားလိုက်ပါတော့၊ ကဲ ... ကဲ ... တို့မောင် ကြိုက်တာသွားစား၊ မမနွေးကတော့ ဗိုက်ပြည့်နေတယ်"

"ဗိုက်ပြည့်နေလည်း ရတယ်လေ၊ ဒီမှာ နံပါတ်ဝမ်းတူး အားလုံး သွားလို့ရတယ်၊ ရန်ကုန်က ဆယ်ပြား၊ ဆယ့်ငါးပြား အိမ်သာမျိုးတွေပဲ၊ သန့်လည်းသန့်တယ်၊ အမျိုးသမီးသပ်သပ် အမျိုးသားသပ်သပ် သီးခြားပဲ"

"အိုကွာ"

နွေးနွေးက ရှက်စနိုး မျက်နှာနှင့် အိုကွာဟု ပြောရင်း နောင်နောင့်ကို မျက်စောင်းထိုးလိုက်သည်။

မျက်စောင်းထိုးလို့သာ ထိုးလိုက်သည်။ တကယ်တမ်းမူ နွေးနွေးသည် "အိမ်သာသို့"ဟု မြှားတားသည့် စာတန်းလမ်းညွှန်အတိုင်း စားသောက်ဆိုင်မှတစ်ဆင့် ဘေးပေါက်သို့ နွေးနွေး ထွက်လျှောက်သွားပါ၏။

နောင်နောင် စားသောက်ဆိုင်တွင် ဝင်ရောက်ထိုင်လိုက်သည်။

မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ အပြင် ရန်ကုန်လမ်းဘေးထမင်းကြော်မျိုးလည်း ရသည်

နောင်နောင် ဘာစားရပါ့။

မမနွေး ထွက်လာလျှင် မိမိစားသောက်သော အစားအစာကို ကြည့်တော့မည်။

မမနွေးကို ကိုယ်ပြောထားသော စကားနှင့်ညီအောင် ထမင်းကြော်နှင့် အမဲနှပ်မှာပြီး စားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထမင်းကြော် ဆိုသဖြင့် တရုတ်ဆိုင်က ခေါက်ဆွဲကြော်၊ ထမင်းကြော်မျိုး မထင်လိုက်ပါနှင့်။ ယခု ထမင်းကြော်မှာ ထမင်းကို ပဲငံပြာရည်လူး၊ ဆီလူးပြီး ဒယ်အိုးတွင်မွှေကာ ပဲပြုတ်လေး ဖြူးထားသော ထမင်းကြော် ဖြစ်ပါ၏။ ကံကောင်းလျှင် ဆီချက်ဖတ်လေး ဘာလေး ပါလာတတ်သည်။ အချဉ်ပွဲအနေနှင့် သခွားသီး၊ ဂေါ်ဖီစားစင်းကို ရှာလကာရည်ဆမ်းပေးထားသည်။ ထိုထမင်းကြော်နှင့်တွဲပြီး ဘဲဥဟင်း၊ အမဲနှပ်ဟင်း၊ အာပြဲခြောက်ကြော်၊ ငါးကြော်တို့ဖြင့် ဟန်းတန်ဖိုးအတိုင်း ပေးစားရသည်။

နောင်နောင်သည် ဝပ်ရှော့၌ သူ့ဟာသူ တစ်ယောက်တည်း ထွက်စားသောက်လျှင် နက်(စ်)ကော်ဖီ၊ ပေါင်မုန့်မီးကင်ထောပတ်သုတ်တို့ကို အရသာခံ စားသောက်သော်လည်း အောင်ကြည်စိန်တို့ မျိုးညွန့်တို့နှင့်အတူ ထွက်စားသောက်သောအခါယင်းသို့သော ထမင်းကြော်ကိုသာ အတူစားသောက်သည်။

ယခုလည်း မိမိစားသောက်သမျှကို မမနွေးက အကုန်အကျခံမည် ဖြစ်သည်။ မိမိက အကောင်းစား အပျံစား အဖိုးတန်တွေကို စားသောက်ပါက မမနွေး စိတ်ထဲက အကြောင်းနှစ်ခု တွက်သွားနိုင်သည်။

ပထမအကြောင်းမှာ ဒကာခံမည့်သူ ရှိသဖြင့် အားမနာ ပါးမနာ မတန်မရာတွေ စားသည်သောက်သည်ဟူ၍လည်းကောင်း။

ဒုတိယအကြောင်းမှာ နောင်နောင်သည် ဆင်းသက်လာသော မိသားစု အစဉ်အဆက်ကတည်းက ဤပုံဤနှယ် စား



သောက်လေ့ရှိသည် ဟူ၍လည်းကောင်း၊ တစ်ခုမဟုတ် တစ်ခုအထင်သေးခြင်းနှင့် အထင်ကြီးခြင်း တစ်ခုခု ထင်မှတ်သွားနိုင်သည်။

ထိုသို့ အထင်သေးခြင်းကိုဖြစ်စေ၊ အထင်ကြီးခြင်းကိုဖြစ်စေ မမနွေး ထင်သွားမည်ကို နောင်နောင် တစ်ခုမှ မခံယူလိုပေ။

"ဟေး ... ဘာတွေ ဟဲနေလဲ တို့မောင်၊ စားနေလိုက်တာခေါင်းမဖော်ဘူး၊ တော်တော်ဗိုက်ဆာနေရှာပြီ ထင်တယ်၊ မမနွေး ဝင်ထိုင်တာတောင် မော့ကြည့်ဖော် မရဘူး"

"ဆောရီးပဲ မမနွေး၊ ကျွန်တော် ဗိုက်ဆာနေလို့ အာရုံစိုက်စားနေမိတာပါ။ ထမင်းကြော်နဲ့ အမဲနှပ်ဟင်းပါ မမနွေး။ မမနွေး စားပါလား၊ စားလို့ကောင်းပါတယ်။ မမနွေးအတွက် ကျွန်တော် မှာလိုက်မယ်လေ"

"တော်ပါပြီကွယ်"

"ဗိုက်ပြည့်နေတုန်းပဲလား မမနွေး"

နွေးနွေးက ခေါင်းညိတ်ပြသည်။

"ခုန အိမ်သာသွားပြီး ဝမ်းတွေ တူးတွေ ထုတ်ပြီးတာတောင် မမနွေးက ဗိုက်ပြည့်တုန်းလားဗျာ"

"အိုကွာ ... ပြောရော့မယ် ပေါက်ကရ"

မမနွေး မျက်နှာတွင် ရှက်သွေးလေး ဖျန်းသွားသည်။ အမျိုးသမီးတချို့သည် ရေအိမ်ဝင်ပြီး အီအီးပါသည့်ကိစ္စ၊ ရှူရှူးပေါက်သည့်ကိစ္စ ပြောလျှင် ရှက်တက်ကြောင်း နောင်နောင်သိလေရော့သလား မပြောတတ်။

www.burmeseclassic.com

www.burmeseclassic.com

နွေးနွေးက နောင်နောင်အား မသိသားဆိုးရှားပြီး ပြောချင်တာ စွတ်ပြောသော ကောင်ငယ်လေး တစ်ယောက်ကို ကြည့်ခြင်းမျိုးဖြင့် ကြည့်ကာ အပြုံးလေးတစ်ပွင့် ပွင့်သွားပါသေး၏။

***



# (၉)

ယနေ့အဖို့ အမာလေး ကျောင်းတက်ချင်စိတ် မရှိ။

ဘာလို့မှန်းတော့ မသိ၊ အစ်ကိုနောင်အား ဦးဒေဝကြီး ခေါ်သွားသည်ကို အပေါ်ထပ် ပြတင်းပေါက်မှ လှမ်းကြည့်ရင်း အမာလေး ရင်ထဲတွင် ဟာတာတာကြီး ဖြစ်ကျန်ခဲ့သည်။ ယင်း ဟာတာတာကြီး ခံစားရမှုကြောင့်ပင် အမာလေး ကျောင်းတက်ချင်စိတ် မရှိပါလေတော့။

ယနေ့ အမာလေး မျှော်လင့်ထားမိသည်။

မနေ့ညက အစ်ကိုနောင်အား နက်ဖြန်တစ်ချိန်ချိန်တွင် အစ်ကိုနောင်၏ အတိတ်အကြောင်း ပြောပြရမည်ဟု အမာလေးက တောင်းဆိုထားသည်။ ထို့ကြောင့် ယနေ့တွင် အစ်ကိုနောင်က သူမအား သူ၏အတိတ်အကြောင်း ပြောတော့မည်ဟု မျှော်လင့်ထားသည်။

ယခုမှ အစ်ကိုနောင် မရှိတော့ပြီ။

"အေး ... ဒီနေ့ သမီး ကျောင်းမတက်တာနဲ့ အတော်ပဲ၊ အိမ်ကို ပလတ်စတစ်ဆေးသုတ်ဖို့ ကုလားတွေ ခေါ်ထား

www.burmeseclassic.com

တယ်၊ ဆေးသုတ်တဲ့အခါ ပစ္စည်းတွေ ဟိုသိမ်းဒီသိမ်း လုပ်ပေးရမှာဆိုတော့ သမီး အိမ်မှာရှိနေရင် မေမေ့မှာ အဖော်ရတာပေါ့"

မိခင်ဒေါ်ကြူကြူသည် သမီး၏ ပညာရေးနှင့်ပတ်သက်၍ သိပ်ပြီး အလေးအနက် မထားတတ်။ သမီး အမာလေး ကောလိပ်တက်နေသည်ကို "သမီး ကောလိပ်ရောက်နေပြီလေ"ဟု ဆုံမိလျှင် ကြွားဝါဖို့သာ အဓိကထားသည်။ အမာလေး၏ ရုပ်ရည်ချောမောလှပမှုနှင့် ကောလိပ်ကျောင်းသူ ဖြစ်နေသည့်အတွက် ဆရာဝန်တို့ အင်ဂျင်နီယာတို့ အရာရှိပေါက်စတို့၊ သင်္ဘောလိုက်အရာရှိတို့နှင့် ပေးစားမည်ဟုလည်း ဒေါ်ကြူကြူက ရည်ရွယ်ချက် အဓိကထားသူ ဖြစ်ပါ၏။

နံနက်ကိုးနာရီလောက်တွင် ဆေးသုတ်မည့် ကုလား နှစ်ဦး လှေကားထမ်း ရောက်လာကြသည်။ ပထမဆုံး လက်လှမ်းမီရာ နေရာများသို့ သုတ်သည်မို့ လှေကားကို ဂိုဒေါင်ထပ်ခိုးတွင် ထောင်ထားသည်။

အမာလေးသည် ကုလားထောင်ထားသော လှေကားကို တွေ့မြင်သည်နှင့် ဖြုန်းခနဲ အကြံတစ်ခု ပေါ်လာသည်။

အစ်ကိုနောင် အိပ်သော ထပ်ခိုးတွင် အစ်ကိုနောင်၏ ပစ္စည်းတွေရှိသည်။

သာမန်ဆိုမူ တိုင်ကိုကပ်ရိုက်ထားသော အထစ်လေးများမှ တက်ရောက်ရသည် ဖြစ်သောကြောင့် မိန်းကလေးဖြစ်သော အမာလေး မတက်နိုင်။ ယခု ကုလားထောင်ထားသော လှေကားဖြင့် အမာလေး တက်နိုင်သည်။ အစ်ကိုနောင်၏ ပစ္စည်းတွေကို တက်ရောက်ကြည့်ရှုလျှင် အစ်ကိုနောင်၏ အတိတ်ကာလ အကြောင်းနှင့် ဆက်စပ်နေသည်များကို တွေ့နိုင်မည်ဟု အမာလေး စိတ်ကူးမိသည်။



လူ၏သဘာဝမှာ မိမိတို့၏ လျှို့ဝှက်ပစ္စည်းကို အိပ်ရာ အိပ်ခန်းတွင် ထားတတ်သည် မဟုတ်လား။

အစ်ကိုနောင်သည် ကမန်းကတန်း ထလိုက်သွားရသောကြောင့် လိုအပ်သော အဝတ်အစားမျှသာ ယူသွားပြီး အခြားပစ္စည်းများ ထားခဲ့မည်မှာ သေချာသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ဖေဖေရော သူ့တပည့်နှစ်ယောက်ရော ပစ္စည်းရွေးရန်အတွက် သွားကြသောကြောင့် လူရှင်းနေသည်။

မေမေနှင့် မနန်းဝေက ထုံးစံအတိုင်း မီးဖိုထဲတွင် ရှိနေသည်။

အမာလေး ကုလားလှေကားဖြင့် ထပ်ခိုးပေါ်သို့ တက်လာခဲ့သည်။

"ကိုယ့်မချို အမိသော်လည်း သားတော်ခဲ"

ထပ်ခိုးပေါ်သို့ ရောက်သည်နှင့် မျက်နှာချင်းဆိုင် နံရံ၊ အစ်ကိုနောင်၏ အိပ်ရာခေါင်းရင်းဘက်၌ မင်နီဖြင့်ရေးထားသည့် စက္ကူကတ်ပြားချပ် ချိတ်ထားသည်ကို တွေ့ရသည်။

"ကမ္ဘာမီးလောင် သားတောင်ချနင်း"

အမာလေးသည် ခေါင်းရင်းစာတန်းမှတစ်ဆင့် အိပ်ရာဘေး၌ ပထမစာတန်းကဲ့သို့ပင် ချိတ်ဆွဲကပ်ထားသော ဒုတိယ စာတန်းကို တွေ့ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမစာတန်းနှင့် ဒုတိယစာတန်းမှာ စာသားခြင်း ကွဲပြားသော်လည်း အဓိပ္ပာယ်သက်ရောက်ပုံခြင်း တူညီသလိုရှိနေပါ၏။

တကယ်တမ်း ကိုယ့်၌ အခက်အခဲ ကြုံလာလျှင် သားအရင်းကိုပင် မငဲ့ညှာနိုင်သော မိခင်၏ အတ္တအပြုအမူနှင့် အတ္တစိတ်ကို ဖော်ပြထားသော စာတန်းနှစ်ခု ဖြစ်ပါ၏။

ဘာကြောင့်များ မိခင်ပေါ်တွင် အပြစ်ရောက်စေသော ဤစာတန်းမျိုးတွေ အစ်ကိုနောင် အလေးအနက် ရေးကပ်ချိတ်ဆွဲထားပေသနည်း။ အကြောင်းမဲ့တော့ အစ်ကိုနောင် ယင်းကဲ့သို့ ရေးပြီးကပ်မထားတန်ရာ။

အိပ်ရာဘေးတွင် စာတန်းကပ်သည်မှာ အိပ်ရာဝင် အိပ်ရာထတိုင်း ထိုစာတန်းက မိမိအား မမေ့မလျော့စေသည့်သဘော သက်ရောက်သည်။

အမာလေးသည်လည်း သူ၏အိပ်ရာဘေးတွင် "ပညာဟူသည် မြတ်ရွှေအိုး"၊ "တစ်နေ့တစ်လံ ပုဂံဘယ်မဝေး" စသည့် စာကျက်ဖြစ်အောင် စာများရေးကပ်ထားသည်။

ကိုယ့်မချိ အမိသော်လည်း သားတော်ခဲနှင့် ကမ္ဘာမီးလောင် သားတောင်ချနင်း စာတန်းနှစ်ခုသည် အစ်ကိုနောင် အတွက် လေးလေးနက်နက် အဓိပ္ပာယ်တစ်ခုခု ဆောင်နေသည်မှာတော့ သေချာသည်။

အမာလေးသည် အစ်ကိုနောင်၏ အိပ်ရာဘေးတွင် ဒူးထောက် ထိုင်ချလိုက်သည်။ အစ်ကိုနောင်သည် ကြမ်းပြင်တွင် သင်ဖျူးဖျာချောလေး ခင်းထားပြီး မွေ့ရာပါးလေးကို ခေါက်ထား



သည်။ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ခြင်ထောင်တို့သည် သန့်စင်ဖြူဖွေးနေသည်။ ဝပ်ရှော့အလုပ် လုပ်သော်လည်း အနေရော အိပ်ရာရော အမြဲသပ်ရပ်နေပေသည်။

အိပ်ရာသန့်သန့်လေးမှ သင်းရနံ့လေးတစ်ခု ထွက်နေသည်။ ဘယ်လိုရနံ့ပါလိမ့်ဟု စူးစမ်းရာ အစ်ကိုနောင်နှင့် အနီးကပ် စကားပြောလျှင်ဖြစ်စေ၊ အနီးကပ်နေလျှင်ဖြစ်စေ ဤသို့သော ရနံ့ရတတ်သည်ကို အမာလေး သတိပြုမိသည်။

ကိုယ်သင်းနံ့။

အရွယ်ရောက်လာသည့် ယောက်ျားတိုင်း မိန်းမတိုင်း၌ ကိုယ်နံ့ရှိနေတတ်သည်။ အချို့သူများ၏ ကိုယ်နံ့သည် ပြင်းသည်။ အများ ပြောစကားနှင့် ဆိုပါက လက်ပတ်စော်နံသည်ဟု ပြောကြသည်။

အစ်ကိုနောင်၏ ကိုယ်နံ့သည် မပြင်းသည့်အပြင် သင်းနေသေးသည်။ ဤအစ်ကိုနောင်၏ အိပ်ရာလေးဝယ် အစ်ကိုနောင်၏ ကိုယ်သင်းနံ့ စွဲကျန်နေသည် ဖြစ်ပေမည်။

တစ်ဆက်တည်းမှာပင် အိပ်ရာဘေးတွင် အစီလိုက် ဆပ်ထားသော စာအုပ်တွေကို အမာလေး ယူကြည့်မိပြန်တော့သည်။

"အယ် ... ကြည့်စမ်း၊ အင်္ဂလိပ်စာအုပ်တွေ"

အင်္ဂလိပ်ဝတ္ထုစာအုပ်တွေ ဖြစ်ပါ၏။ စာအုပ်မျက်နှာဖုံးနှင့် ဝတ္ထုအမည်တွေကို အမာလေး ဖတ်ကြည့်ပြန်ရာ စုံထောက်စာတ်လမ်း၊ အက်ရှင်ခေါ် အထိုးအသတ်နှင့် အပစ်အခတ်ဇာတ်လမ်းမျိုးတွေ ဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်း(၃)ခါကျ ဆိုသော အစ်ကိုနောင်သည် ဒီလိုစာအုပ်မျိုးတွေ ဖတ်နိုင်သတဲ့လား။ အမာလေးဆိုလျှင် ဒေသကောလိပ်၌ ဒုတိယနှစ်ပင် ရောက်နေပြီ။ အင်္ဂလိပ်ဝတ္ထုတွေ အမာလေး စမ်းဖတ်ကြည့်ဖူးပါ၏။ မလွယ်ပါလေ။ အသင့်အတင့် ဖတ်နိုင်သော်လည်း တော်တော် ကြိုးစားပမ်းစား ဖတ်ရသည်။ သာမန်အချစ်ဝတ္ထုဆိုလျှင် တော်သေး။ စုံထောက်ဝတ္ထု၊ လျှို့ဝှက်ဝတ္ထုတွေမျိုးကျတော့ ဓာတ်လမ်း ဓာတ်ကောင်ကို ဝှက်၍ လှည့်ပတ်ရေးသားထားသည်များကျတော့ ဘယ်လိုမှ ဖတ်ရန်မလွယ်ပါလေ။

အစ်ကိုနောင်သည် မည်မျှလောက်အထိ သင်ကြားတတ်မြောက်ခဲ့ပြီး ဤစာအုပ်မျိုးတွေကို ဖတ်နိုင်ဘိသနည်း။

"ဟယ် ... အစ်ကိုနောင့် အကြောင်းတွေးရတာ ဦးနှောက်ခြောက်လှတယ်"ဟု ညည်းညူရင်း စာအုပ်တွေ ပြန်စီထားလိုက်သည်။

ထို့နောက် အစ်ကိုနောင်၏ ခေါင်းရင်းတွင် ထားရှိသော ထင်းရှူးသေတ္တာဆီသို့ အမာလေး ကြည့်မိပြန်သည်။ သေတ္တာ၏ သော့ခတ်မျောက်လက်တွင် သော့ခလောက် ဖွင့်လျက်သား တန်းလန်းကြီး တွေ့ရသည်။ ဖေဖေက ဦးဒေဝကြီးနှင့် လိုက်သွားဟု ဆိုသဖြင့် ကမန်းကတန်း လိုအပ်သော အဝတ်အစားကို သေတ္တာမှ ထုတ်ယူသောကြောင့် သေတ္တာသော့ခလောက်ကို ပြန်နှိပ်ခဲ့ရန် သတိမေ့လျော့သွားခြင်း ဖြစ်ပေမည်။

အမာလေးသည် အစ်ကိုနောင်၏ သေတ္တာကို ဖွင့်ကြည့်သင့် မကြည့်သင့် ချိန်ဆသေးသည်။ သို့သော် အမာလေးသည် ဆက်မစဉ်းစားတော့ဘဲ သေတ္တာကို ဖွင့်ကြည့်မိတော့သည်။



ဖွင့်လိုက်သည်နှင့် အင်္ကျီတွေ၊ ပုဆိုးတွေ၊ သိုးမွေးဆွယ်တာတွေ၊ ဂျာကင်တွေ၊ ဘောင်းဘီ စသည်တို့ကို သေသေသပ်သပ် အထပ်လိုက် ထည့်ထားသည်ကို တွေ့ရသည်။

အားလုံး အဖိုးတန်တွေချည်းမှန်း မြင်ရုံနှင့် အမာလေး သိသည်။ ရှပ်အင်္ကျီဆိုလျှင် နိုင်ငံခြားချုပ် ရယ်ဒီမိတ် ရှပ်အင်္ကျီတွေဖြစ်နေသည်။ စတိုးဆိုင်ကြီးများတွင် ရောင်းတတ်ပြီး တန်ဖိုးမှာ တစ်ထည်လျှင် ငါးဆယ် ခြောက်ဆယ်ကျပ် လေဘယ်ကပ်ထားသည်ကို တွေ့ဖူးပါ၏။ ယခုတွေ့သော ဆွယ်တာမျိုးဆိုလျှင် တန်ဖိုးငွေ သုံးရာအထိ ကပ်ထားသည်ကိုပင် အမာလေး တွေ့ခဲ့ဖူးသည်။ ဂျာကင်ဆိုလည်း တန်ဖိုးလေးငါးရာ တန်ကြေးရှိလောက်သည်။ ချည်ချောလုံချည်တွေကလည်း တစ်ထည်ကို ငါးဆယ် ခြောက်ဆယ်တန်တွေမှန်း အမာလေး သိသည်။ တက်ထရွန်ပုဆိုး၊ လေးရှားပုဆိုး၊ ရခိုင်ပုဆိုးတွေလည်း အထပ်လိုက်ပါပေ။ ဘောင်းဘီတွေမှာလည်း အထပ်လိုက်ပင်။ ဂါဗင်ဘောင်းဘီ၊ တက်ထရက်စ်ဘောင်းဘီ၊ သက္ကလပ်ပါးဘောင်းဘီတွေချည်း ဖြစ်ပါ၏။

သို့သော် အစ်ကိုနောင်၏ အဝတ်အထည်အားလုံးသည် ယခုမှဝယ်လာသော အသစ်စက်စက်တွေ မဟုတ်ပေ။ ဝတ်ပြီးသား ပင်းမင်းပေးပြီးသားတွေချည်း ဖြစ်ပုံရသည်။

အမာလေးတို့အိမ်သို့ အစ်ကိုနောင် ရောက်လာပြီးမှ ဒီအဖိုးတန်အဝတ်များကို တစ်ခါမှ ဝတ်ဆင်သည် မတွေ့ရပေ။ အစ်ကိုနောင် အလုပ်အားချိန် ဝတ်ဆင်သည်မှာ စပို့ရှပ်နှင့် ချည်ချောလုံချည်မျှသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖိုးတန် အဝတ်အစားတွေသည် အစ်ကိုနောင်၏ အတိတ်ဘဝ တစ်ချိန်က နေ့စဉ်ဝတ်တွေ ဖြစ်နိုင်လောက်သည်။

အမာလေးသည် အဝတ်အထည်တွေကို အထပ်လိုက် ယူပြီး ဘေးချကာ သေတ္တာအောက်ဆုံးကို ကြည့်ပြန်သည်။

လူတွေ၏အကျင့်မှာ လျှို့ဝှက်ပစ္စည်းကို သေတ္တာထဲတွင် ထားရှိလျှင် အောက်ဆုံး၌သာ ထားတတ်သောကြောင့် အစ်ကိုနောင်၏ အလျှို့အဝှက်ရှိပါက သေတ္တာအောက်ဆုံးတွင် ရှိလိုရှိငြား ရှာကြည့်ခြင်း ဖြစ်သည်။

ဘီအိုအေစီတံဆိပ် အပြာတစ်လုံးနှင့် ကပ်ထူဖိုင်ချပ် တစ်ခု တွေ့ရသည်။ ကပ်ထူဖိုင်ကို အမာလေး ဖွင့်ကြည့်သည်။ အပေါက်ဖောက်ဖိုင်မျိုး မဟုတ်၊ ကလစ်ဖိုင်တွဲ အကောင်းစားဖြစ်သည်။

ဖိုင်ကလစ်တွင် ညှပ်ထားသည့် ပထမဆုံး အမျိုးသမီးငယ်တစ်ဦး၏ ဓာတ်ပုံဖြစ်သည်။ ပို့စကတ်ဆိုက် ဖြစ်ပါ၏။ အမျိုးသမီးငယ်သည် ကင်မရာကို မျက်နှာတည့်တည့် ပေးထားသော ရိုက်ချက်မဟုတ်၊ မသိမသာ ကိုယ်ကိုစောင်းထားသည်။ မျက်နှာကို စောင်းထားသည်။ အင်ဒိုးအလှရိုက်ဓာတ်ပုံ မဟုတ်ဘဲ အောက်ဒိုးသဘာဝအတိုင်းရိုက်သော ဓာတ်ပုံမျိုးဖြစ်သည်။

ဓာတ်ပုံထဲမှ အမျိုးသမီးသည် တော်တော်လှပါ၏။ သူမ၏အလှကို ပေါ်လွင်စေအောင်လည်း ဓာတ်ပုံရိုက်ရာ၌ ပုံဖေတတ်သည်ဟု ဆိုနိုင်သည်။ သူမ၏နှာတံအလှနှင့် ရင်အလှကို ပေါ်စေရန် ကိုယ်တစောင်း၊ မျက်နှာတစောင်း ပေးထားသည်။



"သိပ်လှတာပဲ"ဟု မှတ်ချက်ချရင်း အမာလေးသည် ဖိုင်ကလစ်ကိုဖြုတ်ပြီး ဓာတ်ပုံကိုထုတ်ကာ ကျောဘက်သို့ လှန်ကြည့်လိုက်သည်။

"ကို့ အတွက်"

"ထာဝရ မှတ်မိနေဖို့ပါနော်"

ညိုသီ

မင်အပြာရောင်နုနုဖြင့် ကျောဘက်တွင် ရေးထားသော စာတန်းကို အမာလေး ဖတ်သည်။

ဓာတ်ပုံရှင်ကတော့ "ညိုသီ"ဆိုသော မိန်းမချောလေး ဟုတ်ပါပြီတဲ့ထား။

"ကို့အတွက်"ဆိုသည်က မည်သူ့အတွက်ပေနည်း။ အစ်ကိုနောင် အတွက်၊ ညိုသီက အမှတ်တရ ပေးခြင်းလား၊ ဒါဆို အစ်ကိုနောင်နဲ့ ညိုသီသည် ချစ်သူတွေပေါ့။

ဒီလိုတွေးလိုက်သည်နှင့် အမာလေး ရင်ထဲတွင် နင့်ခနဲ ကျင်ခနဲ ခံစားလိုက်ရသည်။

သို့သော် မင်ပြာစာတန်းအောက်တွင် မင်နီဖြင့်ရေးထားသော အစ်ကိုနောင်၏ လက်ရေးဖြင့် စာကို အမာလေး ထပ်ဆင့်ဖတ်ရပြန်သည်။

ကို့ အတွက်

ထာဝရ မဟုတ်ပါလား ညိုသီ။

တဒင်္ဂလေးပါ။ ဟဲ ... ဟဲ။

နောင်နောင် တဲ့ဟ။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနောင်က အောက်တွင် မင်နီဖြင့် ထပ်ဆင့်ရေးထားသည်ကို တွေ့ရပြန်တော့ အမာလေး ရင်ထဲတွင် ဖြစ်နေသည့် နင့်ခနဲ ကျင်ခနဲတွေ အလိုလို ပျောက်သွားသည်။ "နောင်နောင်တဲ့ဟေ့"ဟု အောက်ဆုံးရေးထားသည်ကို ဖတ်ပြီး အမာလေး ပြုံးပင်ပြုံးလိုက်သေးသည်။

ထိုပုစ္ဆာကို အမာလေး တွက်ကြည့်သည်။

အတိတ်ကာလ တစ်ချိန်က မညိုသီနှင့် အစ်ကိုနောင် ချစ်သူတွေ ဖြစ်ခဲ့ဖူးကြမည်။ ဒီနောက် အကြောင်းတစ်ခုကြောင့် ချစ်သူဘဝကို ဖျက်သိမ်းကြသည်။ ဒါကို အစ်ကိုနောင်က အားမာန်အပြည့်ဖြင့် ကွဲကော ဘာပြုလဲ ဆိုသည့်သဘော သက်ဝင်စေသည့် ကြိုးဝါးသံဖြင့် "နောင်နောင်တဲ့ဟေ့"ဟု ပြန်လည်ကြွေးကြော်သံ ဖြစ်ပေမည်။

ပြီး ... အစ်ကိုနောင်သည် သူ၏နာကြည်းခံစားချက်ဆိုလျှင် မင်နီရောင်ဖြင့် ရေးတတ်ကြောင်း နံရံကပ်စာတန်းများအရ သိသာသည်။

အဓိပ္ပာယ်ကို ကောက်ချက်ချရလျှင် ယခုကာလဝယ် မညိုသီနှင့် အစ်ကိုနောင် ဘာမှမပတ်သက်တော့ဘဲ ကင်းရှင်းသည်ဟု အမာလေး ကောက်ချက်ချလိုက်ပါ၏။

ညိုသီ၏ဓာတ်ပုံကို ဘေးချပြီး ဗိုင်ထဲတွင် တွဲထားသည်တို့ကို အမာလေး ဆက်ကြည့်သည်။

နောက်ထပ်ဓာတ်ပုံတစ်ပုံ တွေ့ရပြန်သည်။ ပို့စကတ်အရွယ်ပင် ဖြစ်သည်။ သို့သော် ဒေါင်လိုက်ပုံမဟုတ်ဘဲ ကန့်လန့်ဖြစ်သည်။



လူသုံးယောက်တန်းစီပြီး အလယ်လူကို ဘေးနှစ်ယောက် အားပါးတရ ခါးဖက်ထားသည့်ပုံ ဖြစ်သည်။ ဓာတ်ပုံမှာ အဖြူအမည်းဓာတ်ပုံ ဖြစ်ပါ၏။

မြင်ရုံနှင့်ပင် အလယ်လူမှာ အစ်ကိုနောင်မှန်း အမာလေး ချက်ချင်းသိသည်။ ထိုစဉ်ကတော့ အစ်ကိုနောင်သည် ငယ်သောရုပ်ကို ဆောင်နေသည်။ လူပျိုပေါက် ဆယ်ကျော်သက်အရွယ်ဟု ခန့်မှန်းရရှိသည်။

အစ်ကိုနောင်၏ လက်ယာဘက်တွင် အမျိုးသားကြီးတစ်ဦးဖြစ်သည်။ ထောင်မောင်းသည်။ ခြေတံလက်တံရှည်ပြီး ထွားကျိုင်းသည်။ တည်ကြည်သော ရုပ်အသွင်ထဲကပင် ကျေနပ်နှင်မြူးစွာ ပြုံးနေပုံကို တွေ့ရသည်။ အသက်(၅၀)ခန့် ရှိမည်။ အစ်ကိုနောင်၏ ပခုံးကို ကျစ်ကျစ်ပါဖက်ထားသည်။

အစ်ကိုနောင် လက်ဝဲဘက်တွင် လှလှပပ နွဲ့နွဲ့နောင်းနောင်း အမျိုးသမီးကြီးတစ်ဦး ရှိနေပြီ။ အလားတူ အစ်ကိုနောင်၏ ပခုံးကို ပိုက်ထားသည်။ လက်ယာဘက်က အမျိုးသားကြီးနှင့် လိုက်ဖက်ညီသော အသက်လေးဆယ်ဝန်းကျင်ခန့် အမျိုးသမီးကြီးဖြစ်သည်။

ဓာတ်ပုံ၏ ကျောဘက်ကို အမာလေး လှမ်းကြည့်မိသည်။ စာတန်းကို တွေ့ရပါ၏။

"ဖေဖေ သိပ်ပျော်နေသည်။
မေမေ သိပ်ပျော်နေသည်။
(၁၀)တန်းကို သားနောင်နောင်က
(၃)ဘာသာဂုဏ်ထူးနှင့် အောင်ပေသည်ကိုး။"

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေပြီ။ အစ်ကိုနောင်သည် ဆယ်တန်းကို သုံးဘာသာဂုဏ်ထူးနှင့် အောင်ထားကြောင်း ပေါ်ပေပြီ။ ဆယ်တန်းကို သုံးဘာသာဂုဏ်ထူးနှင့် အောင်ထားသည်ကို ရည်ညွှန်းပြီး အမာလေးတို့အား သူ့ကိုယ်သူ ဆယ်တန်းသုံးခါကျဟု ပြောခြင်းသာ ဖြစ်ရပေမည်။ ဘာလို့များ အစ်ကိုနောင်သည် သူ့ဘဝမှန်ကို ကွယ်ဝှက်ကာ သူ့ကိုယ်သူ နှိမ်ချနေပေသနည်း။

အစ်ကိုနောင်၏ မိသားစုဓာတ်ပုံအရ အစ်ကိုနောင်၏ မျက်နှာသည် မိခင်နှင့်တူ၍ ချောသည်။ ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းမှာ ဖခင်နှင့်တူသောကြောင့် ထောင်မောင်းကြံ့ခိုင်သည်။

မိသားစုဓာတ်ပုံမှာ အိမ်တွင်းရိုက်ဓာတ်ပုံ ဖြစ်သောကြောင့် ခမ်းနားသောဧည့်ခန်း ရှိုးကေ့(စ်)တယ်လီဖုန်း စသည်တို့ပါဝင်နေသည်။

အကယ်၍သာ ...

အစ်ကိုနောင်သည် သုံးဘာသာဂုဏ်ထူးနှင့် အောင်ပြီးနောက် တက္ကသိုလ်သို့ မတက်ဘဲ နေမည်မဟုတ်။ ဓာတ်ပုံထဲမှ အစ်ကိုနောင်၏ အသက်သည် (၁၆)သို့မဟုတ် (၁၇)သာရှိမည်။ အခု အစ်ကိုနောင်သည် အသက်အစိတ်ဟု ပြောသည်။ ဒါဆို ဆယ်တန်းအောင်ပြီးနောက် ရှစ်နှစ် ကိုးနှစ်လောက်အတွင်း အစ်ကိုနောင် ဘာတွေလုပ်ခဲ့သနည်း။ ဖေဖေ၏ ဝပ်ရှော့သို့ အစ်ကိုနောင် ရောက်လာသည်မှာ (၂)နှစ်ကျော် ကြာပြီထား၊ တခြား(၇)နှစ်လောက်သော အချိန်တွေတွင် အစ်ကိုနောင် ဘာတွေလုပ်ခဲ့သနည်း။



အစ်ကိုနောင်နှင့် ပတ်သက်လာလျှင် အမာလေးအဖို့ ပဟေဋ္ဌိတွေ ဖြစ်ရသည်မှာ များလှပြီ။

မိသားစုဓာတ်ပုံလေးကို ဘေးချပြီး ဖိုင်တွဲကို ဆက်၍ အမာလေး ကြည့်ပြန်သည်။

သတင်းစာထဲမှ ကတ်ကြေးကိုက် ဖြတ်ယူထားသော သတင်းစာပိုင်းလေး ညှပ်ထားသည်ကို တွေ့ရသဖြင့် အမာလေး ဖတ်ကြည့်လိုက်သည်။

"ထောင်ဒဏ်တစ်နှစ် ကျခံစေ"

သတင်းခေါင်းစည်းတွင် ရေးထားချက် ဖြစ်ပါ၏။ သတင်းဖော်ပြချက်မှာ ဦးစိန်မြမောင် ဆိုသူအား နောင်နောင်က သေနတ်နှင့် ပစ်မှုအတွက် နောင်နောင်အား ပြည်သူ့တရားရုံးမှ ထောင်ဒဏ်တစ်နှစ် ကျခံစေရန် အမိန့်ချမှတ်သော သတင်းဖြစ်သည်။

"အယ် ... ဒါဆို အစ်ကိုနောင်ဟာ ထောင်တစ်နှစ်ကျဖူးခဲ့ပြီပေါ့။ ထောင်ထွက်ပေါ့"

အမာလေးသည် စိတ်မချမ်းမြေ့စွာဖြင့် သူမဘာသာ တစ်ယောက်တည်း ပြောနေမိသည်။

ဦးစိန်မြမောင် ဆိုသူမှာ မည်သူနည်း။ အဘယ်ကြောင့် အစ်ကိုနောင်က ဦးစိန်မြမောင်ကို သေနတ်နှင့်ပစ်ခဲ့လေသနည်း။

ထောင်မှထွက်လာပြီးနောက် နေစရာမဲ့ စားစရာမဲ့ [illegible] ဖေဖေ့ ဝပ်ရှော့သို့ ရောက်လာခြင်းလား။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ထွက်ဟု သိလိုက်ရသည်နှင့် အမာလေးစိတ်ထဲတွင် အစ်ကိုနောင်အား ကြောက်သွားသလိုလို အထင်သေးသွားသလိုလို ခံစားလိုက်ရသည်။

သို့သော် ချက်ချင်း စိတ်ကိုဖြေလိုက်ပါ၏။

"အို ... အစ်ကိုနောင်က သူ့ဟာသူ အေးအေးနေတတ်သူပဲ၊ အဲဒီ ဦးစိန်မြမောင် ဆိုတဲ့ လူကြီးက အစ်ကိုနောင်ကို တအားကြီး မခံမရပ်နိုင်အောင် လုပ်လို့သာ အစ်ကိုနောင်က သေနတ်နဲ့ပစ်တာ နေမှာပါ။ အစ်ကိုနောင် မိတ္ထီလာက ပြန်လာမှ မေးကြည့်ဦးမယ်"

ဖိုင်တွဲထဲတွင် နောက်ထပ် အမာလေး အဖို့ ထွေထွေထူးထူး မတွေ့ရလေတော့၊ သူ့နဂိုအတိုင်း လက်ရာမယွင်းဓာတ်ပုံတွေ ပြန်ထည့်ညှပ်သည်။ ဖိုင်ကို သူ့နေရာအတိုင်း ပြန်ထားရင်း ဘီအိုအေစီလက်ဆွဲအိတ်အပြာကို အမာလေးက အပြင်မှ လက်ညှိုးနှင့် ထောက်တို့ကြည့်သည်။

ဤဓစ်ဆွဲအိတ်ကြီးထဲတွင် အစ်ကိုနောင် ဘာတွေများထည့်ထားပေသနည်း။ လက်ညှိုးနှင့် ထောက်တို့ကြည့်ရာ အိတ်ထဲတွင် အဝတ်အစားထည့်ထားသည်မျိုး မဟုတ်မှန်း သိသာသည်။

"ဟယ် ... မထူးပါဘူး၊ ခိုးကြည့်မိမှတော့ အားလုံးကိုကြည့်တော့မယ်"

အမာလေးသည် ဘီအိုအေစီအိတ်ကြီး၏ ပိတ်ထားသောဇစ်ကို ဆွဲဖွင့်ကြည့်လိုက်သည်။



"အာပါးလားလား။ ကြည့်စမ်း။ တစ်ရာတန်အုပ်တွေပါလား"

ဟုတ်ပါ၏။ ဇစ်ဆွဲအိတ်ထဲတွင် တစ်ရာတန်အုပ်တွေ အထပ်လိုက် ရှိနေပေသည်။ အမာလေးက ရာတန်အုပ်တွေကို ရေတွက်ကြည့်သည်။ အားလုံး(၁၀)ထုပ်တိတိ ရှိသည်။ တစ်ထုပ်လျှင် တစ်သောင်းဆိုတော့ (၁၀)အုပ်သည် ငွေတစ်သိန်းကြီးတောင် ဖြစ်နေသည်။

ဤမျှလောက် များပြားလှသော ငွေတွေကို အစ်ကိုနောင် ဘယ်နည်းဘယ်ပုံ ရထားပေသနည်း။

ဦးစိန်မြမောင် ဆိုသူအား သေနတ်နှင့်ပစ်ခဲ့ခြင်းသည် ဤတစ်ရာတန်ဆယ်ထုပ် ငွေတစ်သိန်းနှင့် ပတ်သက်နေသလား။

ညိုသီ၏ဓာတ်ပုံ။

ထောင်ဒဏ်တစ်နှစ်ကျခံ သတင်းဖြတ်ပိုင်း။

ဤတစ်ရာတန်(၁၀)အုပ် တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုတွေ ရှိနေပေသလား။

ဝူး ... တွေးလေ ရှုပ်လေပါတကား။

မည်သို့ဆိုစေ အစ်ကိုနောင် ခရီးသွားနေခိုက် ဤထင်းရှူးသေတ္တာထဲရှိ အဖိုးတန်တွေအားလုံးသည် ဒီအတိုင်းထား၍တော့ စိတ်မချရ၊ မလုံခြုံတော့ဟု အမာလေး သဘောပေါက်သည်။

ညစောင့် အဘဦးဘအေး ရှိသော်လည်း ရုံထဲရှိ ဖေဖေ့ပစ္စည်းတွေနှင့် အပ်ထားသော မော်တော်ကားတွေကိုသာ အဘဦးဘအေးက ဂရုထား စောင့်ပေးပေမည်။ ကိုအောင်ကြည့်စိန်

www.burmeseclassic.com

www.burmeseclassic.com

နှင့် ကိုမျိုးညွန့်ကလည်း အနားယူချိန်တွင် ဒီထပ်ခိုးပေါ်တက်ရောက်ချင် တက်ရောက်ပေမည်။ အစ်ကိုနောင်က လေးငါးရက်ကြာဦးမည်ဖြစ်သည်။

အမာလေးသည် ထင်းရှူးသေတ္တာကို ပိတ်ပြီး သော့ခလောက်ချိတ်ကာ လှေကားဆီသို့ ဒရွတ်တိုက် ဆွဲလာသည်။ မေမေ့အသံ လုံးဝမကြားရ။ မီးဖိုထဲတွင် ရှိနေမည်။ ဖေဖေလည်း ပြန်မရောက်လာသေး။

အမာလေးသည် ထပ်ခိုးမှ ငုံ့ကြည့်ရာ ဆေးသုတ်ကုလားတစ်ယောက်ကို လှမ်းတွေ့သည်။

"ဟေး ... အရာကြီး၊ ဒီသေတ္တာကို သယ်ပေးပါ"

ကုလားက သယ်ထမ်းပေးသည်။

အမာလေးက တစ်လက်စတည်း အိမ်ပေါ်ထပ်ရှိ သူမ၏ အခန်းထဲအထိ သက်တမ်းစေ့ပြီး အမာလေး၏ တစ်ယောက်အိပ်ခုတင်အောက်တွင် ထိုးသွင်းကာ အိပ်ရာခင်းအနားစကို ပြန်ချဖုံးကွယ်ထားလိုက်တော့သည်။

* * *



# ၇

နယ်မြို့များတွင် ခာတ်ဆီက ပြဿနာ။

တောင်ငူမှ ထွက်လာပြီး (၁၀)မိုင်လောက်သာ မောင်းလာသည်နှင့် ကားမှာ တုံ့ခနဲတစ်ချက် ဖြစ်သွားသည်။ နောင်နောင်က မောင်းရင်း ဓာတ်ဆီပြဒိုင်ခွက်ကို ကြည့်လိုက်သည်။ ဒိုင်ခွက်မှ မြားတံသည် တည်ငြိမ်မှု မရှိဘဲ အထက်အောက် လှုပ်ရှားနေသည်။

"ကား ဓာတ်ဆီကုန်ကာနီးပြီ မမနွေး"

"ဟင်"

"မမနွေး ဓာတ်ဆီအပို မဆောင်ခဲ့ဘူးလား"

"ဟင့်အင်း ... မနေ့က ကိုဒေဝ သွားပြီး ဓာတ်ဆီထည့်ပေးတယ်၊ တိုင်ကီအပြည့် ခြောက်ဂါလန်ထည့်ခဲ့တယ်လို့ ပြောတာပဲ"

နောင်နောင်တွက်ကြည့်သည်။ ရန်ကုန်နှင့်တောင်ငူသည် မိုင်(၁၈၀)ဝေးသည်။ ဒီဖင်မလီယာကားက တစ်ဂါလန် မိုင်(၃၀)ရသည်ထား၊ တိုင်ကီထဲတွင် ဓာတ်ဆီကုန်လောက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ခါတ်ဆီအပို ပုံးနဲ့မပါရင် ဘယ့်နှယ်လုပ်မလဲ မမန္တေး။ ခါတ်ဆီကုန်ရင် ကားထိုးရပ်သွားမှာပဲ"

"သိဘူးလေ၊ လမ်းတစ်လျှောက်မှာ ဝယ်ထည့်ရင် ရမလား လို့"

"ဘယ်လွယ်မလဲ မမန္တေး၊ နယ်မြို့တွေမှာ ခါတ်ဆီသိပ်ရှားတယ်၊ ကိုယ့်မြို့က တရားဝင် ကိုယ့်ကားတွေကိုတောင် လုံလောက်အောင် ခါတ်ဆီပန့်ဆိုင်က ပေးနိုင်တာမှ မဟုတ်တာ"

"ဒါဆို ဘယ်လိုလုပ်မလဲ တို့မောင်၊ အခု တိုင်ကီထဲမှာ ရှိနေတဲ့ ခါတ်ဆီကျန်က မန္တလေးကို မရောက်နိုင်တော့ဘူးလား"

"ဘယ်ရောက်မလဲ၊ အခု ရှေ့မှာရောက်မဲ့ ရေတာရှည်ကိုတောင် ရောက်ပါ့မလားပဲ။ ရေတာရှည် ရောက်ဖို့ ရှစ်မိုင်လောက် လိုသေးတယ်"

"ဒါဆို ဘယ်လိုလုပ်မလဲ တို့မောင်"

နောင်နောင် ရယ်မိသည်။

ပြဿနာလေး ဖြစ်လာလိုက်သည်နှင့် "ဘယ်လိုလုပ်မလဲ တို့မောင်"ဟု ပြောလေ့ရှိသော မမန္တေးသည် ဤနေရာမှာတော့ ကလေးတစ်ဦးလိုပါပဲလားဟု တွေးမိပြီး နောင်နောင် ရယ်မိခြင်း ဖြစ်ပါ၏။

"ဘာလို့ရယ်တာလဲ မင်းက"

"ဪ ... မမန္တေးရယ်၊ မမန္တေးလို ကိုယ်ပိုင်ကားကို ဖင်နဲ့မကွာ စီးနေတဲ့သူက မိုင်လေးရာကျော်ဝေးတဲ့ ရန်ကုန်နဲ့



မန္တလေးကို ခါတ်ဆီဘယ်နှဂါလန် လိုမယ်ဆိုတာ မတွက်မိဘူးလား၊ အဲဒါ တွေးမိလို့ ကျွန်တော်ရယ်တာပါ"

"အဲဒါကို မမန္တေး မတွက်မိတာ အမှန်ပဲ တို့မောင်၊ အိမ်မှာဆို ဦးလေးဖြိုးက မော်တော်ကားတာဝန်မှန်သမျှ သူ့ဟာသူ လုပ်သွားတာချည်းပဲ၊ နောက်ပြီး ဒီလိုခရီးဝေးကြီးကို မမန္တေး တစ်ခါမှ ကားနဲ့မသွားဘူးတာ"

ဦးလေးဖြိုး ဆိုသူမှာ မမန္တေးတို့အိမ်မှ ယာဉ်မောင်း ဖြစ်ဟန်တူပေသည်။

"ဒါဆို ဦးလေးဖြိုး ရှိနေသားနဲ့ မမန္တေးက ကျွန်တော့်ကို ဘာလို့ မရမက ခေါ်ခဲ့တာလဲ မမန္တေး"

"ဦးလေးဖြိုးက ကားမောင်းရုံသက်သက် ရတာပဲ တို့မောင်"

"နို့ ... ကျွန်တော်ကရော"

"တို့မောင်က အားကိုးရလောက်မှန်း နတ်မောက်လမ်းမှာ ကတည်းက မမန္တေး သိထားတယ်လေ၊ အခုလာခဲ့တဲ့ ခရီးလမ်းမှာပဲ ဖြစ်ဖြစ်၊ မန္တလေးမှာပဲ ဖြစ်ဖြစ်၊ လူခော်လူမော်တို့နဲ့ မမန္တေး ထပ်ပြီးမတွေ့ဘူးလို့ မဆိုနိုင်လို့ပဲ တို့မောင်"

"သူတို့က ဒီလောက်ခရီးဝေးကြီးကိုတောင် မမန္တေးနောက်ကို လိုက်လာမှာတဲ့လား"

"အရိပ်လို သတ္တဝါတွေပဲကွယ်။ သူတို့ဟာ မမန္တေးနောက်မှာ ကပ်ပါလာနိုင်နေတာ"

"ဒါဆို ကျွန်တော့်ကို မမန္တေး ခေါ်လာတာဟာ ဒရိုင်ဘာ ဘော်ဒီဂတ် အနေနဲ့လား မမန္တေး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့ မပြောပါနဲ့ တို့မောင်။ ဒရိုင်ဘာ သဘောနဲ့ သာဆိုရင် ဦးလေးဖြိုးကို ခေါ်လာလို့ ရတယ်။ ဘော်ဒီဂတ် အဖြစ်နဲ့ဆိုလည်း ကိုဒေဝလို လူသာမကသေးဘဲ၊ ဒီပြင် ကိုဒေဝထက် သာတဲ့လူတွေ တစ်ပုံကြီး ခေါ်ခဲ့လို့ရတယ်"

"အဲဒီလို လူတွေထဲက တစ်ယောက်ယောက်ကို မမနွေး ခေါ်သင့်တာပေါ့၊ အထူးသဖြင့် သေနတ်ကိုင်ဆောင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်မျိုး ခေါ်လာရင် ကိုလူဖော် ကိုလူမော်တို့ရန်ကို မမနွေး မစိုးရိမ်ရတော့ဘူး၊ ကျွန်တော်က တမင်ရွဲ့ပြောနေတာ မဟုတ်ဘူးနော်၊ စေတနာသက်သက်နဲ့ ပြောတာ၊ ကျွန်တော်လိုလူကျတော့ လက်သီးထိုးနိုင်ပါတယ်၊ လူလူချင်း သတ်ပုတ်နိုင်ပါတယ်၊ ဒါပေမဲ့ လူတွေအားလုံးကြောက်ကြတဲ့ သေနတ်မျိုး မရှိဘူး၊ သေနတ်နဲ့လူ ဆိုရင်လည်း ကျွန်တော် မယှဉ်ပြိုင်ရဲဘူး မမနွေး"

"မလိုပါဘူး တို့မောင်၊ လူဖော် လူမော်တို့ဟာ သေနတ်နဲ့ ယှဉ်ရမဲ့လူတွေ မဟုတ်ပါဘူး၊ သူတို့ရဲ့ဆရာကြီးက မမနွေးကို အရခေါ်ယူသွားဖို့ ကြိုးစားရာမှာ မမနွေးကို အနာတရ ဖြစ်သွားတဲ့ နည်းမျိုးကို သုံးခွင့်ပေးမှာ မဟုတ်ပါဘူး၊ တို့မောင်ကိုမှ မမနွေး မရမက ရွေးခေါ်ခဲ့တာဟာ တို့မောင်ရဲ့လက်ရုံးရည်ကိုရော၊ တို့မောင်ရဲ့သိက္ခာကိုရော၊ တို့မောင်ရဲ့သတ္တိကိုရော မျက်မြင်တွေ့ရပြီး ယုံကြည်မှုအပိုင်းက အဓိက ဆိုပါတော့။ ကိုဒေဝလို လူမျိုးကျတော့ တစ်ကျပ်သားကူညီရင် တစ်ပိဿာလောက် အခွင့်အရေး ပြန်လိုချင်တယ်၊ သူတို့ဟာ အမြဲတမ်း မမနွေးဆီက အခွင့်အရေးကို



မျှော်လင့်နေကြတဲ့ လူတွေလေ။ မမနွေး ပြောတာ ရှင်းရဲ့လား တို့မောင်၊ နောင်နောင် ဆိုတဲ့ တို့မောင်ကို မမနွေး မရမက ခေါ်ခဲ့တဲ့အကြောင်း သဘောပေါက်ပြီ မဟုတ်လား"

"သဘောပေါက်ပါတယ် မမနွေး၊ ကိုဒေဝလို လူမျိုးကျတော့ မမနွေး ကျေးဇူးပြန်ဆပ်ရတဲ့ တန်ဖိုးက ကြီးမားပေမှာကိုး။ ကျွန်တော်လို သူများဝပ်ရှော့မှာ ထမင်းစားကျွန်ခံ လုပ်နေတဲ့ လူကျတော့ မမနွေးက ဘာအခွင့်အရေးမှ ပြန်ပေးစရာ မလိုဘူး၊ မုန့်ဖိုးပဲဖိုး တစ်နေ့တစ်ရာပေးရင် ပြီးရောဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် မမနွေး"

"မင်း မှားသွားပြီ နောင်နောင်။ မမနွေး ပြောတဲ့စကားထဲမှာ အထူးဝိသေသပြုပြီး ပြောတာဟာ နောင်နောင်ရဲ့ သိက္ခာကို ယုံကြည်လို့ပါလို့ အလေးအနက်ထား ပြောခဲ့တာကို မင်းက အသိအမှတ်မပြုဘူးလား၊ မမနွေးဟာ ရုပ်ချောတယ်၊ လှတယ်၊ နုပျိုသေးတယ်၊ ကားတစ်စီးနဲ့ညအိပ်ညနေ ရက်ရှည်ခရီးတစ်ခုကို ယောကျ်ားပျိုတစ်ဦးနဲ့ မသွားမဖြစ်လို့ သွားရတဲ့ကိစ္စမှာ အဲဒီအမျိုးသားရဲ့ သိက္ခာဟာ ဘယ်လောက်ထိ ယုံကြည်ရတဲ့လူမျိုး ဖြစ်ရမယ်ဆိုတာကို မမနွေး အဓိကထား တွက်ရမယ် မဟုတ်လား တို့မောင်"

နောင်နောင် မရယ်လိုပါပဲလျက် တမင်တကာ တဟင်းဟင်း ရယ်သံပြုလိုက်သည်။

"မင်း မရယ်ချင်ပဲ ဘာလို့ရယ်ပြနေတာလဲ နောင်နောင်၊ မင်း ရယ်ပုံကြီးက တစ်မျိုးကြီးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဟာ ကလေးအရွယ် ငယ်ငယ်လေးတည်းက အမြောက်သိပ်ကြိုက်တယ်လို့ မေမေက ပြောပြဖူးတယ်။ ကျွန်တော် သွားတွေပေါက်စ တစ်နှစ်ခွဲ နို့စို့အရွယ်မှာ သွားတွေပေါက်စဆိုတော့ သွားယားပြီး သဘာဝအတိုင်း မိရာဖမ်းကိုက်တယ်တဲ့၊ အဲဒီလို ကျွန်တော်က ဖမ်းကိုက်တဲ့ အခါ မေမေက ကျွန်တော့်ကို မြှောက်ပင့်ပြီး ပြောရဆိုပဲ။ မေမေ့သားလေးက သိပ်လိမ္မာတာ၊ မကိုက်တတ်ပါဘူး၊ ဟောကြည့် လွှတ်တော့မယ်၊ လွှတ်တော့မယ် ပြောတာနဲ့ ကျွန်တော်က မကိုက်တော့ဘဲ လွှတ်လိုက်ရောတဲ့၊ ဟဲ ... ဟဲ ... ဟဲ ... အခု မမနွေး ပြောတာတွေ နားထောင်ရင်း မေမေ ပြောခဲ့ဖူးတာကို သွားအမှတ်ရလို့ ရယ်မိတာပါ မမနွေး"

"သြော်ကွယ် ... တို့မောင်ရယ်"

"အခုလည်း ကျွန်တော် အမြှောက်ကြိုက်တုန်းပဲလေ၊ စိတ်ချ၊ တကယ်လို့ ကျွန်တော့်ပင်ကိုယ်စရိုက်မှာ ကျွန်တော့်မှာ တစ်ပဲသားလောက် ရှိရင်တောင် မမနွေး အပေါ်မှာ ကျွန်တော် သိက္ခာတစ်ပိဿာတင်ထားပါ့မယ်၊ ယုံပါ။ မိုးကြိုးပစ်မှာကြောက်လို့ ထန်းလက်ကာတာမျိုးတွေ ထပ်ပြီး ပြောစရာ မလိုတော့ပါဘူး"

"နောင်နောင်"

နွေးနွေးက နောင်နောင့် နာမည်ကို တိုးတိုးနှင့် ညင်ညင်သာသာလေး ခေါ်လိုက်ပြီး နောင်နောင်က သူ့ကိုပြန် ကြည့်မှ ဆက်ပြောသည်။



"မင်းဟာ ရိုးရိုးတန်းတန်း ဝပ်ရှော့ပညာသင်တစ်ယောက် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မင်း ပြောပုံဆိုပုံ စကားအသုံး အနှုန်းတွေရော စိတ်နေသဘောထားရောဟာ မြင့်လွန်းနေ တယ်၊ မင်း ... မမနွေးကို မှန်မှန်ပြောစမ်း၊ မင်းရဲ့အစစ် အမှန်ဟာ ဘာလဲဆိုတာ"

"ဟော ... သွားပြီ မမနွေးရေ့"

နွေးနွေး ပြောနေစဉ်မှာပင် ဖင်မလီယာကားလေး သည် ဆန့်ငင် ဆန့်ငင် ဖြစ်ကာ ထိုးရပ်သွားတော့သည်။

"ဓာတ်ဆီကုန်သွားပြီ မမနွေး"

"ဒါဆို ဘယ်လိုလုပ်မလဲဟင်၊ ဒုက္ခပဲနော်၊ လမ်းမတ်တတ် ကြီးမှာ"

နောင်နောင် ဘာပြန်ပြောရမှန်း မသိဘဲ ကားတံခါး ဖွင့်ကာ အောက်ဆင်းသည်။ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက် သည်။ လမ်းတစ်ဖက်တစ်ချက်တွင် အပင်ပေါက်တွေ ပြည့်သိပ် ဖြာ ပေါက်နေသည်။ အရွက်တွေက ကြီးမားပြီး အပင်တွေက စိပ်နေသောကြောင့် ပိန်းပိတ်ခါ တောကောင်းသည်ဟု ဆိုနိုင် လောက်သည်။

ကတ္တရာလမ်းဘေး မိုင်တိုင်အမှတ်ကို ရှာကြည့်ရာ ရေတာရှည်မြို့သို့ရောက်ရန် (၄)မိုင်လောက် လိုသေးသည်ကို တွေ့ရသည်။

"ဘယ်လိုလုပ်မလဲ နောင်နောင်"

ဟု ပြောပြီး မမနွေးလည်း ကားပေါ်မှ ဆင်းလာ သည်။ မမနွေးက နောင်နောင်ဟု ခေါ်ချင်ခေါ်လိုက်၊ တို့မောင်ဟု

www.burmeseclassic.com

www.burmeseclassic.com

ခေါ်ချင်ခေါ်လိုက်နှင့် သူမ၏ နှုတ်တွေ့ရာအတိုင်း ခေါ်ပေသည်။ ဘာပြောပြော မမနွေး၏ ခေါ်ဝေါ်ပုံမှာ မိမိအပေါ်တွင် ရင်းနှီးသည့်သဘော သက်ဝင်ပါ၏။

နောင်နောင်နှင့် ဘေးတိုက် မမနွေး ရပ်လိုက်သည်။

"တောင်ကလာတဲ့ကားဖြစ်ဖြစ်၊ မြောက်ကလာတဲ့ကားဖြစ်ဖြစ် လာတဲ့ကားကို လက်တားပြီး အကူအညီတောင်းမှာပဲ မမနွေး။ တောင်းတောင်းပန်ပန်နဲ့ တစ်ဂါလန်လောက်တော့ မျှဝေကောင်းပါရဲ့"

"အံမယ်ကွာ ... တန်ကြေးထက် ပိုက်ဆံပိုပေးရင် ရမှာပါ၊ တောင်းတောင်းပန်ပန် မလိုပါဘူး"

"တစ်ခါတလေမှာတော့ ပိုက်ဆံ ဘယ်လောက်ပေးပေး၊ မရတာမျိုးတွေ ရှိတတ်တယ် မမနွေး၊ ဒေသနဲ့အခြေအနေပေါ်မှာ မူတည်ပြီး ပြောတာပါ"

"နောင်နောင် ဘာကို ဆိုလိုတာလဲ"

"ဒီနေရာမျိုးမှာ သွားနေတဲ့ ကားတိုင်းဟာ သူ့ကိစ္စနဲ့သူ၊ သူ့လမ်းကို သူသွားနေကြတာ မမနွေး၊ သူတို့ခရီးစဉ်ကို အချိန်ဖင့် အချိန်ကုန်ခံပြီး သူ့ခရီးအတွက် ထည့်ထားတဲ့ တိုင်ကီထဲက ဓာတ်ဆီ၊ ပိုက်ဆံ ဘယ်လောက်ပေးပေး ရောင်းပါ့မလား"

"ဟော ... ဟိုမှာ လော်ရီကားကြီးတစ်စီး လာနေပြီ၊ တို့မောင် လက်တားလိုက်"

နောင်နောင် လက်တားသည်။ ကားကြီး ရပ်ပေးပါ၏။



"ဘာလိုလဲဟေ့"

မောင်းသူမှာ အသက်(၅၀)ရွယ်ခန့် လူဝကြီး ဖြစ်သည်။ ရှေ့တံခါး မပါသောကြောင့် ပေါင်လယ်ထိ သူ့ပုဆိုး မ,တင်ထားသည်ကို တွေ့ရသည်။

ထိုဒရိုင်ဘာ လူဝကြီးဘေးတွင် အသက်အစိတ်ခန့် စပယ်ယာ လူရွယ်တစ်ဦး ထိုင်လိုက်ပါလာသည်။ ကုန်တင်ကားကြီးဖြစ်ပြီး ကုန်တင်ထားသည်ကို တာလပတ်အမိုးကြီး ကြိုးချည်အလုံပိတ်ထားပေသည်။

"ကျွန်တော်တို့ကား ဓာတ်ဆီကုန်သွားလို့ နည်းနည်းပါးပါး ကူညီပါ၊ တစ်ဂါလန်ကြိုက်ဈေး တောင်းသလောက်ပေးပါ့မယ်ဗျာ"

"ဟာ ... ဘယ်ဖြစ်မလဲ၊ မနေ့က ပျဉ်းမနားမှာ ဓာတ်ဆီဝယ်ရတာ တစ်ညစောင့်အိပ်ပြီး ဝယ်ခဲ့ရတာ"

"တဆိတ်လောက် ကူညီပါရှင်၊ ဦးလေးတောင်းတဲ့ဈေး ပေးပါ့မယ်၊ လေးငါးဂါလံန်လောက်ပါ"

နွေးနွေးကပါ ဝင်၍ တောင်းပန်ပြောဆိုသည်။

"ဟေ ... လေးငါးဂါလန် ဟုတ်လား။ ဝေးပါသေးရဲ့ မိန်းကလေး၊ ငါတို့က ရန်ကုန်ထိ ဆင်းရမှာ၊ တစ်ဂါလန်တောင် ဖဲ့မရောင်းနိုင်ဘူးဟေ့။ အခုတောင် ညောင်လေးပင်ကို မနည်းရောက်အောင် မောင်းရမှာ၊ ညောင်လေးပင်ကျလည်း ဘယ်နှညကြာအောင် ဓာတ်ဆီရှာရဦးမယ် မသိသေးဘူး၊ ကဲ ... သွားပြီဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ကုန်တင်ကားကြီး လိမ့်သွားပါ၏။ ဘီးလိမ့်သံနှင့် ဘေးမှထိုင်လိုက်လာသော စပယ်ယာလူရွယ်၏ ဟားသံနှင့် ပြောသံကို နွေးရော နှောင်နှောင်ပါ ကြားလိုက်ရသည်။

"ဟား ... ဟား ... စုံတွဲအသစ်စက်စက်နဲ့ တူတယ် ဦးလေးရ၊ ခိုးရာလိုက်လာတာနဲ့ တူတယ်၊ ဒီနေရာမျိုးမှာ ကားခေတ်ဆိုကုန်လို့ ရပ်နေလေ ဟန်ကျလေပေါ့ဗျာ၊ ဒီလောက် လူပြတ်နေတာ"

စပယ်ယာ၏ စကားကြောင့် မမနွေးကို အားနာပြီး တခြားဘက်သို့ လှည့်သွားပေသည်။

"သိပ်ကရုဏာခေါင်းပါးတဲ့ လူတွေပဲ၊ ကိုယ်ချင်းစာစိတ် နည်းနည်းလေးမှ မရှိကြဘူး"

မမနွေးက မကျေမနပ်နှင့် ပြောသံထွက်လာပါ၏။ မမနွေး၏ မကျေမနပ် ပြောသည်ကို နှောင်နှောင်က ပြုံးလိုက်သည်။ နှောင်နှောင် ပြုံးသည်ကို မမနွေး တွေ့မြင်သွားသည်။

"မင်းက ဘာပြုံးတာလဲ"

"ယော ... ခက်ပါလား၊ သူတို့က ခေတ်ဆီရောင်းမသွားတာနဲ့ မမနွေးက ကျွန်တော့်ကို ဗလာချီ ဟောက်နေပါလား"

"ဘာဗလာချီရမှာလဲ၊ သူတို့ ခေတ်ဆီမရောင်းလို့ ကရုဏာစိတ် မရှိဘူး၊ ကိုယ်ချင်းစာစိတ် မရှိဘူးလို့ မမနွေး ပြောတာကို မင်းက ပြုံးစရာလား"

နှောင်နှောင်က မမနွေးဘက် လှည့်လိုက်သည်။



"လူသားတွေပဲ မမနွေး၊ သူတို့မှာ ကရုဏာစိတ်ဆိုတာ ရှိသင့်သလောက်တော့ ရှိမှာပါ၊ နောက်ပြီး သူတို့မှာသိပ်ကို ကိုယ်ချင်းစာတတ်လွန်းလို့ ခေတ်ဆီရောင်းမသွားတာ"

"ဘာကွယ့် ... မင်းစကားက"

ဖြုန်းခနဲ စပယ်ယာ ပါးစပ်ရမ်းသွားသော စကားနှင့် ဆက်စပ်ကြည့်လျှင် ယခု နှောင်နှောင် ပြောလိုက်သော စကားသည် အဓိပ္ပာယ်တစ်မျိုး ကောက်နိုင်သောစကား ဖြစ်သွားသည်။ လူပြတ်သော တောတန်းနှစ်ဖက်ကြားဝယ် ဖိုနှင့်မ,တို့ အခွင့်အရေး ယူနိုင်သည်။ ဤသည်ကို ဒရိုင်ဘာကြီးနှင့် စပယ်ယာက ကိုယ်ချင်းစာပြီး တမင်ခေတ်ဆီရောင်းမသွားပဲ နှောင်နှောင့်ကို ယောကျ်ားချင်း ကိုယ်ချင်းစာသွားသည်ဟူသော အဓိပ္ပာယ် ကောက်ယူနိုင်ပေသည်။

လော့လောလတ်လတ်ကြီး စပယ်ယာ ပြောသွားသော စကားကြောင့် ရှက်သွေးဖြာနေစဥ်မှာပင် နှောင်နှောင်က ပြုံးပြီး ပြောလိုက်ပုံက ဘာလိုလိုမို့ နွေးနွေးသည် စပယ်ယာစကားနှင့် ဆက်စပ်ပြီး ဘာကွယ့် မင်းစကားဟု ခက်ထန်သောအသံ၊ ခက်ထန်သည့် မျက်နှာနှင့် ပြောပြီး သူ၏လက်ပွေ့အိတ်ကိုဖွင့်ကာ လက်နှိုက်ထားလိုက်သည်။

နှောင်နှောင် ချက်ချင်းသဘောပေါက်သည်။ သူမ၏ လက်ပွေ့အိတ်ထဲတွင် သေနတ်ပါရှိမည်။ မနေ့ညက နတ်မောက် လမ်းမှာတုန်းကလည်း သူမ၏ သေနတ်ဖြင့် မိမိကို ချိန်ခဲ့ဖူးပြီ။

နှောင်နှောင် စိတ်မျက်သွား သက်ပြင်းချမိသည်။ ချာခနဲလှည့်ကာ မမနွေးကို ကျောပေးထားလိုက်သည်။

www.burmeseclassic.com



"မိန်းမဆိုရင် ကျွန်တော့်မေမေ အပါအဝင် ဘယ်မိန်းမ မဆို မိန်းမတိုင်းဟာ စိတ်ပျက်စရာကြီးပါလား မမနွေး။ ကျွန်တော် မမနွေးကို စပြီးတွေ့တဲ့အချိန်ကစပြီး အခုအချိန် ထိ မမနွေးမှာ မမနွေး ဘာသာ ပြဿနာတွေ ရှိနေပေမဲ့ တခြားမိန်းမတွေနဲ့ မတူဘူး၊ ကြည်ညိုလေးစားထိုက်တဲ့ မမနွေးပဲလို့ ထင်မိခဲ့တယ်။ အခုတော့ မမနွေးဟာလည်း မိန်းမတွေထဲက တခြားမိန်းမတွေလိုပါပဲလေ"

နောင်နောင် ပြောပုံမှာ စိတ်ပျက်သံ ပါသည်။ ငြီးတွားသံ ပါသည်။ နောင်နောင် ပြောသည့် အသံရော စကား လုံးတွေကြောင့်ရော နွေးနွေး၏ ရင်ထဲတွင် ကြေကွဲစရာလို ဝမ်း နည်းစရာလို ခံစားရသည်။

"မင်း ပြောလိုက်တာ မမနွေး ရင်ထဲမှာ နင့်ခနဲ တစ်မျိုး ခံစားလိုက်ရတယ် နောင်နောင်"

"အလားတူပဲ မမနွေး၊ မမနွေးက ကျွန်တော့်စကားကို တစ်လွဲအဓိပ္ပာယ်ကောက်ပြီး ကျွန်တော့်သိက္ခာကို မယုံတော့ သလို လက်ပွေ့အိတ်ထဲက သေနတ်ဆီကို လက်ရောက် သွားတာကို ကြည့်ပြီး ကျွန်တော့် ရင်ထဲမှာ နင့်ခနဲ ခံစား ရတာပါပဲ"

"ဒါကတော့ကွယ်"

"ဒါတော့ မကွယ်နဲ့ မမနွေး၊ ကျွန်တော်သာ တကယ်တမ်း မရိုးသားစိတ်နဲ့ ညစ်ပတ်ချင်စိတ်ရှိရင် မမနွေး လက်ပွေ့ အိတ် ဖွင့်ချိန်တောင် မရလိုက်အောင် ကျွန်တော် သွက်လက် လျင်မြန်ပါတယ်။ နောက်တစ်ချက်က မမနွေး တစ်လမ်း



လုံး လက်ပွေ့အိတ် ဘေးချထားပြီး အိပ်ငိုက်လာတာပါ။ ကျွန်တော့် လက်ပွေ့အိတ်ထဲက သေနတ်ကို ယူရင် အလွယ်လေးပါ"

ဒါတော့ ဟုတ်ပါပေသည်။ မှန်ပါပေသည်ဟု နွေးနွေး ခံခံရမည်သာ။ ညက နွေးနွေး အိမ်ကို မိုးချုပ်ကြီးရောက်ပြီးမှ နောင်နောင့်ကို ခေါ်ယူရေးအတွက် ကိုဒေဝကို ဆက်သွယ်ရခြင်း၊ တိုင်ပင်ရခြင်းတွေရောကြောင့် တော်တော်ကြီး ညဉ့်နက်မှ အိပ်ရာ ဝင်ခဲ့သည်။ အိပ်ရာဝင်တော့လည်း ကိုယ့်ပြဿနာ ကိုယ်တွေးဖြင့် အိပ်မပျော်ပါလေခဲ့။ မနက်ကျတော့ အစောကြီးထကာ ခရီးသွား ရ၍ စီစဉ်ရသည်တို့ကြောင့် တစ်ညလုံး အိပ်ရေးပျက်ခဲ့သည်။ အင်းတကော်မှ ထွက်လာသည့်အချိန်မှာစပြီး ကားပေါ်မှာပင် လက်ပွေ့အိတ် ဘေးချပြီး အိပ်ပျော်လာခဲ့သည်။

"ဆောရီးကွယ် ... တို့မောင်၊ မမနွေး မှားသွားပါတယ်။ တို့မောင် ပြောတာ အမှန်တွေချည်းပါ။ မမနွေး နားထဲ ဟိုစပယ်ယာ ပြောလိုက်တဲ့ စကားက မမနွေးကို ဝိုးတဝါး ဖြစ်သွားစေတာပါ၊ ဒီအထဲ တို့မောင်က ကုန်တင်ကားက လူတွေဟာ သိပ်ကိုယ်ချင်းစာတတ်တယ်လို့ ပြောလိုက် တော့ မမနွေး ရုတ်တရက် အတွေးအခေါ် ကမောက်ကမ ဖြစ်သွားလို့ပါ။ ကဲပါကွာ ... လွှန်တာရှိ ဝန္ဒာမိလို့ပဲ မမနွေးက တို့မောင်ကို တောင်းပန်ပါတယ်၊ ဟုတ်လား။ မမနွေးကို အထအနမကောက်နဲ့တော့ကွာ"

"ရပါတယ် မမနွေး။ မမနွေး သဘောပေါက်ရင် ပြီးတာ ပဲ"

www.burmeseclassic.com

www.burmeseclassic.com


"ဒါထက် တို့မောင်က ကုန်တင်ကားသမား နှစ်ယောက်ဟာ သိပ်ကို ကိုယ်ချင်းစာတတ်တယ်လို့ ဘာလို့ပြောသလဲ၊ သူတို့ ကိုယ်ချင်းမစာလို့ပဲ မမနွေးတို့ကို ဥပေက္ခာပြုပြီး ထွက်သွားတာပဲ"

"ကိုယ်ချင်းစာတာနဲ့ အနစ်နာခံပြီး ကူညီတာဟာ တခြားစီပဲ မမနွေး။ ခုနက ကားသမားနှစ်ယောက်ဟာ သူတို့ကိုယ်သူတို့ သိပ်ကိုယ်ချင်းစာလိုက်တာလေ။ မမနွေးကို ခေတ်ဆီဖွဲ့ပြီး ရောင်းခဲ့လို့ သူတို့ကိုယ်တိုင် လမ်းမှာခေတ်ဆီကုန် ကားထိုးရပ်သွားရင် ရင်ဆိုင်ရမဲ့ ပြဿနာ အခက်အခဲကို သူတို့ သိရှိနားလည်ထားတယ်။ သူ့အတွက် ဒါဟာကိုယ်ချင်းစာလိုက်တာမို့ မမနွေးကို ခေတ်ဆီလုံးဝရောင်းမသွားတာပဲပေါ့"

"ကိုယ်ချင်းစာတာနဲ့ အနစ်နာခံပြီး ကူညီတာဟာ တခြားစီပဲ မမနွေး။ ခုနက ကားသမားနှစ်ယောက်ဟာ သူတို့ကိုယ်သူတို့ သိပ်ကိုယ်ချင်းစာလိုက်တာလေ။ မမနွေးကို ခေတ်ဆီဖွဲ့ပြီး ရောင်းခဲ့လို့ သူတို့ကိုယ်တိုင် လမ်းမှာခေတ်ဆီကုန် ကားထိုးရပ်သွားရင် ရင်ဆိုင်ရမဲ့ ပြဿနာအခက်အခဲကို သူတို့သိရှိနားလည်ထားတယ်၊ သူ့အတွက် ဒါဟာကိုယ်ချင်းစာလိုက်တာမို့ မမနွေးကို ခေတ်ဆီလုံးဝရောင်းမသွားတာပဲပေါ့"

နွေးနွေး ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ နောင်နောင်က သူ့ဖီလော်ဆော်ဖီနှင့်သူ ကိုယ်ချင်းစာမှုကို တင်ပြသွားချက်မှာ မှန်သလိုလိုပါလားဟု တွေးမိသောကြောင့် ဖြစ်ပါ၏။

"အတ္တသိပ်ဆန်တဲ့ လူတွေဟာ ကိုယ်ချင်းစာလေလေ တစ်ပါးသူကို ဥပေက္ခာပြုနိုင်လေလေပါ မမနွေး၊ ဥပမာ မမနွေးတို့လို တန်းမြင့်အမျိုးသမီးတွေထဲက ဆိုပါတော့"

"ဘာကွယ့် နောင်နောင်"

"ရုပ်သိပ်ချောတယ်၊ ပညာတွေ သိပ်တတ်တယ်၊ မိဘကလည်း သိပ်ချမ်းသာ ကြွယ်ဝတယ်၊ ဒီတော့လည်း ကိုယ်နဲ့တန်ရာတန်ရာ လူမျိုးကိုရွေးပြီး လက်ထပ်လိုက်ကြတာပဲ မဟုတ်လား၊ အဲ ... တကယ်လို့ ငယ်စဉ်နုစဉ်က အပျော်တမ်း ချစ်သူရှိခဲ့ဖူးရင်လည်း အဲဒီချစ်သူကို ခုနကုန်တင်ကားသမားကြီးက ကျွန်တော်တို့ကို လျစ်လျူရှုထားခဲ့သလို ထားပစ်ခဲ့နိုင်တဲ့ သတ္တိမျိုးလည်း ရှိကြတယ်လေ မမနွေး။ အဲဒါဟာပဲ သိပ်ကိုယ်ချင်းစာတဲ့စိတ်ပဲ မဟုတ်လား။ ကိုယ်ချင်းစာတယ်ဆိုတာ တကယ်တော့ သူတစ်ပါးအတွက် အနစ်နာမခံနိုင်ဘဲ ကိုယ့်ဘဝနဲ့ ကိုယ်ကိုယ်ကိုယ် သက်ညှာလိုက်ကြတာပါ မမနွေး"

"သြော် ... သြော် ... ဒါဆိုရင် တို့မောင်မှာ သိပ်ပြီး ကိုယ်ချင်းစာလိုက်တဲ့ အမျိုးသမီးတစ်ဦးနဲ့ ကြုံခဲ့ဖူးတယ်ပေါ့ ... ဟုတ်လား တို့မောင်"

"ဟိုမှာ ... ကားတစ်စီး လာပြန်ပြီ မမနွေး"

နွေးနွေးက နဂိုကပင် နောင်နောင်၏ အကြောင်းသိချင်နေသူမို့ စကားစ ထွက်အလာတွင် ကောက်မေးမြန်းကာ အဖြေကို နားစွင့်နေစဉ်မှာပင် ဆလွန်းကားနီလေးတစ်စီး လာနေသည်ကို နောင်နောင်က ညွှန်ပြသဖြင့် လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပိုင်ကားလေးပဲ မမနွေး။ ယောက်ျား သဘောဆိုရင် လူတွေဟာ ရုပ်ချောပြီး ငယ်ရွယ်တဲ့ မိန်းကလေးမျိုးက အကူအညီ တောင်းတာကို ပေးချင်တတ်လေ့ ရှိပါတယ်။ ဒီတော့ ဒီတစ်ခါ မမနွေး ကိုယ်တိုင် လက်တားပြီး အကူ အညီတောင်းပါ။ ကျွန်တော် တားရင် ရပ်ပေးချင်မှ ပေးမှာ"

နောင်နောင် ပြောသည့်အတိုင်း ဆလွန်းကားနီလေးကို နွေးနွေးက လက်တားသည်။

ရပ်ပေးပါ၏။ မောင်းသူမှာ အလွန်ဥပဓိရုပ် ရည်မွန်သော အမျိုးသားကြီးတစ်ဦး ဖြစ်ပါ၏။ အလားတူ အရွယ်တူ ရုပ်သန့်သော အမျိုးသမီးကြီးက ဘေးမှထိုင်လျက် ပါရှိလာသည်။

"ကျွန်မတို့ကားမှာ ဓာတ်ဆီကုန် ထိုးရပ်သွားလို့ပါ အန်ကယ်၊ ဖြစ်နိုင်ရင် ဓာတ်ဆီနည်းနည်းပါးပါးလောက်"

"အား ... အဲဒါ ဒုက္ခပဲကွယ့်၊ အန်ကယ့်ကား တိုင်ကီထဲမှာ ဓာတ်ဆီအပြည့် ပါတယ်၊ ပေးချင်တဲ့ဆန္ဒလည်း ရှိပါတယ်၊ ဒါပေမဲ့ အချိန်လုံးဝမပေးနိုင်ပါဘူးကွယ်၊ တိုင်ကီပေါက်ကို ပိုက်သေးသေးတပ်ပြီး စုတ်ယူရမှာကွယ့်၊ အခု တောင်ငူဆေးရုံမှာ အန်ကယ့်သမီး မွေးတော့မဲ့ဆဲဆဲလို့ ဖုန်းဆက်တယ်။ ဒါကြောင့် အဲဒီကိုသွားဖို့ သိပ်အရေးကြီးနေတယ်၊ အဲ ... အန်ကယ် ဆေးရုံက ပြန်လာတဲ့အထိ တူမတို့ ဒီနေရာမှာပဲ အဆင်မပြေသေးလို့ ရှိနေဦးမယ်ဆိုရင် ဓာတ်ဆီ ထုတ်ပေးပါမယ်၊ ကဲ ... အန်ကယ် သွားမယ်ကွယ်"

စကားဆုံးသည်နှင့် မောင်းထွက်သွားသည်။



"သိတော့ ပေါက်တယ် မမနွေးရေ၊ ဒါပေမဲ့ လက်မှတ်ပျောက်တယ်၊ ဒီအန်ကယ်ကြီးလည်း သိပ်ကိုယ်ချင်းစာတတ်တာပဲ၊ သူ့မှာ စေတနာလည်းရှိတယ်၊ ပေးဖို့ဓာတ်ဆီလည်း ရှိတယ်။ ဒါပေမဲ့ သူ့သမီးကိစ္စကို ဦးစားပေးရမှာ မဟုတ်လား။ ကိုယ်ချင်းစာစိတ်က သူ့တစ်ကိုယ်လုံး လွှမ်းမိုးနေတယ်လေ"

နွေးနွေးက လက်ပတ်နာရီကို ကြည့်သည်။ မွန်းလွဲ (၂)နာရီ ရှိသွားပေပြီ။

"ကဲ ... မမနွေး ကားပေါ်တက်၊ စတီယာရင်ကို ကိုင်ပေတော့၊ ကျွန်တော် ကားကိုတွန်းမယ်ဗျာ"

"ဟာ ... မဟုတ်တာ တို့မောင်"

"ဒီနည်းဟာ မဟာဇနက္ကနည်းပဲ မမနွေး၊ ငုတ်တုတ်ကြီး သူများအကူအညီကို စောင့်နေမဲ့အစား ခရီးရောက်နိုင်သလောက် တွန်းသွားမယ်ဗျာ၊ ရှေ့လေးမိုင်လောက်တွန်းရင် ရေတာရှည်မြို့ကို ရောက်မယ်။ မြို့ရှိရင် ဓာတ်ဆီရှိရမယ်"

"အေး ... ဒါဆို မမနွေးလည်း တွန်းမယ်၊ စတီယာရင်ကိုင်ရင်း ကူတွန်းမယ်"

"လုပ်မနေနဲ့ မမနွေး၊ ပင်ပန်းပြီး အရာရောက်မှာ မဟုတ်ဘူး၊ ကားတွန်းရင်း စတီယာရင်ကို ထိန်းတယ်ဆိုတာ တော်ရုံယောက်ျားသားတောင် မလုပ်နိုင်ဘူး၊ အာရုံနှစ်ခုကို တစ်ပြိုင်တည်း လုပ်ရတာ။ လေးမိုင်ဆိုတဲ့ ခရီးက မမနွေးလို ရွှေမှုန့်စား လူတန်းစားတွေအတွက် ရှိးရှိးခြေကျင်လျှောက်တာတောင် ခြေဖဝါးနုနု သွေးခြည်ဥနိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com

ကဲပါ မမနွေးရာ၊ ကားပေါ်တက်စမ်းပါ၊ လမ်းက အပြေအပြန့်ပါ၊ ကျွန်တော့် တွန်းအားနဲ့ သူ့အရှိန်နဲ့သူ လိမ့်သွားမှာပါ”

နွေးနွေးက ကားပေါ်ပြန်မတက်၊ ပေကပ်ကပ်နှင့် နောင်နောင့်ကို ရပ်ကြည့်နေသည်။

“အိုကွာ ... တို့မောင်ကတွန်းပြီး မမနွေးက ကားပေါ်တက်ထိုင်ရတာ၊ တစ်ကိုယ်ကောင်း ဆန်လွန်းတယ်။ ကဲကွာ ... တွန်းကြည့်ကြမယ်၊ တွန်းပြီး စတီရာရင်ကို ကိုင်မဖြစ်မှ မမနွေး တက်ထိုင်မယ်ကွာ”

နွေးနွေးက ပြောပြောဆိုဆို သူမကပင် တွန်းရင်း စတီရာရင်ကိုင်တော့သည်။

နောင်နောင်က မမနွေးစိတ်က သူ့အပေါ် ငဲ့ညှာခြင်းအတွက် ကျိတ်၍ ရင်ထဲက ကျေနပ်မှု ခံစားရပါ၏။

“ကဲ ... ဒါဆိုလည်း မောင်တစ်ထမ်း မယ်တစ်ရွက်ပေါ့၊ ဟုတ်လား မမနွေး”

“ဘာကွယ့်”

ရှေ့လောကြီးပြီး နောင်နောင် ပြောလိုက်သောစကားသည် အဓိပ္ပာယ်တစ်မျိုး ထွက်သွားပြန်လေသည်။ မမနွေးက “ဘာကွယ့်”ဟု ပြန်မေးမှ မိမိစကား ဘယ်အဓိပ္ပာယ်ရောက်သွားကြောင်း နောင်နောင် ပြန်၍သတိထားလိုက်မိသည်။

“ကဲ ... လွတ်ခနဲ ပြောဦး ... ဖတ်”

နောင်နောင်သည် သူ့ဟာသူ ဆုံးမရင်း သူ့ပါးတစ်ဖက်ကို ဖတ်ခနဲ အသံထွက် ရိုက်လိုက်သည်။



“ကြည့်စမ်း ... ဒါက ဘာလုပ်တာလဲ၊ ရိုက်လိုက်တာ အသံကြီးတောင် ထွက်သွားတယ်”

နွေးနွေးက နောင်နောင့်ထံ အပြေးလေးလာကာ သူ့ဟာသူ ရိုက်လိုက်သောပါးကို မော့ကြည့်စဉ် ပါးမှာနီမြန်းသွားသည်ကို တွေ့ရပါ၏။ နွေးနွေးက နီမြန်းသွားသောပါးကို ပွတ်ပေးရန်ပြုပြီးမှ မသင့်တော်ပါလားဟု အသိစိတ်ဖြင့် လက်ကိုပြန်ရုပ်သိမ်းလိုက်သည်။

“မင်း ... မင်းဟာလေ တကယ်ပဲ”

မချင့်မရဲ ကရုဏာ ဒေါသောအသံဖြင့် နွေးနွေး ပြောလိုက်သည်။

နောင်နောင်က နွေးမျက်နှာကို တစ်ချက်စူးစိုက်ကြည့်ပြီး ဘာမျှမပြောတော့ပဲ ကားဖင်ပိုင်းသို့သွားကာ ခြေနှစ်ချောင်းရပ်ကာ လက်နှစ်ဖက်နှင့် ကားကို တွန်းအားပြုတော့သည်

“ကဲ ... တွန်းပြီဗျို့”

နွေးနွေး ကားစတီရာရင်ကိုင်ရင်း ကားဘေးမှ ကူတွန်းသည်။ နောင်နောင့် ထံမှ အသံထွက်လာသည်ကို ကြားရပါ၏။

“ယန်နမာမှု ဘာရီလာလေ့ ဗေရီဆပ် ဗေရီဆပ် ... ဒန့်တ
လွန်သီး ကတ်ကူရုံခြောက် ... ဗေရီဆပ် ... ဗေရီဆပ်”

ကုလားအလုပ်သမားတွေ အလုပ်ကြမ်းလုပ်ရာတွင် အော်ပြီး တိုင်တယ်သလို နောင်နောင်သည် ဗလွတ်ရွတ်တတ်သံတွေအော်ရင်း တကယ်ပင် ကားကို အားစိုက်တွန်းရာ ကားမှ ရှေ့သို့ရွေ့လျားပေတော့သည်။

နွေးနွေးမှာ ကားတွန်းရင်း ပြုံးရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖာလုံခန့်ပင် မရောက်သေး၊ နွေးနွေး ခြေဖဝါး တွေ ကျိန်းပြီး ချွေးပြန်လာသည်။ တစ်သက်တွင် ဒီတစ်ခါသာ နွေးနွေး ကားတွန်းဖူးပေသည်။

မိမိက ဟန်ရေးပြ တွန်းပေးရုံနှင့် ခြေဖဝါးကျိန်း ချွေးထွက်မောဟိုက်နေလျှင် ကားတစ်စီးလုံး လိမ့်အောင် နောက်မှ တွန်းနေရှာသော နောင်နောင် အကယ်မှု ပင်ပန်းရှာမည်လဲဟု တွေးမိသည်။

နှစ်ယောက်သား ကားကို အားစိုက်တွန်းနေရင်းပင် နောက်မှ တောင်ငူဘက်မှလာသော ကားက ဖြတ်ကျော်ပြီးရပ်ကာ မေးမြန်းလိုက်သည်။ ဘေးတိုက်တွန်းနေသော နွေးနွေးကို မေး ခြင်းဖြစ်ပါ၏။

"ကား ... ဘာဖြစ်သွားလို့လဲ၊ ကျွန်တော် ဘာကူညီရ မလဲ"

နွေးနွေး ကြည့်လိုက်သည်။

ရဲဂျစ်ကား အပြာလေး ဖြစ်ပါ၏။ ပခုံးတစ်ဖက် တွင် ငွေကြယ်ပွင့်နှစ်ပွင့် တပ်ဆင်ပြီး ယူနီဖောင်းဝတ် ရဲအရာရှိ ငယ်တစ်ဦးက ဘေးမှထိုင်ပြီး၊ လက်မောင်းအပြာရစ်(၂)ရစ်နှင့် ရဲကြပ်က မောင်းလာခြင်းကို တွေ့ရသည်။

"ဓာတ်ဆီကုန်သွားလို့ပါရှင်"

"ဩော် ... ဩော် ... ဒီမယ် ကိုစိန်မောင်၊ ဒီကားထဲမှာ ဓာတ်ဆီလက်ကျန် ဘယ်လောက်ရှိလဲ"

နောင်နောင်သည် ကားနောက်မှ တွန်းသည်ကို ရပ်လိုက်ကာ မမနွေးနှင့် ပြောနေသော ရဲအရာရှိငယ်ကို ကြည့်



လိုက်သည်။ ပြီး ... ချက်ချင်းပင် ကားနောက်တွင် နောင်နောင် ကွယ်လိုက်ပြီး နားစွင့်ထားသည်။

"မနက်က ခြောက်ဂါလန် ထည့်ထားတာပဲ ဆရာ၊ အခု ဆို သုံးဂါလန်လောက်တော့ အနည်းဆုံး ကျန်ဦးမှာပါ"

"မြို့လုအထိပြန်ဖို့ နုတ်လိုက်ရင် ဓာတ်ဆီ ဘယ်လောက် ပိုနိုင်မလဲ"

"တစ်ဂါလန်သာသာ ပိုနိုင်ပါတယ် ဆရာ"

"အေးဗျာ ... ဒါဆို ကားထဲက တစ်ဂါလန်ထုတ်ပေးလိုက် ပါ"

အရာရှိသည် သူ့ကားပေါ်မှ ဆင်းလိုက်သည်။

ရဲကြပ်ကိုစိန်မောင်က ကားစက်သတ်ပြီး ဓာတ်ဆီ ပုံးအလွတ်၊ စုတ်သည့်ပိုက်ဇို့ကိုယူကာ သူ့ကားထဲမှ ဓာတ်ဆီစုတ် ယူဖို့ ဆောင်ရွက်တော့သည်။

ရဲအရာရှိက နွေးနွေး ဘေးတွင် ရပ်ခါနေသည်။

"ခင်ဗျားကို ကြည့်ရတာ ဒီနယ်တစ်ဝိုက်ကတော့ ဟုတ် ဟန်မတူဘူး။ ခရီးသွားတွေ ထင်တယ်"

"ဟုတ်ကဲ့ ... မန္တလေးကို သွားမလို့ပါ"

"အေးဗျာ ... အခု တစ်ဂါလန်ထည့်သွားပြီး ရေတာရှည် ကို မောင်းပေါ့၊ ရေတာရှည်ကျမှ ဓာတ်ဆီထပ်ဝယ်ထည့် ပေါ့"

"ဝယ်လို့ရပါ့မလားဟင်"

"ဝယ်လို့မရတော့ ဘယ်ရှိမလဲ၊ ဒါပေမဲ့ ဓာတ်ဆီကို အပြင်က ဝယ်ရင်တော့ မတန်တဆ ဈေးပေးရမှာပေါ့၊

www.burmeseclassic.com



တစ်ဂါလန်ကို နှစ်ဆယ့်ရှစ်ကျပ် သုံးဆယ်လောက်အထိ ပေးရတယ်လို့ ကြားတာပဲ၊ ဒါလည်း ထုံးစံပေါ့ဗျာ၊ ရှားပါးကုန်ပစ္စည်း ဖြစ်လာရင် စီးပွားရေးသမားတွေ အမြတ်ကြီးစား အကွက်ဝင်သွားတာပဲပေါ့”

“ဟုတ်ကဲ့ ... ဝယ်လို့ရရင်ပဲ တော်ပါပြီ၊ အခုလို ဒုက္ခရောက်နေတုန်း ကူညီတာကိုလည်း သိပ်ကိုကျေးဇူးတင်ပါတယ်”

ရဲကြပ်ကိုစိန်မောင် တစ်ဂါလန်ပုံးဖြင့် အပြည့်စုတ်ယူပြီးပေပြီ။

နွေးနွေး၏ ဖင်မလီယာကားထဲသို့ ထည့်ပေးရုံသာ ဖြစ်တော့သည်။

“ကိုမောင်ရေ ... ဓာတ်ဆီအဖုံး သော့ဖွင့်ပြီး ဓာတ်ဆီ ထည့်ပေးပါကွယ်”

နောင်နောင် မနေသာပါလေတော့၊ ကားနောက်ကွယ်တွင် နေရာမှ ထွက်လာရတော့သည်။ ထွက်လာသော နောင်နောင့်ကို ရဲအရာရှိက လှမ်းကြည့်လိုက်ပြီး ပါးစပ်ဟသွားသည်။ မျက်ခုံးနှစ်ဖက် ပင့်တက်သွားသည်။

“ဟော့ ... ဟော့ကောင် နောင်နောင် ... မင်း ...”

စကားပင် ဆုံးအောင်မပြော၊ ဝမ်းသာအားရနှင့် နောင်နောင့်ဆီ ခြေလှမ်းကျဲကြီးနှင့် ရောက်သွားကာ နောင်နောင်၏ ပခုံးနှစ်ဖက်ကို အားရပါးရ ဆုပ်ကိုင်လှုပ်ခါပြီး ...

“မင်း ... ဘယ်ရောက်ပြီး ဘာတွေ လုပ်နေလဲ သူငယ်ချင်း”



နွေးနွေးက သူတို့နှစ်ဦးကို လှမ်းငေးကြည့်နေသည်။

“အရာရှိမင်း လူမှားနေပါတယ်၊ ကျွန်တော် နောင်နောင် မဟုတ်ပါဘူး”

“ဘာကွ ... ဟော့ကောင် ... ငနောင်၊ မင်းက ကျောင်းတုန်းက အကျင့်တွေ ရှိနေတုန်းပါလား၊ ခပ်တည်တည်နဲ့ အကြောင်ရိုက်တဲ့ အကျင့်လေ၊ ငါ ... မင်း ထောင်ကလွတ်တာ ကြားတော့ ကြားတယ် သူငယ်ချင်း၊ အဲဒီတုန်းက ငါ လားရှိုးမှာ တာဝန်ကျနေတယ်ကွ။ မင်း ထောင်ကလွတ်ပြီး မကြာခင် ငါ မော်လမြိုင်ရောက်သေးတယ်။ လင်းမောင်တို့နဲ့တွေ့ပြီး လက်ဖက်ရည်ဆိုင်ထိုင်ရင်း မင်းအကြောင်းတွေ တို့ ပြောကြသေးတယ်။ အမှတ်တရ ပြောကြတာကွ”

နောင်နောင်သည် ရဲအရာရှိကို လုံးဝသိကျွမ်းပုံမရပုံကို နွေးနွေး လှမ်းမြင်နေရသည်။ နွေးနွေးက ရဲအရာရှိ၏ ကျောပိုင်းတွင် ရောက်နေသည်။ နောင်နောင့်ကိုတော့ မျက်နှာချင်းဆိုင် လှမ်းမြင်နေရသည်။

နွေးနွေးသည် ပါးစပ်အဟောင်းသားနှင့် ကြောင်ပြီး ရပ်ကြည့်နေသည်။

နောင်နောင်သည် ရဲကြပ်ကိုစိန်မောင် ထံမှ ဓာတ်ဆီပုံးနှင့် ပိုက်ပျော့ကို ယူလိုက်သည်။

“ကျွန်တော် ထပ်ပြောပါမယ် ခင်ဗျာ။ ကျွန်တော်ဟာ ရဲအရာရှိမင်း လူမှားနေပါတယ်၊ ကျွန်တော်က ရန်ကုန် ဘိုလိန်းလမ်းက ဝပ်ရှော့မှာ စက်ပြင်အသင် အလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com

ပါ။ အခု ဒီကားကို အခကြေးငွေရလို့ လိုက်မောင်းပေးတာပါ”

“ဪ ... ဪ ... ဟုတ်လား ... ဒါဆို တို့က လူမှားသွားတယ်ပေါ့ကွာ။ ဟား... ဟား ... ဟား ... တို့ လူမှားသွားတယ်”

ရဲအရာရှိသည် နောင်နောင့်ကို စေ့စေ့ပါအောင် ကြည့်ရင်း ရယ်မောနေစဉ်မှာပင် နောင်နောင်က ဖင်မလီယာကားထဲသို့ ခေတ်ဆီထည့်နေပေသည်။

ရဲအရာရှိက နွေးနွေးဘက်သို့ ပြန်လှည့်လာရင်း ရယ်ကာ မောကာပင် နွေးနွေးကို ပြောသည်။

“ကျွန်တော် လူမှားသွားတယ်”

“ဟုတ်ရဲ့လားရှင်၊ တကယ်ပဲ လူမှားတာ ဟုတ်ရဲ့လား။ ခုနက နောင်နောင်လို့ရော၊ ငနောင်လို့ရော ခေါ်လိုက်တဲ့ နာမည်က မှန်နေသားပဲဟာ။ သူ့နာမည် နောင်နောင်လေ”

ရဲအရာရှိက ပြုံးတုံ့တုံ့နှင့်ပင် ပခုံးကို တွန့်ပြလိုက်သည်။

“အင်း ... လောကကြီးမှာ လူတူမရှား နာမည်တူမရှားပေါ့ဗျာ၊ ကဲ ... ကိုစိန်မောင်၊ ပြီးရင် သွားကြစို့”

ရဲကြပ်ကိုစိန်မောင်က ပုံးနှင့်ပိုက် ပြန်ယူကာ ကားပေါ်တက် မောင်းထွက်ခဲ့သည်။

နောင်နောင်က ဖင်မလီကားကို ကျွမ်းကျင်စွာ ချူတ်ကိုဆွဲ လီဗာကိုပုတ်ပြီး စက်ပြန်နှိုးရာ တစ်ခဏအတွင်း စက်ပြန်နိုးသည်။



နွေးနွေး ကားပေါ်ပြန်တက်ထိုင်၊ တံခါးပိတ်ပြီးသည်နှင့် နောင်နောင် မောင်းတော့သည်။

“ကျောင်ဆိုးလေး ... မှန်မှန်ပြောစမ်း၊ ခုန ရဲအရာရှိဟာ ဘယ်သူလဲ”

“သိဖူးလေ”

“မလိမ်နဲ့၊ သိသမှ သိပ်ကိုသိတဲ့ တို့မောင်ရဲ့ သိပ်ရင်းနှီးတဲ့ သူငယ်ချင်း ဖြစ်ရမယ်”

နောင်နောင်က ပြန်မပြောဘဲ ဟိုအဝေးကြီးတွင် ထွမ်းမြင်နေရသော ရဲကားအပြာကို ငေးကြည့်နေသည်။

“ပြောလေ ... နောင်နောင်”

“သူ လူမှားတာပါ။ သူကိုယ်တိုင် မမနွေးကို ပြောသွားသားပဲ၊ လောကကြီးမှာ လူတူမရှား၊ နာမည်တူမရှားလို့”

“မဖြစ်နိုင်ဘူး၊ မင်းက သူ့ကို မျက်စိမှိတ်ပြတာတို့ လက်ဝါးခါပြတာတို့ တစ်ခုခု လုပ်ပြလိုက်လို့ သူက မင်းစကားနောက်လိုက်ပြီး လူမှားတာပါလို့ လျှောချသွားတာ”

“သူ လူမှားတာပါ”

“မယုံဘူးဟေ့ ... ပြောစမ်း တို့မောင်၊ တို့မောင် ဘာလို့ ထောင်ကျခဲ့သလဲ”

“ကြံကြံဖန်ဖန် ... ကျွန်တော်က ဘာလို့ ထောင်ကျရမှာလဲ”

“ခုန ရဲအရာရှိပြောတဲ့ အထဲမှာ တို့မောင် ထောင်ကလွတ်တဲ့အကြောင်း ပါတယ်လေ”

“သူ လူမှားတာပါ”

www.burmeseclassic.com

www.burmeseclassic.com

နွေးနွေး မကျေမနပ်နှင့် နောင်နောင့်ကို မျက်စောင်းထိုးလိုက်သည်။

"အင်းပေါ့ကွာ၊ မပြောချင်တာကို ရိုက်စစ်တောင် မင်းလိုလူက အသားအနာခံချင်ခံမယ်၊ ဖွင့်ပြောမဲ့လူစားမှ မဟုတ်တာ၊ မမနွေးကလည်း ကိုယ့်ဟာကိုယ်ပဲ အံ့ဩမိပါတယ်။ ဘယ်တော့မှ သူများအကြောင်း စပ်စုလေ့မရှိတဲ့ မမနွေးဟာ မင်းကျမှ မင်းအကြောင်းမှန်ကို ဘာလို့များ ရင်ထဲက ကလိကလိနေအောင် သိချင်နေမှန်း မသိဘူး"

"ရတယ်လေ ... ကျွန်တော့်အကြောင်း ကျွန်တော်က ဘာကောင်မို့ လျှို့ဝှက်ထားရမှာလဲ၊ ကျွန်တော် ဆယ်တန်းသုံးခါကျတယ်၊ ကျောင်းဆက်မနေနိုင်တော့ဘူး၊ ဘိုလိန်းလမ်းက ဆရာမြတ် ဝပ်ရှော့မှာ ပညာသင်အဖြစ် ဝင်လုပ်နေတာ၊ အဲဒါ ကျွန်တော့် ကိုယ်ရေးရာဇဝင်လေ၊ စာမျက်နှာတစ်မျက်နှာ ပြည့်ဖို့ဝေးလို့ စာကြောင်းလေး ငါးကြောင်းနဲ့ ကျွန်တော့်အကြောင်း ပြည့်စုံနေတာပဲဟာ"

"ဘယ်ကျောင်းမှာ ဆယ်တန်းဖြေခဲ့လဲ"

"အထကမှာ နှစ်နှစ်၊ ညကျောင်းမှာ တစ်နှစ်"

"ဒါတော့ မင်းပြောမှလား။ မမနွေး မေးတာက ဘယ်မြို့မှာ ဖြေခဲ့တာလဲလို့"

"မြန်မာပြည်ထဲမှာပဲ ဖြေတာပါ"

ဖြေပုံကိုက ထပ်မံမချင့်မရဲဖြစ်ရပြန်သည်။ သို့သော် နွေးနွေးမလျှော့၊ ထပ်မံ၍ လှည့်ပတ်အစ်အောက် မေးခွန်းဆက်မေးသည်။



"မင်း မိဘတွေကကော"

"သေကုန်ပြီ"

"ဖြစ်မှဖြစ်ရလေကွယ်၊ ဘယ်မှာ သေဆုံးကြတာလဲ"

"မြေကြီးထဲမှာ"

"ကဲ ... ကွာ"

နွေးနွေး ထိန်းထားသည့် ကြားကပင် လွတ်သွားသည်။ မချင့်မရဲစိတ် အထွတ်အထိပ် ရောက်သွားကာ ကဲကွာဟု ပြောရင်း နောင်နောင်၏ လက်မောင်းအိုးတစ်ဖက်ကို သူမလက်ချောင်းများဖြင့် ဆွဲဆိတ်မိတော့သည်။

နောင်နောင်သည် မမနွေးကို လှည့်ကြည့်ရာ တကယ်ပင် မမနွေး မျက်နှာ၌ မချင့်မရဲ ဖြစ်နေသည့်သဏ္ဌာန် တွေ့ရသည်နှင့် သက်ပြင်းတစ်လုံးချကာ ရှေ့တည့်တည့် ပြန်လှည့်ရင်း ပြောသည်။

"ကျွန်တော် ပြောမယ် မမနွေး။ လူတစ်ယောက်ရဲ့အတိတ်ကအကြောင်း သိချင်တယ်၊ အဲ့ဒီသူရဲ့ ပစ္စုပ္ပန်ကို စိတ်ဝင်စားတယ်၊ အနာဂတ်မှာ ဒီလူဟာ ဘယ်လိုတွေ အလားအလာရှိတယ် ဆိုတာမျိုးကို သိချင်တယ် ဆိုတာမျိုးက ကိုယ်နဲ့ အမြဲတွေ့ဆုံနေမဲ့သူ၊ ကိုယ်နဲ့ အမြဲပတ်သက်နေမဲ့ သူမျိုးကိုသာ စုံစမ်းသင့်တာပါ။ အခု မမနွေးနဲ့ ကျွန်တော်တွေ့ဆုံကြတာက ယာယီခရီးသွားခိုက်တင်ဖြ။ ရန်ကုန်လည်း ပြန်ရောက်ရော မမနွေးက ကောင်းကင်ဘုံ ပြန်တက်သွားပြီး ကျွန်တော်က မြေကြီးထဲ လျှိုဝင်သွားမှာ ထပ်ပြီးတွေ့စရာ ပတ်သက်စရာမှ မရှိတာ"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သြော် ... မင်းက ဒီလိုလား"

"ကျွန်တော်က ဒီလိုလား မဟုတ်ဘူး မမနွေး၊ အခြေအနေက အဲဒီလို ဖြစ်နေတာ"

"မင်း ပြောပုံနဲ့ မင်းရဲ့သဘောထားဟာ သိပ်ပြီးစိမ်းလှန်း မနေဘူးလား နောင်နောင်"

"ဟော ... ရှေ့မှ ရေတာရှည်မြို့ပဲ။ ဓာတ်ဆီရှာကြရဦးမယ်လေ"

နွေးနွေး၏ ခေါင်းထဲသို့ တစ်ခု သတိရလာသည်။

"နေဦး တို့မောင်၊ ရေတာရှည်မှာ တို့ရဲ့ကျောင်းအတူနေဖက် သူငယ်ချင်း ကြည်ကြည်လွင် ရှိတယ်၊ ခုမှ ဖြုန်းခနဲ သတိရလာတယ်။ သူက သူ့မြို့မှာပဲ အလုပ်ပြန်ရတယ် ဆိုတော့၊ ရေတာရှည်အထကကျောင်းမှာ ဝင်မေးရင် ရမယ်၊ မြို့ခံ ကြည်ကြည်လွင်နဲ့ဆိုတော့ ဓာတ်ဆီဝယ်ရတာ ရှာရတာ ပိုလွယ်နိုင်တာပေါ့"

"အဲဒီ မကြည်ကြည်လွင်က သူ့မြို့မှာ သူဘာအလုပ် ပြန်ရတာလဲ မမနွေး"

"အက်(စ်)အေတီလေ။ အထက်တန်းပြ ကျောင်းဆရာမ ပေါ့"

"သြော် ... ဒါဆို မမနွေးလည်း ပညာရေးတက္ကသိုလ်က ဘီအီးဒီဘွဲ့ရပြီးသားပေါ့နော်"

"အင်းလေ ... အဲဒါ ဟုတ်သားပဲ။ ကြည်ကြည်လွင်နဲ့ မမနွေးဟာ ဘီအီးဒီဘွဲ့ရကဲ့အထိ ကျောင်းအဆောင်မှာ အတူတူနေ၊ အတူတူတက်ခဲ့ကြတာပဲ။ ကျောင်းပြီးသွား



တော့ ကြည်ကြည်လွင်က ဆရာမ လုပ်တယ်။ မမနွေးက ဘာမှမလုပ်ဘူး၊ အဲဒါ ဘာပြုလဲ၊ မမနွေးက မင်းလို အတိတ်အကြောင်းကို လျှို့လျှို့ဝှက်ဝှက် မလုပ်ပါဘူး။ ဖြစ်ခဲ့တာကို ဖြစ်ခဲ့တဲ့အတိုင်း ပြောပြဖို့ ဝန်မလေးဘူး"

"ဒါတော့ မမနွေးရယ်၊ တကယ့်လူ့ဘဝမှာ မပြောနဲ့၊ ဓာတ်ပွဲထဲမှာတောင် အထက်ဘုံက နတ်တို့၊ သိကြားတို့ ဆင်းလာပြီဆိုရင် ပွဲကြည့်ပရိသတ် မျက်စိမှာ ပြိုးပြိုးပြက်ပြက်နဲ့ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာတွေနဲ့ ပသာဒ အလှကို တွေ့မြင်ကြရတာပါ မမနွေး"

"အဲဒါ ဘာဖြစ်လဲ"

"အဲဒီဓာတ်ပွဲထဲမှာပဲ၊ အောက်ဘုံ ငရဲဘုံကို ပြပြီဆိုရင် ပရိတ်သတ် မျက်စိအမြင်မှာ မဲမဲသဲသဲ ဗိုက်ပူနံကား ရုပ်ဆိုးနံဆိုး ငရဲသားတွေကို မြင်ရတာ အော့နှလုံးနာစရာကြီး မဟုတ်လား"

"အင်းလေ ... အဲဒါ ဘာဖြစ်လဲ"

"သြော် ... မမနွေးရယ်၊ အထက်ဘုံ ရောက်နေမှတော့ ဘာလျှို့ဝှက်စရာ ရှိမှာလဲ၊ လျှို့ဝှက်တယ်၊ ရှုပ်ထွေးတယ် ဆိုတာမျိုးက အောက်ဘုံက သတ္တဝါတွေမှာသာ ရှိတတ်တာပဲဟာ၊ ဟော ... ရေတာရှည်ကျောင်း ဆိုင်းဘုတ်ကြီး တည့်တည့်အောက် ရောက်လာပြီ၊ ကျောင်းက ကတ္တရာလမ်းဘေးမှာကိုး"

နောင်နောင် ကားရပ်လိုက်သည်။ ကျောင်းတက်ချိန်မို့ ကျောင်းဝင်းတံခါးကြီး ပိတ်ထားသည်။ ကားဝင်၍ မရ။

www.burmeseclassic.com

www.burmeseclassic.com



မမနွေး ကားပေါ်မှဆင်းကာ ဘေး လူဝင်လူထွက်တံခါးပေါက်လေးမှ ကျောင်းထဲသို့ ဝင်သွားသည်။

နောင်နောင်သည် မမနွေး ကျောင်းထဲဝင်သွားသော ကျောပိုင်း နောက်ပိုင်းကို မျက်စိတဆုံးပင် လိုက်ကြည့်မိသည်။

ရှေ့ကပဲကြည့်ကြည့် နောက်ကပဲကြည့်၊ ဘယ်ကနေဘယ်လိုကြည့်ပါစေ မမနွေးသည် အမြဲလှနေပါ၏။ ချောနေပါ၏။ ကြော့ရှင်းနေပါ၏။

ပြောလို့သာ ပြောရသည်။ နောင်နောင်သည် မမနွေးကို ရှေ့မှ မျက်နှာချင်းဆိုင် ရဲရဲတင်းတင်းကြီး မကြည့်ရဲပါလေ။

နောင်နောင်သည် သက်ပြင်းကြီးတစ်လုံးကို ရင်မောစွာ မှုတ်ထုတ်၍ ချလိုက်မိတော့သည်။

＊＊＊



## ၈

ဖက်လဲတကင်း ဆိုသည်မှာ ဤမြင်တွင်းမျိုး ဖြစ်ပါ၏။

တစ်ယောက်၏ခါးကို တစ်ယောက်ကဖက်၍ လာကြသည်။ နှစ်ဦးစလုံး၏ မျက်နှာတွင် အပြုံးကိုယ်စီနှင့်ဖြစ်သည်။

"တကယ်ဟယ် … ဝမ်းသာလိုက်တာ မိနွေးရယ်၊ ဘယ်လိုမှမျှော်လင့်မထားပဲ နင် ရောက်လာတယ်"

"သိပ်လည်း ဝမ်းသာမနေနဲ့ မိကြည်၊ ငါ ပြောပြီးပြီကော၊ ငါ့မှာ သွားရမဲ့ ခရီးတန်းလန်းကြီး တိုက်တိုက်ဆိုင်ဆိုင် ဒီမှာလာပြီး ဓာတ်ဆီကုန်တယ်လေ။ အဲဒါ ငါ့အတွက် ဓာတ်ဆီရှာပေးဖို့ နင့်ဆီမှာ အကူအညီ တောင်းချင်လို့"

"ကြည့် … ကောင်မ"

နွေးနွေး ပြောပုံမှာ ကြည်ကြည်လွင် အတွက် အောင့်သက်သက် ဖြစ်စရာကောင်းပါ၏။ သို့သော် ပြောမနာ သိမနာ ရင်းနှီးကြပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားဆီ အရောက်တွင် ကြည်ကြည်လွင်က နောင်နောင် ထိုင်စောင့်နေသည်ကို တွေ့ရသဖြင့် သူ ဘယ်သူလဲ ဟူသော အကြည့်ဖြင့် နွေးနွေးကို ကြည့်သည်။

"တို့မောင်လေ ... နာမည်က နောင်နောင်တဲ့"

"ဟဲ့ ... မိနွေး၊ နင်နဲ့ငါ ကျောင်းမှာ ငါးနှစ်လောက်အတူ နေလာတာ၊ နင့်မှာ မောင်တစ်ယောက်ဖြစ်ဖြစ်၊ အစ်ကို တစ်ယောက်ဖြစ်ဖြစ် ရှိတယ်လို့ တစ်ခါမှ ငါ မကြားမိ မသိမိလိုက်ပါလား မိနွေး"

"အိုကွာ ... မိကြည်ကလည်း"

ဟု ပြောရင်း မမနွေးက မကြည်ကြည်လွင်ကို လက်ကုတ်လိုက်သည်။ သဘောမှာ နောင်နောင့်ရှေ့တွင် ဒီလိုမပြောနဲ့ဟူသော သဘောပင်။ မကြည်ကြည်လွင် နှုတ်ပိတ်သွားသည်။

"ဒီမှာ တို့မောင် ... အဲဒါ မမနွေး ပြောတဲ့ ကျောင်းဆရာမ ကြည်ကြည်လွင်လေ"

မိတ်ဆက်ပေးခြင်းကို နောင်နောင် ပျာပျာသလဲ မရှိ။ ရိုင်းမသွားစေရုံ မော့ကြည့်ပြီး ပြုံးပြလိုက်သည်။ ကြည်ကြည်လွင်က ဆက်ပြောသည်။

"မိနွေးနဲ့တို့ သိပ်ခင်ကြတယ်လေ၊ ဒီတော့ မိနွေးရဲ့မောင် ဆိုရင် မမကြည်ရဲ့ မောင်ပဲပေါ့ကွယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် မမကြည်၊ ဒါပေမဲ့ ကျွန်တော်ဟာ မမနွေးရဲ့မောင် မဟုတ်ပါဘူး၊ ဒီလမ်းနဲ့ ဒီခရီးအတွက် အခကြေးငွေနဲ့ လိုက်မောင်းပေးဖို့ ခေါ်လာတဲ့ ဒရိုင်ဘာ နောင်နောင်ပါ"



"နောင်နောင်"

ဟန့်တားသံဖြင့် နွေးနွေးက ခေါ်လိုက်သည်။

"ဘာလုပ်မလဲ မမနွေး၊ ကျွန်တော့်ကို ဂုဏ်မငယ်စေချင်လို့ မောင်တော်ပါတယ်လို့ ပြောတာကိုက မမနွေးရဲ့ဂုဏ်သိက္ခာကို ထိခိုက်နေပြီပဲ၊ မမကြည်က သံသယစကား ပြောပြီ မဟုတ်လား၊ မမနွေးမှာ မောင်ဖြစ်ဖြစ် အစ်ကိုဖြစ်ဖြစ် ရှိတယ်လို့ တစ်ခါမှ မကြားဖူးဘူးလို့လေ"

ကြည်ကြည်လွင်က နွေးနွေးကို ကြည့်လိုက်သည်။ နွေးနွေးက ရှက်ပြုံးလေး ပြုံးလိုက်ပါ၏။

"ကဲ ... ကားပေါ်တက် မိကြည်။ နောင်နောင်ကတော့ ပြောမနေနဲ့၊ ရှာလေ ရှားလေဆိုတဲ့ ကောင်မျိုးလေး"

ကြည်ကြည်လွင်က ရှေ့ထိုင်ခုံကို ခေါက်ချပြီး နောက်ကူရှင်တွင် ဝင်ထိုင်သည်။ မမနွေးက သူ့နေရာသူ ရှေ့မှာပင်ထိုင်ပြီး နောင်နောင့်ကို မောင်းပေတော့ဟု ပြောသည်။

ကြည်ကြည်လွင်ကပင် နောက်မှနေပြီး တည့်တည့်မောင်း၊ ဘယ်ကွေ့၊ ညာကွေ့ဟု ညွှန်ကြားသည့်အတိုင်း မောင်းခဲ့ရာ ခြံကျယ်နှင့် တစ်ထပ်တိုက်လေးရှေ့ ရောက်လာပြီး ကားရပ်လိုက်သည်။

ဤတစ်ထပ်တိုက်လေးပင် ကြည်ကြည်လွင်၏ နေအိမ်ဖြစ်တော့သည်။

"ကဲ ... ဆင်း မိနွေး"

"ဓာတ်ဆီကကော မိကြည်"

www.burmeseclassic.com



"ဟဲ့ … ဓာတ်ဆီကိစ္စက လွယ်မှတ်လို့၊ ဉ်ဖွဆိုတာနဲ့ မရနိုင်ဘူးလေ။ အိမ်ထဲကျမှ ဖေဖေ့ကို အကျိုးအကြောင်းပြောပြပြီး ဖေဖေက သူ့အပေါင်းအသင်းတွေဆီမှာ သွားရှာကြည့်ရမှာ။ ပိုက်ဆံပေးတိုင်း ရတာမှ မဟုတ်တာ"

နွေးနွေးက သူမ၏လက်ပတ်နာရီကို ကြည့်သည်။

"ဒုက္ခပါပဲ မိကြည်ရယ်၊ ညနေသုံးနာရီတောင် ရှိသွားပြီ"

"အေး … ဖေဖေ ဓာတ်ဆီလိုက်ရှာပေးတာနဲ့ဆိုရင် ညနေစောင်းသွားမှာ သေချာတယ်၊ လျှာမရှည်နဲ့ မိနွေး၊ ဒီည ဒီမှာပဲအိပ်၊ မနက်မှ ဆက်သွား"

"အို … ဟာ … မဖြစ်ဘူး၊ တို့မှာ သိပ်အရေးတကြီး မန္တလေးကိုရောက်ဖို့ လိုနေတာ"

"မိနွေး … နင် ဒုက္ခရောက်သွားမယ်၊ ဘာမှတ်လဲ။ ဓာတ်ဆီရလို့ ညနေစောင်း နင် ဆက်သွားတယ်ထားဦး၊ လယ်ဝေး၊ ပျဉ်းမနားလောက်မှာ မိုးစုန်းစုန်းချုပ်သွားမှာ၊ ဟိုဘက် တပ်ကုန်းတို့ ရမည်းသင်းတို့ ကြားမှာ ညဘက်ဆို လုံးဝစိတ်မချရဘူး။ နင်နော် … နင့်ရုပ်လေး ဒီလောက် လှလှချောချောလေး အတင့်မရဲနဲ့။ ဟွန်း … လမ်းမှာ ဓားပြမယား ဖြစ်သွားမယ်"

"ကြောက်ပါဘူးဟယ်၊ ငါက နင့်လို အပျိုမှ မဟုတ်တာ၊ လင်သေမုဆိုးမပဲဟာ"

မမနွေးက ဓာတ်သိသူငယ်ချင်းအား လွှတ်ခနဲ ပြောလိုက်သော စကားကို ကြားရသော နော်နော်မှာ တွန့်ခနဲ ဖြစ်သွားရပါ၏။ မမနွေးကို ဖျတ်ခနဲ ကြည့်မိသည်။



မမနွေးသည် အပျိုမဟုတ်၊ လင်သေမုဆိုးမ ဆိုပါလား။

"အေး … ဘယ်ဓားပြကမှ နင့်ကို အအိုလား၊ အပျိုလား မေးနေမှာ မဟုတ်ဘူး၊ နင့်ကို မြင်တာနဲ့ ဟွန်း … ငါ မပြောလိုက်ချင်ဘူး၊ ရှေ့မှာ နင့်မောင် ရှိနေလို့"

"ကဲပါ မိကြည်ရယ်၊ ဓာတ်ဆီသာ မြန်မြန်ရှာပေးပါ၊ ဓာတ်ဆီရတဲ့အချိန်ကို ငါ ကြည့်မယ်၊ အချိန်မီသေးရင် ငါ ဆက်သွားချင်တယ်ဟယ်၊ ငါ့ကို ကူညီပါ၊ ခွင့်လွှတ်ပါ"

နော်နော်က မမနွေးကို ဆက်လက်သွားရေးကိစ္စကို ပြောချင်သည်။ သို့သော် … မကြည်ကြည်လွင် ရှေ့တွင် မပြောသင့်ဟု ယူဆပြီး ဘာမျှဝင်မပြောဘဲ နေလိုက်သည်။

ထိုစဉ်မှာပင် တိုက်အိမ်ထဲမှ အမျိုးသမီးကြီး သံဘာဂျာတံခါးကို ဆွဲဖွင့်ကာ ကားထဲသို့ ကြည့်လိုက်သည်။ ကြည်ကြည်လွင်၏မိခင်ပင် ဖြစ်ပါ၏။

"ဒီမှာ မေမေရေ … မိနွေး လာတယ်လေ။ သမီးတို့ဆီကို တည့်တည့်မတ်မတ်ကြီး လာတာတော့ မဟုတ်ဘူး မေမေရေ့၊ မန္တလေးကို သွားတာ လမ်းမှာ ဓာတ်ဆီကုန်လို့ သမီးတို့ဆီ ဝင်လာတာတဲ့"

"ဟယ် … နွေးနွေး လာတယ်လား"

ကြည်ကြည်လွင်၏မိခင် လေ့ကားထစ်မှ အူယားလျားလျား ဆင်းပြီး ကားထဲငုံ့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com


"လာ … လာ … နွေးနွေး၊ အန်တီကို သမီးကြည်ကြည်က ပြောပြလို့ သတင်းကြားရတာ စိတ်မကောင်းကြပါဘူးကွယ်၊ ဘယ့်နှယ် … အခုပဲ လက်ထပ်၊ အခုပဲ ကိုယ့်ယောကျ်ား သေရတယ်လို့"

"အို … မေမေကလည်း ဘာတွေပြောမှန်း မသိဘူး၊ ခရီး ရောက်မဆိုက်ကြီး"

"အေး … ဟုတ်သားပဲ။ လာ … လာ … အိမ်မှာနားနား နေနေ အပန်းဖြေဦး … ဆင်း … ဆင်း"

ကြည်ကြည်လွင့် မေမေကပင် ကားတံခါး ဖွင့်ပေးသည်။ မမနွေးနှင့် ကြည်ကြည်လွင်တို့ ကားပေါ်မှ ဆင်းကြသည်။

"လာလေ … တို့မောင်"

ကြည်ကြည်လွင်နှင့် မမနွေးက ကြည်ကြည်လွင်၏ မိခင်လက်တွဲပြီး အိမ်ထဲသို့ ခေါ်ရာသို့ လိုက်ပါမည်ပြုရင်း နွေးနွေးက လက်ဆွဲခေါ်တန်းလန်းကြီးမှ လှည့်ကာ နောင်နောင့်ကို ဆင်းဖို့ခေါ်ပေသည်။

"ရတယ် မမနွေး၊ ကျွန်တော် ကားပေါ်မှာပဲ ထိုင်နေမယ်"

"အိုကွာ … မဟုတ်မဟုတ်၊ တစ်လမ်းလုံး ကားမောင်းရတာရော၊ ကားတွန်းရတာရော၊ ငြီးစီစီပင်ပန်းနေမှာ၊ ခဏနားပြီး ရေမိုးချိုးလိုက်မှ ဖရက်(ရှ်)ဖြစ်သွားမှာပေါ့။ ကဲ … ဆင်းစမ်းကွာ၊ မမနွေးက ပြောစကား နားမထောင်တဲ့ ကလေးဆို သိပ်ရိုက်ချင်ဘာ"

မကြည်ကြည်လွင် မနေသာပါလေတော့။ သူတို့ ကျောင်းမှာ ဘော်ဒါဆောင် အတူနေစဉ်ကတည်းက မမနွေးအား ကြည်ကြည်လွင်က လိုက်လျောစွာ ပေါင်းခဲ့ပြီး မမနွေး၏ သဘောခံ ဖြစ်ခဲ့ဟန်တူပါ၏။

မမနွေး ကိုယ်တိုင်က အရေးတယူ ခေါ်နေလေတော့ နောင်နောင့်အဖို့ အရှင်မြင့်၊ ကျွန်တင့် ဖြစ်ရသည်ထင်ပါ့။ ကြည်ကြည်လွင်ကလည်း မနေသာတော့ပဲ …

"ဟုတ်သားပဲ နောင်နောင်၊ အိမ်ပေါ်မှာ အနားယူပြီးမှ အနေခက်ရင် အောက်ပြန်ဆင်းချင် ဆင်းနေပေါ့ကွာ"

"ကျွန်တော် ကားထဲမှာပဲ နေခဲ့ပါ့မယ် မမကြည်။ ကျွန်တော်က ဝပ်ရှော့သမားဆိုတော့ တူပေတာပေ နေနေကျ အကျင့်ရပြီးသားပါ၊ ပင်ပန်းတာတို့၊ အနားယူတာမျိုးတို့ မရှိပါဘူး၊ အဲ … တစ်ခုပဲရှိတယ်၊ ကျွန်တော် အခုဗိုက် သိပ်ဆာနေတယ် မမကြည်"

"အေး … အေး … ရတယ် … ရတယ် … အခုပဲ နောင်နောင့်ဖို့ ကော်ဖီနဲ့မုန့် ပို့ပေးမယ်။ ကဲ … လာ မိနွေး၊ တို့ အပေါ်တက်စို့"

နွေးနွေးသည် ကြည်ကြည်လွင် ဆွဲခေါ်ရာ ပါသွားရင်းက နောက်ဆံတတင်းတင်း နောင်နောင့်ကို လှည့်ကြည့်လှည့်ကြည့် ဖြစ်သွားသေးသည်။

နောင်နောင်သည့် ကားထဲမှာပင် ခြေကိုရှေ့ဆန့်၊ ခေါင်းကိုရှင်ကိုမှီချ၊ ခေါင်းမွေးကာ မျက်စိပိတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

လင်သေမှုဆိုးမတဲ့။

အခုပဲလက်ထပ် အခုပဲ သေဆိုးတယ်တဲ့။

မမန္တေးသည် ဘယ်လိုမမန္တေးနည်း။ မမန္တေးတွင် ဘယ်လိုက ဘာတွေဖြစ်ခဲ့ပေသနည်း။

မမန္တေး နောက်တွင် လူဖော် လူမော် ဆိုသည့် အန္တရာယ်နှစ်ကောင်ကလည်း လိုက်နေသေးသည်။ လူဖော် လူမော်တွင် ဆရာကြီး ဆိုသူကလည်း ရှိသေးသည်ဟု ပြောသည်။

လူဖော် လူမော်၏ ဆရာကြီးဆိုသူသည် အဘယ်သူနည်း။ အဲဒီ ဆရာကြီးဆိုသူကကော တပည့်နှစ်ယောက် လူဖော် လူမော်ကို မမန္တေး နောက်သို့ အစဥ်တစိုက် လိုက်ခိုင်းထားပေသနည်း။

စတင်တွေ့ဆုံခဲ့သော နတ်မောက်လမ်းတွင် ညကြီးမိုးချုပ် မော်တော်ကားမပါ၊ ဘာမပါနှင့် မမန္တေးသည် အဝတ်နက်တွေဝတ်ကာ အဘယ်ကြောင့် ရောက်ရှိနေသနည်း။

ဘာမှန်းကိုမသိ၊ ရှုပ်လိုက်ပါဘိ။

ဘယ်လိုပင် မမန္တေးတွင် ဇာတ်လမ်းတွေ ရှုပ်ရှုပ်နောင်နောင်က မမန္တေး အပေါ် အထင်သေးခြင်း လုံးဝမဖြစ်သည့်အပြင် ကရုဏာစိတ်များ၊ အကြင်နာစိတ်များ အလိုလို ပို၍ ပို၍ပင် ဖြစ်လာရသည်။

မမန္တေးတွင် ပြဿနာတွေ ရှိသည်ကတော့ သေချာနေသည်။

သို့သော် ... မမန္တေးဂွာ လော်လီဖောက်ပြား၍ ဖြစ်လာရသော ပြဿနာမျိုးတော့ လုံးဝမဖြစ်နိုင်။ အကြောင်းတစ်ခုခုကသာလျှင် မမန္တေးအား ပြဿနာထဲသို့ မဝင်ဘဲမရအောင် ဖန်တီးလာခြင်းမျိုးသာ ဖြစ်ရပေမည်။

ဪ ... ဘယ်လိုအကြောင်းတွေကများ မမန္တေးကို ပြဿနာတွေ ဖြစ်စေလာပါလိမ့် မမန္တေးရယ် ... ... မမန္တေးရယ်။

* * *


www.burmeseclassic.com

www.burmeseclassic.com

# ( ၉ )

နောင့်နောင့်ကို မောင်းစေပြီး ကြည်ကြည်လွင်၏ မေမေကိုယ်တိုင် ခတ်ဆီရှာဝယ်ဖို့ ထွက်ခဲ့ကြသည်။

နွေးနွေးက သူမ၏ ပိုက်ဆံအိတ်တစ်အိတ်လုံး နောင်နောင့် လက်သို့ ပေးအပ်လိုက်သည်။

"ဘယ်ဈေးပေးရပေးရ၊ ကားတိုင်ကီ ဆန့်သလောက်ထည့်ပါ တို့မောင်၊ အပိုပုံးနဲ့လည်း ဝယ်လာခဲ့ပါ"

မမနွေး အိတ်ထဲတွင် ရာတန်တွေ အထပ်လိုက် ပါချေမည်။ မမနွေး ကိုင်ဆောင်နေကျ သေနတ်လည်း ပါပေမည်။

မိမိအပေါ် မမနွေးက လုံးဝဥသုံကြီး ယုံကြည်လွန်းသည်ကိုပင် နောင်နောင် အံ့သြရပါ၏။ သို့တစေ မမနွေးက မိမိအား လုံးဝဥသုံ ယုံကြည်သည်ကို နောင်နောင့် ရင်ထဲတွင် ကျေနပ်မှုတစ်မျိုး ခံစားရပေသည်။

အိမ်တွင်ကျန်ခဲ့သော နွေးနွေးနှင့် ကြည်ကြည်လွင်သည် အတူရေချိုး၊ အတူသနပ်ခါးလိမ်း၊ တစ်ပတ်ရစ် အဝတ်တို့



ကို အသစ်လဲဝတ်ကာ လက်တွဲပြီး ဧည့်ခန်းထဲ လာကြသည်။ ဧည့်ခန်းထောင့်တွင် တယ်လီဖုန်းလေး လှပစွာရှိနေသည်ကို နွေးနွေး သတိထား မြင်မိပါ၏။

နှစ်ဦးသား ဧည့်ခန်းဆက်တီ ကုလားထိုင်တွင် ထိုင်ကြသည်။

"ကဲ … မိနွေး၊ ပြောစမ်းပါဦး၊ နင့်ဟာက ဘယ်လိုတွေ ဖြစ်လာတာလဲ၊ ငါတို့သူငယ်ချင်းတွေ အားလုံး အံ့သြနေကြတယ် …

သတင်းစာမှာ နင် လက်ထပ်ပြီးစီးခြင်း ကြော်ငြာ ဒီနေ့ပါပြီး၊ နောက်တစ်နေ့သတင်းစာမှာ နင့်ယောကျာ်း ကွယ်လွန်အနိစ္စရောက်ခြင်း ပါလာတယ်"

"အဲဒါတွေ ငါ မပြောချင်ဘူး မိကြည်၊ ပြောရမှာက ရှည်လျားလွန်းလို့"

"ငါ နားလည်ပါတယ် မိနွေး၊ ပူပူနွေးနွေး ဖြစ်နေသေးတဲ့ အချိန်မှာ ဒီဟာတွေ မမေးသင့်ဘူးလို့၊ ဒါပေမဲ့ … အခု နင့်ကို ငါ ကြည့်ရတာ ကိုသက်ဇင် သေဆုံးသွားတဲ့အတွက် သိပ်ပူပူလောင်လောင် ဆွေးဆွေးမြည့်မြည့် ပုံစံမျိုး နင့်မှာ မရှိလှဘူးလားလို့"

"အင်း … ကိုသက်ဇင်ကို ငါ မချစ်ပေမဲ့ မမုန်းပါဘူး မိကြည်။ ကိုသက်ဇင် ရုတ်တရက် သေဆုံးသွားတဲ့အတွက် ချစ်သူကို တမ်းတပူဆွေးတာမျိုး ငါ့မှာ မခံစားရပေမဲ့ မိတ်ဆွေတစ်ယောက် သေဆုံးသွားလို့ ခံစားရတာမျိုး လောက်တော့ ငါ ခံစားရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မိနွေး ... ကျောင်းမှာ အတူနေကြတုန်းကတည်းက နင့်ကို လာချဉ်းကပ်တဲ့သူတွေ အားလုံးကို ငါတို့သိနေတာပဲ၊ အဲဒီအထဲမှာ 'ကိုသက်ဇင်' ဆိုတဲ့သူ မပါပါဘူး၊ ကျောင်းက ထွက်ကြပြီး ငါတို့နဲ့ ကွဲသွားပြီးမှ အဲဒီ ကိုသက်ဇင်ကို နင် တွေ့တာလား မိနွေး"

"ငါနဲ့ 'ကိုသက်ဇင်' တွေ့ကြတာ မဟုတ်ဘူး မိကြည်။ ငါ့မိဘတွေနဲ့ ကိုသက်ဇင် တွေ့တာ။ ကိုသက်ဇင်ရဲ့မိဘတွေနဲ့ ငါ့မိဘတွေဟာ ခင်မင်သူတွေ ဖြစ်ခဲ့ဖူးကြတယ်လေ။ တိုတိုပြောရရင် မိဘချင်း သဘောတူတယ်၊ ကိုသက်ဇင် ကိုယ်တိုင်က ငါ့ကို လိုချင်တယ်၊ အဲဒါနဲ့ပဲ လက်ထပ်ဖြစ်သွားတာ"

"ဟွန်း ... နင် ပြောပုံက ပေါ့ပျက်ပျက် နိုင်လိုက်တာ မိနွေးရယ်"

"ဘယ့်နယ်လုပ်မလဲ မိကြည်၊ ငါတို့ အသက်ဟာ အခုဆို အသက်နှစ်ဆယ်ရှစ်ကျော်လို့ နှစ်ဆယ့်ကိုးထဲ ဝင်နေပြီ။ ဒါပေမဲ့ ငါတို့မှာ ကိုယ့်ရင်ထဲက ချစ်သူ မရှိဘူး"

"ဒါတော့ နင်က ဘယ်သူ့ကိုမှ မချစ်ခဲ့တာကိုး မိနွေး နင့်ကို ချစ်တဲ့သူတွေ လက်ထပ်ချင်သူတွေဟာ မျဉ်းကြောင်းပါတဲ့ ဗလာစာအုပ် စာမျက်နှာမှာ နှစ်ဖက်မျဉ်းကြောင်းတွေမှာ ရေးရင် လောက်တောင်မလောက်အောင် ရှိခဲ့တာပဲ၊ ဒီအထဲကမှ ချစ်သူတစ်ယောက် ဖြစ်မလာတာကိုးဟဲ့"

"ချစ်တယ် ဆိုတာက ရင်ထဲက သူ့အလိုလို ဖြစ်ပေါ်လာရတဲ့ နှလုံးသားကိစ္စပါဟာ။ ငါ ကံဆိုးတယ်ပဲ ပြောရ



လား မသိဘူး၊ ခုချိန်ထိ ငါ့ရင်ထဲက ချစ်တဲ့သူ မဆုံစည်းမိသေးဘူး၊ ဒီတော့လည်း မိဘတွေစိတ်ကြိုက် လုပ်ပေတော့လို့ လွှတ်ပေးလိုက်တာပဲ မိကြည်။ မိဘကလည်း သဘောတူတယ်၊ ကိုသက်ဇင်ကလည်း ငြင်းစရာမရှိဘူး၊ ငါကလည်း တစ်သက်လုံး အပျိုကြီးလုပ်မှာ မဟုတ်တော့ လက်ထပ်ဖြစ်သွားတာပဲ"

"အေးဟယ်နော် ... နင် ဆုံးဖြတ်တာ မမှားပါဘူး၊ ဒါပေမဲ့ နင် ကံမကောင်းဘူးပေါ့ဟယ်။ ဒီနေ့လက်ထပ်ပြီး နောက်တစ်နေ့ ကိုသက်ဇင် သေရတယ်လို့၊ နင့်မှာ တစ်ရက်သာ ပေါင်းလိုက်ရပြီး မုဆိုးမ ဖြစ်သွားရတယ်လို့"

နွေးနွေးက ပြုံးလိုက်သည်။

"နင် ယုံချင်မှယုံ မိကြည်။ ငါ လက်ထပ်ပေမဲ့ အပျိုရည်မပျက်ခဲ့ဘူး"

"ဟင် ... တကယ်"

"မယုံရင် ပုံပြင်ပေါ့ မိကြည်။ ငါ အဖြစ်မှန်ကို ပြောပြလည်း ဘယ်သူမှ ယုံမှာမဟုတ်ဘူး၊ နင့်ကိုတော့ ငါ သူငယ်ချင်းအရင်းခေါက်ခေါက်မို့ ဖြစ်ရပ်မှန်ကို ငါပြောမယ်။ ငါနဲ့ ကိုသက်ဇင်ဟာ အိမ်မှာပဲ တရားသူကြီးခေါ်ပြီး တရားဝင် လက်ထပ်တယ်။ မွန်းလွဲတစ်နာရီနဲ့သုံးနာရီမှာ အင်းယားကန်ဟိုတယ်မှာ မင်္ဂလာဧည့်ခံပွဲ ကျင်းပတယ်။ မနက်ပိုင်း လက်ထပ်ပြီးတာနဲ့ မင်္ဂလာဧည့်ခံပွဲအတွက် သတို့သမီးအဖြစ် ငါ့မှာ ဖြီးရလိမ်းရ ပြင်ရဆင်ရနဲ့ ကိုသက်ဇင် ငါ့အနား မကပ်နိုင်ဘူး။ အဲဒီနေ့ဘော် မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံပွဲ သွားရတယ်။ မင်္ဂလာဧည့်ခံပွဲလည်းပြီးရော ကိုသက်ဇင်ကို သူ့သူငယ်ချင်းတွေက အရက်ဝိုင်းပေးဖို့ အတင်းခေါ်သွားကြတယ်။ သောက်ကြစားကြနဲ့ အပြင်မှာ ကိုသက်ဇင် အရက်မူးကားမောင်းလို့ ကားမှောက်တယ်။ ဆေးရုံရောက်သွားတယ်။ ဆေးရုံကို ငါလိုက်သွားတော့ ကိုသက်ဇင်ကို အသက်မီရုံလေးပဲ တွေ့လိုက်ရတယ်၊ နာရီဝက်အတွင်း ကိုသက်ဇင် သေဆုံးသွားတာပဲ မကြည်"

"ဟယ် ... ကိုသက်ဇင်ကို ငါ သနားလိုက်တာ၊ နင့်ကိုလည်း သနားလိုက်တာပါပဲဟယ်။ နင့်မှာက ဘာမှမဘာလိုက်ရပဲနဲ့ အခြောက်တိုက် မုဆိုးမ ဖြစ်သွားရတာပေါ့နော်"

"ငါ့အဖို့ ဒါကို ဒီလောက် ရေးကြီးခွင်ကျယ် မထားဘူး မိကြည်။ လက်ထပ်ဖို့ ခေါင်းညိတ်ကတည်းက ကိုယ်လုပ်ချင်လို့ လုပ်တာမှ မဟုတ်တာ၊ လုပ်သင့်တာကိုသာ လုပ်လိုက်တာ၊ အင်းလေ ... ဘာပဲပြောပြော၊ ကိုသက်ဇင်ခမျာ အခုလို ရုတ်တရက် သေသွားရှာတာကိုတော့ ငါ စိတ်မကောင်း ဖြစ်မိပါတယ်။ ပြီးတော့ မကျေမနပ်လည်း ဖြစ်လိုက်မိတယ်"

"စိတ်မကောင်းဖြစ်တယ် ဆိုတာကတော့ ဟုတ်ပါပြီ မကျေမနပ်ဖြစ်တယ် ဆိုတာက ဘာလို့လဲ"

"ကိုသက်ဇင် သေသွားတာဟာ ရိုးရိုးသားသား အရက်မူးကားမှောက်လို့ သေရတာဆို ဟုတ်မှဟုတ်ရဲ့လားလို့ မကျေနပ်တာပါ"



"ဟယ် ... နင့်ဟာက ..."

"ကဲ ... မိကြည်၊ ငါ့ကိစ္စက ဘိုင်ဂွန်းဘီ ဘိုင်ဂွန်း ထားလိုက်တော့။ ဖြစ်ပြီးသွားတာ ပြီးပြီလေ၊ နောက်ထပ်တော့ မိဘက သဘောတူလို့ ထပ်ပေးစားလည်း နိမ်းပေးပဲ။ ငါ့ကိုယ်တိုင်မှာလည်း ချစ်သူမရှိဘူး၊ ချစ်သူရှိရင်တောင် ငါ တစ်သက်လုံး ဘယ်သူ့ကိုမှ ထပ်ပြီးလက်မထပ်တော့ဘူးပဲ။ ကဲ ... နင်နဲ့ တွေ့တုန်းတွေ့ခိုက် နင့်အကြောင်းလည်း ငါ့ကို ပြန်ပြောပြစမ်း မကြည်။ ကျောင်းတုန်းကလိုပေါ့၊ စုမိကြရင် ဘယ်အမျိုးသားက ငါတို့ကို ဘယ်လိုယိတယ်ဆိုတာတွေ ပြောပြီး ဟားကြသလိုပေါ့ဟာ"

"အဲဒါမျိုးတွေ ကျောင်းပြီးကတည်းက မရှိတော့ပါဘူးဟာ။ ငါက ကျောင်းဆရာမ ဖြစ်လာတော့ ကိုယ့်သိက္ခာကိုယ်ထိန်းနေရတယ် မဟုတ်လား။ ဟားစရာမရှိသလောက်ဖြစ်သွားပြီ မိနွေး"

"ဟားစရာ မရှိလည်း အတည်အတံ့လေးတွေတော့ ရှိမှာပေါ့ဟယ်၊ ဒီမြို့မှာ နင့်မိဘဂုဏ်ရော နင့်ဂုဏ်ရော နင့်ရုပ်ရည်ရော နည်းတာမှ မဟုတ်တာ။ ပျားပိတုန်းတော့ ရှိနေမှာပေါ့"

ကြည်ကြည်လွင်က ကျောင်းမှာတုန်းက ဟားခဲ့သည်ကို သတိတရ ပြုံးလိုက်သေးသည်။ ပြီးမှ ...

"အဲဒါမျိုးလောက်တော့ ငါ့မှာရှိတယ်ပေါ့ မိနွေးရာ။ ဥပမာဆိုကြပါစို့ ... ပထမဆုံး တောင်ငူက သစ်စက်သူဌေးသားရဲ့မိဘတွေက ငါ့မိဘကို စကားကမ်းလှမ်းတာမျိုးပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို နင်က ကန့်ကွက်ခဲ့လိုက်တာလား မိကြည်"

"အင်းပေါ့ … နောက် မိဘသိပ်ချမ်းသာတဲ့ တစ်ဦးတည်း သောသားတော့ မှန်ရဲ့၊ ဒါပေမဲ့ ရုစ်တန်းအောင်ရုံပဲရှိတယ်၊ အဲ … သူ့မိဘရဲ့ သစ်စက်လုပ်ငန်းမှာတော့ သူက ခေါင်း ဆောင်ပေါ့လေ။ ဒါမျိုးကျတော့ ဘာလုပ်မလဲ မိနွေး။ ငွေကြေးချမ်းသာတာက တခြားပဲ။ လူနှစ်ယောက် ပေါင်း စပ်တဲ့နေရာမှာ ပညာအရည်အချင်းခြင်း သိပ်ကွာဟနေရင် အတွေးအခေါ်မှာရော အယူအဆမှာရော ဓလေ့စရိုက်မှာ ရော တစ်ယောက်နဲ့တစ်ယောက် သိပ်ကွာဟနိုင်တယ် မဟုတ်လား"

"အေး … ဒါတော့ ဟုတ်တယ်၊ ဒါဆို ဒုတိယကို ဆက် ပြော"

"ဒုတိယကတော့ ဒီရေတာရှည်မြို့ကပါပဲ။ သူမိဘတွေက ဆီစက်နဲ့ ဆန်စက်ပိုင်တယ်၊ ချမ်းသာတဲ့ လူတန်းစားပဲ။ အဲဒီအမျိုးသားက မန္တလေးတက္ကသိုလ်က ဓာတုဗေဒနဲ့ ဘီအက်(စ်)စီတွဲ ရပြီးသား။ ရုပ်ကလည်း ရုပ်ချောပဲ"

"ဘယ်ဆိုးလို့လဲဟဲ့"

"ဆိုးတယ် မိနွေးရေ့။ မိဘချမ်းသာ၊ ပညာတတ်တွဲ ရုပ်ချောဆိုတဲ့ပြုရုပ်နဲ့ မိန်းမကိစ္စမှာ တော်တော်ရှုပ်တယ် လို့ သတင်းကြီးတယ်။ စက်ထဲက အရွယ်ကောင်း ရုပ်ချော အလုပ်သမလေးတွေကိုလည်း ဖျက်ဆီးတယ်လို့ သတင်း မွေးရဲ့"



"ဟွန်း … ရှိစေရာ၊ အဲဒါ သတင်းမွေးတာ မဟုတ်ဘူးဟဲ့၊ သတင်းပုပ်ကြီး … နံတာ"

"အေးလေ … ပြီးခဲ့တဲ့နှစ်က ဒီရေတာရှည်ကပဲ ကြေးရေ တတ် အမျိုးသမီးတစ်ယောက်နဲ့ စေ့စပ်သေးတယ်။ စေ့စပ် ကြောင်းလမ်းပြီးမှ အမျိုးသမီးဘက်က ပြန်ဖျက်သိမ်းလိုက် တယ်။ ဒီတော့ … ဒီလိုအမျိုးသားကို ငါက ဘယ်လက်ခံ နိုင်မလဲ၊ ကျောင်းဟောပေါ့ မိနွေး"

"ဒါလည်း နင် မှန်တာပဲ၊ ကဲ … ဒါဆို တတိယအကြောင်း ဆက်ပြော"

ကြည်ကြည်လွင်က တတိယအကြောင်း ဆက်မပြော ဘဲ သူ့အိမ်က သူ့ဧည့်ခန်းကိုမှင် မမြင်ဖူးသူပမာ ဟိုကြည့်ဒီကြည့် တွေ လုပ်နေသည်။

အကင်းပါးသော နွေးနွေးက မိကြည်သည် တတိယ အကြောင်းကို ပြောရကောင်းမလား၊ မပြောရကောင်းမလားဟု တွေဝေနေမှန်း ချက်ချင်းရိပ်မိသည်။

"ပြောစမ်း မိကြည်၊ အခု တတိယမြောက်မှာတော့ နင် ဘာလို့ ပြောမထွက် ဖြစ်နေတာလဲ၊ ပြော … ပြော"

"ဒီလိုဟဲ့ မိနွေးရဲ့။ အဲဒီလူကျတော့ ငါ့ဖေဖေနဲ့ မေမေတောင် မတွေ့ဖူးသေးဘူး။ တို့ကျောင်းက ကျောင်းအုပ်ဆရာမကြီး ရဲ့ ဘုရားကိုးဆူပွဲမှာ သူနဲ့ငါ စပြီးတွေ့ဖူးတာ။ အဲဒီနောက် သူက ငါ့ကို တိုက်ရိုက်ကြီး ချဉ်းကပ်တာ၊ တိုက်ရိုက် ချဉ်းကပ်မှာပေါ့လေ၊ သူ့မိဘတွေက ဒီမြို့ကမှ မဟုတ်တာ၊ သူက တာဝန်နဲ့ ဒီကိုရောက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ ... ဟဲ ... ကောင်မ မိကြည်၊ အဲဒီ 'သူ'ကျတော့ နင် ရင်ခုန်တယ် ထင်တယ်။ ငါ့ကိုတော့ မကွယ်ဝှက်နဲ့နော်၊ ပြောစမ်း ... ဆက်ပြောပြစမ်း"

ကြည်ကြည်လွင် သက်ပြင်းချကာ တိုးတိုးညင်ညင်လေး ဆက်ပြောပြသည်။

"သူက လူတော်လူကောင်း တစ်ယောက်မှန်း ငါ အကဲခတ်ပြီးသားပါ။ ဒါပေမဲ့ သူက ငါ့ထက်အသက်သုံးနှစ်သာသာ ပိုငယ်နေတယ်။ ငါ့အသက်က နင်နဲ့ရွယ်တူ၊ နှစ်ဆယ့်ကိုး မဟုတ်လား၊ သူက နှစ်ဆယ့်ခြောက်ထဲမှာ"

ဘာလိုမှန်းရယ်တော့ မသိ။ နွေးနွေး မျက်စိထဲတွင် သူ့ထက် အသက်လေးနှစ် ပိုငယ်သော နောင်နောင့်ကို မြင်ယောင်လိုက်မိသဖြင့် ငိုင်သွားသည်။ ကြည်ကြည်လွင် စိတ်ပါလက်ပါပင် ဆက်ပြောနေပါ၏။

"သူ့မိဘတွေက ကုန်သည်မျိုးရိုးတွေတဲ့။ မော်လမြိုင်မှာနေပြီး ဒူးယင်းခြံတွေ၊ ရော်ဘာခြံတွေ ပိုင်တယ်တဲ့၊ သူက တစ်ဦးတည်းသော သားတဲ့။ သူက ကုန်သည်လုပ်ငန်းကို စိတ်မဝင်စားဘူးတဲ့။ သူ မော်လမြိုင်ဒီဂရီကောလိပ်က ဘီအက်(စ်)စီဘွဲ့ ရခဲ့ပြီးပြီတဲ့။ ဒါကြောင့် သူဝါသနာအလျောက် ရဲအဖွဲ့ကို ဝင်ခဲ့တာတဲ့။ ဖောင်ကြီးသင်တန်းတက်ပြီးတဲ့နောက် ရဲအုပ်ရာထူးနဲ့ တာဝန်ကျရာ မြို့တွေမှာထမ်းဆောင်ခဲ့တယ်တဲ့။ အခု မကြာသေးခင်ကမှ မြို့လှမှာ စခန်းမှူးတာဝန် ထမ်းဆောင်ဖို့ အမိန့်အရ ပြောင်းလာတာတဲ့"



"ဘာ ... ဘာ ... ဘာ ... မြို့လှ စခန်းမှူး၊ ဟုတ်လား"

နွေးနွေးက ချက်ချင်း ပြူးပြူးပျာပျာဖြင့် ကောက်မေးလိုက်သည်။

"အင်းလေ"

"အသက်က နှစ်ဆယ့်ခြောက် ဟုတ်လား"

"အင်းလေ"

"သူက မော်လမြိုင်က ... မော်လမြိုင်ဒီဂရီကောလိပ်က ဘီအက်(စ်)စီဘွဲ့ရပြီး ... ဟုတ်လား"

"အင်းလေ ... နင် ဘာဖြစ်သွားတာလဲ မိနွေး၊ နင့်ပုံစံနဲ့ နင့်မျက်နှာက ချက်ချင်း မြွေခြောက်အကိုက်ခံသလို ဖြစ်သွားတာ"

"သူ့နာမည် ဘယ်သူတဲ့လဲ မိကြည်"

"ကိုအောင်မျိုးလှိုင်တဲ့"

ဒါဆိုလျှင် စောစောက ခာတ်ဆီတစ်ဂါလန် ပေးသွားသော ရဲအရာရှိပင် ဖြစ်ရမည်။ ထိုရဲအရာရှိသည် နောင်နောင့်ကို တွေ့သည်နှင့် ဟော့ကောင် ... နောင်နောင်ဟု နှုတ်ဆက်သည်။ အင်မတန် ရင်းနှီးသော ငယ်ပေါင်းသူငယ်ချင်းလို ဆက်ဆံလိုက်သည်ကို ချက်ချင်း နွေးနွေး သတိရလိုက်သည်။

"ဒီမယ် ... မိကြည်"

"နင် ဘယ်လိုဖြစ်တာလဲ မိနွေး၊ ပြူးတူးပြဲတဲနဲ့"

"နင်တို့မှာ မော်တော်ကား ရှိတယ်မဟုတ်လား"

"ရှိသားပဲ၊ ဖေဖေ စီးနေတဲ့ ဘောက်(စ်)ဝက်ဂွန်လိပ်ခုံးကား"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို နင်နဲ့ငါ မြို့လုရဲ့စခန်းသွားပြီး နင့်ကိုအောင်မျိုးလှိုင်နဲ့ သွားတွေ့ကြရအောင်"

"ဟာ ... မဟုတ်တာ၊ သူနဲ့ငါ ခုချိန်ထိ ဘာမှမဘာကြသေးဘူး မိန္ဒေး။ ငါက ဆိုင်းဆိုင်းနေသေးတဲ့ အဆင့်ပဲ ရှိသေးတယ်။ နောက်ပြီး ဒီကိစ္စကို ဖေဖေနဲ့မေမေ လုံးဝ မသိသေးဘူး။ သူ့ဆီ ငါလိုက်သွားရင် ငါ့သိက္ခာ အများကြီး ဒေါင်းသွားမှာပေါ့"

ကြည်ကြည်လွင် ဘက်က တွေးကြည့်လျှင် မှန်ကန်နေပေသည်။ နွေးနွေးသည် ချက်ချင်း တယ်လီဖုန်းဆီ မျက်စိရောက်သွားပြန်သည်။

"ဒါဆို ... နင် သူ့ဆီကို ဖုန်းဆက်ရင်ကောရမလား မိကြည်"

"ဒါတော့ ရတယ်၊ သူ့စခန်းမှာ ဖုန်းရှိတာပဲ"

"ဒါဖြင့် ဖုန်းဆက်ပေးပါလားဟာ"

ကြည်ကြည်လွင်သည် ဘာမျှ နားမလည်သော အကြည့်ဖြင့် နွေးနွေးကို အံ့သြစွာ ကြည့်နေမိသည်။

"ငါတော့ နင့်ကို ဘယ်လိုမှ နားမလည်တော့ဘူး မိန္ဒေး၊ ကဲ ... ပြော ... ကိုအောင်မျိုးလှိုင်ဆီကို ဖုန်းဆက်ပြီး နင်က ဘာတွေ ပြောချင်တာလဲ။ ကိုအောင်မျိုးလှိုင်နဲ့နင် ဘယ်တုန်းက ပတ်သက်ခဲ့ဖူးလို့လဲ"

နွေးနွေးက စိတ်အားထက်သန်စွာနှင့်ပင် လမ်း၌ ဓာတ်ဆီကုန်စဉ်က ကိုအောင်မျိုးလှိုင် ရောက်လာပြီး နောင်နောင့်ကို တွေ့သည်နှင့် ဖြစ်ခဲ့သမျှ အကြောင်းတွေကို အားလုံးပြောပြလိုက်သည်။



"ဟင် ... ဒါဆို နင့် နောင်နောင်နဲ့ ကိုအောင်မျိုးလှိုင်ဟာ ငယ်သူငယ်ချင်း တစ်မြို့တည်းသားတွေများ ဖြစ်နေမလား မိန္ဒေးရယ်"

"အဲဒါကိုပဲ ငါ သိပ်သိချင်နေတာလေ"

"နေပါဦး ... အဲဒီ နောင်နောင်ရဲ့ အကြောင်းကို နင်က ဘာလို့ ဒီလောက်ကြီး သိချင်တာလဲ"

နွေးနွေး ငိုင်သွားပါ၏။ မိကြည်၏ မေးခွန်းကို ဘယ်လိုပြန်ဖြေရမှန်း မသိ။

"ဟုတ်တယ် မကြည်။ ငါလည်း ငါ့ကိုယ်ငါ အဲဒီလိုပြန်ပေးမိတာ ခဏ ခဏ ရှိသွားပြီ။ ဘာလို့များ ငါက ဒီ ချာတိတ် နောင်နောင့် အကြောင်းကို အငမ်းမရ သိချင်နေရတာလဲလို့လေ။ ဒါပေမဲ့ ငါ့ဟာငါတော့ အဖြေမထွက်သေးဘူး၊ တကယ်ပြောတာ"

"အဖြေက နင့်ဟာနင် မထွက်ပေမဲ့ ငါ့အမြင်နဲ့တော့ လွယ်လွယ်လေး။ နင် နောင်နောင်ရဲ့အကြောင်း သိပ်သိချင်တာဟာ နောင်နောင့်ကို နင် သိပ်စိတ်ဝင်စားလို့ဆိုတာ အဖြေပဲပေါ့"

နွေးနွေးက လက်ဝါးကာပြသည်။

"မဟုတ်ဘူး မိကြည်၊ နင့်စကားက ဘာလိုလိုကြီး ဖြစ်နေတယ်။ ငါ နောင်နောင့်ကို စိတ်ဝင်စားတာက ပုံစံတစ်မျိုးဟဲ့။ နင်က ကိုအောင်မျိုးလှိုင်ကို စိတ်ဝင်စားပုံမျိုး မဟုတ်ဘူး၊ ငါ နောင်နောင့်ကို စိတ်ဝင်စားတာက အခု သူ့

www.burmeseclassic.com

www.burmeseclassic.com



လက်ရှိရောက်နေတဲ့ ဘဝနဲ့၊ သူ့ရဲ့အပြောအဆို၊ အနေအထိုင် အပြုအမူတွေဟာ တစ်မျိုးစီ ဖြစ်နေတာကို ငါက စိတ်ဝင်စားမိတာ။ သူ့မှာ လျှို့ဝှက်ချက် ရှိနေသလားဆိုတာကို ငါ သိချင်တာ၊ ပုစ္ဆာတစ်ပုဒ်ကို အဖြေထွက်အောင် တွက်ကြည့်တဲ့ စိတ်ဝင်စားမှုမျိုးပဲ မိကြည်။ ကဲပါဟာ ... ကိုအောင်မျိုးလှိုင်ဆီကို ဖုန်းဆက်စမ်းပါ၊ တော်ကြာ နင့်အမေ ဝင်လာလို့ ဖုန်းဆက်ရ ခက်နေဦးမယ်"

ကြည်ကြည်လွင် ဖုန်းဆက်ရန် ထိုင်ရာမှ ထသည်။ သို့သော် ချက်ချင်း ဖုန်းဆီမသွားသေးပဲ နွေးကို စောဒကတက်နေပြန်သည်။

"နင့်စိတ်က နင့်ကို လှည့်စားနေပြီထင်တယ် မိနွေးနွေး၊ နောင်နောင်ဟာ ရုပ်ချောတယ်၊ ကျားကျားလျားလျားနဲ့ ယောကျ်ားသိပ်ဆန်တယ်၊ မှုန်ကုပ်ကုပ်နေတဲ့ သူ့မျက်နှာလေးဟာ တစ်မျိုး ချစ်စရာကောင်းနေတယ်။ ငါကိုယ်ချင်းစာပြီး ပြောနေတာနော်။ ငါဟာ ငါ့ထက်အသက်ငယ်တဲ့ ကိုအောင်မျိုးလှိုင့်ကျတော့ အမှန်ပဲ ရင်ထဲက စိတ်ဝင်စားမှု ပြင်းထန်လာတယ်။ ကိုအောင်မျိုးလှိုင်ရဲ့ အပြောအဆို အပြုအမူလေးတွေကိုက ချစ်စရာကောင်းတယ်လို့ မှတ်ယူမိတယ်၊ ဆယ့်ခုနစ် ဆယ့်ရှစ်နှစ် အရွယ်နဲ့ လင်ယူနေတဲ့ ခေတ်မှာ ငါတို့ အပျိုကြီးစာရင်းဝင်တွေဟာ ခွေးလှလှ ကြောင်လှလှလေးတွေကို ချစ်တတ်ကြတယ်၊ နောက်ပြီး ကိုယ့်ထက် အသက်ငယ်တဲ့ မောင်လေးအရွယ်ကိုလည်း ချစ်တတ်ကြတယ်။ နင် နောင်နောင့်ကို စိတ်ဝင်စားတာဟာ ငါ ကိုမျိုးအောင်လှိုင်ကို စိတ်ဝင်စားတာမျိုး ဖြစ်နေပြီလား၊ မိနွေး"

www.burmeseclassic.com



"ကဲ ... မိကြည်၊ ပြန်ထိုင်တော့၊ ဖုန်းမဆက်နဲ့တော့"

"ဆက်မယ်ဟေ့ ... ဆက်ကိုဆက်မယ်"

ကြည်ကြည်လွင် ဖုန်းဆီသို့ သွားဆက်ပါ၏။

ကြည်ကြည်လွင် ဖုန်းဆက်သည်ကို နွေးနွေးက ထိုင်ကြည့်ရုံမက စူးစိုက်စွာပင် နားစွင့်ထားပါ၏။

"သြော် ... ကိုအောင်မျိုးလှိုင်လား ... ကြည်ကြည်လွင်ပါ"

" ... ... ... ... "

"ဘုရားတ,မနေနဲ့ ကိုအောင်မျိုးလှိုင်၊ မဆက်စဖူး ဆက်ရတာက ဆက်စရာအကြောင်း ရှိလာလို့"

" ... ... ... ... "

"ညနေက ရေတာရှည်အဝင်မှာ ကိုအောင်မျိုးလှိုင် ဓာတ်ဆီတစ်ဂါလန် ပေးခဲ့တဲ့ အမျိုးသမီးနဲ့ အမျိုးသားအကြောင်း ပြောချင်လို့၊ ဖင်မလီယာကားနဲ့လေ"

" ... ... ... ... "

"အဲဒီအမျိုးသမီးက ဒီကနေ့ ဘီအီးဒီဘွဲ့ရတဲ့အထိ အဆောင်မှာ အတူတူနေခဲ့တဲ့ သိပ်ချစ်တဲ့ သူငယ်ချင်းလေ၊ သူ့နာမည်က နွေးနွေးတဲ့"

" ... ... ... ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မိန္ဒွေး သိပ်ချောသိပ်လှတယ်လို့ ပြောတာဟာ ကိုအောင်မျိုးလှိုင် တစ်ယောက်တည်း မဟုတ်ပါဘူး၊ စက္ကူနှစ်ကွင်း အလင်းရနေတဲ့ လူတိုင်းက မိန္ဒွေးကို မြင်တာနဲ့ သိပ်ချော သိပ်လှလို့ ပြောတာချည်းပါ၊ ကဲပါလေ ... အခုက ပြောချင်တာက မိန္ဒွေးနဲ့ အတူပါလာတဲ့လူကို ကိုအောင်မျိုးလှိုင်က တွေ့တာနဲ့ 'နောင်နောင်'လို့ ခေါ်ပြီး တရင်းတနှီးကြီး နှုတ်ဆက်တယ်ဆို"

" ... ... ... ... "

"လူမှားတာ ဟုတ်လား။ ခဏလေးနော် ... ဖုန်းကိုင်ထားဦး၊ မိန္ဒွေးကို ပြန်ပြောချင်လို့"

ကြည်ကြည်လွင်က ပြောခွက်ကို လက်ဝါးအုပ်ထားပြီး ...

"လူမှားတာလို့ပဲ ပြောနေတယ် မိန္ဒွေး၊ အဲဒါ ငါဘာဆက်မေးပေးရမလဲ"

"အဲဒီလူမှားတယ်ဆိုတဲ့ 'နောင်နောင်'အစစ် ဘယ်သူဘယ်ဝါ ဘယ်မှာနေတယ် ဆိုတာကိုပဲ ပြောပြပါလို့၊ ပြန်ပြောပါ မိကြည်"

ကြည်ကြည် ပြန်၍ ဆက်ပြောသည်။

"ဒီမှာ ကိုအောင်မျိုးလှိုင်၊ လူမှားသွားတယ်ဆိုတဲ့ သူငယ်ချင်း နောင်နောင် အစစ်အကြောင်းကိုပဲ ပြောပြပါလား ဟင်"

" ... ... ... ... "



"အိုး ... ဘာဆိုင်လို့ မိန္ဒွေးရဲ့အဖော် နောင်နောင်က စိတ်ဆိုးရမှာလဲ၊ လူမှားတာပဲဟာ၊ အခု မေးတာက ကိုအောင်မျိုးလှိုင်ရဲ့ သူငယ်ချင်းအစစ် နောင်နောင် အကြောင်းပဲဟာ၊ မပြောလို့ မရဘူးနော်"

ဒီနောက်မှာတော့ တစ်ဖက်က ကိုအောင်မျိုးလှိုင်က ချစ်သူ ကြည်ကြည်လွင် အလိုကျ ပြောပြနေသည်ပဲ ဖြစ်မည်။ ကြည်ကြည်လွင်က ပြန်ပြောခြင်း ပြန်မေးခြင်း မရှိတော့ဘဲ ဟိုဘက်မှ ပြောသည်ကိုချည်း နားထောင်နေသည့်ပုံစံ ဖြစ်သွားပါ၏။

နောက်ဆုံး ကြည်ကြည်လွင် ကိုအောင်မျိုးလှိုင်ကို ဧရာမကျေးဇူးတင်ကြောင်း ညုသံလေးနှင့် ပြောပြီး ဖုန်းချလိုက်တော့သည်။

"ဘာတဲ့လဲဟင် ... ဘာတဲ့လဲ"

ကြည်ကြည်လွင် ပြန်အလာတွင် နွေးနွေးက 'ဘာ' ဆွေထပ်သွားအောင် မေးတော့သည်။

ကြည်ကြည်လွင်က နွေးနွေးကို "ကဲလိုက်တာ"ဟု အခိပ္ပာယ်မျက်စောင်းထိုးပြီး ထိုင်ချလိုက်သည်။

"ပြောမယ် မိန္ဒွေးရေ ... မော်လမြိုင်က ကိုအောင်မျိုးလှိုင်ရဲ့ ငယ်သူငယ်ချင်း နောင်နောင် ဆိုတဲ့လူအကြောင်း ငါ့ကို တစ်လုံးမကျန် ပြန်ပြောမယ်။ မော်လမြိုင်က သူ့သူငယ်ချင်း နောင်နောင်ပါပဲတဲ့။ ရေတစ်စက်တောင် မရောဘူးတဲ့"

"ဒါနဲ့ လူမှားတာဆို"

www.burmeseclassic.com

www.burmeseclassic.com

“ဟင်း ... ဟင်း ... ဟင်း သူက ပြောတယ်၊ နောင်နောင်ဟာ လူတို့ သူငယ်ချင်းအုပ်စုထဲမှာ ဗိုလ်တဲ့။ သူက နောင်နောင့်ကို ငယ်ကြောက်တဲ့။ ခတ်ဆီထည့်တုန်းက တွေ့ကြလို့ သူက အတင်းနှုတ်ဆက်တော့ နောင်နောင်က သူ့ကို မျက်စိလည်းမှိတ်ပြတယ်၊ လက်သီးလည်းဆုပ်ပြရင်း အရာရှိမင်း လူမှားနေပါတယ်လို့ ပြောတာကို သံယောင်လိုက်ပြီး သူက လူမှားတာပါလို့ လုပ်လိုက်ရတာတဲ့”

“အင်း ... အစကတည်းက အဲဒီလို ဖြစ်မယ်လို့ ငါထင်သားပဲ။ နေဦးဟဲ့ ... နင့်လူပြောတဲ့အထဲမှာ နောင်နောင်ထောင်ကျတာတို့၊ ထောင်ကလွတ်တာတို့ ပါသေးတယ်။ အဲဒီအကြောင်းတွေကော နင့်လူက ဘာပြောလဲ မိကြည်”

“ပြောပါ့ ... ပြောတာမှ အစအဆုံးဟေ့”

ဟု ပြောရင်း ကြည်ကြည်လွင်သည် နောင်နောင်နှင့် ပတ်သက်သမျှသော အကြောင်းတွေကို အောင်မိုးလှိုင် ပြောပြသလောက် အားလုံးတစ်ခုမကျန် အိတ်သွန်ဖာမှောက် ပြောပြလိုက်လေတော့သည်။

* * *



# ( ၁၀ )

ဇွတ်မှဇွတ်။

ညနေ(၄)နာရီလောက်တွင် ခတ်ဆီတစ်ဂါလန်လျှင် အစိတ်နှုန်းဖြင့် တိုင်ကီထဲ(၆)ဂါလန်၊ အပိုပုံးဖြင့်(၆)ဂါလန် ဝယ်ယူရရှိပြီး ကြည်ကြည်လွင်၏ ဖခင်နှင့် နောင်နောင်တို့ ပြန်လာကြသည်။

ကားနှင့် နောင်နောင် ပြန်ရောက်လာသည်နှင့် နွေးနွေးက နာရီကိုကြည့်ကာ ...

“ငါတို့ခရီးဆက်မယ် မိကြည်”

“အို ... မဟုတ်တာ”

ကြည်ကြည်လွင်ကရော မိခင်ကရော ယနေ့ညသူတို့အိမ်မှာပင် အိပ်ပြီး၊ နံနက်စောစော ထသွားရန် ပြောကြသည်။

“ငါ့ကို စိတ်ချစမ်းပါ မိကြည်ရယ်။ ငါ ပျဉ်းမနားရောက်ရင် အခြေအနေ ကြည့်မယ်၊ ဆက်သွားလို့ မကောင်းရင် မမော်တို့အိမ်မှာ ဝင်တည်းလိုက်မယ်၊ တို့မှာ ကျောင်းတုန်း

www.burmeseclassic.com

www.burmeseclassic.com



က သူငယ်ချင်းတွေကို ပြန်မတွေ့တာလည်း ကြာပြီ။ အခု နှင်နဲ့ တွေ့သလို မိမော်ကိုလည်း ငါ တွေ့ရတာပေါ့ ဟယ်"

တားမရလေတော့ပြီမှန်း ကြည်ကြည်လွင် သိရတော့သည်။ ကျောင်းမှာကတည်းက မိနွေးနွေး အကြောင်းကို ကြည်ကြည်လွင် သိပြီးသား။ မိနွေး လုပ်ချင်ပြီ ဆိုပါက တားမရ ဆီးမရ။ ကြည်ကြည်လွင် လက်လျှော့ရတော့သည်။

"ဒါဆို သဘောပဲ မိနွေး၊ နှင့်တစ်သက်မှာ နှင်လုပ်ချင်တာကိုချည်း လုပ်ခဲ့တာပဲဟာ"

"ဒီလိုတော့လည်း မဟုတ်ပါဘူးဟာ၊ ငါ့တစ်သက်မှာ ငါ မလုပ်ချင်ပဲ မိဘလုပ်စေချင်တာကိုလည်း လုပ်ပေးခဲ့ပြီး ပြီပဲ"

နောင်နောင်သည် ကားပေါ်မှမဆင်းဘဲ သူတို့ချင်း ပြောသမျှကို နားထောင်ရင်း ငါ မလုပ်ချင်ဘဲ မိဘတွေလုပ်စေချင်တာကိုလည်း လုပ်ပေးခဲ့ပြီးပြီပဲ ဆိုသည့် မမနွေး အပြောကြောင့် မမနွေးကို လှမ်းကြည့်မိသည်။

မမနွေး ဘာကို ဆိုလိုသနည်း။

မမနွေး လက်ထပ်ခဲ့သည်ပင် သူမ၏ဆန္ဒမပါဘဲ မိဘတွေ ပေးစား၍ ယူသည်ဟု ရည်ညွှန်းပြောဆိုခြင်းပေလား။ ဤအတိုင်း ဖြစ်ရသည်မှာ အမှန်အကန်ဟုလည်း နောင်နောင် မှတ်ချက်ပြုသည်။ လင်ယောကျ်ား သေဆုံးသည်ကို ပူဆွေးခြင်း မရှိသော အမူအရာတွေကို နောင်နောင် တွေ့နေရသောကြောင့်ပင်။

"ကဲ ... တို့မောင်၊ မမနွေးတို့ ခရီးဆက်ကြစို့လေ"



တားသည့်ကြားကပင် မမနွေး ဖွတ်ထွက်လာခဲ့သည်။ နောင်နောင့် အဖို့ကတော့ မမနွေးက မောင်းဆိုမောင်းရသည်သာ။ သို့သော် ... ခြိပြင်မရောက်မီ နောင်နောင်က မမနွေးကို သတိ ခပေးစကား ပြောသည်။

"မမနွေး"

"ဘာလဲ နောင်နောင်"

"စဉ်းစားဖို့ နှစ်ချက်ရှိတယ်၊ ပထမအချက်က ကျွန်တော် ခတ်ဆီဝယ်ဖို့ တက်လာတုန်းက လမ်းမကြီးပေါ်မှာ ဗော်(လ်)ဂါဆလွန်းကားနက်ကြီးတစ်စီး ရပ်ထားတာကို ကျွန်တော် သတိထားမိတယ်။ ကျွန်တော် ကားလမ်းမကြီး အတိုင်း မောင်းတော့ အဲဒီကားနက်က နောက်က လိုက် လာတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ခတ်ဆီသွားဝယ်ရမဲ့ နေရာက ရွှေကြက်ယက်ရပ်မှာမို့ ကားကို ချိုးကွေ့ပြီး ရွှေကြက်ယက်ကို သွားတော့၊ အဲဒီ ဗော်(လ်)ဂါကားနက် လိုက်မလာတော့ဘူး။ ရွှေကြက်ယက်ရပ်ထဲအထိ လိုက်လာ ရင် သိသာလွန်းမှာမို့ သူ ဆက်ပြီးမလိုက်တာ ဖြစ်မယ်"

"တို့မောင်က အဲဒီ ဗော်(လ်)ဂါဆလွန်းကားနက်အကြောင်း ဘာလို့ အဲဒီလောက် အရှည်ကြီး ပြောပြနေတာလဲ"

"ရန်ကုန်မှာတုန်းက အန်ကယ်ဦးကောင်းညွှန့် တိုက်အိမ်က အပြန် ကျွန်တော်တို့နောက်ကို နောက်ယောင်ခံလိုက်လာတဲ့ ကားနက်ကြီး ဖြစ်ဖို့သိပ်များတယ်။ ဒါကြောင့်ပြောပြတာ"

"ဒါဆို မမနွေးတို့နောက်ကို လူဇော်နဲ့ လူမော် လိုက်လာ ပြီလို့ တို့မောင် ဆိုချင်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ထင်လို့ပဲ။ ဒါပေမဲ့ တစ်ထစ်ချတော့ မပြောနိုင်ဘူးပေါ့။ ရန်ကုန်မှာတုန်းက နောက်ကလိုက်လာတဲ့ကားဟာ ကျွန်တော် ကားပြင်သမားမို့ ဖော်(လ်)ဂါကားမှန်းတော့ သိတယ်။ နံပါတ်တော့ သေချာမမှတ်ထားမိဘူး။ ဖော်(လ်)ဂါကားနက်တွေက အများကြီး ရှိနိုင်တာပဲ"

"ထားပါတော့ ကိုမောင်၊ အဲဒီ ဖော်(လ်)ဂါကားနက်ဟာ လူဖော် လူမော်တို့ကား ဖြစ်နေရင် မမနွေးတို့ ခရီးမဆက်သင့်ဘူးလို့ ကိုမောင်က ဆိုလိုချင်တာလား"

"ဒါတော့ မမနွေး သဘောပါ။ နောက်ထပ် ဒုတိယအချက် ကျွန်တော် ပြောချင်တာက အခုခရီးဆက်ရင် လမ်းမှာပဲ မိုးချုပ်သွားမှာ သေချာတယ်။ ကျွန်တော်နဲ့ မမနွေးဟာ သွေးသားမတော်စပ်တာကိုလည်း မကြည်ကြည်လွင်တို့ သိထားကြတယ်။ အဲဒီတော့ သူတို့ ဘယ်လိုအတွေးဝင်မလဲ။ သူတို့စိတ်ထဲ ဝင်သွားသမျှအတွေးတွေဟာ မမနွေးရဲ့ ဂုဏ်နဲ့ သိက္ခာကို ထိခိုက်နိုင်တယ် မမနွေး။ ဒါကြောင့် ညကြီးမိုးချုပ် ဆက်သွားသင့် မသွားသင့် မမနွေး စဉ်းစားဆုံးဖြတ်နိုင်ဖို့ တင်ပြတာပါ"

"ဆက်မောင်းပါ ကိုမောင်"

နောင်နောင် ပခုံးတွန့်ပြလိုက်ပြီး မမနွေး အမိန့်အတိုင်း ဆက်မောင်းပါ၏။

နှစ်ဦးသား ရေတာရှည်မြို့ပြင်ဘက်သို့ ရောက်သည်အထိ ထပ်မံစကားမပြောဖြစ်ပေ။ အတန်ကြာမှ မမနွေးက ပြောလာသည်။



"လူဖော် လူမော်တို့နဲ့ မမနွေးဟာ ဒီနေ့မတွေ့ နက်ဖြန်တွေ့ ဆိုသလို တွေ့ကို တွေ့ကြရမှာပါ နောင်နောင်။ ရှင်းရှင်းပြောရရင် ကိုမောင်က မမနွေး နားမှာ ရှိတဲ့အချိန် သူတို့နဲ့ မမနွေး တွေ့ရလည်း မကြောက်ဘူးပေါ့ကွယ်"

နောင်နောင် ဘာမျှမပြော။ သို့သော် မမနွေးက သူ့ကို အားကိုးလွန်းသည့်အတွက် ရင်ထဲတွင် ကျေနပ်မိသည်။

"မိကြည်တို့ မိသားစုက အခု နောင်နောင်နဲ့ ညအိပ်ညနေခရီးသွားတာကို အထင်သေးကြမယ်၊ မမနွေး ဂုဏ်သိက္ခာထိခိုက်မယ် ဆိုတာကိုလည်း မမနွေး စဉ်းစားမိသားပေါ့။ သူတို့အိမ်မှာ ညအိပ်ပြီး မနက်မှ ဆက်သွားလည်း သူတို့စိတ်ထဲမှာ မမနွေးနဲ့ နောင်နောင့်ကို မဟားဒယား သူတို့ရင်ထဲက စွပ်စွဲပြီးနေမှန်း မမနွေး အကဲခတ်မိတယ်၊ အဲဒီတော့ သူတို့အိမ်မှာ ညအိပ်တော့ကော ဘာထူးမှာလဲ။ လူတွေရဲ့ အပြောလွတ် အကဲ့ရဲ့လွတ်ဖို့ဆိုတာ မလွယ်ပါဘူးကွာ၊ ဟင်း ... ဟင်း ... မူလတန်းဖတ်စာအုပ်တစ်အုပ်မှာ ရေးထားတဲ့ မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက်အကြောင်း ပုံပြင်ကို နောင်နောင်လည်း ဖတ်ဖူးမှာပေါ့။ လူတွေ အကဲ့ရဲ့လွတ်အောင် လိုက်နေဖို့ဆိုတာက မဟာအခက်အခဲပဲ။ ဒီလိုကဲ့ရဲ့လို့မရရင် ဟိုလိုကဲ့ရဲ့မှာပဲ"

မမနွေး ပြောသော ပုံပြင်ကို နောင်နောင် ကိုယ်တိုင် ဖတ်ဖူးပါ၏။ ကြားဖူးပါ၏။ ပတ်ဝန်းကျင်လူတွေ၏ အကဲ့ရဲ့လွတ်အောင် ဘယ်လိုမှ နေလို့မရ၊ လုပ်လို့မရကြောင်း ဖော်ပြသော သင်ခန်းစာ ပုံပြင်လေး ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မိကြည်ဟာ တို့နှစ်ယောက်ကို တွေ့လိုက်ကတည်းက ယိုးစွပ်တဲ့ မျက်လုံးအကြည့်နဲ့ ကြည့်လိုက်မှန်း မမနွေး သတိထားလိုက်မိသားပဲ၊ နောင်နောင်ဟာ တို့မောင် မဟုတ်မှန်း သူ သိနေတယ်၊ တို့မောင်က ကျွန်တော် အခစား ဒရိုင်ဘာပါလို့ ဖွင့်ပြောပြန်တော့ မမနွေးကို မိကြည် အထင်သေးသွားပုံရတယ်"

"ကျွန်တော့်ကို မမနွေး အဖော်အဖြစ် ခေါ်လာတာ မှား သွားပြီး မမနွေး"

"မမှားပါဘူး၊ တို့မောင်ကို မခေါ်လည်း ကိုဒေဝလိုလူကို အဖော်ခေါ်ရမှာပဲ၊ အဲဒါကျမှ မမနွေးဟာ ကြောင်လက်ထဲ ကျရောက်သွားတဲ့ ကြွက်ဖြစ်သွားမှာ။ အခု တို့မောင်ကို ခေါ်လာတာက ဘေးလူ အထင်မှား ခံရရုံသာရှိတာ။ ကြောင်လက်ထဲ ရောက်သွားတဲ့ ကြွက် ဖြစ်မသွားဘူး"

"ကျွန်တော်လိုကောင်နဲ့ မမနွေး အထင်မှားခံရတာကိုက မမနွေးမှာ သိပ်နစ်နာနေပြီပဲ။ အထင်မှား ခံရတာခြင်း အတူတူ ကျွန်တော်လို ဝပ်ရှော့ပညာသင် အလုပ်သမား ထက်၊ ကိုဒေဝလို လူနဲ့ အထင်မှား ခံရတာက မမနွေးမှာ ပိုပြီး သိက္ခာရှိသေးတာပေါ့"

မမနွေးက ပြုံးလိုက်ပါ၏။ ပြီး ... နောင်နောင့်ဘက်သို့ လည်း လှည့်သည်။ သေချာ နောင်နောင့် မျက်နှာကို စိုက်ကြည့် ပြီးမှ ပြောချလိုက်ပေသည်။

"မော်လမြိုင်မြို့ ဆောက်လုပ်ရေးဌာနက တိုင်းအင်ဂျင်နီယာ အရာရှိကြီး ဦးဘနောင်နဲ့ ဒေါ်မွန်မွန်ရဲ့ တစ်ဦးတည်းသော



သား၊ မော်လမြိုင်ဒီဂရီကောလိပ်က ဘီအက်(စ်)စီဘွဲ့ရထား တဲ့ နောင်နောင်ဟာ ကားဝယ်ရောင်းပွဲစား ကိုဒေဝထက် များ ပိုပြီး ဂုဏ်ငယ်နေသေးလို့လားကွာ"

"ဗျာ"

သိသိသာသာကြီးပင် နောင်နောင် တုန်လှုပ်သွား သည်ကို နွေးနွေး တွေ့မြင်လိုက်ရပါ၏။ "ဗျာ"ဆိုသည့် အာမေဋိတ် သံ ထွက်သွားရုံမက ကားမောင်းရင်း အပေါ်သို့ ကြွတက်သွားရှာ ပေသည်။

"အစစ်အမှန် ဆိုတာ အကြာကြီး ဖုံးကွယ်ထားလို့ မရ ပါဘူး တို့မောင်၊ ပတ္တမြားအစစ်ကို ရွှံ့သုတ်ထားလည်း ရွှံ့ကွာနေတဲ့ နေရာလပ်ကလေးကနေပြီး ပတ္တမြားဟာ သူ့အရောင် ထွက်နေမှာပဲ မဟုတ်လား"

"ခွေးကောင် ... အောင်မျိုးလှိုင်ပဲ ဖြစ်ရမယ်။ ကျွန်တော် ခတ်ဆီသွားရှာနေတုန်း ဒီကောင် မမနွေးဆီကို လိုက် လာပြီး ပြောတာမဟုတ်လား မမနွေး"

"သူ မလာပါဘူး၊ တို့က ၁၂သူ့မြို့လှရဲစခန်းကို ဖုန်းဆက် တာပါ"

"မမနွေးက ဖုန်းဆက်တယ် ဟုတ်လား"

"မိကြည်ကို ဆက်ခိုင်းတာပါ။ မိကြည်နဲ့ ကိုအောင်မျိုး လှိုင်က သာမန်မိတ်ဆွေအဆင့်ထက် နည်းနည်းပိုနေကြ တယ်လေ။ ကိုအောင်မျိုးလှိုင်က မိကြည်ကို မေတ္တာရှိနေ တယ်တဲ့။ မိကြည်ကတော့ စဉ်းစားတုန်း ဆိုပါတော့ တို့မောင်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... မမကြည်ကို မျက်နှာလို မျက်နှာရနဲ့ ဒီကောင် ဖော်ကောင်လုပ်လိုက်တာပေါ့"

"မဖော်ပါဘူး၊ သူက မိကြည်ကိုတောင် သူ လူမှားတာပါ လို့ ဆက်ပြောနေသေးတာပဲ။ တို့က သူ လူမှားတယ် ဆိုတဲ့ မော်လမြိုင်က နောင်နောင် ဆိုသူရဲ့ အကြောင်းကို ပဲ ပြောပြပါလို့ ဇွတ်ပြောတာမို့ သူ့ခမျာ မော်လမြိုင်က သူ့သူငယ်ချင်း နောင်နောင်ရဲ့ အကြောင်းကို ပြောရတာ ပေါ့။ ဘာလဲ ... မင်းက ကိုအောင်မျိုးလှိုင်ကို ရန်လုပ်ဦး မလို့လား"

နောင်နောင်က ခေါင်းကို ဖြည်းလေးစွာ ခါလိုက် ပေသည်။

"ရန်မလုပ်ပါဘူး မမနွေး။ အမှုတစ်ခု ကျူးလွန်ထားတဲ့ လူလိုပေါ့လေ။ အမှုမပေါ်အောင် ထိန်ဖုံးထားနိုင် သလောက် ထားပေမဲ့ အမှုပေါ်သွားပြီ ဆိုတော့လည်း ဝန်ခံလိုက်ရုံပေါ့"

နွေးနွေး ခမျာ နောင်နောင့်ကို ငေးကြည့်မိပြန်တော့ သည်။ ကရုဏာအပြည့်နှင့် ကြည့်သောအကြည့်ပါပေ။

"တို့မောင်က အမှုတစ်ခုဆိုတဲ့ စကားပြောလာလို့ မမနွေး က ဆက်ပြီးမေးချင်လာတယ်။ တို့မောင်က မော်လမြိုင် မှာ ဦးစိန်မြမောင် ဆိုတဲ့လူကို သေနတ်နဲ့ ပစ်မိခဲ့တယ် ဆို"

"သြော် ... သြော် ... အောင်မျိုးလှိုင်က ဒီလောက် အသေးစိတ်တောင် ပြောပြသလား"



"သူ ပြောတာက မင်းဘက်က ရပ်တည်ပြီး ပြောသွားတာ ပါ၊ ဦးစိန်မြမောင် သူ့သေနတ်ကိုထုတ်ပြီး မင်းကိုပစ်မလို့ ဟာကို မင်းက သူ့ဆီက သေနတ်ကို အရလုပ်ပြီး ပြန်ပစ် တာတဲ့၊ ဒီအတွက် မင်း ထောင်တစ်နှစ် အပြစ်ပေးခံရတာ ဟာ မင်းပဲနစ်နာတယ်တဲ့"

နောင်နောင် ကားကို အမြန်မောင်းနေရာမှ မှန်တန်း အရှိန်နှုန်းနှင့် လျှော့မောင်းသည်။

"အဲဒီ ဦးစိန်မြမောင် ဆိုတာက ဘယ်သူလဲ တို့မောင်"

"အဲဒီ ဦးစိန်မြမောင်ဟာ ကျွန်တော့်ရဲ့ ပထွေး။ ကျွန်တော့် အမေရဲ့ နောက်လင်ဆိုတာကော အောင်မျိုးလှိုင်က ပြော မပြဘူးလား"

"အယ် ... ကွယ်"

မိကြည် ပြန်ပြောသည့် အထဲတွင် ဦးစိန်မြမောင် သည် နောင်နောင်၏ ပထွေးဟု မပါပေ၊ ကိုအောင်မျိုးလှိုင် ကိုယ်တိုင်က နောင်နောင်၏ ပထွေးဟု ထည့်မပြောသောကြောင့် ဖြစ်ပေမည်။

နောင်နောင်သည် တမင်လုပ်၍ ခြောက်ကပ်ကပ် အသံဖြင့် ရယ်သံပြုလိုက်သည်။

"ကျွန်တော့် အကြောင်းကို မမနွေး သိချင်နေမှန်း ကျွန်တော် သိနေတယ် မမနွေး။ ဒါပေမဲ့ မမနွေး မသိတဲ့ အလျှော့ ကျွန်တော်က ဖွင့်မပြောချင်လို့ ဝေ့လည်ကြောင်ပတ်နေ လိုက်တယ်။ ရန်ကုန် ပြန်ရောက်တာနဲ့ မမနွေးနဲ့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ရဲ့ တွေ့ဆုံခန်းဟာ ပြီးဆုံးသွားပြီလေ၊ ဒီတော့ ကျွန်တော့် အကြောင်း မမနွေး သိရော ဘာထူးမှာလဲ"

"မင်း ပြောတိုင်း မမနွေးကို သိပ်စိမ်းတဲ့ စကားတွေချည်း ပါလား နောင်နောင်"

"တွေ့ကြတာမှ နှစ်ရက်ပဲ ရှိသေးတာပဲ"

"အံ့ရော ... တို့မောင်။ မမနွေး တွေ့ဖူးခဲ့သမျှ ယောကျ်ားသားတိုင်းလိုလိုဟာ မမနွေးနဲ့ တွေ့ပြီးတဲ့နောက် ဆန်းဆန်းပြားပြား မဟုတ်တောင် ရိုးရိုးမိတ်ဆွေအဖြစ် ဆက်ပြီးခင်မင်ချင်ပါတယ်ဆိုတဲ့ လူမျိုးကိုပဲတွေ့ခဲ့တယ်။ မင်းကျမှ စံပါပဲ နောင်နောင်"

"မမနွေးရဲ့ ပတ်ဝန်းကျင်မှာ မမနွေးနဲ့ တွေ့ဆုံခွင့်ရတဲ့ လူတွေဟာ ကျွန်တော့်လို အခြေအနေမျိုးနဲ့ လူတွေမျိုးမှ မဟုတ်တာ၊ သွေးတူရည်တူတွေပဲ ဖြစ်မှာပေါ့၊ ဥပမာ ဦးဒေဝလိုလူမျိုးကို ပြောမလား၊ ငွေလေးငါးခြောက်သိန်း ကိုင်ပြီး ကားဝယ်ရောင်း လုပ်နိုင်တဲ့လူမျိုး၊ နောက်ပြီး မမနွေးနဲ့ လက်ထပ်ခဲ့ပါတယ်လို့ ရေတာရှည်မှာ မမနွေးတို့ အချင်းချင်း ပြောကြတဲ့ ကိုသက်ဇင်ကို ကြည့်ဦးမလား၊ မမနွေးက လက်ထပ်တဲ့အထိ ကိုသက်ဇင်ဟာ ဗေဒင်မေးရင် ဆန်ကုန်မယ်၊ ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်၊ အလုပ်ကြီး အကိုင်ကြီးသမား ဖြစ်ရမယ်၊ ဟဲ ... ဟဲ ... ကျွန်တော့်လိုကောင်ကို ကြည့်၊ လက်ရှိအခြေအနေမှ ဦးဒေဝရဲ့ ခိုင်းဖက်ဘဝရောက်နေသူ"



"ဒါတော့ မင်းဘဝကို မင်းဟာမင်း နှိပ်ထားတာကိုး၊ မင်းဟာ ချမ်းသာတဲ့ တိုင်းအင်ဂျင်နီယာကြီးရဲ့သား၊ ဘီအက်စီဘွဲ့ရပြီးသား"

"ထားလိုက်စမ်းပါ မမနွေး၊ ရှင်ပြုတုန်းကတော့ ဘယ်သူမဆို ရွှေထီးဆောင်ခဲ့ဖူးတာပေါ့၊ ကျွန်တော့်အဖေ တိုင်းအင်ဂျင်နီယာ အရာရှိကြီး မရှိတော့ဘူး သေပြီ၊ ကျွန်တော့်ရဲ့ အင်မတန်မဟာဆန်တဲ့ အမေက နောက်လင်နဲ့၊ ကျွန်တော် ဘီအက်စီအောင်တဲ့ နောင်နောင်အဖို့ နေ့စား ငါးကျပ်ပြားရှစ်ဆယ်အလုပ်တောင် လွယ်လွယ်ရလို့လား မမနွေး။ ဟင်း ... ဟင်း ... အခုလက်ရှိ ဆရာမြတ် ဝပ်ရှော့မှာ တစ်နေ့ကို ထမင်းနှစ်နပ် မှန်မှန်စားရတဲ့အပြင် တစ်လကုန်တစ်ခါ မုန့်ဖိုး လက်ဖက်ရည်ဖိုး ရသေးတယ်၊ ကျောင်းစရာ ဂိုထောင်ထပ်ခိုးလေး ရသေးတယ်၊ ဒီတော့ ရန်ကုန် ပြန်ရောက်တာနဲ့ မမနွေးနဲ့ ကျွန်တော်ဟာ ပိုနေမြဲ ကျားနေမြဲပဲ ဖြစ်ရမှာပေါ့ မမနွေး"

"မင်းရဲ့ အတွေးအခေါ်တွေကိုရော အပြောအဆိုတွေကိုရော မမနွေး မကြိုက်ဘူး"

နောင်နောင်က အကျင့်အတိုင်း ပခုံးတွန့်သည်။

"ဘာလဲ ... မင်း ပခုံးတွန့်တာက မမနွေး ကြိုက်ချင်ကြိုက်၊ မကြိုက်ချင်နေဆိုတဲ့ သဘောလား"

"ကျွန်တော် အဲ့လောက်အထိ မရိုင်းပါဘူးဗျာ၊ မမနွေးက ကျွန်တော် ပြောပုံတွေဟာ စိမ်းလွန်းတယ်ပြောလို့ ကျွန်တော်က ကျွန်တော့်ရဲ့ လက်ရှိဘဝကို တင်ပြတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်နောင်နောင် ခင်မင်မှုမှာ ပုံစံနှစ်မျိုးရှိတာယ်၊ ပထမတစ်မျိုးက မိတ်ဆက်ပေးလို့ပဲဖြစ်ဖြစ် တွေ့ရတာ ဝမ်းသာပါတယ်ဆိုတိုင်း လောကွတ်စကားနဲ့ ခင်မင်သွားကြပုံက တစ်မျိုး၊ အဲဒါမျိုးက ရင်ထဲကပါတဲ့ ခင်မင်မှုမျိုး မဟုတ်ဘူး၊ အချိန်တွေ ဘယ်လောက်ကြာတဲ့အထိ ခင်မင်တယ်ဆိုလည်း အဲဒီခင်မင်မှုဟာ အပေါ်ယံကြောခင်မင်မှုပဲ"

စကားတစ်ထောက်နားသည်။ နောင်နောင်က နားစွင့်မြဲနားစွင့်ထားသည်။ ခဏနားပြီး မမနွေးက ဆက်ပြောသည်။

"နောက်တစ်မျိုးက လူနှစ်ဦး အမှတ်မထင် လူစိမ်းအနေနဲ့ တွေ့ဆုံကြတာပဲ၊ ဒါပေမဲ့ တွေ့ဆုံကြပုံက သာမန်ထက်ပိုထူးခြားတယ်၊ တွေ့ကြတဲ့အချိန်မှာ စိတ်ကိုယ်စီ လှုပ်ရှားကြတယ်။ ဥပမာဆိုပါတော့ကွာ၊ ဖဲဝိုင်းမှာ၊ အရက်ဝိုင်းမှာ တွေ့ဆုံကြပြီး ခင်မင်ကြတာမျိုးဆိုပါတော့၊ ဖဲသမားဟာ ဖဲဝိုင်းမှာ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ၊ စိတ်လှုပ်ရှားမှုတွေ သိပ်ဖြစ်နေတဲ့ အချိန်မှာ ကိုယ့်အပေါ် စေတနာမေတ္တာထားတဲ့သူကို တွေ့တာနဲ့ ရင်ထဲက သိပ်ခင်သွားတယ်၊ အရက်သမားလည်း ဒီအတိုင်းပဲ၊ အရက်သောက်မိပြီဆိုတာနဲ့ တင်းရှင်းလို့ခေါ်တဲ့ စိတ်အာရုံကြောတွေက သာမန်ထက်ပိုပြီး လှုပ်ရှားနေပြီ မဟုတ်လား"

နောင်နောင် ပြုံးလိုက်ပါ၏။

"မမနွေးက ဖဲဝိုင်းထိုင်ဖူး၊ အရက်ဝိုင်းသောက်ဖူးတာကျနေတာပဲ"



"ဟဲ့ ... အဲဒါတွေက လူသားတိုင်း ဖြစ်တတ်တဲ့ ဆိုင်ကော်လော်ဂျီအရ ပြောတာ၊ စိတ်ပိုင်းနဲ့ ဆိုင်တာတွေလေ၊ ကိုယ်တိုင် အရက်သေသောက်၊ ကိုယ်တိုင် ဖဲဝိုင်းထိုင်မှ သိရတာမျိုးမှ မဟုတ်တာ"

"ထားပါတော့၊ မမနွေးနဲ့ ကျွန်တော်ကျတော့ကော"

"ရှင်းနေတာပဲ တို့မောင်၊ ရန်ဖြစ်တဲ့အခါ ကိုယ့်ဘယ်က ဝင်ကူတဲ့လူကို ရင်ထဲက ခင်မင်သွားတာမျိုးပေါ့၊ နတ်မောက်လမ်းမှာ တို့မောင်နဲ့ တွေ့ဆုံကြုံကြိုက်ရာမှာ တို့မောင်က မမနွေးဘက်က ကူပြီး လူဖော် လူမော်တို့ကို ဝင်ဖိုက်ပေးတာရော၊ အဲဒီညမှာပဲ တို့မောင်က မမနွေးကို ကူညီတဲ့စေတနာနဲ့ ဦးကောင်းညွန့်အိမ်ကို လိုက်ပို့ပေးတာရော"

နောင်နောင်သည် ထိုညက မောင်တော်ကား ပလက်ဖောင်းပေါ်တက်သွားပြီး မမနွေး သူ့ရင်ခွင်ထဲ ရောက်လာခဲ့ကို ပြန်သတိရမိသည်။ ဟုတ်ပါပေ၏။ ထိုအချိန်မှစပြီး နောင်နောင်၏ စိတ်လှုပ်ရှားလွန်းသည်သာ။

"ရန်ဖြစ်ချိန်မှာပဲဖြစ်ဖြစ် ရန်သူ့လက်က လွတ်အောင် ထွက်ပြေးရတဲ့ အချိန်မှာပဲဖြစ်ဖြစ် စိတ်ဟာ အလှုပ်ရှားဆုံး ဖြစ်ရတယ်လေ၊ မမနွေး ပြောတာ တို့မောင် သဘောပေါက်ပါတယ်နော်"

"ပေါက်ပါတယ်"

"အဲဒါပဲပေါ့ နောင်နောင်၊ တွေ့ဆုံရတဲ့အချိန်ကာလဟာ တိုတောင်းပေမဲ့ တွေ့ကြုံလာရတဲ့ အဖြစ်သနစ်ပေါ်မှာ မူတည်ပြီး ရင်ထဲက ခင်မင်သွားတာမျိုးက သာမန်တွေ့

www.burmeseclassic.com

www.burmeseclassic.com



ဆုံကြတာမျိုးထက် အဆမတန် ပိုတယ်မဟုတ်လား၊ အဲဒီကတည်းက မမနွေးကတော့ တို့မောင်ကို ရင်ထဲက ခင်မင်သွားတယ်၊ စိတ်လည်း ဝင်စားမိတယ် ဒါကြောင့် တို့မောင်ဟာ မမနွေးအတွက် သူစိမ်း မဟုတ်တော့ဘူး၊ နောက်တစ်ချက်က တို့မောင်ဟာ ဝပ်ရှော့ပညာသင် အလုပ်သမား ဆိုပေမဲ့ တို့မောင်ရဲ့ စိတ်နေသဘောထား၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ သန့်ပြန့်တဲ့ ဉပဓိရုပ်ဟာ ဝပ်ရှော့သင်ဘဝနဲ့ တခြားစီ ဖြစ်နေမှန်း တစ်စထက် တစ်စ ပိုမြင်တွေ့လာရတယ်"

နောင်နောင် ငြိမ်မြဲငြိမ် နားထောင်မြဲ နားထောင်နေသည်။

"ဒီမယ် တို့မောင်၊ ကျီးကန်းဟာ ဒေါင်းယောင်ဆောင်လည်း သူအော်တဲ့အသံကျတော့ အား … အားလို့ အော်မှာပဲ၊ အလားတူပဲ ဒေါင်းက ကျီးကန်းယောင်ဆောင်ရင်လည်း သူအော်တဲ့အခါမှာ အိုးဝေ … အိုးဝေလို့ အော်မှာပဲမဟုတ်လား၊ ဘယ်လောက်ပဲ အယောင်ဆောင်ပါစေ ဇာတိမှန်ဆိုတာ တစ်နေရာကမပေါ် နောက်တစ်နေရာက ပေါ်တတ်တာပဲ တို့မောင်"

"ဒါနဲ့ပဲ မမနွေးက ကျွန်တော့်ဇာတိရုပ်ကို စုံထောက်လုပ်တာ မဟုတ်လား"

"ဒါပေါ့ကွာ၊ ဒါပေါ့၊ ကိုအောင်မျိုးလှိုင်က မိကြည်တို့ ပြောတဲ့အထဲမှာ နောင်နောင်ဟာ ဦးစိန်မြမောင်ဆိုတဲ့ လူကို သေနတ်နဲ့ ပစ်လို့ ထောင်ဒဏ်တစ်နှစ်ကျခံရတယ်လို့



ကြားတော့၊ တကယ်ပဲ မမနွေး စိတ်မကောင်းဖြစ်မိတယ်၊ ဘာလို့များ တို့မောင်က သေနတ်နဲ့ ပစ်လား ခတ်လား လုပ်ရတာလဲကွယ်"

"ပြောမယ် မမနွေး၊ စကားမပြောတတ်တဲ့ တိရစ္ဆာန်တောင်မှ ရင်ထဲမှာ မခံမရပ်နိုင်တဲ့အခါ ညည်းတွားသံပြုသေးတာပဲ၊ ကျွန်တော် လူသားတစ်ယောက်အဖို့ဆို ရင်ထဲမှာ မွန်းကျပ်အောင် ခံစားနေတာကို မျိုသိပ်ထားပေမဲ့ ကိုယ် ဖွင့်ပြောသင့်တဲ့သူကို ဖွင့်ပြောမယ်လို့ ဆုံးဖြတ်ပါပြီ"

"ဒါဆို မမနွေးကို ဖွင့်ပြောရမဲ့သူလို့ တို့မောင်က သတ်မှတ်လိုက်ပြီပေါ့နော်"

နောင်နောင်က ညင်သာစွာ ခေါင်းညိတ်ပြပေသည်။

"မမနွေးလိုပဲ ကျွန်တော့်ဘဝအမှန်ကို သိချင်နေတဲ့ တခြားသူတွေ ရှိသေးတယ်၊ ကျွန်တော့်ဝပ်ရှော့ဆရာမြတ်ရော၊ သူ့သမီး အမာလေးရော၊ ညစောင့် အဘဦးဘအေးရော လေ"

"အမာလေး ဟုတ်လား"

"ဆရာမြတ်ရဲ့သမီးလေးပါ၊ ဒေသကောလိပ်မှာ ဒုတိယနှစ် တက်နေတယ်၊ သူ့ကျောင်းနာမည်ကတော့ 'မြတ်သီရိ'ပါ၊ အမာလေးဆိုတာက သူ့နီးစပ်တဲ့ ပတ်ဝန်းကျင်က ခေါ်တဲ့ ငယ်နာမယ်ပါ မမနွေး"

"အေး … အမာလေး ဆိုတာရော၊ မြတ်သီရိ ဆိုတာရော နာမည်လေးက ချစ်စရာ၊ လူမလေးကလည်း ချစ်စရာကောင်းမှာပဲနော်"

www.burmeseclassic.com



"မမနွေး နီးပါး ချစ်စရာကောင်းတဲ့ ရုပ်မျိုး ရှိပါတယ် မမနွေး"

"ဘာကွယ့်"

"မိန်းကလေးတစ်ယောက်ဟာ ရုပ်ချောတယ်၊ ရုပ်လှတယ်ဆိုရင် လူတွေက ချစ်စရာကောင်းတယ်လို့ ပြောတတ်ကြပါတယ်၊ အမာလေးဟာ ချောလှပါတယ်၊ ဒါပေမဲ့ မမနွေးရဲ့ အချောအလှကိုတော့ မီမယ်မထင်ဘူး၊ ဒါကြောင့် မမနွေး နီးပါးလို့ ကျွန်တော် ပြောတာပါ၊ အသက်ကတော့ ငယ်သေးတာပေါ့လေ၊ ဆယ့်ကျော်သက်ဆိုပါတော့"

"ဒါဆိုရင် မင်းနဲ့ လိုက်ဖက်တာပေါ့"ဟု နွေးနွေးက အနောက်အပြောင်သဘောမျိုး ပြောလိုက်ချင်သော်လည်း မပြောလိုက်ပါပေ။ နောင်နောင် ကိုယ်တိုင်က အလေးအနက် အမှုအရာနှင့် ပြောနေသည်မို့တစ်ကြောင်း၊ နွေးနွေး၏ ရင်ထဲကိုကပင် နောင်နောင်အား အခြားမိန်းကလေးတစ်ဦးနှင့် မစ,ချင်၍ တစ်ကြောင်း အစ္ဆတ်အနောက်လေး မပြောဖြစ်တော့ပေ။

"မနေ့ညကပဲ အမာလေးက နက်ဖြန်ကျရင် ကျွန်တော့် အတိတ်ဘဝအကြောင်းတွေ ပြောဖြစ်အောင် ပြောပြရမယ်လို့ ကျွန်တော့်ကို ဖွတ်ပြောထားတယ်၊ ဒီနေ့ မိုးလင်းတာနဲ့ ဦးဒေဝ လာခေါ်ပြီး အခု မမနွေးနဲ့ လိုက်လာတော့ အမာလေးကို ဘာမှ မပြောရတော့ဘူးပေါ့"

"အမာလေးဟာ တို့မောင်ရဲ့ ရင်ထဲကအတိတ်အကြောင်းတွေကို ဖွင့်ပြောပြရမဲ့သူလို့ တို့မောင်က သတ်မှတ်ထားလို့လား၊ တကယ်လို့ပေါ့ကွာ၊ ဒီနေ့ အစောကြီး ကိုဒေဝက



လည်း လာမခေါ်ဘူး၊ မမနွေးနဲ့လည်း အခုလို ခရီးမထွက်ဖြစ်ဘူးဆိုရင် ဒီနေ့ အမာလေးကို တို့မောင် ဖွင့်ပြောတော့မှာလား"

"ပြောတတ်ဘူး မမနွေး၊ အမာလေးဟာ ကျွန်တော် ဖွင့်ပြောရမဲ့သူလား၊ ဖွင့်မပြောရမဲ့သူ လားဆိုတာ ကျွန်တော် ညကစဉ်းစားဆုံးဖြတ်ချိန် မရလိုက်ဘူး၊ ညက ဦးကောင်းညွန့်အိမ်က မမနွေးနဲ့ အတူတူ ပြန်လာတော့ တော်တော်ညဉ့်နက်နေပြီ မဟုတ်လား၊ အိပ်ရာထဲ ရောက်ပြန်တော့လည်း မမနွေးအကြောင်းတွေကို တွေးရင်း အိပ်ပျော်သွားလို့ အမာလေးကို ဖွင့်ပြောသင့် မပြောသင့် ကျွန်တော် မစဉ်းစားမဆုံးဖြတ်ဖြစ်တော့ဘူး"

နွေးနွေးသည် နောင်နောင်က အမာလေးကို ဖွင့်ပြောရန် မစဉ်းစား မဆုံးဖြတ်ရသေးဟု ပြောလိုက်သောစကားကိုပင် နွေးနွေး ရင်ထဲ၌ ဘာကြောင့်မှန်းမသိ ကျေနပ်မှုတစ်မျိုး ခံစားလိုက်ရသည်။

"ကဲပါကွာ၊ မင်းအကြောင်းကို ပြောပါတော့"

"ကျွန်တော့်အကြောင်းက တိုတိုရိုးရိုးနဲ့ ရှင်းရှင်းလေးပါ၊ ဖေဖေ ဦးဘနောင် အသက်ရှင်နေတုန်းကတော့ တိုင်းအင်ဂျင်နီယာကြီးရဲ့သားပေါ့၊ မော်လမြိုင်မှာ ကိုယ်ပိုင်ခြံ၊ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ကားနဲ့နေတဲ့ လူတန်းစားထဲကပေါ့၊ မော်လမြိုင် ဒီဂရီကောလိပ်မှာ ကျွန်တော် ဖိုင်နယ်ဖြေပြီးတဲ့နောက် မကြာခင် ဖေဖေဟာ တာဝန်နဲ့ ခရီးထွက်ရင်း မော်တော်ပေါ်က ရေထဲ လိမ့်ကျပြီး သေဆုံးသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အယ် ... ဖြစ်ရလေကွယ်၊ မမနွေးက နောင်နောင့်ဖေဖေ ဆုံးတာ ရိုးရိုးဖျားနာပြီး သေဆုံးသွားတာလားလို့"

"ဖေဖေ သေဆုံးတဲ့အချိန်မှာ ဖေဖေ့ အသက်ဟာ လေးဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ် မမနွေး၊ နောက်ပြီး ဖေဖေဟာ ထောင်မောင်းကြွံခိုင်ပြီး ကျန်းမာရေး သိပ်ကောင်းတယ်၊ ကျွန်တော့်ခန္ဓာကိုယ် အချိုးအဆက်ဟာ ဖအေတူလို့ လူတိုင်းပြောတယ်၊ မျက်နှာကတော့ မေမေနဲ့ တူတယ်တဲ့"

"တို့မောင်ရဲ့ ဖေဖေက ရေမကူးတတ်ဘူးလား"

"သိပ်ကူးတတ်တာပေါ့ မမနွေး၊ ဖေဖေက ရေကူးတယ်၊ မြင်းစီးတယ်၊ ဂေါ့(ဖ်)ရိုက်တယ်၊ တင်းနစ်(စ်)ရိုက်တယ်၊ လက်ဝှေ့ထိုးတယ်၊ ကားမောင်းတယ်၊ မောင်တော်ဆိုင်ကယ်စီးတယ်၊ ကျွန်တော့်ကိုတောင် သူ့လိုပဲ အဘက်ဘက်က စွံစေရမယ်ဆိုပြီး အားလုံးသင်ပေးတယ်၊ လေ့ကျင့်ခိုင်းတယ်၊ လုပ်ခိုင်းတယ်"

"ဒါနဲ့များတောင် ရေထဲ လိမ့်ကျတာ သေရသတဲ့လား တို့မောင်"

"ပြောကြတယ်လေ၊ အထူးသဖြင့် ဦးစိန်မြင့်ခမောင်ဟာ ပါးစပ်ပုပ်ကြီးနဲ့ သတင်းတွေ လွှင့်တယ်၊ ဖေဖေဟာ ရေထဲလိမ့်ကျချိန်မှာ လူမှန်းမသိအောင် အရက်မူးနေတာတဲ့လေ"

"ဩ ... ဩ ... တို့မောင်ဖေဖေက အရက်သောက်တတ်သလား"



"ဖေဖေ အရက်သောက်တတ်တာ မဟုတ်ဘူး၊ အရက်သောက်တယ်ဆိုတာက နေ့စဉ် အရက်ကို စွဲမြဲပြီး သောက်တာကို ခေါ်တာ၊ ဖေဖေက အရက်ကို တစ်ခါတလေ သောက်တယ်၊ ရာထူးကြီးမားတဲ့ ပုဂ္ဂိုလ်တွေ၊ လုပ်ငန်းသိပ်ကြီးတဲ့ ပုဂ္ဂိုလ်တွေဟာ များသောအားဖြင့် လူမှုရေးကြောင့်ဖြစ်ဖြစ် အသိုင်းအဝိုင်းအရဖြစ်ဖြစ် အရက်ဝိုင်းဖွဲ့တဲ့အခါ သောက်ကြတာ ဒီပုဂ္ဂိုလ်တွေ ကြားမှာ အဆန်းမှ မဟုတ်တာ၊ ဒါပေမဲ့ ဖေဖေ သေသွားတဲ့ ကျွန်တော့်တစ်သက်မှာ ဖေဖေဟာ အရက်မူးလွန်သွားတယ်လို့ တစ်ခါမှ မမြင်ဖူးဘူး မကြားဖူးဘူး၊ တကယ်လို့ ဖေဖေဟာ အရက်သောက်များသွားတယ်ဆိုတောင် ဖေဖေ့ရဲ့ ကျန်းမာရေးက သိပ်ကောင်းတာမို့ တော်ရုံအရက်ဒဏ်ကို ခံနိုင်ရည်ရှိတာပေါ့"

"ဟဲ့ ... ဒါဆိုရင် နောင်နောင့်ဖေဖေ ..."

"ဟုတ်တယ်၊ ကျွန်တော့် ဖေဖေဟာ သွေးရိုးသားရိုး သေသွားတာလို့ ကျွန်တော် မမှတ်ယူဘူး၊ စဉ်းစားတယ်၊ ကျွန်တော် သိပ်စဉ်းစားတယ်၊ ဖေဖေ သောက်တဲ့အရက်ခွက်ထဲမှာ လွန်ကဲတဲ့ အိပ်ဆေးတို့ အဆိပ်တို့ ပါသွားတာကို သောက်မိလို့ ဖေဖေဟာ ရေမကူးနိုင် ဖြစ်သွားရတာလို့"

"ဟဲ့ ... နောင်နောင်၊ ဒါဆို နောင်နောင်ရဲ့ ဖေဖေဟာ တစ်ပါးသူ ကြံစည်လုပ်ကြံလို့ သေသွားရတာလို့ ဆိုချင်တာလား"

www.burmeseclassic.com



"ဆိုချင်တာ မဟုတ်ဘူး မမနွေးရ၊ ဒက်ထိကြီးကို စွပ်စွဲတာ၊ ကျွန်တော့် ဖေဖေ သေဆုံးရတာဟာ ကန်သရိုက်တာ ဦးစိန်မြမောင်က လုပ်ကြံတာလို့ ကျွန်တော်က စွပ်စွဲတာ"

"ဒါဆို သက်ဆိုင်ရာရဲအဖွဲ့ကို မင်း မတိုင်ဘူးလား၊ ရဲအနေနဲ့ စုံစမ်းပေးနိုင်တာ လုပ်ဆောင်ပေးနိုင်တာတွေ အများကြီး ရှိတာပဲ၊ ဥပမာ နောင်နောင့် ဖေဖေရဲ့ အလောင်းကို သက်ဆိုင်ရာ ဆရာဝန်နဲ့ ခွဲစိတ်ကြည့်ရင် အရက်ထဲမှာ အိပ်ဆေးတို့ အဆိပ်တို့ ပါတယ် မပါဘူးဆိုတာ သိနိုင်တာပဲ"

နောင်နောင် ဦးခေါင်းခါပြသည်။

"မမနွေး ပြောတာက ဖေဖေ့အလောင်းကို ပြန်ရရင်တော့ ဟုတ်တာပေါ့၊ ဖေဖေ ရေထဲကျတဲ့အချိန်က ရေကျချိန်၊ ရေကျချိန်ဆိုတာက ရေတွေအားလုံး ပင်လယ်ဘက်ကို ကျသွားတဲ့အချိန်လေ၊ ဖေဖေ့အလောင်းဟာ ပင်လယ်ထဲ ပါသွားပြီး ပြန်ရှာလို့ မရတော့ဘူး"

"ကျွတ် ... ကျွတ် ... ကျွတ်"

နွေးနွေး တကယ်ပင် ရင်ထဲက စိတ်မကောင်းစွာနှင့် နောင်နောင်အတွက် စုတ်သပ်မိသည်။

"ကဲ ... တို့မောင် မပြောချင်လည်း ဆက်မပြောနဲ့တော့ ကွာ၊ မမနွေး ကြားရတာ တို့မောင်အတွက် စိတ်မကောင်းဘူး"

"ကျွန်တော့်အပေါ် မမနွေး ကြင်နာစိတ်ထားတာကို ကျေးဇူးတင်ပါတယ် မမနွေး၊ ဒါပေမဲ့ ကျွန်တော် ဆက်ပြောမယ်ဗျာ



ကျွန်တော့်ရင်ထဲမှာ အကြိတ်အခဲကြီးဖြစ်ပြီး အလုံးကြီး ဆို့နေတာ ကြာပြီ၊ အခု ဖွင့်အန်မိမှတော့ ဆက်အန်တော့မယ်ဗျာ"

"ဒါဆို မမနွေးကပဲ ဆက်မေးမယ် တို့မောင်၊ နောင်နောင့် စိတ်ထဲမှာ နောင်နောင့် ဖေဖေ သေဆုံးရမှုမှာ ဦးစိန်မြမောင်ကို ဘာလို့ စွပ်စွဲတာလဲ၊ မမနွေး သိသလောက်တော့ လူသတ်မှုတစ်ခု ဖြစ်လာရင် သေသူကို သတ်သူက သတ်ချင်တဲ့အကြောင်းအရာ၊ သေသွားစေတဲ့ အကြောင်းအရာမိုးတစ်(ဗ်) ရှိရမယ် မဟုတ်လား၊ ဦးစိန်မြမောင်က ဘယ်လို မိုးတစ်(ဗ်)ကြောင့် နောင်နောင့် ဖေဖေကို သေစေချင်လို့ သတ်ရတာလဲ"

"မိုးတစ်(ဗ်)ကောင်းကောင်း ရှိရောပေါ့ မမနွေး၊ စကားပုံတောင် ရှိသေးတာပ ' မဟုတ်လား၊ သူ့မယားလိုချင်ရင် သူ့လင်ကို လုံနဲ့ထိုးတဲ့လေ၊ ဦးစိန်မြမောင်က ကျွန်တော့် မေမေကို လိုချင်လို့ သဲလွန်စ လက်သယ်မပေါ်အောင် ကြိုတင်ကြံစည်စီစဉ်ပြီး သတ်လိုက်တာပဲ မမနွေး"

"အဲဒီ မိုးတစ်(ဗ်)ဟာ အမှန်လို့ နောင်နောင် ဘာအထောက်အထား ပြမလဲ"

"အဲဒါ မှန်လို့ပဲ မေမေနဲ့ ဦးစိန်မြမောင်က ဖေဖေသေပြီးတဲ့နောက် တရားဝင် လက်ထပ်လိုက်တာပဲလေ၊ လူအမြင်ကောင်းအောင် ဖေဖေ သေဆုံးပြီးတဲ့နောက် ခြောက်လလောက်တော့ နေလိုက်ကြသေးတယ်၊ ခြောက်လပြည့်ပြီးတဲ့နောက် မေမေနဲ့ ဦးစိန်မြမောင် တရားဝင် ယူလိုက်တာပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေး ငိုင်သွားသည်။ နောင်နောင့် မိခင် ဒေါ်မွန်မွန် ကိုယ်တိုင်က ဦးစိန်မြမောင်အား လိုလိုလားလား လက်ထပ်ခြင်း ပေလား။

"မေးမယ်နော် နောင်နောင်၊ ဖေဖေ သေဆုံးသွားတဲ့အချိန်မှာ နောင်နောင်ရဲ့ မေမေ ဒေါ်မွန်မွန်က အသက်ဘယ်လောက် ရှိပြီလဲ"

"လေးဆယ့်တစ်"

"အရွယ်ကောင်းတုန်းပဲ၊ ပြီး နောင်နောင့် မျက်နှာရုပ်နဲ့ ဒေါ်မွန်မွန်က တူတယ်ဆိုတော့ ဒေါ်မွန်မွန်ဟာ တော်တော်ချောမှာပေါ့နော်"

"ဟုတ်ကဲ့၊ မေမေဟာ တော်တော်ကြီးကို ချောပါတယ်၊ မေမေဟာ တော်တော်ကြီးကို လှပါတယ်၊ နောက်ပြီး မေမေဟာ တော်တော်ကြီးကို ယုတ်မာပါတယ် မမနွေး"

"ဟဲ့ ... ဒီလိုမပြောကောင်းဘူးလေ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်အမေဟာ အမေပဲ၊ မာတာပီတုဂုဏော အနန္တောလို့တောင် ဘုရားကဟောထားတာ"

"ကျွန်တော့်စကားဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ရိုင်းသွားမှန်း သိပါတယ် မမနွေး၊ ဒါပေမဲ့ မေမေ့လောက် လောကကြီးမှာ တစ်ကိုယ်ကောင်းဆန်လွန်းတာကိုတော့ မုန်းတယ်၊ မေမေဟာ လေးဆယ့်တစ်ပေမဲ့ သုံးဆယ်ကျော်ပါလို့ပြောရင်ရတဲ့အထိ ချောလှနုပျိုပါတယ်၊ တကယ်လို့သာ မေမေဟာ အရွယ်ရှိသေးလို့ နောက်အိမ်ထောင်ပြုတယ်ဆိုတာမျိုးကို ကျွန်တော် ခွင့်လွှတ်ပါတယ်၊ သားဖြစ်တဲ့ ကျွန်တော့်က တက္ကသိုလ်ဘွဲ့တွေဘာတွေရပြီး လက်လွှတ်နေပြီပဲ၊ မေမေ အိမ်ထောင်ပြုချင်ပြုပေါ့၊ အခုတော့ ဖေဖေ့ကိုသတ်တဲ့ ဒီဦးစိန်မြမောင်ကို မေမေ လက်ထပ်လိုက်တယ်၊ အဲဒါကို ကျွန်တော် ရင်အနာဆုံးပဲ မမနွေး"

"စိတ်မဆိုးနဲ့နော်၊ မမနွေး မေးမယ်၊ ဦးစိန်မြမောင်နဲ့ ဒေါ်မွန်မွန်ဟာ ငယ်စဉ်ကတည်းက ငယ်ချစ်တွေ ဖြစ်ခဲ့ဖူးလားကွယ်"

"ထပ်သရီး၊ လုံးဝကြီးကို မဟုတ်ဘူး၊ မေမေ့ရဲ့ တကယ့်ငယ်ရည်းစားဟာ ဖေဖေမှ ဖေဖေအစစ်၊ မေမေ့အသက် ဆယ့်ခုနစ်မှာ ဖေဖေက ရန်ကုန်မှာ တက္ကသိုလ် ဘီအက်စီ အင်ဂျင်နီယာကျောင်းသား၊ မေမေက ရန်ကုန်တက္ကသိုလ်မှာ အိုင်အေတက်နေရင်း သူတို့ချင်း မေတ္တာရှိကြတာ၊ မေမေ့ဘက်က ကျွန်တော့်အဘိုးအဘွားတွေက သိပ်ချမ်းသာတယ်၊ ဖေဖေနဲ့ သဘောမတူဘူးဆိုပြီး မေမေ့ကို အိမ်ပြန်ခေါ်တာ၊ သူနဲ့ ဖေဖေ ငယ်ချစ်ဦးတွေ မခွဲနိုင်ပါဘူးဆိုပြီး ခိုးရာလိုက်ပြေးကြတဲ့အထိ ချစ်ကြတာ၊ အဲဒါကို ကျွန်တော့် မေမေဘက်က အဘိုးအဘွားက ခွင့်လွှတ်ပြီး ပြန်ခေါ်ပေးစားတယ်၊ ဖေဖေ့ကို ဘီအက်စီအင်ဂျင်နီယာအောင်တဲ့အထိ ဘွဲ့ရတဲ့အထိ ကျောင်းဆက်ထားတယ်၊ ဘီအက်စီ အင်ဂျင်နီယာအောင်တော့ ပီဒဗလျူဒီလို့ခေါ်တဲ့ လမ်းဌာနမှာ ဖေဖေက လမ်းဝန်ထောက်ရာထူး အခု တိုင်းမင်းကြီးဖြစ်တဲ့အထိပဲ"

"ဦးစိန်းမြမောင်ကကော"



www.burmeseclassic.com

www.burmeseclassic.com


"သူက ငွေပင်ငွေရင်းနဲ့ ကန်ထရိုက်တာ လုပ်တဲ့လူပဲ၊ ပိုက်ဆံချမ်းသာတယ်၊ သူတို့ ချမ်းသာမှုကြောင့် မော်လမြိုင်မှာ သူဌေးတန်းဖားထဲကပေါ့၊ ကန်ထရိုက်တာဆိုတာက လမ်းနဲ့အဆောက်အဦ အင်ဂျင်နီယာတွေကို ကပ်ပေါင်းရင်း ဖေဖေနဲ့ ဦးစိန်မြမောင်ဟာ သိကျွမ်းခင်မင်သွားကြတာ၊ အဲဒီတုန်းက ဖေဖေက မော်လမြိုင်မှာ အမှုဆောင်အင်ဂျင်နီယာလေ၊ အဲဒီမှာပဲ အဘိုးအဘွားတွေ ဆုံးပြီး မေမေက အမွေတွေ ဆက်ခံတယ်၊ ဖေဖေနဲ့မေမေက မော်လမြိုင်မှာပဲ အခြေစိုက်မယ်ဆိုပြီး ခြံနဲ့တိုက်ဝယ်ပြီး တိုက်ဆောက်နေခဲ့တာ"

ဆွာမြို့ကို ဖြတ်သန်းမောင်းနှင် လာခဲ့ပေပြီ။

"မမနွေး စဉ်းစားတယ်၊ နောင်နောင့် ဖေဖေနဲ့မေမေဟာ ငယ်ချစ်တွေ၊ သိပ်ချစ်ကြလို့ ခိုးလာလိုက်ခဲ့တဲ့ ဒေါ်မွန်မွန်ဟာ ခင်ပွန်းသေဆုံးသွားတဲ့နောက် ဘာဖြစ်လို့ ဦးစိန်မြမောင်ကို ကောက်ခါငင်ကာ လက်ထပ်ယူလိုက်တာလဲဆိုတာဟာ ပုစ္ဆာတစ်ပုဒ်များ ဖြစ်နေသလားလို့ မမနွေး တွေးမိလို့ပါ၊ ပုစ္ဆာတစ်ပုဒ် ဖြစ်လာရင် အဖြေထွက်အောင် တွက်ကြည့်ရမှာပေါ့ နောင်နောင်"

"တွက်မနေနဲ့၊ ချက်မနေနဲ့၊ မမနွေး ပင်ပန်းမယ်၊ မေမေက ဦးစိန်မြမောင်ကို ဖေဖေ ဆုံးပြီး မကြာခင်ကောက်ခါငင်ကာ လက်ထပ်လိုက်တာဟာ အဖြေက ရှင်းခနဲ ထွက်နေပြီသားပါ"

"ဆိုပါဦး မင်းဖြေက"

"မေမေက တစ်သက်လုံး ဂုဏ်သရေရှိခဲ့တာပဲ မမနွေး၊ မိဘလက်ထက်ကလည်း ငွေကြေးချမ်းသာလို့ ဂုဏ်ရှိတယ်၊ ဖေဖေနဲ့ တူတော့လည်း ဖေဖေက အင်ဂျင်နီယာအရာရှိမို့ မေမေ့ကို လူတွေက မင်းကတော်၊ မင်းကတော် အမြဲ ရိုသေလေးစားပြီး ဂုဏ်ရှိတာပဲ၊ မေမေ့တစ်သက်လုံးမှာ ဂုဏ်ရှိခဲ့တာတွေကို မေမေက သိပ်မက်မောတယ်လေ၊ အိမ်ထောင်သည်မိန်းမသား ဆိုတာက ရေမြင့်ကြာတင် လင်ဂုဏ်ရှိလေ မယားဂုဏ်တက်လေ မဟုတ်လား၊ ဖေဖေ သေသွားတော့ မေမေ့မှာ ဂုဏ်တွေလည်း သေသွားတယ်၊ ဦးစိန်မြမောင်က မော်လမြိုင်မှာ ချမ်းသာတာရော၊ လူရည်လည်တာရောကြောင့် ဂုဏ်သရေရှိ ပုဂ္ဂိုလ်ဖြစ်နေတာ၊ ဒီတော့ မေမေက သူ့အတွက် ဂုဏ်ဆက်ပြီး မညှိုးသွားစေချင်လို့ ဂုဏ်ရှိတဲ့ ဦးစိန်မြမောင်ရဲ့ကတော်ဘွဲ့ ခံယူလိုက်တာပေါ့ မမနွေး၊ အဲ ... ဒါကိုပဲကြည့် မေမေဟာ ဘယ်လောက်အတ္တကြီးသလဲ တစ်ကိုယ်ကောင်းဆန်သလဲဆိုတာ"

"မမနွေးကတော့ အဲဒီလိုမထင်ဘူး၊ နောင်နောင်ရဲ့ မေမေ ဒေါ်မွန်မွန်မှာ ဒီထက်လေးနက်တဲ့အကြောင်းတစ်ခု ရှိလို့ ဦးစိန်မြမောင်ကို ကောက်ခါငင်ကာ လက်ထပ်လိုက်တာလို့ ထွက်ကြည့်မိတယ် တို့မောင်"

နောင်နောင် ဘာမှတော့ မပြော။ သူ့အသွင်အတိုင်း ပခုံး တွန့်ပြသည်။

"ကဲ ... အဲဒါတွေ ထားပါတော့ကွာ၊ မင်းက ဦးစိန်မြမောင်ကို သေနတ်နဲ့ ပစ်ခဲ့ရတဲ့ကိစ္စကကော"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ သေဆုံးသွားရပုံကို ကျွန်တော် မကျေနပ်ဘူးလေ၊ ဒီတော့ ကျွန်တော် လက်လှမ်းမီသလောက်နဲ့ ဉာဏ်ရှိသလောက် ဆက်စုံစမ်းတာပေါ့၊ သက်ဆိုင်ရာရဲ့ အဖွဲ့မှာပဲ ကျွန်တော်က တိုင်ချက်ဖွင့်တယ်"

"တိုင်ချက်ကို ရဲက လက်ခံသလား"

"လက်တော့ခံတယ်၊ ဒါပေမဲ့ အဲဒီအမှုဟာ ဘာမှ မသင်္ကာစရာ အထောက်အထားတွေ မရှိလို့ လူသေမှုအနေနဲ့ အမှုပိတ်ထားပြီးသားတဲ့၊ ဒါပေမဲ့ တိုင်သူရှိတာကို လက်ခံတဲ့အနေနဲ့တော့ လက်ခံလိုက်ပုံပါ"

"ရဲအဖွဲ့ဟာ အဲဒီလို နက်နဲတဲ့ အမှုမျိုးဆိုရင် လူမသိသူမသိ ကျိတ်စုံစမ်းပြီး တရားခံရဲ့ လစ်ကွက်ဟာကွက်ကို ချောင်းနေတယ်လို့ မှုခင်းနဲ့ ပတ်သက်တဲ့ စာအုပ်တွေထဲမှာ မမနွေး ဖတ်ဖူးတာပဲ၊ မော်လမြိုင်ရဲကလည်း အဲဒီလို ချောင်းနေတာလားမှ မသိတာ"

"အဲဒီလိုသာဆိုရင်တော့ ကျွန်တော်က ဝမ်းသာတာပေါ့၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ တိုင်ချက်ဖွင့်တာကို သိပ်အားတက်သရော မရှိလို့ ကျွန်တော့်ရင်ထဲမှာ မကျေနပ်မိဘူး၊ ဒါကြောင့် ကျွန်တော် ကိုယ်တိုင် ဖေဖေ သေဆုံးတဲ့နေရာအထိ လိုက်သွားပြီး စုံစမ်းတယ်၊ မော်တော်ဘုတ်ပေါ်မှာ ဖေဖေနဲ့အတူ လိုက်ပါခဲ့တဲ့ လူတွေဆီမှာ တစ်ယောက်ချင်း လိုက်မေးမြန်းတယ်"

"အဲဒီလူတွေ တစ်ယောက်ယောက်ဆီက သတင်းထူးရသလား"



နောင်နောင် စိတ်ပျက်စွာ ခေါင်းခါပြသည်။

"သူတို့အားလုံးကို ရဲအဖွဲ့က လာစစ်သွားပြီးပြီတဲ့၊ ရဲအဖွဲ့မှာ ထွက်ဆိုတာထက် ပိုပြီး ဘာမှ ပြောစရာမရှိဘူးတဲ့၊ ဒီလိုနဲ့ မေမေနဲ့ ဦးစိန်မြမောင်သာ လက်ထပ်သွားတယ်၊ ကျွန်တော် စုံစမ်းတာ ဘာမှ အထူးခြားဘူး"

"ဦးစိန်မြမောင်ကို နောင်နောင်က သေနတ်နဲ့ ပစ်တာက ကော"

"ကျွန်တော်က ကျွန်တော် လိုက်စုံစမ်းတဲ့ လူတိုင်းကို ဖေဖေ သေတာဟာ ဦးစိန်မြမောင်ရဲ့ ပယောဂ ဖြစ်ရမယ်လို့ ပြောခဲ့တာတွေကြောင့် ဦးစိန်မြမောင်နဲ့ မေမေဟာ ပြဿနာတက်လာတယ်၊ ရန်ဖြစ်ကြတယ်၊ အဲဒီတုန်း ကျွန်တော် ပြန်လာတာနဲ့ ဒက်ထိဝင်တိုးတယ်၊ ကျွန်တော်နဲ့ ဦးစိန်မြမောင် ဆက်ပြီး စကားများကြရော၊ သူက ကျွန်တော် လိုက်စုံစမ်းနေတာဟာ သူ့ရဲ့ ဂုဏ်သိက္ခာ ထိခိုက်တယ်လို့ပြောတယ်၊ ကျွန်တော်က သူခိုးက လူဟစ်မနေနဲ့ ခင်ဗျားကြီးသာ ကျုပ်အဖေကို အသေသတ်ပြီး ကျုပ်အဖေ ဂုဏ်သိက္ခာကျအောင် အရက်မူးလွန် ရေထဲကျတာလို့ လျှောက်သတင်းလွှင့်နေတာ၊ ကျုပ် မေမေကို လိုချင်လို့ ကျုပ်အဖေကို ခင်ဗျား သတ်လိုက်တာလို့ အော်ဟစ်ပြီး အများကြားအောင်ပြောတော့ ဦးစိန်မြမောင်က ဒေါသ မထိန်းနိုင်တော့ဘဲ သူ့လက်ကိုင်အိတ်ထဲက သေနတ်ကို ဆွဲထုတ်ပြီး ကျွန်တော့်ကို ပစ်ဖို့ချိန်တယ်"

www.burmeseclassic.com

www:burmeseclassic.com



သာဂရကို ဖင်မလီယာကားလေး ကျော်ဖြတ်လာပေပြီ။ နောင်နောင်က ကားမောင်းရင်း ပြောပြနေခြင်း ဖြစ်ပါ၏။ အနောက်ရပ်မှ နေသည် ဆောလုံးနီကြီးလို တဖြည်းဖြည်း မှိုးကုပ်စက်ဝိုင်းအောက်ခန့် ဆင်းကျနေပေပြီ။

"ဒါမျိုးကျတော့ ကျွန်တော်က သိပ်သွက်တယ် မမနွေး။ ဦးစိန်မြမောင် သေနတ်ထိုးအချိန်မှာပဲ မောင်းမဆွဲခင် ကျွန်တော်က ခုန်အပ်ပြီး သူမှန်နေလို့ သူ့ကို ဘယ်ကိုထိထိ ဆိုပြီး တစ်ချက်ပစ်လိုက်တယ်"

"သူ့ကို ထိသွားလား"

"ထိတယ်၊ ဘယ်ကိုထိထိဆိုပြီး ထိုးပစ်တာမို့ သူ့ရင်ဘတ်တို့ ခေါင်းတို့ကို မထိဘဲ သူ့ပေါင်တစ်ဖက်ကို ထိသွားတယ်"

"တော်သေးတာပေါ့၊ ချက်ကောင်းထိလို့ သူသေသွားရင် မင်းအတွက် အပြစ်ဒဏ်ဟာ မလွယ်ဘူး နောင်နောင်"

"အခုလည်း ကျွန်တော် ထောင်ဒဏ်တစ်နှစ်ကျခံရတာပဲ မဟုတ်လား မမနွေး"

"အား ... လူတစ်ယောက်လုံးကို သေနတ်နဲ့ ပစ်မှတော့ ဒီလောက်တော့ ..."

"အဲဒီလို ဘာဟုတ်မလဲ၊ ဖြစ်ပွားတဲ့အချိန်မှာ မျက်မြင်သက်သေဆိုလို့ မေမေတစ်ယောက်တည်းရှိတာ၊ တရားရုံးမှာ မေမေကသာ ဦးစိန်မြမောင်ကစပြီး သူ့သေနတ် ထုတ်ပြီး ကျွန်တော့်ကို ပစ်ဖို့ ကြိုးစားတာ၊ ကျွန်တော်က ကိုယ့် အသက်ကာကွယ်တဲ့အနေနဲ့ ဦးစိန်မြမောင်ဆီက သေနတ်ကို ပြန်လုရင်း သေနတ်ကျည်ဆန် ထွက်သွားပြီး ဦးစိန်မြမောင်ရဲ့ ပေါင်ကို ထိသွားတာပါလို့ မျက်မြင်သက်သေ ထွက်ဆိုပေးရင် ကျွန်တော် ဘာအပြစ်ဒဏ်မှ ခံရမှာ မဟုတ်ဘူးပေါ့ မမနွေး"



"ဒါဆို ခေါ်မွန်မွန်က တရားရုံးမှာ ဘယ်လို ထွက်ဆိုလို့လဲကွယ်"

"ဦးစိန်မြမောင်နဲ့ ကျွန်တော် စကားများရန်ဖြစ်ပြီး ရုတ်ရုတ်သဲသဲဖြစ်ချိန်မှာ မေမေဟာ အစိုးရိမ်လွန် အကြောက်လွန်ပြီး ရှော့ဖြစ်သတိမေ့သွားပါတယ်တဲ့၊ ဒါကြောင့် ဘာတွေ ဘယ်လိုဖြစ်သွားမှန်း မသိလိုက်တော့ပါဘူးတဲ့လေ၊ သတိပြန်ရလို့ ကြည့်လိုက်တော့ ဦးစိန်မြမောင်က ကြမ်းပြင်မှာ ထိုင်လျက်သားကြီးနဲ့ ကျွန်တော်က သေနတ်ကိုင်ပြီး ရပ်နေတာကို တွေ့ရပါတယ်တဲ့၊ ဟဲ ... ဟဲ ... ဟဲ ... မေမေရဲ့ တရားရုံးမှာ ထွက်ဆိုချက်လေ။ သူ့နောက်လင်ရဲ့ အလိုကျ ထွက်ဆိုတာလေ၊ ကမ္ဘာမီးလောင်လို့ သားကောင်ကိုတောင် ချနင်းလိုက်တာလေ၊ ကိုယ့်မှာ မချိတော့ အမိကတောင် သားမတော်ချင်တာလေ မမနွေး၊ အဲဒီ မေမေလေ အဲဒီ မေမေပေါ့၊ ဦးစိန်မြမောင်ကြီးက မေမေ့အဖို့ ပွဲတိုင်းတင့်စေတဲ့ စိန်နဲ့စိန်ခဲကြီး မဟုတ်လား၊ ဒီကောင် နောင်နောင်က တော့သားဆိုပေမဲ့ တစ်နေ့ကို ငါးကျပ်ပြားရှစ်ဆယ်တောင် ရှာပေးနိုင်တဲ့ ကောင်မှ မဟုတ်တာ"

www.burmeseclassic.com



"အဲဒီလို ဟုတ်ချင်မှ ဟုတ်မှာပါ နောင်နောင်၊ ဦးစိန်မြမောင်က မင်းမေမေကို ရုံးတော်မှာ အဲဒီလို ထွက်ဆိုရမယ်လို့ အနိုင်ကျင့် ထွက်ဆိုခိုင်းတာမျိုး ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒီခေတ်ဟာ အရင်ခေတ် မဟုတ်ပါဘူး မမနွေး၊ ပြည်သူ့ရုံးနဲ့ ပြည်သူ့ရဲ့ခေတ်ပါ၊ ဥပဒေခေတ်ပါ၊ ဦးစိန်မြမောင်မှာ စိန်တွေ ပြည်တောင်းနဲ့ ရှိရှိ၊ ရွှေတွေ တင်းတောင်းနဲ့ ရှိရှိ ပြည်သူ့တရားရုံးအပေါ်မှာ သူ မလွှမ်းမိုးနိုင်ပါဘူး၊ အနိုင်ကျင့်ခြိမ်းခြောက်တာ ခံဖို့မလိုပါဘူး"

ဒါတော့ နောင်နောင်ပြောပြတာကို လက်ခံသည့် နွေးနွေး ကိုယ်တိုင် ကိုသက်ဇင် သေဆုံးစဉ်က ပြည်သူ့ရဲ့တပ်ဖွဲ့ဆောင်ရွက်ပုံတွေကို မျက်မြင်တွေ့ခဲ့ရသည်။ တရားရုံးတော်တွေကို သေချာလေ့လာခဲ့သည်။ ကိုယ့်ဘက်က မှန်မှန်ကန်ကန်နှင့် အထောက်အထား ခိုင်လုံပါစေ တစ်ဖက်လူသည် ဆင်ကောင်ကြီးလောက်ရှိ၊ ဂုဏ်ပါဝါမိုးလောက်မြင့်စေ၊ ပြည်သူ့ရဲက ခိုင်လုံလျှင် ဖမ်းမည်သာ။ တရားရုံးက စစ်ဆေးပြီး အမှုအမှန်အတိုင်း ထိုက်သင့်သော အပြစ်ပေးမည်သာ။

"ဦးစိန်မြမောင်ကကော တရားရုံးမှာ ဘယ်လို ထွက်ဆိုသလဲ တို့မောင်"

"ဟာ ... ကျွန်တော် အနည်းဆုံး ထောင်ဒဏ်လေးငါးခြောက်နှစ် ကျသွားအောင် ထွက်ဆိုတာပေါ့၊ သူနဲ့ သူ့ဇနီး ဒေါ်မွန်မွန်ဟာ တစ်အိမ်တည်း အတူနေတာပါတဲ့၊ နောင်နောင် ဆိုတဲ့ သူဟာ ဒေါ်မွန်မွန်ရဲ့ သားဖြစ်ပေမဲ့ သူ့အဖေ ဦးဘနောင် ကွယ်လွန်ကတည်းက တေပေပြီး



အိမ်ကို ပြန်ချင်တဲ့အခါပြန်၊ မပြန်ချင်တဲ့အခါ အပေါင်းအသင်းမျိုးစုံနှင့် ထင်သလို နေပြီး တေပေနေတာပါတဲ့၊ ဒေါ်မွန်မွန်က သူ့သားကို သူ မနိုင်ပါဘူးတဲ့၊ ဆုံးမလို့ မရတဲ့ သားပါတဲ့၊ အဲဒီ သားမိုက် နောင်နောင်က သူ့ဆွဲအိတ်ထဲက သေနတ်ကို တင်ကြိုခိုးယူထားပြီးမှ သူ့ကို အခွင့်အရေးရတာနဲ့ ပစ်သတ်ဖို့ ကြိုးစားတာပါတဲ့၊ သူ ကံကောင်းလို့ ပေါင်ကို ထိပြီး အသက် မသေတာပါတဲ့"

"တို့မောင်က တရားရုံးမှာ ရင်ဆိုင်ဖို့ ရှေ့နေတွေဘာတွေ မငှားဘူးလား"

"အဲ ... အဲဒါကျတော့ ကျွန်တော် ကံကောင်းတယ် ဆိုရမလား၊ ဒါမှမဟုတ် ဖေဖေရဲ့ မျက်နှာဟာ သေသွားသည့်တိုင်အောင် မျက်နှာကြီးဆဲလို့ဆိုရမလား မသိဘူး၊ ကျွန်တော့်အနေနဲ့ အချုပ်ထဲ ရောက်နေတာရော၊ ရှေ့နေငှားဖို့ငွေ မရှိတာရော၊ ဖြစ်နေချိန်မှာ မော်လမြိုင်က ဒိတ်ဒိတ်ကြဲ အကျိုးတော်ဆောင် ရှေ့နေကြီး ဦးရွှေဇံက ကျွန်တော့်ဘက်က အခကြေးငွေ တစ်ပြားမှ မယူဘဲ ဖေဖေ့ရဲ့ သူငယ်ချင်းမို့ ရှေ့က မားမားရပ်ပြီး အမှုလိုက်ပေးတယ် မမနွေး၊ ကျွန်တော့်ကို အချုပ်ထဲမှာ လာတွေ့ပြီး ဖြစ်ခဲ့သမျှ အမှန်အတိုင်း ပြောစမ်းဆိုပြီး အမှန်တွေကို နားထောင်သွားတယ်၊ မှတ်သွားတယ်၊ အဲ ... တရားရုံးမှာ ဦးရွှေဇံက အချက်အလက်တွေ အမျိုးမျိုး တင်ပြတယ် ...

www.burmeseclassic.com

www.burmeseclassic.com



"အခု တရားခံ ဖြစ်နေသူ နှောင်နှောင်ဟာ ဂုဏ်သရေရှိ နာမည်ကောင်း ရရှိထားတဲ့ တိုင်းအင်ဂျင်နီယာ ဦးဘနှောင်ရဲ့ မိကောင်းဖခင်သား ဖြစ်ပါတယ်တဲ့ ...

"ငယ်စဉ်တည်းက မူလတန်းကစပြီး ပညာကို ရိုးသားကြိုးစားသင်ခဲ့ပြီး တက္ကသိုလ်ဘွဲ့အက်စ်ဘွဲ့ရပြီးထား တဲ့ ဂုဏ်သရေရှိ လူငယ်ပါတဲ့ ...

"ယခင်ကလည်း ပြစ်မှုတစ်စုံတစ်ခု ကျူးလွန်ခဲ့တာ မရှိခဲ့ဘူးတဲ့ ...

"လူမှုရေးပိုင်းနဲ့ ကြည့်ရင် သူ့ရဲ့ ဖခင် ရတ်တရက် မဟာဒယား သေဆုံးပြီး အလောင်းကိုတောင် ပြန်မရလို့ စိတ်ဓာတ်ကျဆင်း ဝမ်းနည်းမှု ဆွေးနေရှာတဲ့ လူငယ်လေး ပါတဲ့ ...

"မိခင်က နောက်ထပ် အိမ်ထောင်ပြုလိုက်ပြန်တာ ကိုလည်း မကျေမနပ် ခံစားနေရတဲ့ သူပါတဲ့ ...

"ဦးစိန်မြမောင်ဟာ တကယ်တမ်း သူ့သေနတ် ပျောက်ဆုံးခဲ့ရိုးမှန်ရင် သေနတ်ပျောက်ဆုံးသွားတဲ့ နေရာ နေ့စွဲနဲ့ အချိန်ကာလ အတိအကျကို ရဲမှာ တိုင်တမ်းရ မယ်တဲ့၊ ဒီလို မတိုင်ကြားတာဟာ သူ့သေနတ် ပျောက် ဆုံးနေပါတယ် ဆိုတာဟာ သံသယ ထွက်ဆိုချက်သာ တဲ့ ...

"နှောင်နှောင်ဟာ ပထွေးနဲ့ မယားပါသား ထုံး အတိုင်း ရင်ဖြစ်ရာမှ သူ့လက်ထဲက သေနတ်ရှိနေပါလျက် တစ်ချက်သာပစ်ပြီး ကျည်ဆန်ငါးတောင့်ဟာ သေနတ်ထဲမှာ



ရှိမြဲရှိ ကျန်မြဲကျန်နေတာကို ထောက်ချင့်ရင် နှောင်နှောင်က ဦးစိန်မြမောင်ကို သေစေလိုသောဆန္ဒ မရှိဘဲ သူ့ကိုယ်သူ ကာကွယ်တဲ့အနေနဲ့ တစ်ချက်သာပစ်ကြောင်း ထင်ရှား တယ်တဲ့ ...

"အဲဒီနောက် ဦးရွှေဗဲ တင်ပြချက်တွေ အများကြီးပါပဲ မမနွေး၊ အဲဒါတွေ နှစ်ဖက်ထွက်ဆိုချက်တွေကို သေချာ နားထောင်ပြီးမှ ကျွန်တော့်ကို လက်နက်ကို မဆင်မခြင် ကိုင်တွယ်ပြီး တစ်ဦးတစ်ယောက်ကို ထိခိုက်နာကျင်စေတဲ့ အတွက် နှောင်နှောင် ဆင်ခြင်နိုင်ရန် ထောင်ဒဏ်တစ်နှစ် ကျခံစေလို့ အမိန့်ချမှတ်ခဲ့တာပါပဲ မမနွေး၊ အင်းစိန်ထောင် ကို ပို့တယ်၊ အချုပ်ထဲက ရက်တွေရော၊ လျှော့ရက်တွေကိုပါ နုတ်လိုက်တော့ ကျွန်တော် ထောင်ထဲမှာ ဆယ်လပဲ နေခဲ့ရတယ်လေ"

"ထောင်က လွတ်တော့ မော်လမြိုင်ကို မပြန်ဘူးလား တို့မောင်"

"ကျွန်တော် ထောင်ကလွတ်တဲ့နေ့မှာ မေမေက ထောင်ဘူးဝ ကနေ ကျွန်တော့်ကို လာစောင့်နေတယ်"

"ကဲ ... မမနွေး မပြောဘူးလား၊ မအေပဲကွယ်၊ သားအရင်း ခေါက်ခေါက် ဒီလို ဖြစ်တယ်ဆိုတော့ လွတ်ရက်ကို စောင့်မျှော်ပြီး လာကြိုပြီပေါ့"

"ဟုတ်ကဲ့ ... ဆက်ပြီး နားထောင်ပါ မမနွေး၊ ကျွန်တော့် ရဲ့မွေးသမိခင် အရင်းခေါက်ခေါက်ကြီး ကျွန်တော့်ကို ထောင်ဘူးဝက လာကြိုတာ မဟုတ်ဘူး မမနွေးရေ့၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မော်လမြိုင်က သူ့အိမ်ကို ပြန်လာမှာစိုးလို့ မလာဖို့ လာစောင့်ပြီး ပြောတာ"

"အယ် ... မဟုတ်တာ"

"ဟုတ်လိုက်တာမှ အားကြီးကြီးပေါ့၊ ငိုယိုတောင်းပန်ပြီး တော့ကို မော်လမြိုင်ကို ပြန်မလာဖို့ ပြောတာ၊ မေမေ့ရဲ့ အကြောင်းပြချက်ကတော့ သူ့လင်ကြီး စိန်မြမောင်က ကျွန်တော့်ကို အခဲမကျေဘူးတဲ့၊ ထောင်ကလွတ်လို့ မော်လမြိုင်ကို ပြန်လာရင် အသက်အန္တရာယ်အထိ အန္တရာယ်ပေးလိမ့်မယ်တဲ့လို့ ပြောပြီး အဆင်သင့် ဘီအိုအေခ်ီ အိတ်နဲ့ ထည့်ယူလာတဲ့ တစ်ရာတန်အုပ် ဆယ်အုပ် အသစ်စက်စက် ငွေတစ်သိန်း ပေးသွားတယ်၊ အခြေအနေ ကောင်းရင် သားကို မေမေ အကြောင်းကြားပါမယ်တဲ့၊ ဒီကြားထဲမှာ အဲဒီ ငွေတစ်သိန်းနဲ့ စားသောက်နေထိုင်ပါလို့ ပြောပြီးတာနဲ့ ကားနဲ့ ပြန်ပြေးသွားတယ်လေ၊ သဘောက တော့ မေမေက ကျွန်တော့်ကို ငွေတစ်သိန်းအပြတ်ပေးပြီး ဖြတ်လိုက်တဲ့သဘောပေါ့"

"အပြတ်ပေးတယ် ဟုတ်လား၊ ဘာလဲ အမွေပြတ်သဘောကို ပြောတာလား"

"အဲဒီသဘောပဲပေါ့"

"မဟုတ်သေးဘူး ထင်တယ်၊ တို့မောင်ရဲ့ ဖေဖေ ရှိစဉ်က မော်လမြိုင်မှာ တိုက်တစ်လုံးဆောက်ပြီး နေခဲ့တယ်ဆို၊ အဲဒီ တိုက်ကကော နောင်နောင့်မေမေရဲ့ အမွေရတဲ့ ငွေထဲက ဆောက်တဲ့တိုက်လား"

"မဟုတ်ဘူး၊ ဖေဖေ အနှစ်နှစ် အလလက စုထားတဲ့ငွေနဲ့ ဆောက်တာ၊ ဖေဖေက သိပ်မာနကြီးတာ၊ မေမေ အမွေရတဲ့ ယောက္ခမပစ္စည်းကို လက်ဖျားနဲ့တောင် မတို့ဘူး"

"အဲဒီ ဖေဖေ ဆောက်သွားတဲ့တိုက်က ဘယ်လောက်တန် ကြေးရှိသလဲ"

"ဖေဖေ ဆောက်တုန်းကတော့ ခြံရော တိုက်ရော နှစ်သိန်းခွဲ လောက်ကုန်တယ် ပြောသံကြားတာပဲ၊ အခုဆိုရင်တော့ ကာလတန်ကြေး လေးငါးသိန်းတန်ချင်တန်မှာပေါ့"

"တခြားအမွေရတဲ့ အတွင်းဝစ္စည်းတွေကတော့ ဘယ် လောက်တန်ကြေး ရှိမလဲ"

"အဲဒါတော့ ကျွန်တော် မသိဘူး မမနွေး"

"မမနွေး စိတ်အထင်ပြောမယ်နော်၊ နောင်နောင့်မေမေ လက်ထဲမှာ ဆယ့်လေးငါးသိန်းလောက် ရှိမယ်၊ နောင်နောင့် ကို တစ်သိန်းပေးသွားတာ အမွေပေးတာ မဖြစ်နိုင်ဘူး၊ ဒိပြင်အကြောင်း တစ်ခုခုရှိလို့ နောင်နောင့်ကို မော်လမြိုင် ပြန်မလာစေချင်တာပဲ ဖြစ်ရမယ်၊ လောလောဆယ် ငွေတစ် သိန်းပေးသွားတာက နောင်နောင်ရဲ့ စားဝတ်နေရေး ယာယီအတွက် ပေးသွားတာပဲဖြစ်မယ်"

မြို့လူမြို့ကို ဖင်မလှီယာကားလေး ဖြတ်သန်းနေပြီ။

"ဦးစိန်မြမောင်က နောင်နောင့်အမေ ဒေါ်မွန်မွန်ကို မရအရ လက်ထယ်ယူတာဟာ ဒေါ်မွန်မွန် ရုပ်ချော ရုပ်လှတာရော၊ ချမ်းသာတာရော မက်လို့ ခဲတစ်လုံးနဲ့ နှစ်ကောင်အရပစ် တဲ့ သဘောဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးစိန်မြမောင် ကိုယ်တိုင်က ချမ်းသာတဲ့လူပဲ၊ မော်လမြိုင်တစ်မြို့လုံးက သူ့ကို လူချမ်းသာစာရင်း သွင်းထားတာပဲ"

"ဘယ်ပြောနိုင်မလဲ တို့မောင်၊ တချို့ချမ်းသာတယ် ထင်ရတဲ့လူတွေဟာ ဟန်သာရှိပြီး အဆံမရှိတာမျိုးတွေ ရှိတာပဲ၊ နေပါဦး ဒါထက် မင်း မေမေ ပေးခဲ့တဲ့ ငွေတစ်သိန်းကို တို့မောင် ဘာလုပ်ပစ်လိုက်လဲ"

"ဘာမှ မလုပ်ဘူး၊ ဒီအတိုင်းပဲထားတယ်၊ နောက်တစ်ခါမေမေနဲ့ တွေ့ရင် ရော့ ... ခင်ဗျားငွေတွေ တစ်ပြားမှ မရော့ဘူး ပြန်ယူလို့ ပေးမလို့၊ ကျွန်တော့်မှာ ဖေဖေ့သွေးပါတယ်၊ သူများ ပေးစာကမ်းစာ ယူချင်တာ မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် ရအောင် ကျိုးစားချင်တာ"

"ဒါဆို တို့မောင် အခု ဘယ်ရောက်နေမှန်း ဘယ်မှာနေမှန်း တောင် မင်းမေမေ မသိဘူးပေါ့"

"အဲဒီလိုပဲ ဖြစ်မှာပေါ့၊ ကျွန်တော်ကမှ လုံးဝ မဆက်သွယ်တော့တာ"

"မမနွေး ထင်တယ်၊ တို့မောင်က လုံးဝ အဆက်အသွယ်ဖြတ်ထားလို့ ဒေါ်မွန်မွန်က ဘယ်လို ဆက်သွယ်ရမှန်း မသိဖြစ်နေလို့ မဆက်သွယ်တာ ဖြစ်မယ်၊ နို့မို့ရင် တို့မောင်ဆီကို ဆက်သွယ်မှာပါ၊ မအေဟာ မအေပဲ မဟုတ်လား၊ မိခင်ဆိုတာ သားဆိုးသမီးဆိုးကိုတောင် မပစ်ရက်နိုင်တာ၊ တို့မောင်က လူတော်လူကောင်းသားလိမ္မာပဲဟာ"

"မအေဟာ မအေပါပဲဆိုတာ တခြားအမေတွေအတွက်တော့ ဟုတ်မှာပေါ့၊ ကျွန်တော့်အမေကျတော့ တစ်မျိုးလေ၊



မမနွေး စဉ်းစားကြည့်လေ၊ အဆက်အသွယ် ဖြတ်တာဟာ ကျွန်တော်က ဖြတ်တာလား မေမေက ဖြတ်တာလား၊ ကျွန်တော် ထောင်က လွတ်ရင် ဘယ်သွားမလဲ၊ မေမေ့ဆီက လွဲပြီး တခြား ကျွန်တော့်မှာ ဘယ်မှသွားစရာမရှိတာ၊ အဲဒီအခြေအနေမှာ မေမေက ထောင်ဘူးဝက ကျွန်တော် ထွက်လာတာကို စောင့်ပြီး ရှောအင့် ငွေတစ်သိန်းယူသွား၊ မင်း ငါ့ဆီမလာနဲ့လို့ ပြောသွားတဲ့သဘောပဲ မဟုတ်လား၊ နာတယ် မမနွေး၊ မေမေ့ကို ကျွန်တော် အရမ်း စိတ်နာတယ်"

နွေးနွေး သက်ပြင်းချရပါ၏။

နောင်နောင့်ဘက်မှ ကြည့်ပြန်တော့လည်း စဲစားမှုမှန်နေသည်။ သို့သော် နောင်နောင်သည် မိခင်ကို နာကြည်းခြင်းသာဖြစ်မည်။ မုန်းတီးခြင်း မဟုတ်ဟု နွေးနွေး ယူဆသည်။ သူပြောသောစကားတွင် "မေမေ"ဟု ထည့်ပြောလေတိုင်း သူ၏အသံ၌ ချစ်ခြင်းမေတ္တာ ရိုက်ခတ်သံပါ ရှိနေသည်။ ဘာပြောပြော လောကကြီးတွင် ဒီအမေနှင့် ဒီသားသာလျှင် ရှိပေတော့ရာ၊ နောင်နောင် ရှိသမျှ မိခင်အပေါ်ထားသည့် မေတ္တာသည် ဖခင်မရှိသည့်နောက် ဒီမိခင်ကိုသာ ပုံအော၍ ချစ်ပေမည်သာ။

ယင်းသို့ အခြေအနေတွင် မိခင်က နောက်အိမ်ထောင်ပြုလိုက်ခြင်း၊ နောက်အိမ်ထောင်ကလည်း နောင်နောင့်ရင်ထဲတွင် စွပ်စွဲထားသူ၊ မုန်းတီးထားသူ ဖြစ်နေခြင်း၊ ထို့ပြင် အိမ်ထောင်ပြုပြီးနောက် မိမိအပေါ် မိခင်က ပစ်ပယ်ထွန်းခြင်းတွေကြောင့် မိခင်ကို သိပ်စိတ်နာခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမရှိ။

မုန်းတီးခြင်းသာ စိုးရိမ်စရာ ဖြစ်သည်။

စိတ်နာခြင်းဆိုသည်က ယာယီလက္ခဏာသဘောသာ ရှိပါ၏။ တစ်နေ့နေ့တွင် မိခင်အပေါ် စိတ်ပြေစရာများ တွေ့လာလျှင် နာကြည်းခြင်းသည် သူ့အလိုလို ရင်ထဲမှ ထွက်သွားမည်။

ယခုမူ မိခင်အပေါ် အချစ်ကြီးခြင်းကြောင့် နာကြည်းခြင်း ပြင်းထန်နေခြင်းသာ ဖြစ်ပေအံ့သည်။

* * *



# (၁၁)

ရှေ့တွင် ကတ္တရာလမ်းကြီးကို ကျောက်ရိုးတင်လှည်းတစ်စီးက နွားနှစ်ကောင်ကပ်သောကြောင့် ဆွဲမရ တိမ်းမရ လမ်းကန့်လန့်ကြီး ဖြစ်နေသောကြောင့် နောင်နောင်သည် ဆက်မောင်း၍မရဘဲ ကားကို ရပ်ရသည်။

လှည်းတွင် ကျောက်ရိုးတွေ တောင်ပူစာလို တင်ထားပြီး အမြင့်ကျောက်ရိုးပုံပေါ်မှ လှည့်မောင်းသူသည် အသက် (၁၂) နှစ်ရွယ် ကလေးငယ် ဖြစ်နေသည်။ ကလေးက သူ့နွားကို မနိုင်မနည်း ဖြစ်နေသောသဏ္ဍာန် ရှိနေပါ၏။

"မမနွေး၊ ရှေ့က လှည်းဟာ သွေးရိုးသားရိုး မဟုတ်ဘူး ထင်တယ်"

"ဘာလို့ သွေးရိုးသားရိုး မဟုတ်ဘူးလို့ ထင်တာလဲ တို့မောင်"

"ကိုလူချော် ကိုလူမော်ဟာ အင်မတန်ရိုးပြီး ယဉ်တဲ့အကွက် တစ်ကွက် ဆင်လိုက်တာ ထင်တာပဲ၊ အခုကတော့ ကျွန်တော့်တို့ကားကို လမ်းပိတ်လိုက်တဲ့သဘောပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့မလား၊ ဒီလှည်းကြီး ပိတ်နေမှတော့ ဟိုဘက်ကလာတဲ့ကားရော၊ ဒီဘက်ကသွားတဲ့ကားရော လမ်းပိတ်နေမှာပဲဟာ"

"ရှေ့မှာရော နောက်မှာရော ကြည့်လိုက်လေ၊ ဘာကားတစ်စီးမှ မရှိဘူး၊ ဒီလမ်းကို ဒီလိုမှောင်ရီပျိုးချိန်မှာ ပရိုက်ဗိတ်ကားတွေ မသွားကြတော့ဘူး၊ နောက်ပြီး ဒီကောက်ရိုးလှည်းဟာ ကျွန်တော်တို့ကားလာတာကို လှမ်းမြင်မှ လမ်းကန့်လန့်ဖြစ်သွားတာ"

ပြောပြောဆိုဆို နောင်နောင်သည် ကားရပ်ပြီးနောက် ကားပေါ်မှ ဆင်းကာ လှည်းဆီသို့ သွားသည်။

"ဟော့ ... ချာတိတ် လမ်းပိတ်နေပြီကွ"

နောင်နောင်က လှည်းဦးထိပ်တွင် ရပ်ပြီး နွားနှစ်ကောင်၏ နွားဖားကြိုးကို တစ်ဖက်စီဆွဲကာ လှည်းကို လမ်းဘေးတွင် ထည့်မတ်သွားအောင် ဆွဲချနေသည်။ ဆွဲသည်နှင့် ပါလာသောကြောင့် ကပ်သောနွားများ မဟုတ်ကြောင်း သိသာပါ၏။

ထိုစဉ်မှာပင် မမနွေး၏ အော်သံကြားရသည်။

"နောင်နောင်ရေ လာပါဦး"

နောင်နောင် ကားဆီသို့ လှည့်ကြည့်သည်။ အမျိုးသား သုံးယောက်သည် မမနွေးကို ကားပေါ်မှ အတင်းဆွဲထုတ်နေသည်ကို လှမ်းမြင်ရပါ၏။

နောင်နောင် အတင်းပြေးလာခဲ့သည်။

"ပစ်ဟေ့၊ ဒီကောင် အနီးကပ်ရောက်လာရင် မလွယ်ဘူး၊ ပစ်"



"ဒိုင်း"

မမနွေးကို နှစ်ယောက်က ချုပ်ကိုင်ထားပြီး ကျန်တစ်ယောက်က နောင်နောင့်ကို ထိုးပစ်သည်။ နောင်နောင်က ပစ်မည်မှန်း သိ၍ လမ်းပေါ် မှောက်ချလိုက်သည်။

သို့သော် မလွတ်ပါပေ။

နောင်နောင့်၏ လက်ဝဲဘက်လက်မောင်း ကျည်ဆန်ထိသွားသည်။ နောင်နောင် ကိုယ်တစ်ပတ်လည်ပြီး လမ်းပေါ် ပစ်ကျသွားသည်။

"မိနွေးနွေး ငါ ချုပ်ထားမယ်၊ မင်းတို့နှစ်ယောက် ဟိုကောင်ကို သွားချုပ်ခေါ်လာခဲ့၊ ဒီကောင် ထိသွားပြီ၊ လှုန်ရဲမှာ မဟုတ်တော့ဘူး"

နှစ်ယောက်သည် နောင်နောင့်ကို ချုပ်ကိုင်လိုက်သည်။ နောင်နောင်က ဒဏ်ရာရထားသည့်ကြားကပင် ပြန်လှန်တိုက်ခိုက်သည်။

တစ်ယောက်ကို နောင်နောင် ဆောင့်ကန်လိုက်ရာ ထိုတစ်ယောက် လမ်းဘေးသို့ ဖင်ထိုင်လဲကျသွားသည်။ သူ လက်ထောက်ထိုင်ကျရာ၌ လမ်းဘေးကျောက်ခဲတစ်လုံးကို ကိုင်မိရာ ထိုကျောက်ခဲကို ယူပြီး နောက်တစ်ယောက်နှင့် သတ်ပုတ်နေသော နောင်နောင်၏ ဦးခေါင်းကို ကျောက်ခဲနှင့် ထုချလိုက်သည်။

နောင်နောင် မဟာန်နိုင်ပါလေတော့၊ လဲကျသွားပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးသည် အတင်းရုန်းထွက်ခါ လဲကျသွားသော နောင်နောင့်ဆီ ပြေးပြီး ပွေ့ချီထားလိုက်သည်။ နွေးနွေး ငိုချလိုက်သည်။

"ကဲ … လူမော်နဲ့ ကြီးမောင် ဒီချာတိတ်ကောင်ကို ဖင်မလီယာနဲ့ပဲ ခေါ်ခဲ့၊ မိနွေးနွေးကို ငါ ဖော်(လ်)ဂါကားနဲ့ပဲ ခေါ်သွားမယ်"

"နောင်နောင် … နောင်နောင်"

နွေး ပွေ့ပိုက်ထားရင်း သတိလစ်နေသော နောင်နောင်ကို လှုပ်ခါပြီး ခေါ်နေသည်။

ခေါင်းဆောင်လူဇော်က နွေးနွေးကို အတင်းပင်ဆွဲခေါ်နေသည်။ ဖော်လ်ဂါကားနက်ကြီးဆီသို့ ဆွဲခေါ်ခြင်းဖြစ်ပါ၏။

ထိုစဉ်မှာပင် ကောက်ရိုးလှည်းကြီးဘေးမှ ဖျင်ကြမ်းတိုက်ပုံအင်္ကျီ၊ ချည်ကြမ်းလုံချည် တိုတိုဝတ်ပြီး ခေါင်းပေါင်းထားသော လူကြီးတစ်ယောက် ထွက်လာကာ လူဇော်အား ပြောလိုက်သည်။

"ကဲ … မောင်ရင်၊ ကျုပ်ကို ငွေတစ်ရာ ပေးတော့လေ"

"ဘာဗျ … အရေးထဲ"

"ဟေ … မောင်ရင်ပဲ ဒီကားလာရင် ကျုပ် ကောက်ရိုးလှည်းနဲ့ လမ်းကို ကန့်လန့်ခံတားပေး၊ ငွေတစ်ရာ ပေးမယ်ဆို"

"သွားစမ်းဗျာ၊ ဒီမှာ ဒီကောင်မလေးကို ချုပ်ကိုင်လို့ မရ ရတဲ့အထဲ"

ထိုလူကြီးကို ဝေါက်လွှတ်ပြီး နွေးနွေးအား အတင်းချုပ်ကိုင်ဆွဲခေါ်သွားတော့သည်။



လူမော်နှင့် အံ့ကြီးမောင်က နောင်နောင်ကို အတင်းဆွဲကာ ဖင်မလီယာကားဆီ ခေါ်သွားသည်။

နွေးနွေးကို တင်ဆောင်သွားသော ဖော်လ်ဂါကားက ရှေ့မှ သွားပြီး ဖင်မလီယာကားက သတိမေ့နေသော နောင်နောင့်ကို တင်ကာ နောက်မှ လိုက်ပါသွားသည်။

တိုက်ပုံဖျင်ကြမ်းဝတ် လူကြီးသည် ကားနှစ်စီးစလုံး လမ်းဘေးရှိ လမ်းနီလေးထဲသို့ ထိုးဝင်သွားသည်ကို ကြည့်ရင်း ဆောက်ခေါက်လိုက်သည်။

ကောက်ရိုးလှည်းပေါ်မှ (၁၂)နှစ်သားအရွယ် ချာတိတ်က ထိုလူကြီးအား လှမ်းအော်ပြောလိုက်သည်။

"အဘ … ဟိုလူကြီးပေးတဲ့ ငွေတစ်ရာ ကျုပ်ကို ပေးလိုက်လေ၊ အမေ့ကို ကျုပ် ပြန်ပေးလိုက်မယ်၊ အဘ အရက်သွားသောက်လို့ မူးနေရင် ပိုက်ဆံကို သူများတွေ နှိုက်ယူသွားဦးမယ် အဘ"

"ဟာ … ဒီသောက်ကောင်လေး၊ မင်းပထွေးတွေက သောက်ဆံမှ မပေးဘဲ၊ မောင်းထွက်သွားလို့ ငါ ဒေါပွနေတာ၊ ကြည့် … ဒီကောင်တွေကို ငါ မြို့လှရဲစခန်းကို သွားတိုင်မယ်ဟေ့"

ဖျင်ကြမ်းဝတ်လူကြီးသည် သူ့မြေးချာတိတ်ကို အော်ဟစ်လှမ်းပြောပြီး ချာခနဲ လှည့်ကာ ခြေလှမ်းကျဲကြီးများဖြင့် ရဲစခန်းရှိရာသို့ လျှောက်သွားပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ( ၁၂ )

လူဇော်၏ လက်ထဲတွင် နွေးနွေး အိတ်ထဲမှ ရယူထားသော သေနတ် ကိုင်ထားသည်။

နွေးနွေး လူဇော်ကို မကြောက်။ မိမိကို အနာတရဖြစ်အောင် လူဇော် ဘာမှ မလုပ်ရဲမှန်း နွေးနွေး သိသည်။

ယခု မြေနီလမ်းကြမ်းကို မောင်းနေသည်မို့ ကားမှာ မြန်မြန်မောင်း၍မရ။ နွေးနွေး တံခါးဖွင့်ခုန်ဆင်းပြေးလျှင် လွတ်နိုင်သည်။

သို့သော် နွေးနွေး ကိုယ်လွတ်ရုန်းထွက်မပြေးရက်တော့ပြီ။

နောက်က ကားတွင် နောင်နောင်သည် လက်မောင်းတွင် သေနတ်ဒဏ်ရာ၊ ဦးခေါင်းတွင် ကျောက်ခဲထုခံထားရသောဒဏ်ရာနှင့် သတိမေ့နေသည်။

နောင်နောင့်ကို ဘယ်လိုမှ ထားမပစ်ရက်နိုင်။



နောင်နောင့်အတွက် နွေးနွေး ခမျာ ရင်ထဲတွင် အရမ်းခံစားရပါ၏။ သူ့ခမျာ မမနွေးအတွက် အနာတရ ခံစားရှာသည်။

"မင်း ... တကယ်ရက်စက်တာ လူဇော်"

"ဘာလဲ ... နင့်ကောင်ကို ငါက သေနတ်နဲ့ ပစ်လိုက်လို့ နင်က အပြစ်တင်နေတာလား"

"ဒီကောင်လေးက ဘာမသိ၊ ညာမသိနဲ့ ငါ့အတွက် ကြားဝင်ခံရတာ၊ သူ့မှာ ဘာအပြစ်မှ မရှိဘူး"

လူဇော်က ပခုံးတွန့်လိုက်သည်။

"ဘာမသိ ညာမသိမို့ပေါ့ကွာ၊ ဘာသိညာသိဆိုရင် ငါနဲ့လူမော်တို့ နတ်မောက်လမ်းမှာ ဖြစ်တဲ့ ညကတည်းက ထမင်းဝါးစရာသွားတွေ တစ်ချောင်းမှကျန်မှာ မဟုတ်ဘူး၊ နင့်ကောင်က မြွေပွေးလေးပဲ၊ အကောင်ငယ်ပေမဲ့ အဆိပ်ပြင်းတယ်လေ၊ သူက မကိုက်ခင် မပေါက်ခင် သူ့ကို အစွယ်ချိုးရမှာပဲ"

"အင်းပေါ့၊ အခု မင်းတို့ ငါ့ကို ခေါ်သွားတာ မင်းတို့ဆရာ ကိုသက်တင်ဆီကိုပဲ မဟုတ်လား"

"ဒါပဲပေါ့"

"အေး ... မင်း နောင်နောင့်ကို သေနတ်နဲ့ပစ်တဲ့အတွက် ကိုသက်တင်နဲ့ငါ အကြွေးအနယ် ဆွေးနွေးရမှာပဲ၊ ငါ နားလည်ထားတာ ကိုသက်တင်က ငါတို့ကို အမိအရဖမ်းခိုင်းတာပဲရှိတယ်၊ အနာတရဖြစ်အောင် လုပ်စေမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာသက်တင်နဲ့ ဆွေးနွေးချင်လည်း ဆွေးနွေးတော့ မိန္တွေးနွေး၊ ငါတို့ကို ဖမ်းခိုင်းတာ တမင်ဆိုရင်တော့ ညင်ညင်သာသာ ဖမ်းနိုင်မှာပေါ့၊ အခု နင်နဲ့ပါလာတဲ့ကောင်က ကျားဖြစ်နေတော့ ခပ်ကြမ်းကြမ်းပဲဖမ်းရတယ်ဟေ့၊ ဒါကိုမှ ဆရာသက်တင်က တို့ကို အပြစ်ပေးရင်လည်း မတတ်နိုင်ဘူး"

မိနစ်နှစ်ဆယ်ခန့် မောင်းလာသောအခါ စစ်တောင်းမြစ်ကမ်းခြေသို့ ရောက်လာသည်။ မြစ်ကမ်းပေါ်တွင် ဆန်စက်အဟောင်းအပျက်ကြီးတစ်လုံး ရှိသည်။ ဆန်စက်ကောင်းပြီး လည်ပတ်စဉ်က ဆန်စက်မန်နေဂျာနေသော အိမ်တစ်လုံး ရှိသည်။

ဗော်လ်ဂါကားကို ထိုအိမ်ဟောင်းရှေ့တွင် ရပ်လိုက်သည်။ ဖင်မလီယာကားလည်း နောက်တွင် ကပ်၍ ရပ်ပေသည်။

အိမ်တံခါးဝတွင် မားမားကြီးရပ်နေစောင့်နေသော ကိုသက်တင်ကို တွေ့ရပါ၏။

ကားရပ်သည်နှင့် နွေးနွေးသည် ကားပေါ်မှ ပြေးဆင်းကာ နောင်နောင်ဆီသို့ ရောက်သွားသည်။

"နောင်နောင် ... နောင်နောင် ... သတိရပြီလား"

"ကျွန်တော် သတိရပါပြီ မမနွေး"

နောင်နောင် ပြန်ပြောသံမှာ ပျော့နေသည်။ အင်အားသံမပါပါလေတော့။

နွေးနွေးသည် ကားပေါ်တက်ပြီး နောင်နောင်ဘေးတွင် ထိုင်လိုက်သည်။



"အို ... တစ်ကိုယ်လုံးရဲနေတာပဲ၊ ဖြစ်မှဖြစ်ရလေ တို့မောင်ရယ်"

ဟုတ်ပါ၏။ နောင်နောင် ရရှိသော ဒဏ်ရာမှ သွေးတွေသည် အင်္ကျီတစ်ထည်လုံး နီတာရဲနေသည်။

ကိုသက်တင်က နွေးနွေးတစ်ယောက် နောင်နောင့်အပေါ်တွင် စိုးရိမ်ကြီးစွာဖြင့် ပျာယာခတ်နေသည်ကို ကြည့်နေပါ၏။

လူဖော်နှင့်လူမော်က နောင်နောင့်ကို ကားပေါ်မှ တွဲချရန် အနီးသို့ ကပ်လာသည်။

"ခင်ဗျားတို့ ကျုပ်ကို လာမထိနဲ့၊ ကျုပ်ဟာကျုပ် ဆင်းမယ်"

လူဖော်က ပြန်လှည့်ကာ ဆရာကိုသက်တင်ဆီ သွားပြီး နွေးနွေး၏ သေနတ်ကို ပေးအပ်သည်။

"ဒီကောင့်ကို ကျွန်တော် တစ်ချက်ပစ်လိုက်ရတယ် ဆရာ၊ ကျွန်တော် ပြောဖူးသားပဲ၊ ဒီကောင်ဟာ လွယ်လွယ်နဲ့ ချုပ်ကိုင်လို့ မရနိုင်ဘူးဆိုတာ၊ အခုလည်း လွယ်လွယ်မဖြစ်လို့ ပစ်ထည့်လိုက်ရတာပါ"

ကိုသက်တင်က ခေါင်းညိတ်ပြပါ၏။

"ရတယ် လူဖော်၊ ငါ အဓိကမှာတာက နွေးနွေးကို အနာတရ မဖြစ်စေဖို့ပဲ၊ ဒီဝပ်ရှော့ချာတိတ်က နွေးနွေးရှေ့မှာ တယ်ပြီး လူစွမ်းကောင်းလုပ်ပြချင်တာကိုး၊ လူစွမ်းကောင်းဆိုတော့လည်း ဒဏ်ရာ ဘယ်ကင်းမလဲပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဆရာတပည့်ပြောသည့်ကို မွေးမွေး ကြားနေသည်။ နောင်နောင့်ကို သေနတ်နှင့် ပစ်သည်ကို ကိုသက်တင်ထံ၌ စောဒကတက်လည်း အကြောင်းမထူးကြောင်း မွေးမွေး နားလည်လိုက်သည်။

ကိုသက်တင်အမိန့်ဖြင့်ပင် မွေးမွေး နောင်နောင်တို့ အိမ်ပေါ်သို့ ရောက်စေတော့သည်။ နောင်နောင့်ကို မွေးမွေးကပင် ပွေ့ပိုက်တွဲခေါ်သည်။ အသားချင်းထိရာတွင် မွေးမွေး သတိထားမိသည်မှာ နောင်နောင်သည် ကိုယ်တွေ အရှမ်းပူနေခြင်း ဖြစ်ပါ၏။ ကျည်ဆန်ခဲဆိပ်တက်ပြီး နောင်နောင် အပြင်းဖျားနေပေပြီ။

"ဒီမှာ ကိုသက်တင်၊ ရှင်ပြောချင်တာတွေ၊ ရှင်လုပ်ချင်တာတွေ၊ ရှင်လိုချင်တာတွေ၊ နောက်မှ အရေးဆို၊ အခုလောလောဆယ် နောင်နောင့်အတွက် ဆရာဝန်တစ်ယောက် အမြန်ဆုံး ခေါ်ပေးပါ၊ နောင်နောင် အရှမ်းကိုယ်တွေပူနေတယ်"

"ဘယ်လွယ်မလဲ မွေးမွေး၊ အခု တို့ရောက်နေတာ ရေနံမြေ ရဲ့အစွန်အဖျား စစ်တောင်းမြစ်ကမ်းခြေပဲ၊ တောမှ တကယ့်တောပိုင်း၊ ဆရာဝန်မပြောနဲ့ ဗိန္ဒောဆရာတောင် ရဖို့မလွယ်ဘူး"

"မလွယ်ဘူးဆိုတိုင်း ဒီအတိုင်း နေရမှာလား ကိုသက်တင် မတော်တဆ ဖွဟဲ့ လွဲစေ ဖယ်စေ၊ နောင်နောင် သေသွားရင် ဘယ့်နှယ်လုပ်မလဲ"

"သတ္တဝါတစ်ခု ကံတစ်ခုပဲလေ၊ မတော်တဆ ဒီကောင် သေသွားလည်း ခြေထောက် ခဲဆွဲပြီး စစ်တောင်းမြစ်ထဲ ပစ်ချလိုက်ရုံပေါ့"



"ရှင် ... ရှင် ... လူယုတ်မာ"

မွေးမွေး နောင်နောင့်အပေါ်တွင် သံယောဇဉ်ကြီးလှစွာဖြင့် ပွေ့ပိုက်ထားသည်ကို ကိုသက်တင်က ကြည့်ကာ တစ်စုံတစ်ရာ တွေးမိပြီး ဦးခေါင်းတညိတ်ညိတ်ဖြင့် ပြုံးလိုက်ပေသည်။

"ဒီမှာ လူမော်တစ်ယောက်ပဲ နေခဲ့၊ လူဖော်က အိမ်တံခါးကို ပိတ်လိုက်ပါ၊ အဟဲ ... ဒါဆိုရင် မွေးမွေး ဘာလုပ်ချင်သလဲပြော"

"ကျွန်မကားနဲ့ပဲ နောင်နောင်ကို ခေါ်သွားပြီး ရေတာရှည် ဆေးရုံမှာ တင်ချင်တယ်၊ အမြန်ဆုံးလည်း သွားချင်တယ်"

"မဖြစ်နိုင်ဘူး၊ ဆေးရုံက တရားဝင်မေးခွန်းတွေ မေးမယ်၊ သေနတ်ဒဏ်ရာ ဘယ်လိုရခဲ့သလဲ၊ ဘာတွေ ဖြစ်လာခဲ့တယ် ဆိုတာမျိုး"

"ခရီးသွားရင်း မီးချုပ်သွားလို့ ကျွန်မက သေနတ်ကို လိုက်ကာမယ်ကာ ထုတ်ကိုင်ရင်း ကျည်ဆန်ထွက်သွားပြီး ကားမောင်းသူ နောင်နောင်ရဲ့လက်မောင်းကို ထိသွားတာလို့ ပြောမယ်"

ကိုသက်တင်က ခေါင်းခါပြခါပြနေသည်။

"တို့ကို မွေးမွေးက အင်မတန်ချစ်ခင်တာမှ မဟုတ်ဘဲ၊ ဒီက လွတ်သွားတာနဲ့ ဒီကောင့်ကို တို့က သေနတ်နဲ့ ပစ်တာပါလို့ သက်ဆိုင်ရာရဲကို မပြောဘဲနေမတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"မတိုင်ပါဘူး၊ ခုနပြောသလို ကျွန်မလက်က သေနတ်ကျည်ဆန် မတော်တဆ ထွက်သွားတာလို့ ပြောမှာပါ၊ ယုံပါ၊ သေနတ်က ကျွန်မနာမည်နဲ့ သေနတ်ပဲ မဟုတ်လား၊ ယုံပါ ကိုသက်တင်"

"မယုံဘူး နွေးနွေး၊ ငါ လောကကြီးမှာ ဘယ်သူ့ကိုမှ မယုံတော့ဘူး၊ ညီအစ်ကိုအရင်းဖြစ်တဲ့ သက်ဇင်ကတောင် ငါ့ကို ပတ်သွားတယ်၊ ဒါကြောင့် ဒီကောင်သက်ဇင် အသေဆိုးနဲ့ သေရပြီ မဟုတ်လား"

နွေးနွေးသည် ပွေ့ချီထားသော နောင်နောင့်ကို ငုံ့ကြည့်သည်။ နောင်နောင်၏ မျက်နှာမှာ မချိမဆန့် ဝေဒနာခံစားနေရမှန်း သိသာသည်။ နွေးနွေးသည် နောင်နောင့်ကို ကြည့်ရင်း ရင်ထဲတွင် မချိတော့ဘဲ ကိုသက်တင်ကို ပြန်ကြည့်ကာ ပြောလိုက်သည်။

"ကဲ ... ကိုသက်တင် ရှည်ရှည်ဝေးဝေးတွေ ပြောမနေနဲ့၊ ရှင် ကျွန်မဆီက ဘာလိုချင်လဲ၊ အဲဒါကိုပဲပြော"

"အေး ... အဲဒါအကောင်းဆုံးပဲ၊ ငါ ဘာလိုချင်လဲဆိုတာ ပြောမယ်၊ နင်လည်း အသိပါ နွေးနွေး၊ နင်နဲ့ သက်ဇင် လက်မထပ်ခင်က သက်ဇင်က လက်ထပ်ပြီးရင် ဇယားရှုပ်မယ်ဆိုပြီး ညီအစ်ကို အမွေခွဲပေးမယ်ဆိုပြီး ငါ့ကို အမွေခွဲပေးတယ်၊ အင်းစိန်က ဆန်စက်ကြီးကို မင်းယူမလား၊ နတ်မောက်လမ်းက အိမ်ကြီးကို မင်းယူမလား၊ ကြိုက်တာ တစ်ခု မင်းယူလို့ ငါ့ကို ပြောတယ်"



"အဲဒါ ရှင့်အစ်ကို ကိုသက်ဇင်က ညီဖြစ်တဲ့ ရှင့်ကို အခွင့်အရေးပေးသားပဲ"

"ဟုတ်တယ်၊ အဲဒီတုန်းကတော့ ငါ့အစ်ကိုသက်ဇင်ဟာ ငါ့အပေါ် သက်ညှာသားပဲလို့တောင် သူ့အပေါ် ထင်လိုက်မိတယ်၊ ဘာလို့လဲဆိုတော့ ကာလဈေးနဲ့ဆိုရင် အင်းစိန်က ဆန်စက်ဟာ ခုနှစ်သိန်းခွဲလောက် တန်ကြေးရှိတယ်၊ နတ်မောက်လမ်းက အိမ်ကြီးက ငါးသိန်းခွဲ ခြောက်သိန်းလောက်ပဲ တန်ကြေးရှိတယ်၊ အဲဒီနှစ်ခု ကြိုက်ရာရွေးယူဆိုတော့ ငါက တန်ဖိုးပိုကြီးတဲ့ အင်းစိန်က ဆန်စက်ကြီးကိုပဲ ယူလိုက်တာပေါ့၊ ဒီတော့ သူက နတ်မောက်လမ်းက အိမ်ကြီး ယူလိုက်တယ်၊ နောက်ပြီး အမွေလက်ကျန်ငွေဟာ နှစ်သိန်းကျန်ခဲ့တယ်၊ ဒါကိုလည်း သက်ဇင်နဲ့ငါ တစ်သိန်းစီ ခွဲယူကြတယ်၊ အဲဒီအမွေ ခွဲခဲ့တာတွေဟာ တရားဝင် ခွဲခဲ့တာ"

"အင်းလေ၊ ဒါဆို ပြီးရောပေါ့၊ ရှင်က အခုမှ ဘာမကျေနပ်လို့ ကျွန်မနောက်ကို တကောက်ကောက် လိုက်ပြီး ကျွန်မတို့ အမိလိုက်ဖမ်းတာလဲ"

"မပြီးဘူး နွေးနွေး၊ အဲဒီလို အမွေကို တရားဝင်ခွဲပေးလိုက်တာဟာ သက်ဇင်က ငါ့ကို ပတ်လိုက်တာ၊ လှည့်စားလိုက်တာ"

"ဖြစ်ရပြန်ပြီ၊ ကိုသက်ဇင်က ရှင့်ကို ဘယ်လိုပတ်လို့လဲ"

"ဟ ... အမွေတွေထဲက ဆန်စက်နဲ့ နတ်မောက်လမ်းအိမ်နဲ့ ကျန်ငွေနှစ်သိန်းကိုပဲ ခွဲပေးတာ၊ အမွေမကျန်ခဲ့တဲ့

www.burmeseclassic.com



လက်ဝတ်လက်စား စိန်တွေ၊ ပတ္တမြားတွေ စတဲ့ဟာတွေ ကျတော့ ခွဲမှမပေးတာ"

"ဒါဆို အမွေခွဲကတည်းက အဲဒီစိန်တွေ ပတ္တမြားတွေ လက်ဝတ်ရတနာတွေကို ရှင် ထည့်ပြောပါလား"

"အဲဒါကိုပဲ ပြောတာပေါ့၊ ငါ ခံလိုက်ရတာလေ၊ ငါက အရက်သောက်၊ ဖဲရိုက်နဲ့ အပြင်မှာပဲ တေတေပေပေနေတဲ့ လူဆိုတော့ အဲဒီလက်ဝတ်ရတနာတွေကို သတိမထားမိဘူး၊ အမွေခွဲပြီးလို့ နှင်နဲ့သက်ဇင် လက်ထပ်ပြီးမှ ဦးမှူးကြီးက ငါ့ကို ပြောပြမှ အဲဒီလက်ဝတ်ရတနာတွေဟာ သိန်းသုံးဆယ်လောက် တန်ကြေးရှိတယ်ဆိုတာကို သိရတာ"

ဦးမှူးကြီးဆိုသူမှာ ကိုသက်ဇင် မိဘများလက်ထက်ကတည်းက လူယုံတော်ကြီး ဖြစ်ပါ၏။ ကိုသက်ဇင် အမွေခွဲပြီးနောက် နတ်မောက်အိမ်ကြီးတွင် နွေးနွေးနှင့် အတူနေမည်ဟု စိတ်ကူးပြီး ဦးမှူးကြီးကို နတ်မောက်အိမ်မှ နှင်ချလိုက်သည်။ ဒါကို ဦးမှူးကြီးက မကျေနပ်သဖြင့် ကိုသက်တင်ဆီမှာ သွားနေပြီး ထိုအမွေမခွဲဘဲ ကိုသက်တင် ယူထားလိုက်သော လက်ဝတ်ရတနာ သိန်းသုံးဆယ်ဖိုးရှိကြောင်း ပြောပြခြင်းဖြစ်ပေမည်။

"အဲဒီတော့ ဘာဖြစ်လဲ ကိုသက်တင်"

"ဘာဖြစ်ရမှာလဲ၊ အဲဒီရတနာလက်ဝတ်လက်စားသေတ္တာဟာ သံမဏိသေတ္တာနဲ့ ထည့်ထားပြီး သက်ဇင်က နတ်မောက်လမ်းက အိမ်ကြီးရဲ့ ခြံတဲကတစ်နေရာမှာ မြှုပ်ထားတာပဲ၊ အဲဒါကို ဦးမှူးကြီးက သိတယ်တဲ့၊ ဒါပေမဲ့ ငါ့အနေနဲ့ နတ်မောက်လမ်းအိမ်ကြီးထဲကို အမွေခွဲဝေပြီး



သားဖြစ်နေတော့ ဝင်ရောက်ပိုင်ခွင့် မရှိဘူး၊ သက်ဇင်နဲ့ နှင်က တရားဝင် လက်ထပ်တာဆိုတော့ လင်သေရင် မယားဆက်ခံပိုင်ခွင့်အရ ဒီနတ်မောက်လမ်းက အိမ်ကြီးကို နှင် ပိုင်သွားပြီ"

"အဲဒီတော့ ဘာဖြစ်လဲ"

"အေး ... အခု ငါ လုပ်ချင်တာက နှင်နဲ့ငါ အလဲအဖယ် လုပ်ချင်တယ်၊ အင်းစိန်က ဆန်စက်ကို နှင်ပဲ ပြန်ယူ၊ နတ်မောက်လမ်းက အိမ်ကြီး ငါ့ကို ပြန်ပေး"

"ဖြစ်နိုင်ပါတယ်၊ အဲဒီကိစ္စတွေ နောက်မှ ဆက်ပြီး ဆွေးနွေးကြတာပေါ့၊ အခုလောလောဆယ် နောင်နောင့်ကို ရေတာရှည်ဆေးရုံကိုသာ မြန်မြန်ပို့ပေးပါ၊ အချိန်ကြာသွားရင် ဒဏ်ရာက အဆိပ်တက်ပြီး 'အသက်စိုးရိမ်ရလို့ပါ ကိုသက်တင်"

"ဒါဆို အခု ငါပြောသလို နှင် လုပ်ပါ နွေးနွေး၊ ဟောဒီမှာ ငါ စာချုပ်အဆင်သင့် ရေးထားတယ်၊ နှင်က ဆန်စက်နဲ့ နတ်မောက်အိမ်ကြီးကို အလဲအဖယ်လုပ်တာ၊ သဘောတူပါတယ်ဆိုတဲ့ စာချုပ်လေ၊ အဲဒီစာချုပ်မှာ နှင် လက်မှတ်ထိုးပေးလိုက်ပါ၊ နှင် စာချုပ်မှာ လက်မှတ် ထိုးပြီးရင် နှင့်ကောင် နောင်နောင်ကို နှင် ခေါ်ချင်ရာခေါ် သွားတော့ ဒါပဲ"

"မထိုးနဲ့ မမနွေး၊ သူ့စာချုပ်မှာ မမနွေး လုံးဝလက်မှတ် မထိုးနဲ့၊ ဒါဟာ သူက မမနွေးကို သက်သက်အနိုင်ကျင့်တာ၊ မထိုးနဲ့၊ လက်မှတ်မထိုးနဲ့ မမနွေး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဒီကောင် သေမလောက် ဖြစ်နေတာတောင် အစွပ်းပြချင်နေသေးတယ်၊ ငါ သေနတ်နဲ့ ထပ်ပစ်လို့ ပွဲချင်းပြီးသွားတော့မယ်"

နောင်နောင်သည် သူ့ကြောင့် မမနွေးက သိန်းသုံးဆယ်တန်ကို လက်လွှတ်လိုက်မှာ တအားစိုးရိမ်ပေသည်။

"လက်မှတ်မထိုးနဲ့ မမနွေး၊ ကျွန်တော် သေသွားလည်း ဘာဖြစ်လဲ၊ ကျွန်တော့်ဘဝက သေမထူး နေမထူးဘဝပဲ၊ ကျွန်တော်ဟာ သိန်းသုံးဆယ်မပြောနဲ့ တစ်ပဲခြောက်ပြားတောင် တန်ကြေးရှိတဲ့ကောင် မဟုတ်ဘူး၊ သေသွားပလေ့စေ၊ ကျွန်တော် ကျေကျေနပ်နပ် အသေခံမယ်၊ မမနွေး စာချုပ်မှာ လုံးဝ လက်မှတ်မထိုးနဲ့"

ပြောရင်း နောင်နောင် မောသွားသည်။

"အို ... နောင်နောင်ရယ်"

"ကဲ ... နွေးနွေး ဒီကောင်ကို မြန်မြန်ဆေးကုပေးချင်ရင် ဒီစာချုပ်မှာသာ လက်မှတ်ထိုးလိုက်၊ နောက်ပြီး နင့်ကောင် နောင်နောင်ကို ဖင်မလီယာကားနဲ့ ခေါ်သွား ... ဒါပဲ"

နွေးနွေးသည် စဉ်းစားရင်း ခဏငြိမ်နေပေသည်။

ကိုသက်တင်က လူဖော်ကို လှမ်းခေါ်လိုက်လေသည်။

"ဟေ့ ... လူဖော်"

"ဗျာ"

"ကြိုးခိုင်ခိုင်တစ်ချောင်း သွားရှာ၊ အိုကွာ ... တခြားမှာ ရှာမနေနဲ့၊ ငါ့ဘော်လ်ဂါကားနောက်ဖုံးထဲမှာ ကားပျက်ရင်



ဆွဲတဲ့သံကြိုးရှိတယ်၊ အဲဒီသံကြိုးကို ယူခဲ့၊ နောက်ပြီး လူတစ်ယောက် ဝိတ်ကို ဆွဲထားနိုင်တဲ့ ကျောက်ခဲတုံးကြီး လည်း ရှာခဲ့၊ အဲဒီကျောက်တုံးမှာ သံကြိုး သေချာပတ်ချည်၊ သေချာခိုင်အောင် ချည်နော်၊ တော်ကြာ သံကြိုးပြုတ်သွား ပြီး စောစောစီးစီး အလောင်းရေပေါ်မှာ ပေါ်လာရင် ပြဿနာထပ်ပေါ်ဦးမယ်၊ ကြားလား လူဖော်"

"အဲဒါ ဆရာသက်တင် ဘာလုပ်မလို့လဲ"

"ဟ ... မိနွေးနွေး စာချုပ်ကို လက်မှတ်မထိုးရင် ဒီကောင် နောင်နောင်ကို ကျောက်ကြီးဆွဲထားတဲ့ သံကြိုးနဲ့ ချည်ပြီး စစ်တောင်းမြစ်ထဲ ပစ်ချမယ်ကွာ၊ ငါပြောတာ ကြားလား လူဖော်"

"ကြားတော့ ကြားတယ် အာစရိ၊ ဒါပေမဲ့ ကျွန်တော် အဲဒီလို တမင်တကာ လူသတ်တဲ့ အလုပ်မျိုး မလုပ်ချင်ဘူး၊ ကျွန်တော် ဆိုးမိုက်နေပေမဲ့ ဘယ်တုန်းကမှ လူမသတ်ခဲ့ဘူး"

ကိုသက်တင်က သူ့လက်ထဲတွင် ကိုင်ထားသော နွေးနွေး၏ သေနတ်ဖြင့် လူဖော်ကို ချိန်လိုက်သည်။

"အံမာ ... မင်းက လက်စသတ်တော့ သူတော်ကောင်း လူဆိုးပါလား လူဖော်၊ ရပါတယ်လေကွာ၊ ဒီကောင် နောင်နောင်ကို မင်းကိုယ်တိုင် မသတ်ရပါဘူး၊ ငါ ကိုယ်တိုင် အသေသတ်ပြီးမှ မြစ်ထဲပစ်ချမှာ၊ ငါ့အဖို့ မထူးတော့ဘူး လေကွာ၊ လူသတ်ခဲ့ပြီးပြီပဲ၊ နောက်ထပ် လူသတ်ဖို့ ဘာဝန်လေးစရာ ရှိတာမှတ်လို့၊ အေး ... ငါ နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com

"သတ်မဲ့ လူစာရင်းထဲမှာ မင်း မပါသွားချင်ရင် ငါ ခိုင်းတာ ကောင်းကောင်းလုပ်၊ ဒါပဲ … သွား … သံကြိုးနဲ့ ကျောက်ခဲသွားယူ"

ကိုသက်တင်၏မျက်နှာ တင်းမာနေသည်။ ပြောသည့်အတိုင်း လုပ်မည့်သဏ္ဌာန် ပေါ်လွင်နေသည်။ ကိုသက်တင်ကို ကြည့်ပြီး လူဖော် တကယ်ကြောက်ပုံရသည်။ မျက်နှာငယ်လေးနှင့် ကုပ်ကုပ်လေး ခိုင်းသည့်အတိုင်း လုပ်ရန် လူဖော် အပြင်ထွက်သွားသည်။

"ကဲ … နွေးနွေး ဘယ်လိုလဲ"

"ပေး စာချုပ်၊ ကျွန်မ လက်မှတ်ထိုးမယ်၊ လက်မှတ်ထိုးပေးပြီးရင်သာ ကျွန်မနဲ့နောင်နောင်ကို လွှတ်ပေး"

နောင်နောင် အတင်းလူးလဲထသည်။

"မထိုးနဲ့ မမနွေး၊ ကျွန်တော် ပြောပြီပဲ၊ ကျွန်တော့်အသက် သိမ်းသုံးဆယ်မတန်ဘူး၊ ကျွန်တော် သေသွားလည်း ငိုမဲ့လူ မရှိဘူး၊ မထိုးနဲ့၊ စာချုပ်ကို လုံးဝ လက်မှတ်မထိုးနဲ့"

ကိုသက်တင်က စာချုပ်နှင့် နွေးနွေး လက်မှတ်ထိုးရန် ဘောပင်ကို နွေးနွေး ရှေ့တွင် ချပေးလိုက်သည်။

နွေးနွေးက ဘောပင်ကို ကောက်ကိုင်လိုက်သည်။

"မမနွေး"

"ဘာလဲ နောင်နောင်"

"ကျွန်တော့်အတွက် မမနွေး ဒီလောင်ကြီးတောင် မဲစွန့်စားသင့်ဘူး"



"အိုကွာ … ဒါတွေ ပြောမနေနဲ့၊ အခုလောလောဆယ် တကယ်အရေးကြီးတာက နောင်နောင့်လက်မောင်းဒဏ်ရာထဲက ကျည်ဆန် အမြန်ဆုံးထုတ်ယူဖို့ပဲ"

"ကျွန်တော့်ဒဏ်ရာက အရိုးကိုမထိမှန်း ကျွန်တော် သိတယ် မမနွေး၊ သွေးထွက်များလို့ ကျွန်တော် နုံးနေတာ"

"အဲဒါတွေ ထားလိုက်ပါကွာ၊ ကဲ … ကိုသက်တင် ကျွန်မ စာချုပ်မှာ လက်မှတ်ထိုးမယ်၊ ကျွန်မ လက်မှတ် မှန်တယ် မမှန်ဘူးဆိုတာ သေချာကြည့်၊ လက်မှတ်ထိုးပြီးရင်သာ နောင်နောင်နဲ့ ကျွန်မကို ရှင့်ကတိအတိုင်း လွှတ်ပေးဖို့ တည်ပါစေ"

နွေးနွေး လက်မှတ် ထိုးချလိုက်ပါလေ၏။

"ဆရာ … ဆရာ … ဆရာသက်တင်"

အထိတ်တလန့် လူဖော် ပြေးဝင်လာသည်။ လူမော်နှင့် ကံကြီးမောင်လည်း ပြေးဝင်လာပါ၏။

"ရဲတွေ ဆရာ၊ ရဲကားအပြာကြီးနဲ့ ဒီကို ဝင်လာပြီ"

"ဟေ"

"ဘယ့်နှယ်လုပ်ကြမလဲ ဆရာ"

"ခံချမယ်ကွာ"

"ဟာ မဟုတ်တာပဲ ဆရာ၊ ဆရာမှာ ဒီသေနတ်လေးတစ်လက်နဲ့၊ ခုခံရင် အားလုံးသေကုန်မယ်၊ သူတို့မှာ လက်နက်အပြည့်နဲ့ ဆရာ၊ ကျွန်တော် ခံမချဘူး၊ နောက်ဖေးပေါက်က ပြေးတော့မယ်"

"ဒိုင်း"

www.burmeseclassic.com


ကိုသက်တင်က ထွက်ပြေးမည့် လူဇော်ကို သူ့လက်ထဲမှ သေနတ်နှင့် ပစ်လိုက်သည်။

"အား"ခနဲ အော်ရင်း လူဇော် ဗိုက်ကို လက်နှစ်ဖက်အုပ်ကာ ထိုင်ကျသွားသည်။

ထိုသို့ ဖြစ်နေခိုက်မှာပင် ...

"ဟေ့ ... အားလုံး မလှုပ်နဲ့၊ မင်းတို့ကို ငါတို့ရဲအဖွဲ့ ဝိုင်းထားပြီ"

ရှေ့ဆုံးမှ ယူနီဖောင်းအပြည့် ဝတ်ထားသော ရဲအရာရှိ ဝင်လာသည်ကို သက်တင်က သူ့လက်ထဲမှ သေနတ်လေးနှင့် ထိုးချိန်သည်ကို နောင်နောင်သည် ရှိသမျှ အင်အားနှင့် ကိုသက်တင်၏ မတ်တတ်ရပ်ခြေနှစ်ဖက်ကို ဆောင့်ကန်လိုက်ရာ ကိုသက်တင်မှာ မဟန်နိုင်ဘဲ ပစ်လဲသွားသည်။

ရဲအရာရှိနှင့် ရဲကြပ်ကြီးက အတင်းဝင်ရောက်လာပြီး သက်တင်လက်မှ သေနတ်ကို ယူကာ လက်နှစ်ဖက်လုံး လက်ထိပ်ခတ်လိုက်တော့သည်။

"ဟာ ... နောင်နောင်၊ မင်း ဘာတွေ ဖြစ်ပြန်ပလဲ"

"ဟုတ်တယ် အောင်မျိုးလှိုင်၊ ငါ နောင်နောင့်ပဲ၊ ဖြစ်သမျှ မမနွေးကိုသာ မေးကြည့်ပေတော့"

ရဲအရာရှိ အောင်မျိုးလှိုင်က နွေးနွေးကို ကြည့်လိုက်သည်။ ပြီး နောင်နောင့်ကို ဆက်ပြောပြသည်။

"တကယ်ကွာ၊ မင်းတို့စုံတွဲ ဒီမှာ ဒီလို ဖြစ်နေမှန်း ငါ မသိဘူး၊ ပေါ်ဒီပုဂ္ဂိုလ်ကြီးက ရေနီဘက်က တောင်ယာသမားကြီး ဦးဘိုးသာတဲ့၊ ငါ့စခန်းကို စက်ဘီးနဲ့ လာပြီး ကားတစ်စီးကို သေနတ်နဲ့ပစ်၊ ဓားပြတိုက်ပြီး ဖမ်းခေါ်သွားတယ်လို့ လာတိုင်လို့ နေရာအတိအကျ မေးပြီး ငါ့အဖွဲ့နဲ့ လိုက်လာတာ၊ မသေကောင်း မပျောက်ကောင်း နောင်နောင်နဲ့ မမနွေးရာ၊ ပြောပါဦး မမနွေး၊ ဘယ်လိုတွေ ဖြစ်ကြတာလဲ"

"ဖြစ်ပျက်သမျှအားလုံး မမနွေး ထွက်ဆိုချက်ပေးမယ်၊ ပြောရမှာက အရှည်ကြီး၊ အခုလောလောဆယ် နောင်နောင့်ကိုသာ ဆေးရုံ မြန်မြန်ပို့ပေးပါ ကိုအောင်မျိုးလှိုင်"

ဝမ်းဗိုက်ကို သေနတ်ထိထားသော လူဇော်ကိုလည်း ဆေးရုံပို့ပေးရန် ရှိနေသဖြင့် မိနစ်နှစ်ဆယ်အတွင်း ကိုသက်တင်၊ လူဇော်၊ အုံကြီးမောင်တို့ကိုပါ ဖမ်းစီးကာ ကားသုံးစီးဖြင့် ဆန်စက်ပျက်ကြီးထဲမှ ထွက်ခွာလာခဲ့ကြပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ( ၁၃ )

သူငယ်ချင်းကောင်းတွေ ပီသကြပါပေ့။

နောင်နောင့်ကို ရေတာရှည်ဆေးရုံတွင် တင်ထေးသည်။ လက်မောင်းကို ခွဲစိတ်ပြီး ကျည်ဖူးကို ထုတ်ယူသည်။ ထိုသို့ လက်မောင်းခွဲခြင်းမှာ ဆရာဝန်အဖို့ မိုင်နာကေ့(စ်)သာ ဖြစ်ပါ၏။

ဒေါက်တာမြင့်သိန်းကပင် ခွဲစိတ်ပေးသည်။

ဒေါက်တာသည် ပင်ကိုယ်စိတ်ရင်းလည်း ကောင်း၊ ဆရာမကြည်ကြည်လွင်၊ ရဲအုပ်အောင်မျိုးလှိုင်တို့၏ မျက်နှာကလည်း ရှိသည်မို့ နောင်နောင့်ကို သီးသန့်ခန်းတွင် ထားရှိပေးသည်။

သူငယ်ချင်းအောင်မျိုးလှိုင်သည် တာဝန်တွေကြားမှပင် နံနက်တစ်ခေါက်၊ ညနေတစ်ခေါက် နောင်နောင့်ထံ ရောက်လာသည်။ ပြီး နောင်နောင့်စားဖို့ ပန်းသီး၊ ဟောလစ်၊ ဂီးလ်ဒင်းပတ်စ် များ ဝယ်ယူလာပေးသည်။ တန်ဖိုးကြီးသော ပစ္စည်းများ ဖြစ်ပါ၏။



"ဟော့ကောင် အောင်မျိုးလှိုင်၊ ငါ နေကောင်းပါတယ်ကွ၊ မင်း ယူလာပေးတာတွေက အစားအသောက်ပျက်နေတဲ့ သက်ကြီးလူမမာတွေကို စားစေတာမျိုးတွေပါကွာ"

"သိဘူးလေကွာ၊ လူနာ သွားမေးတတ်တဲ့လူတွေ ဝယ်သွားတတ်တာ ငါ ခဏခဏ တွေ့လို့ ဆေးရုံတက် လူနာဆိုရင် ဒါတွေပဲ ကျွေးရသလားလို့"

အောင်မျိုးလှိုင်က ငယ်သူချင်း နောင်နောင်ကို ဂရုစိုက်သလို ကြည်ကြည်လွင်ကလည်း နွေးနွေးကို အရမ်း ဂရုစိုက်ပေးသည်။

နွေးနွေးသည် နောင်နောင့်အပေါ် သံယောဇဉ်ကြီး လိုက်ပုံကတော့ မပြောပါနှင့်တော့။

ထိုညက ချက်ချင်းပင် နောင်နောင်၏ လက်မောင်းကို ခွဲစိတ်ရသည်။ ဒေါက်တာမြင့်သိန်းက ကျွမ်းကျင်အောင်မြင်စွာ ခွဲစိတ်ပြီး ကျည်ဖူးကို ထုတ်ယူပြီး ဒဏ်ရာကို ပြန်ချုပ်သည်မှာ နာရီဝက်မျှသာ ကြာသည်။ နောင်နောင်မှာ တောက်လျှောက်ကြီးပင် ပင်ပန်းလှသည်ကြောင့်ရော၊ မေ့ဆေးပြေသွားသည့် တိုင်အောင် ဆက်လက် အိပ်မောကျနေသည်။

ခွဲစိတ်ပြီး စိတ်ချရသောအခြေအနေတွင် အောင်မျိုးလှိုင် ပြန်သွားသည်။ ရဲအရာရှိတစ်ဦးအနေနှင့် တာဝန်တွေက များလှပေသကိုး။

ဆရာမဒေါ်ကြည်ကြည်လွင်လည်း နောက်နေ့ ကျောင်းတက်ရမည်မို့ တစ်ရေးတစ်မော ပြန်အိပ် အနားယူရန် ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာပါ မိန္ဒွေးရာ၊ ဒေါက်တာမြင်းသိန်းက ရာခိုင်နှုန်းပြည့် စိတ်ချရပြီလို့ ပြောသွားမှတော့ နောင်နောင်ဟာ တင်းပုတ်နဲ့ရိုက်သတ်လည်း မသေနိုင်တော့ပါဘူး၊ အိမ်ပြန်အနားယူတစ်ရေးအိပ်ပြီးမှ မနက်ကျမှ စောစောလာကြတာပေါ့ မိန္ဒွေး"

"ဟော့အေးကွာ၊ နင် ပြန်ပါ မိကြည်၊ နင်က ကျောင်းတက်ရမှာ၊ အိပ်ရေးပျက်မခံနဲ့၊ နင် စာသင်ရင် ငိုက်နေရင် ကျောင်းသူကျောင်းသားတွေ ဟားစရာ ဖြစ်နေမယ်၊ ငါက တော့ နောင်နောင်ကို ဆက်စောင့်မယ်ဟာ"

"ဘာထူးမှာလဲ မိန္ဒွေး၊ နင့်ကောင် အိပ်နေပုံက နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေတဲ့ပုံပဲဟာ၊ မိုးလင်းလို့ နေဖင်ထိုးတောင် ထမှာ မဟုတ်ဘူး၊ နင် မနက်အစောကြီး ထလာရင် သူ မနိုင်းခင် ရောက်နိုင်တာပဲဟာ"

"ရတယ် မိကြည်၊ ဒီမှာက စပယ်ရှယ်နာ့စ်တွေဘာတွေဟာ ငှားလို့ရတာမှ မဟုတ်တာ၊ ဒီပြင်လူနာတွေလည်း ကြည့်ပေါ့ဟာ၊ သူတို့အိမ်သားတစ်ယောက်ကတော့ လူနာကို လာစောင့်ပေးနေတာပဲ၊ နောင်နောင့် နိုးလာလို့ တစ်ယောက်တည်း ကြောင်တောင်တောင်နဲ့ အားငယ်မှာစိုးလို့ပါ"

ကြည်ကြည်လွင် အလျှော့ပေးရပါ၏။

"နင် နောင်နောင့်ကို သိပ်သံယောဇဉ်ကြီးတာပဲနော်"

"အကြောင်းပြချက်တွေ ရှိတယ် မိကြည်၊ နောင်နောင်ဟာ ငါ့အတွက်ကြောင့် ဒီဒဏ်ရာတွေ ရခဲ့တာ၊ ဒီလို အချိန်မှာ ငါ့မှာ တာဝန်ရှိတယ် မိကြည်"



"တာဝန်ကျေ၊ ဝတ္တရားကျေထက် နင်က ပိုနေသလားလို့ မိန္ဒွေး၊ နင် စိတ်မဆိုးနဲ့နော်၊ ငါ ပြောလိုက်တာ နင့်ကို ခင်မင်လွန်းလို့ ပြောတာ"

နွေးနွေးက သူငယ်ချင်းကြည်ကြည်လွင်၏ လက်ဖဝါးတစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

"ငါလည်း ငါ့ကိုယ်ငါ ပြန်မေးကြည့်နေတာပဲ မိကြည်၊ အဖြေကတော့ တိတိကျကျ ထွက်မလာပါဘူး၊ ငါ့မှာ သိစိတ်နဲ့ မသိစိတ်တွေရောနေတယ် ထင်ပါရဲ့ကွာ"

"ဒါဆို ငါကပဲ ဘေးက ပွဲကြည့်ပရိသတ်တစ်ယောက် အနေနဲ့ ထင်မြင်ယူဆတာကို ပြောရမလား မိန္ဒွေး"

"ပြောကြည့်လေ၊ ငါ နားထောင်ကြည့်မယ်"

"နင့် မသိစိတ်ဆိုတာက နင့်နှလုံးသားထဲက အလိုလို သူ့ဟာသူ လှုပ်ရှားလာတာ၊ ခေါင်းထောင်လာတာ အိပ်မောကြီးကျရာက နိုးလာတာ၊ နင့်ရဲ့ သိစိတ်ဆိုတာကျတော့ နင့် ဦးနှောက်က သတိပေးနေတာ၊ တော်၏ မတော်၏ကို ဝေဖန်ခိုင်းနေတာ၊ ဆိုကြပါဆို့၊ နင် ကိုသက်ဇင်ကို လက်ထပ်လိုက်တာဟာ ဦးနှောက်က သိစိတ်နဲ့ လက်ထပ်တာ၊ ကိုသက်ဇင်အပေါ်မှာ နင့်နှလုံးသား အိပ်မောကျပြီး လုံးဝနိုးကြားခြင်း မရှိဘူး၊ အခု နောင်နောင်နဲ့ကျမှ နင့်နှလုံးသားထဲက မေတ္တာကောင်လေးက နိုးလာပြီး လက်ခမောင်းထခတ်နေတာလားမှ မသိတာ မိန္ဒွေး"

"နင် ပြန်တော့လေ မိကြည်၊ နောင်နောင် နိုးလာပြီး အခြေအနေကောင်းရင် ငါ နင့်အိမ်ကို လာခဲ့မယ်၊ ငါ့

www.burmeseclassic.com

www.burmeseclassic.com



ဖင်မလိုယာကားလည်း ဆေးရုံမှာ ရှိနေတာပဲ၊ အဲဒီတော့ အနားယူ ရေမိုးချိုးမယ် မိကြည်”

ကြည်ကြည်လွင် ပြန်သွားပါ၏။

နွေးနွေးသည် နောင်နောင်၏ လူနာခုတင်ဘေးတွင် ပက်လက်ကုလားထိုင်တွင် ထိုင်ကာ မိုးလင်းသွားသည်။

မိကြည်က ဝေဖန်သွားသည်။ သိစိတ်ရော မသိစိတ်တွေ ဘေးဖယ်ထား၊ မိကြည် ဆိုလိုသည်မှာ နောင်နောင်ကို မိမိ ရင်ထဲက ချစ်နေပြီဟူ၍ပင်။

မိကြည် ဝေဖန်ထင်မြင်ချက်မှာ ဟုတ်လေသလား မဟုတ်လသေလား၊ နွေးနွေးကိုယ်တိုင် မဝေခွဲနိုင်ပေ။ မိမိအနေနှင့် နောင်နောင့်အား ကရုဏာတွေ ထားမိမှန်းတော့ ကိုယ့်ဟာကိုယ် သိသည်။

နောင်နောင့် ခမျာ အရွယ်သိပ်ကောင်းချိန်တွင် အားအကိုးဆုံး ဖခင်သေဆုံးသွားသည်။ ဒီကြားထဲမှာပင် မိခင် နောင်နောင့်စိတ်ထဲက သူ၏ ဖခင်ကို သတ်သူဟု ယိုးစွပ်ထား ကိုမှ လက်ထပ်လိုက်သည်။ ထိုမျှမကသေး သူ၏ မိခင်သည် သူမ၏ နောက်အိမ်ထောင်ကို မထိခိုက်ရေးအတွက် တစ်ကိုယ်ကောင်းဆန်စွာ သားဖြစ်သော သူ့အား စွန့်ခွာလိုက်သည်ဟူသော အချက်များကြောင့် စိတ်ဓာတ်အရမ်းကျနေသည်။ ဒီကြား ထောင် ကျလိုက်သေးသည်။

သနားစရာကောင်းပါဘိ နောင်နောင်လေး။

နွေးနွေးသည် အိပ်နေသော နောင်နောင်၏ မျက်နှာလေးကို တစ်မှိတ်မှိတ်ကြည့်လေ သနားလေ ဖြစ်ရလေသည်။



သန်းခေါင်ကျော်ပြီး နံနက်(၃)နာရီကျမှ နောင်နောင် လူးလွန့်ပြီး မျက်စိဖွင့်လိုက်သည်။

“ဟင် ... မမနွေး၊ ကျွန်တော်တို့ ဘယ်ကို ရောက်နေကြတာလဲဟင်”

မေ့ဆေးအရှိန်ကြောင့် နောင်နောင် ယီးတီးယောင်ဆောင် ဖြစ်နေပုံရသည်။ သို့သော် တစ်ခဏအတွင်းမှာပင် ဖြစ်ပျက်လာသမျှ သူ သတိရသွားပါ၏။

“မမနွေးရယ်၊ တစ်ညလုံး ကျွန်တော့်ကို အဲဒီလို ထိုင်စောင့်နေသတဲ့လားဗျာ၊ မမကြည်တို့အိမ်မှာပဲ သွားနေပါတော့”

“ဘယ့်နှယ်နေလဲ နောင်နောင်၊ သက်သာသွားပြီလားဟင်”

နောင်နောင်က ခေါင်းညိတ်ပြပြီး သူ၏ မမနွေးကို မမှိတ်သော မျက်စိဖြင့် ကြည့်နေပေသည်။

နောက်နေ့များတွင် နွေးနွေးသည် ညပိုင်းတွင် နောင်နောင့်ကို စောင့်ကြည့်ခြင်း မပြုပါလေတော့။ မိကြည်တို့အိမ်မှာပင် ညအိပ်သည်။ နံနက်(၇)နာရီတွင် ကော်ဖီဓာတ်ဘူး၊ မုန့်ပဲသရေစာများဖြင့် ရောက်လာသည်။ နှစ်ယောက်သား ဆေးရုံမှာပင် အတူစားသောက်ကြသည်။ (၁၀)နာရီတွင် မမနွေး တစ်ခေါက်ပြန်သွားသည်။ (၁၁)နာရီခွဲလောက်၌ ထမင်းချိုင့်ဆွဲပြီး မမနွေး ရောက်လာသည်။ မမနွေး ထမင်းချိုင့်ဖွင့်ပြီး နောင်နောင်နှင့်အတူ စားသောက်သည်။ (၁၁)နာရီခွဲအခေါက် ပြန်လာကတည်းက မမနွေးသည် ရေမိုးချိုး အဝတ်အစားလဲ သနပ်ခါးရေကျဲလေး လိမ်းလာသည်မို့ ညနေပိုင်း မပြန်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်လွင်က ကျောင်းဆင်းပြီး ကိုယ်လက်သန့်စင် ရေမိုးချိုးပြီး ညနေစာထမင်းချိုင့်ဖြင့် ဆေးရုံကိုရောက်လာသည်။

ညနေစာကျတော့ မမနွေးက နောင်နောင့်ကိုသာ တယုတယ ကျွေးသည်။ သူမကတော့ ကြည်ကြည်လွင်နှင့် ည(၇)နာရီလောက် ပြန်ကြမှ အိမ်မှာ ညစာအတူစားသည်။

အောင်မျိုးလှိုင်ကလည်း မနက်ပိုင်း မအားလပ်လျှင် မလာသော်လည်း ညနေပိုင်းကျတော့ နောင်နောင့်အတွက် စားသောက်ဖွယ် တစ်ခုခု ဝယ်လာပြီး ဆေးရုံမှာပင် ည(၇)နာရီ အထိနေသည်။

သူငယ်ချင်းကောင်းတွေ ပီသကြပါပေ့။

ဤသုံးလေးရက်အတွင်းမှာပင် အောင်မျိုးလှိုင်နှင့် ကြည်ကြည်လွင်တို့၏ ရင်းနှီးမှုအခြေအနေမှာ အများကြီး တိုးတက်လာပေသည်။

နဂိုကတည်းက ကြည်ကြည်လွင် ကိုယ်တိုင် အောင်မျိုးလှိုင်အား လက်ခံချင်သလိုလို ဝေခွဲမရသလိုလို ရှိနေရာမှ နေ့စဉ်ရက်ဆက် ညနေပိုင်းတိုင်း လူနာနောင်နောင်ကို အကြောင်းပြုပြီး သူတို့နှစ်ယောက် တွေ့ဆုံကြရာ မစွမ်းရင်းရှိနေကြသည်မို့ ကန့်စွန်းခင်းငြိသွားကြပြီ ဖြစ်ဟန်တူပါ၏။

“ဟေ့ကောင် နောင်နောင်၊ နောက်တစ်ခါ ထပ်ပြီး မင်းရဲ့ လက်မောင်း ကျည်ဆန်ထိပြီး ဒီမှာ ဆေးရုံတက်ဦးကွာ။ အဲဒီနောက်တစ်ခါဆိုရင် မမကြည်နဲ့ ငါ လက်ထပ်ဖြစ်သွားမှာ သေချာတယ်ကွ ... ဟား ဟား”



မမနွေးနှင့် မမကြည် အလစ်တွင် အောင်မျိုးလှိုင်က သူငယ်ချင်း နောင်နောင်ကို အားရပါးရ ဆက်ကိုင်ရင်း ကြည်နူးစွာ ရယ်မောကြပေသည်။

“ဘာလဲကွ၊ အခု ငါ ဆေးရုံတက်နေရတဲ့ သုံးလေးရက်အတွင်း မင်းနဲ့ မကြည် ပြေလည်သွားကြတာလား အောင်မျိုးလှိုင်”

“အသည်းနှလုံးကိစ္စကတော့ ပြေလည်သွားပြီကွ၊ ဒါပေမဲ့ ဦးနှောက်ကိစ္စက လာတစ်နေတယ်”

“ဘာလဲ မင်း စကားက”

“ငါ့ကို မမကြည်က ချစ်တာတော့ချစ်ပါတယ်တဲ့၊ ဒါပေမဲ့ ငါက သူ့ထက် သုံးလေးနှစ် ပိုငယ်နေလို့ လက်ထပ်ကြမယ်ဆိုရင် သူများ ကဲ့ရဲ့စရာဖြစ်မှာ ကြောက်တယ်တဲ့”

“ဒါက အပျိုကြီးတွေရဲ့ အကျင့်ပါကွာ၊ နောက်မကြာခင် ‘အိုကေ’မှာ ပြမှာပါ”

ပြောရင်း အောင်မျိုးလှိုင် ရယ်သည်။ နောင်နောင်လည်း ရယ်မိပါ၏။

“ဒါထက် နောင်နောင်၊ မင်းတို့ အခြေအနေကကောကွာ... ဟေ”

“ဘာကို မင်း ရည်ညွှန်းမေးတာလဲ အောင်မျိုးလှိုင်”

“မင်းနဲ့ မမနွေး အခြေအနေပေါ့”

“ဘာအခြေအနေမှ မရှိဘူး သူငယ်ချင်း၊ ငါက အခု လက်ရှိဘဝမှာ အညတရ၊ မမနွေးက ရွှေမင်းသမီး၊ နီးစပ်နိုင်တာမှ မဟုတ်တာမို့ ဘာအခြေအနေမှ မရှိဘူး”

www.burmeseclassic.com

www.burmeseclassic.com


"မှားတော့မပေါ့ နောင်နောင်၊ မင်းတို့ရဲ့ကား ခေတ်ဆီကုန် လို့ မမကြည်တို့အိမ်ကို မင်းတို့ရောက်တဲ့နေ့က မမကြည်က ငါ့ဆီ ဖုန်းဆက်ပြီး မင်းအကြောင်းတွေ မေးလို့ ငါက အားလုံး ပြောလိုက်တယ်ကွ၊ မင်းဟာ အညတရကောင် မဟုတ်မှန်း မင်းရဲ့ မမနွေး သိသွားပြီလေကွာ"

"ဒါကလည်း ငါ သိပြီးသားပါကွာ၊ ဒါပေမဲ့ ဘာထူးမှာလဲ၊ ငါ ဆင်းသက်လာတဲ့ မိဘမျိုးရိုးအကြောင်း ပြောလည်း ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့တာတွေ ပြောသလိုပဲ ဖြစ်နေမှာပေါ့၊ အခု ငါ့ရဲ့ လက်ရှိအခြေအနေက ဖအေ မရှိဘူး၊ မအေက နောက်လင်နဲ့၊ ငါက ဝပ်ရှော့မှာ ပညာသင်ပဲဟာ၊ အညတရမှ အောက်ဆုံးရောက်နေတဲ့ အညတရ"

"ဒါဟာ မင်းဟာမင်း စိတ်ဓာတ်ကျနေတာပါကွာ၊ ငါ့အမြင်တော့ မင်းရဲ့ မမနွေးဟာ မင်းအပေါ် သိပ်ကြင်နာတယ်၊ သိပ်ဂရုစိုက်တယ်၊ အလေးအနက်ထားတယ်"

"ဒါကတော့ သူ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ငါ့မှာ ထိခိုက် ဒဏ်ရာရတော့ အလုပ်ရှင်က အလုပ်သမားအပေါ် ပစ်ပယ် မထားတဲ့သဘောလောက်နေမှာပါ အောင်မျိုးလှိုင်"

"မင်း မှားပြန်ပြီ သူငယ်ချင်း၊ အခု မင်းတို့အမှုကို ငါက အိုင်အိုအဖြစ် အမှုကို ကိုင်တွယ်စစ်ဆေးနေတယ်၊ လူဖော်ကို ဗိုက်ထိတာမို့ တောင်ငူဆေးရုံကို အချုပ်နဲ့ ပို့ပေးထားရတယ်၊ အဲဒီမှာ လူဖော်က မင်းနဲ့ မမနွေးအကြောင်းတွေ အားလုံး ထွက်ဆိုတယ်၊ မင်း ရထားတဲ့ဒဏ်ရာကြောင့် မင်းကို ဆေးရုံဖြစ်ဖြစ်၊ ဆရာဝန်ဆီဖြစ်ဖြစ် အချိန်မီ ပို့ပေးရေးအတွက် သိန်းသုံးဆယ်လောက်တန်တဲ့ ရတနာတွေကိစ္စမှာတောင် ကိုသက်တင် လိုချင်တဲ့ ပုံစံအတိုင်း စာချုပ်မှာ လက်မှတ်ထိုးပေးမလို့တဲ့၊ အဲဒီစာချုပ်ကိုရော ဘော်(လ်)ပင်ကိုရော ငါက အမှုမှာ သက်သေပစ္စည်း သိမ်းခဲ့တယ်၊ အဲဒါကိုပဲ ကြည့်ပေါ့ နောင်နောင်၊ မင်းမမနွေးဟာ မင်းအတွက် ဘယ်လောက်စွန့်စားတယ် အလေးအနက်ထားတယ်ဆိုတာ"

နောင်နောင် ငြိမ်သွားပါ၏။

ယခု အောင်မျိုးလှိုင်ပြောသမျှ မိမိက အားလုံး မြင်ပြီးသား၊ ကြားပြီးသားတွေဖြစ်သည်။ ထိုမျှသာမကသေး ယခု မမနွေးသည် ဦးကောင်းညွန့်နောက်သို့ သူမ၏ ဆန္ဒပြင်းထန်စွာ လိုက်ခဲ့သော်လည်း နောင်နောင် ဒဏ်ရာရပြီးသည့်နောက် ၎င်းဆက်မလိုက်တော့ဘဲ နောင်နောင့်အနားမှာ တစ်ဖဝါးမခွာ ပြုစုပေးနေရှာသည်။

တကယ်ဆို ဤနယ်မြေဒေသတွင် အောင်မျိုးလှိုင်သည် အရေးပါအရာရောက်သော ပုဂ္ဂိုလ်ဖြစ်သည်။ မိမိနှင့် ငယ်သူချင်းဖြစ်မှန်းလည်း မမနွေး သိသည်။ ဒဏ်ရာရ မိမိကို အောင်မျိုးလှိုင် လက်သို့ အပ်ခဲ့ပြီး မမနွေး ဦးကောင်းညွန့်နောက်သို့ ဆက်လိုက်နိုင်ပါလျက် မလိုက်တော့ဘဲ မိမိနားမှာပင် နေပစ်လိုက်သည်။ မိမိကို သူများနှင့် စိတ်မချ၍ တစ်ဖဝါးမခွာ နေခြင်း ဖြစ်မှန်း သိသာထင်ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်က အဲဒီလို နောင်နောင် ... ငါ ..."

"တော်တော့ အောင်မျိုးလှိုင်၊ ဆက်မပြောနဲ့တော့ကွာ၊ မမနွေးအကြောင်း ဆက်မပြောနဲ့တော့"

"အေးပါ၊ မင်းက မပြောနဲ့ဆိုရင် မင်း မမနွေးအကြောင်း ငါ ဆက်မပြောပါဘူး၊ အခု ငါပြောမှာက မင်း မေမေ့ဆီကို ငါ စာရေးခဲ့တာရယ်၊ ဒီကနေ့ ကြေးနန်းထပ်ရိုက်ခဲ့တာရယ်တို့ ပြောမလို့"

"ဘာကွ၊ မင်း မေမေ့ဆီ စာရေးခဲ့တယ် ဟုတ်လား၊ ဘယ်တုန်းက ရေးလိုက်တာလဲ၊ စာတိုက်က စာကို ပို့လိုက်တာလား"

"စာရေးတာကတော့ မင်းတို့ကား ဓာတ်ဆီကုန်ပြီး ငါနဲ့ တွေ့တဲ့နေ့ကပဲ စာရေးတာ၊ အဲဒီနေ့က တိုက်တိုက်ဆိုင်ဆိုင် ငါ့ လက်အောက်က ဒုရဲအုပ်တစ်ယောက် သံဖြူရောင်ကို ပြောင်းရွှေ့မိန့်ကျတယ်၊ သူက ငါ့ကို လာနှုတ်ဆက်တုန်း မော်လမြိုင်လူကြုံကောင်းတယ်ဆိုပြီး ငါ ချက်ချင်း စာရေးပြီး မင်း မေမေဆီ မင်းအကြောင်း ရေးပို့တာ"

"မေမေ့ဆီကို မင်း ဘာတွေရေးလိုက်လဲ"

"မင်း ထောင်ကလွတ်ပြီးတဲ့နောက် ငါကိုယ်တိုင် မင်း ဘယ်ရောက်သွားမှန်း မသိကြောင်း၊ မင်း မေမေကလည်း မင်း ဘယ်ကိုရောက်နေမှန်း မသိလို့ စိတ်ပူနေတာကို ငါ သိထားတယ်လေ၊ ဒါကြောင့် မင်းကို ငါ တွေ့ပြီး မင်းဟာ ရန်ကုန် ဘိုလိန်းလမ်းထဲက ဝပ်ရှော့တစ်ခုမှာ ဝပ်ရှော့ ပညာသင်ဘဝနဲ့ နေနေတဲ့အကြောင်း ငါ ရေးလိုက်တာ"



"ငါ ရန်ကုန်က ဘိုလိန်းလမ်းဝပ်ရှော့မှာ ပညာသင်လုပ်နေတာကော မင်းက ဘယ်ကသိတာလဲ၊ မမနွေး ပြောသလား"

အောင်မျိုးလှိုင်က ရယ်လိုက်သည်။

"မင်း ဦးခေါင်းမှာ အဆော်ခံထားရလို့ သတိတွေ ချွတ်ယွင်းနေပြီလား နောင်နောင်၊ မင်းတို့ကား ဓာတ်ဆီကုန်လို့ ငါနဲ့ တွေ့တုန်းက မင်း ပြောခဲ့တဲ့လေသံအတိုင်း ငါ ပြန်ပြောမယ် ...

"ကျွန်တော့်ကို ရဲအရာရှိ လူမှားနေပါတယ်၊ ကျွန်တော်က ရန်ကုန် ဘိုလိန်းလမ်းထဲက မော်တော်ကား ဝပ်ရှော့ပညာသင်ပါ၊ အခု ဒီကားကို အခကြေးငွေနဲ့ လိုက်မောင်းပေးတာပါလို့ မင်းပဲ ငါ့ကို ပြောခဲ့တာလေ"

နောင်နောင်က သူ ပြောခဲ့သည်ကို မှတ်မိကြောင်း ခေါင်းညိတ်ပြလိုက်သည်။

"မေမေ့ဆီကို မင်း ကြေးနန်းရိုက်လိုက်တယ်ဆိုတာကကော မင်း ဘာတွေ ရိုက်လိုက်တာလဲ"

"မင်း ရေဘာရှည်ဆေးရုံမှ တက်နေတဲ့အကြောင်းနဲ့ စိုးရိမ်စရာမရှိတဲ့အကြောင်း တိုတိုပဲကွ"

နောင်နောင်က ဦးခေါင်းညိတ်ပြသည်။

"အလကားကြေးနန်းသွားရိုက်တယ်ကွာ၊ မေမေ လာမှာ မဟုတ်ပါဘူး၊ နောက်ပြီး မေမေလာလည်း တို့နဲ့ လွဲမှာပဲ၊ ဒေါက်တာမြင့်သိန်းက ငါ့ကို ခုနစ်ရက်ပြည့်တဲ့နေ့ ချုပ်ရိုးဖြေပြီး ဆေးရုံက ဆင်းနိုင်တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com

“မင်း ဆေးရုံက ဆင်းချင်ဆင်းလို့ရတယ်၊ ရေတာရှည်က ပြန်လို့မရနိုင်သေးဘူး၊ မင်းတို့ကေ့(စ်)ကို ရုံးတင်ဖို့ရော၊ စစ်ဆေးစရာတွေရော ကျန်သေးတယ်ကွ”

နောင်နောင်က စိတ်ပျက်စွာ သက်ပြင်းချလိုက်ပါ၏။ တစ်ဆက်တည်းမှာပင် မမနွေးအကြောင်း စဉ်းစားပြန်သည်။

မမနွေးသည် အလွန်ဆန္ဒပြင်းပြစွာဖြင့်ဦးကောင်းညွှန့် နောက်သို့ လိုက်မည့်ကိစ္စကို မည်သို့ဆက်ပြီး စီစဉ်မည်နည်း။ ဦးကောင်းညွှန့်၏ လင်းရိဗာကားပေါ်တွင် သူမ၏ ဆွဲကြိုးကျကျန်ခဲ့သည်ဆိုကာ မန္တလေးသို့ လိုက်လာခြင်းဖြစ်သည်။ သူမ၏ ဆွဲကြိုးအပေါ်တွင် အလွန်သံယောဇဉ်ကြီးသော်လည်း မိမိ ဆေးရုံတက်နေသည့်ရက်အတွင်း ဦးကောင်းညွှန့်နောက်သို့ ဆက်လိုက်ဖို့ရော၊ ဆွဲကြိုးအကြောင်းရော တစ်ခွန်းမျှ မဟာတော့၊ မိမိ စိတ်မကောင်းဖြစ်မည်စိုး၍ ထင်ပါ့။

“ဒီမယ် နောင်နောင်”

“ဟင်”

“မင်းက မင်းရဲ့ မမနွေးအကြောင်း မပြောနဲ့ဆိုပေမဲ့ ငါက ပြောချင်တာ လျှာတယားယား ဖြစ်နေတယ်ကွ၊ အေး … ငါ ပြောမဲ့စကားက ငါ့ဘာသာ ငါ့စိတ်နဲ့ ပြောတဲ့စကားတော့ မဟုတ်ဘူး၊ မမကြည်က ငါ့ကို ပြန်ပြောလို့ ငါက တစ်ဆင့် မင်းကို ပြန်ပြောမဲ့စကား”

“ရှုပ်လိုက်တာ အောင်မျိုးလှိုင်ရာ”

“ဒီလိုကွ၊ မင်း မမနွေးမှာ သိစိတ်နဲ့ မသိစိတ်နှစ်ခု ခွဲးရောယှက်တင် ဖြစ်နေတယ်တဲ့ကွ”



“ကြီးကျယ်လိုက်တာ မင်းစကားတွေက”

“ငါ့စကား မဟုတ်ဘူးလေကွာ၊ သူတို့ ဘီအီးဒီရထားတဲ့ သူတွေရဲ့စကားကွ၊ မမကြည် ပြောတာက မင်း မမနွေးရဲ့ နှလုံးသားဟာ တစ်ခါမှ နိုးကြားခြင်း မရှိခဲ့တာ မမကြည်က ခုတ်သိပဲ၊ အဲဒီနှလုံးသားဟာ မနိုးကြားဘဲ အိပ်မော ကျနေတာဟာ မသိစိတ်တဲ့”

“မင်းစကားတွေ ငါ ဖော်လို့မလိုက်နိုင်ဘူး အောင်မျိုးလှိုင်၊ ဘယ်လိုမှန်း ငါနားမလည်ဘူး”

“အေးကွ၊ ဒီလို ငါ နားလည်သဘောပေါက်သလိုပဲ ပြောမယ်၊ ဒီလိုကွာ၊ မင်းရဲ့ မမနွေးမှာ နှလုံးသားလည်း ရှိတယ်၊ ဦးနှောက်လည်း ရှိတယ်”

“ဒါတော့ လူတိုင်းမှာ ရှိတာပဲ”

“ဟာကွာ၊ ငါ ပြောနေတုန်း မင်း ဝင်မပြောနဲ့၊ ငါ့စကားတွေ ကြာအေးသူ့အမေရိုက် ဆုံလည်လိုက်ဖြစ်သွားမယ်၊ ဥပမာဆိုပါတော့ကွာ၊ ကိုသက်ဇင်ကို မင်း မမနွေး လက်ထပ်လိုက်တာဟာ နှလုံးသားအရ လက်ထပ်တာ မဟုတ်ဘဲဦးနှောက်အရ လက်ထပ်တာတဲ့၊ အဲဒါကို သိစိတ်တဲ့၊ ဟာကွာ၊ မမကြည်ပြောပုံက ပညာရှိဆန်လွန်း နေတယ်၊ ငါ နားလည်သလိုပဲ ပြောရရင် မမနွေး တစ်သက်မှာ မင်းနဲ့ကျမှ နှလုံးသားအချစ်နဲ့ မင်းကို ချစ်မိရှာ တာမျိုးတဲ့၊ ဥပမာ မမကြည်က ငါ့ကို ချစ်သွားမိတဲ့ အချစ်မျိုးနဲ့ အတူတူပဲတဲ့၊ အဲဒါကိုပဲ သူတို့ ဘီအီးဒီတွေ့ရ သမားတွေက ‘သိစိတ်’တွေ ‘မသိစိတ်’တွေနဲ့ ရောမွှေပြီး

www.burmeseclassic.com

www.burmeseclassic.com



မရှုပ်တာကို ရှုပ်အောင် ဒဿနတွေနဲ့ ပြောနေတာ၊ အဓိကလိုရင်းအချက်ကတော့ မမနွေးရဲ့ ရင်ထဲနှလုံးသားထဲက မင်းကို ချစ်နေပြီဆိုတာပဲ နောင်နောင်၊ ကဲ ... ငါသိတာ အဲဒါပဲ၊ ငါ သွားတော့မယ်၊ ညနေကျမှ ထုံးစံအတိုင်း ထပ်လာမယ်၊ အခု တောင်ငူက အပြန် ငါ ခဏဝင်လာတာ"

အောင်မျိုးလှိုင်သည် မမကြည်ကတစ်ဆင့် သူသိရသည့် အချက်ဖြစ်သော မမနွေးက မိမိကို ရင်ထဲနှလုံးထဲက ချစ်နေကြောင်း မိမိသိစေချင်သောကြောင့် အလုပ်တာဝန်နှင့် အချိန်မရသည့်ကြားက တမင်သက်သက် ဝင်ရောက်ပြောပြခြင်း ဖြစ်ပါလေ၏။

* * *



# (၁၄)

(၄)ရက်ကြာပြီးသော ညနေပိုင်းတွင် ဆရာမြတ်သည် နောင်နောင် ပြန်အလာကို မျှော်ပေပြီ။

ကိုဒေဝလည်း ပေါ်မလာ၊ နောင်နောင်လည်း ပေါ်မလာ။

အောင်ကြည်စိန်ကလည်း သူ့မိန်းမ နေမကောင်း၍ ခွင့်(၃)ရက် ယူထားသည်။

ဆရာမြတ်နှင့် မျိုးညွန့်နှစ်ယောက်တည်း အလုပ်တွေ မနိုင်မနင်း ဖြစ်နေသည်။ နောင်နောင် သွားစဉ်က ကျန်ခဲ့သော အင်ကျင်တွေ၊ ဂီယာတွေပင် လက်စမသတ်သေး၊ နောက်ထပ် ပြင်ကားတွေကလည်း ထပ်ဝင်နေသေးသည်။

မျိုးညွန့်ဆိုသည် ကောင်ကလည်း တစ်နာရီ အလုပ်လုပ်ပြီး နာရီဝက်လောက် ဆေးလိပ်ထိုင်သောက်နားချင်သူ ဖြစ်သည်။ နောင်နောင်နှင့်တော့ ကွာပါ၏။

နောင်နောင်က ပညာကို အဓိကထားပြီး သိုချင်သူ ပီပီ အလုပ်ဟူသရွေ့ ကျုံးလုပ်သည်။ လုပ်ကွက်ကို သိပြီးရင်ဘာ

www.burmeseclassic.com



ဆက်လုပ်မည်ဟုလည်း မြင်တတ်သည်။ ပညာလိုချင်သောစိတ်ကြောင့်လည်း ဆရာမြတ်ထံမှ ပညာတွေ အရမြန်သည်။ လက်ရှိနောင်နောင်၏ ဝပ်ရှော့ပညာပိုင်းအဆင့်သည် ဘယ်ဝပ်ရှော့မှာသွားလုပ်လုပ် လက်ထောက်ဆရာအဖြစ် တစ်လကို လခလေးငါးခြောက်ရာ ပေးကြမည်ဖြစ်သည်။

အမာလေးကလည်း အစ်ကိုနောင်ကို မျှော်လှပါပြီ။

ဆရာမြတ် မျှော်သည်က ရောက်ချိန်တန်ပြီမို့ မျှော်ခြင်းမျိုးဖြစ်သည်။ အမာလေး ကတော့ အစ်ကိုနောင်ကို အမြဲမြင်တွေ့လိုသောစိတ်ဖြင့် မျှော်မိခြင်းမျိုး ဖြစ်ပါ၏။ နေ့စဉ် အစ်ကိုနောင့်ကို သတိရသည်။ လွမ်းသည်။

ကျောင်းမှ ပြန်လာတိုင်း ရုံထဲတွင် အစ်ကိုနောင်ရောက်နေပြီး အလုပ်ဝင်လုပ်နေပြီလားဟု အမောတကောကြည့်သည်။ မတွေ့လျှင် ရင်ထဲတွင် ဟာသွားသည်။ ညအိပ်ရာဝင်မှပင် ဒီနေ့တော့ အစ်ကိုနောင် ပြန်မရောက်သေးဟု စိတ်ကိုဒုန်းဒုန်းချလိုက်ရသည်။

ယနေ့လည်း ကျောင်းမှ ပြန်လာပြီးနောက် အလုပ်တွေ သိပ်ပင်ပန်းနေသော ဖေဖေ ဆရာမြတ်၏ဘေးတွင် သွားထိုင်ကာ ဝက်အူလှည့်ပေးစမ်း၊ တစ်ဆယ်ဂွပေးစမ်း၊ ဆယ့်လေးဂွင်ပေးစမ်းဟု ဖေဖေ တောင်းသမျှ အမာလေးက ကူညီပြီး ပေးနေသည်။ ဝပ်ရှော့ပိုင်ရှင်သမီးမို့ မြင်တွေနေကျ ပစ္စည်းတွေအပေါ် ယဉ်ပါးနေပြီး ဂွင်းဆိုက်၊ ဂွဆိုက်တွေကို အမာလေး ရင်းနှီးပြီးသားဖြစ်နေပါ၏။



ဟူးခနဲ သက်ပြင်းချရင်း ဆရာမြတ်၏ ညည်းညူပြောဆိုသံ ထွက်လာသည်။

“နောင်နောင် တစ်ယောက်ကလည်း စူဠလိပ် ရေချပေးလိုက်တာကျနေတာပဲ၊ ခုထက်ထိ ပြန်မလာသေးဘူး”

“ဖေဖေပဲ ထည့်လိုက်ပြီးတော့”

“ဟ ... ဖေဖေက ထည့်လိုက်တာလည်း ထည့်တာပေါ့၊ ဒါပေမဲ့ သူ သိရမယ်၊ ဒီမှာ အလုပ်တွေ ဘယ်လောက်ကျန်ခဲ့တယ်ဆိုတာ”

“ဦးဒေဝကြီးက ပြန်မလွှတ်သေးလို့ ဖြစ်မှာပေါ့ ဖေဖေ”

“ဟာ ... မောင်ဒေဝလိုလူကတော့ စီးပွားရေးသမားပဲ၊ ဒီပြင် စီးပွားရေးကွက်တွေကိုပါ လိုက်လုပ်နေမှာပေါ့၊ မောင်ဒေဝနောက် တကောက်ကောက် လိုက်နေလို့ ဘယ်ဖြစ်မလဲ၊ မိတ္ထီလာက ယူလာရမဲ့ ကားကို မောင်းယူလာရုံပေါ့”

“အစ်ကိုနောင်က တွေ့သမျှလူကို ဆရာတင်နေရတာပဲ ဖေဖေ”

“ဘာကွယ့်၊ သမီး ဘာပြောတယ်”

အမာလေးက အနီးရှိ ပလပ်စတစ်ထိုင်ခုံအနီလေးကို ယူ၍ ထိုင်လိုက်သည်။

“အစ်ကိုနောင်က သူ့ဘဝကို ပြောလေ့ရှိတယ် ဖေဖေ၊ သူ့ဘဝဟာ ခြင်းဝိုင်းထဲက ခြင်လုံးလိုပဲတဲ့၊ ဒူးနဲ့တိုက်လည်း သူက လှလှပပလေး အပေါ်မြောက်သွားရမယ်တဲ့၊ ခြေဖဝါးနဲ့ ခတ်လည်း အပေါ်ကို မြောက်တက်ပေးရမှာပဲတဲ့၊ အပေါ်ကို မမြောက်ဘဲ ဘေးထွက်သွားရင်၊ ဟာ ...

www.burmeseclassic.com

www.burmeseclassic.com

ဒီခြင်းလုံးက ဘောကိုပဲ ထွက်ချင်နေတယ်လို့ ခတ်တဲ့လူတွေက ကြိမ်းမောင်းပစ်တင်တာကို ခံရတယ်တဲ့၊ ဒါကြောင့် အလုပ်နဲ့ပတ်သက်လာရင် ဘယ်အလုပ်ရှင်ကိုပဲ ဖြစ်ဖြစ် ကျေနပ်အောင် လုပ်ပေးရမှာတဲ့၊ တကယ်တော့ ဦးဒေဝကြီးနောက်ကို ဖေဖေပဲ ထည့်ပေးလိုက်တာဆိုတော့ အခုလောလောဆယ်မှာ ဦးဒေဝကြီးက အစ်ကိုနောင်ရဲ့ အလုပ်ရှင် ဖြစ်နေတာကိုး ဖေဖေ"

ဆရာမြတ်သည် သမီးအမာလေး၏ စကားအဆုံးတွင် ဝှလှည့်နေသည့်တန်းလန်းမှ ရပ်ကာ ဦးခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်သည်။

"အေး ... သမီး၊ သူ့ဘဝဟာ ခြင်းလုံးနဲ့ တူတယ်ဆိုတဲ့ စကားကြားရတာ ဖေဖေ့ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားတယ်၊ သူပေးတဲ့ ဥပမာက အဆင့်အတန်းမြင့်တယ်၊ ဟုတ်တယ်၊ ဖေဖေလည်း နောင်နောင့်ကို အကဲခတ်မိတာ ကြာပြီ၊ သူက တစ်မျိုးပဲ၊ အောင်ကြည်စိန်တို့ မျိုးညွန့်တို့နဲ့ မတူဘူး၊ သူ နေပုံ ထိုင်ပုံ ပြောပုံဆိုပုံနဲ့ သူရဲ့ အမူအရာတွေဟာ တစ်ဘာသာ ဖြစ်နေတယ်၊ နောက်ပြီး မော်တော်ကားစက်နဲ့ ပတ်သက်လို့ တစ်ခါတလေ ဖိနှိပ်အားအကြောင်းတွေ၊ တွန်းကန်အားအကြောင်းတွေ၊ ပင်နီယံရဲ့ သဘောတရားတွေ ပြောပုံဟာ တော်တော်တွေးတွေးဆဆ အပိုင်းတွေ ပါတယ်၊ ဖေဖေက စက်ရဲ့ သဘောတွေကို သိနားလည်လို့ ပြင်တတ်ပေမဲ့ နောင်နောင်လို ပြောမပြတတ် ရှင်းမပြတတ်ဘူး"



"ဟုတ်တယ် ဖေဖေ၊ အစ်ကိုနောင်မှာ အသိရခက်တာတွေမှ အများကြီးပဲ၊ အစ်ကိုနောင်ဟာ ဒေသကောလိပ်တွေ မပေါ်ခင်ကတည်းက ဆယ်တန်းကို သုံးဘာသာဂုဏ်ထူးနဲ့ အောင်ခဲ့တာ"

"ဟင် ... အဲဒါ တကယ်လား သမီး"

"တကယ်ပေါ့ ဖေဖေ၊ ဒါကြောင့် သမီးဆယ်တန်းတုန်းက သမီး မလိုက်နိုင်တဲ့ဘာသာတွေမှာ အစ်ကိုနောင်က သင်ပြပေးခဲ့တာ မဟုတ်လား"

"အေး ... အဲဒါ ဟုတ်သားပဲ၊ ဒါဆို သုံးဘာသာဂုဏ်ထူးနဲ့ အောင်ထားတာတောင် တက္ကသိုလ်ကို သူ မသွားဘူးလား"

"ဒါတော့ သမီး မသိဘူး ဖေဖေ"

"အင်းပေါ့လေ၊ တက္ကသိုလ်တက်တယ် ဆိုတာကလည်း စရိတ်အကြီးသား၊ သူ့မိဘတွေက မတတ်နိုင်ရှာလို့ ဖြစ်မှာပေါ့ သမီး"

"အဲဒီလို မဖြစ်နိုင်ဘူး ဖေဖေ၊ အစ်ကိုနောင့် မိဘတွေဟာ ကြွယ်ပိုးကြွယ်ဝထဲက တွေပဲဟာ"

"အဲဒါကို သမီးက ဘယ်လိုသိသလဲ"

"ဟိုက်"ဟု အမာလေး ရင်ထဲ ဟိုက်လိုက်မိပါ၏။ အစ်ကိုနောင်၏ သေတ္တာထဲမှ တွေ့ခဲ့သော ဓာတ်ပုံအကြောင်း ဖေဖေ့ကို မပြောသင့်ဟု ယူဆသောကြောင့် ဖြစ်ပါ၏။ ဓာတ်ပုံကို ပြလိုက်လျှင် သေတ္တာထဲရှိရှိသမျှ ပစ္စည်းတွေကို ဖေဖေသာမက မေမေပါ မွှေကြည့်ကြတော့မည်။ ဒါဆို ထပ်ခိုးပေါ်မှ ဓာတ်တမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ရော၊ ညိုသီ၏ ဓာတ်ပုံရော၊ ထောင်တစ်နှစ်ကျခဲ့သည်ရော ဖေဖေနှင့်မေမေက သိကြမြင်ကြတော့မည်။

ထို့ပြင် အစ်ကိုနောင်၏ ငွေတစ်သိန်းကြီးကိုလည်း အစအန မပေါ်စေချင်၊ ဖေဖေက ကိစ္စမရှိ၊ မေမေ့ကို ကြောက်ရသည်။ ငွေတစ်သိန်းကြီး တွေ့သွားလျှင် မေမေ ဘာလုပ်မည်နည်း။ မေမေ့ကို အမာလေး မခန့်မှန်းတတ်။

နောက်ပြီး အစ်ကိုနောင်၏ လျှို့ဝှက်ချက်တွေကို အမာလေး ပယောဂကြောင့် ဖေဖေနှင့်မေမေ သိသွားသည်ကို အစ်ကိုနောင် သိသွားလျှင် သူမအား အစ်ကိုနောင် အပြစ်တင်မုန်းသွားမည်ကို စိုးရိမ်သည်။

အစ်ကိုနောင်က သူမအား အပြစ်တင်မည်၊ မုန်းသွားမည်ကို အမာလေး သေမလောက် ကြောက်ပါ၏။

ယင်းအချက်တွေကို တွေးမိသဖြင့် ဖေဖေ၏ မေးခွန်းကို အမာလေးက စကားရောဖွဲ့ရောနှင့် ဗလုံးဗထွေး ဖြေကြားလိုက်သည်။

"အစ်ကိုနောင်ကို ဖေဖေ ကြည့်ပေါ့၊ လူရည်သိပ်သန့်တာလေ၊ ဒီလိုရုပ်မျိုးဟာ ချမ်းသာတဲ့ မိဘက ပေါက်ဖွားလာတဲ့ ရုပ်မျိုးပဲ ဖေဖေ"

"ဟယ် ... မဟုတ်မဟုတ်၊ ရုပ်သန့်တိုင်း မိဘက ချမ်းသာရောတဲ့လား"

ထိုစဉ်မှာပင် ...

သားအဖ ဆက်လက်အငြင်းမပွားနိုင်စေသော အကြောင်းတစ်ခု ဖြုန်းခနဲ ပေါ်လာသည်။



နို့နှစ်ရောင် မာစီဒီးကားသစ်တစ်စီးသည် ဘိုလိန်းလမ်းကြီးတွင် တစ်ဘီးချင်း လိမ့်မောင်းပြီး ကားနောက်ကျရှင်တွင် ခန့်ညားချောမောသော အမျိုးသမီးကြီးတစ်ဦးက ကားပြတင်းပေါက်၌ ခေါင်းပြူပြီး ဘိုလိန်းလမ်း၏ ဝဲယာဘက်ရှိ တစ်အိမ်ချင်းကို လိုက်ကြည့်ပေသည်။

ဆရာမြတ် ဝပ်ရှော့ရှေ့တည့်တည့် အရောက်တွင် နို့နှစ်ရောင် မာစီဒီးကားကြီးကို ရပ်စေသည်။

"အား ... လူမစုံရတဲ့အထဲ ကားပြင်မဲ့ လူသစ်တစ်ယောက် လာပြန်ပြီ"

"မဟုတ်နိုင်ဘူး ဖေဖေ၊ ကားပြင်ဖို့ မဖြစ်နိုင်ဘူး၊ ကားက အသစ်ကြီး၊ အိမ်တစ်အိမ်အိမ်ကို လိုက်ရှာတာ ဖြစ်မယ် ဖေဖေ"

အမာလေး၏ ထင်မြင်ချက် မှန်ပါ၏။

အလွန်မွန်ရည်သော အသက်လေးဆယ်ကျော်ခန့် ချောမောသည့် အမျိုးသမီးကြီးတစ်ဦး မာစီဒီးကားပေါ်မှ ဆင်းလာသည်။ အသားမှာ နုထွတ်ဖြူဝင်းနေသည်။ ဆံပင်တွေအားလုံး နောက်လှန် အပိဖြီးထားသောကြောင့် မဟာနဖူးပေါ်လွင်သည်။ မျက်နှာအလှ ပေါ်လွင်သည်။ ပါဝါရွှေကိုင်းမျက်မှန် တပ်ဆင်ထားသည်။ ဆွတ်ဆွတ်ဖြူ ဖော့ရှန်လက်ရှည်ရင်ဖုံးအင်္ကျီ ဝတ်ထားသည်။ ထဘီမှာ ထိုင်းကော်တွန်ကြက်သွေးရောင်ပေါ်တွင် ယောဂီရောင် အနက်ဖော် ဝတ်ထားသည်။ ယောဂီရောင်ပဝါ ပခုံးပေါ် တင်ထားသည်။ ကတ္တီပါဖိနပ် စီးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောမောမွန်ရည်ပြီး ဣန္ဒြေရလှသော အမျိုးသမီးကြီးသည် ဆရာမြတ် ဝပ်ရှော့ထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာသည်။

အမာလေးက ရိုကျိုးစွာ မတ်တတ်ရပ်လိုက်ပါ၏။ ဆရာမြတ်ကတော့ ထိုင်မြဲထိုင်နေသည်။

"ကွယ် ... မေးရမှာတော့ အားနာစရာ ဖြစ်နေပြီ၊ ဘိုလိန်းလမ်းဆိုတာကလည်း အရှည်သား၊ ဝပ်ရှော့တွေလည်း အများကြီး၊ ဒေါ်ဒေါ် တွေ့သမျှ ဝပ်ရှော့ကို ဝင်မေးခဲ့တယ်ကွယ်၊ ဒီဝပ်ရှော့မှာလည်း အပန်းမကြီးဘူးဆိုရင် ဒေါ်ဒေါ် မေးချင်လို့"

"မေးပါ ဒေါ်ဒေါ်"

"အေးကွယ်၊ ဒေါ်ဒေါ် သိချင်တာက ဒီဝပ်ရှော့မှာ နောင်နောင်ဆိုတဲ့ ကလေးတစ်ယောက်များ ပညာသင်အလုပ် လုပ်သလားလို့ပါ"

"ရှင် ... နောင်နောင်"

အမာလေး၏ နှုတ်ခမ်းစုံလေး ဝလုံးလို ဝိုင်းစက်သွားသည်။ တအံ့တဩ အမျိုးသမီးကြီးကို ငေးကြည့်နေမိသည်။

ဆရာမြတ် ထိုင်ရာမှ ထရပ်ပါ၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ဝပ်ရှော့မှာ နောင်နောင်ဆိုတဲ့ ပညာသင်တပည့်တစ်ယောက် ရှိပါတယ်"

"အယ် ... ဒါဆို တွေ့ပြီပေါ့၊ ကျွန်မက နောင်နောင်ရဲ့ မေမေပါ၊ ဒီမှာလေ သားနောင်နောင်ရဲ့ ဓာတ်ပုံ၊ ဒီက



နောင်နောင် ဟုတ်ရဲ့လားလို့ပါ၊ တော်ကြာ နာမည်တူ ဖြစ်နေမှာစိုးလို့ပါ"

ဆရာမြတ်ရော အမာလေးရော ဓာတ်ပုံကို ကြည့်လိုက်ကြသည်။

"ဟုတ်တယ် မေမေ၊ ဒါ အစ်ကိုနောင်ရဲ့ဓာတ်ပုံ"

"ဟုတ်ပါတယ်ခင်ဗျ၊ ဒီမှာရှိတဲ့ နောင်နောင်နဲ့ ဓာတ်ပုံရုပ် အတူတူပါပဲ၊ အိမ်ထဲကို ကြွပါခင်ဗျ"

ဆရာမြတ်ကပင် အမျိုးသမီးကြီးကို အိမ်ပေါ်ဧည့်ခန်းသို့ ဖိတ်ခေါ်ပြီး ထိုင်ကြသည်။

"ဟဲ့ ... သမီး၊ မေမေ့ကို သွားပြောစမ်း၊ ဒီမှာ ဧည့်သည် လာတယ်လို့"

"ဟုတ်ကဲ့ မေမေ"

အမာလေး ဒေါ်ကြူကြူရှိရာ မီးဖိုဘက်ဆီ ထွက်သွားသည်။

"နောင်နောင်ကတော့ မိတ္ထီလာဘက်ကို ခရီးထွက်သွားတယ်ခင်ဗျ၊ ဒီနေ့ပါဆို လေးရက်ရှိသွားလို့ ကျွန်တော်တို့လည်း သူ့ကို မျှော်နေကြတယ်၊ အဲ ... နောင်နောင်ရဲ့ မေမေနာမည်က ..."

"ဒေါ်မွန်မွန်ပါ၊ ဒါထက် သားလေးနောင်နောင်က မိတ္ထီလာကို သွားတာလား၊ မန္တလေးကို သွားတာလားရှင်"

"မိတ္ထီလာကိုပါ၊ မန္တလေးခရီးစဉ် မပါပါဘူး"

ဒေါ်ကြူကြူရော အမာလေးရော ရောက်လာပြီး ဧည့်ခန်းတွင် ဝင်ထိုင်ကြသည်။ ဆရာမြတ်က ဇနီး ဒေါ်ကြူကြူ၊

www.burmeseclassic.com

www.burmeseclassic.com



သမီးအမာလေးနှင့် ဒေါ်မွန်မွန်ကို မိတ်ဆက်ပေးရင်း တစ်ဆက်တည်း ပြောလက်စကို ဆက်ပြောသည်။

"ကိုဒွေးဆိုတဲ့ ကျွန်တော့်ကားမိတ်ဆွေတစ်ယောက်က မိတ္ထီလာမှာ ကားတစ်စီး ဝယ်ပြီး ရန်ကုန် ယူလာချင်တယ် ဆိုလို့ ကျွန်တော်က နောင်နောင့်ကို ထည့်ပေးလိုက်တာပါ၊ မန္တလေးခရီးစဉ်တော့ မပါပါဘူး ဒေါ်မွန်မွန်"

"ဟုတ်လား၊ ကျွန်မဆီကို စာရေးအကြောင်းကြားပေးတဲ့ မောင်အောင်မျိုးလှိုင်ဆိုတာက မြို့လှမှာ တာဝန်ကျနေတဲ့ ရဲအရာရှိပါ၊ သူနဲ့ သားလေးနောင်နောင်က တက္ကသိုလ်မှာ ဘွဲ့ရတဲ့အထိ အတူနေလာကြတဲ့ သူငယ်ချင်းလေ"

ဆရာမြတ်ရော ဒေါ်ကြူကြူရော အမာလေးရော နောင်နောင် တက္ကသိုလ်မှ ဘွဲ့ရပြီးသားဆိုသည်နှင့် အံ့သြသွားကြသည်။

"သြ ... သြ ... နောင်နောင်က တက္ကသိုလ်ဘွဲ့ရပြီး သားကိုး၊ ကျွန်တော့်ဆီမှာ အလုပ်ဝင်တုန်းက သူဟာ ဆယ်တန်းသုံးခါကျပြီးလို့ ကျောင်းဆက်မနေချင်လို့ ဝပ်ရှော့ ပညာသင်လုပ်ချင်တာလို့ ပြောတယ် ဒေါ်မွန်မွန်"

"ဖြစ်ရလေ သားလေးရယ်"

အလွန်ဟိတ်ဟန်ကြီးချင်သော ဒေါ်ကြူကြူပင်လျှင် ဒေါ်မွန်မွန် စီးလာသော မာစီဒီးကားသစ်ကြီး၊ ပန်ထားသော စိန်နားကပ်ကြီးနှင့် ထည်ဝါခန့်ညားသော ဥပဓိရုပ်၊ ဝတ်စားဆင်ယင်မှုနှင့် ဣန္ဒြေသိမ်မွေ့ပြောဆိုမှုတွေကြောင့် ရိုကျိုးလေးစားသော အသွင်ရှိနေတော့သည်။



"အဲဒါ ကျွန်တော့်ဇနီး မကြူကြူနဲ့ သမီးလေး အမာလေးပါ ဒေါ်မွန်မွန်"

"သားလေး နောင်နောင်က ကျွန်မကို စိတ်နာပြီး လုံးလုံး အဆက်အသွယ်ဖြတ်ထားတယ် ဒေါ်ကြူကြူ၊ တကယ်တော့ ကျွန်မအဖြစ်က လိပ်ပတ်မလည်ခင် သားလေးနောင်နောင် အထင်လွဲမယ်ဆိုလည်း လွဲစရာ၊ စိတ်နာမယ်ဆိုလည်း စိတ်နာစရာတွေ ဖြစ်ခဲ့တာပါ"

"ဘယ်လိုများ ဖြစ်ခဲ့လို့လဲ ဒေါ်မွန်မွန်"

"သားလေးနောင်နောင်နဲ့ တွေ့မှပဲ ကျွန်မရဲ့ ဖြစ်ကြောင်း ကုန်စင်တွေကို ပြောပါရစေလားရှင်၊ ကျွန်မသားကို သိပ် တွေ့ချင်ပြီ၊ သားကို ရှင်းပြ ပြောပြစရာတွေ အများကြီးပါ၊ မြို့လှက သားရဲ့သူငယ်ချင်း မောင်အောင်မျိုးလှိုင် လူကြုံ နဲ့ ပေးလိုက်တဲ့စာထဲမှာ သားနောင်နောင်ဟာ ရန်ကုန် ဘိုလိန်းလမ်းက ဝပ်ရှော့တစ်ခုမှာ ပညာသင်အဖြစ်နေတယ်၊ အိမ်နံပါတ်တို့ ဝပ်ရှော့နာမည်တို့တော့ အဲဒီစာထဲမှာ မပါဘူး၊ သူကိုယ်တိုင်လည်း မသိလိုက်ရဘူးတဲ့၊ ရေတာရှည်နားမှာ သားနောင်နောင်တို့ မောင်းလာတဲ့ဖင်မလီယာကား ဓာတ်ဆီ ကုန်နေတာကို အမှတ်မထင် မောင်အောင်မျိုးလှိုင်နဲ့ ကြုံကြိုက်တွေ့ရှိရတာတဲ့၊ သားနောင်နောင်က တစ်မျိုး ကြီးတဲ့၊ သူ့သူငယ်ချင်း မောင်အောင်မျိုးလှိုင်ကို မသိချင် ယောင်ဆောင်နေလို့ သားနောင်နောင်ရဲ့ လိပ်စာကို အတိအကျ မေးခွင့်မရလိုက်ဘူးတဲ့၊ သား လွှတ်ခနဲ ပြော လိုက်တဲ့အတိုင်း ရန်ကုန် ဘိုလိန်းလမ်း ဝပ်ရှော့ဆိုတာ လောက်ပဲ ပြောနိုင်တယ်တဲ့"

www.burmeseclassic.com



"ဖင်မလီယာကားနဲ့ ဟုတ်လား ဒေါ်ဒေါ်"

အမာလေးက တစ်ခုခု သတိထားမိသလို မေးရင်း၊ သူမ၏ ဖေဖေဆရာမြတ်ကို ပြန်လှည့်ကာ ထပ်ဆင့်မေးခွန်း မေးလိုက်သည်။

"ဖေဖေ ဦးဒေဝ အစ်ကိုနောင်နောင့်ကို လာခေါ်တုန်းက ဂျစ်ကားနဲ့ပါနော်၊ ဦးဒေဝမှာ တခြားဖင်မလီယာကား ရှိသေးလို့လားဟင်"

"မောင်ဒေဝမှာ ဖင်မလီယာကား ရှိတယ်လို့တော့ ဖေဖေ တစ်ခါမှ မကြားမိဘူး၊ ဒါပေမဲ့ သူက ကားဝယ်ရောင်းသမားပဲ၊ ရက်ပိုင်းအတွင်းမှာ ကားအမျိုးမျိုး ဝယ်ရောင်းနေတော့ ဖင်မလီယာကား ရှိချင်လည်း ရှိမှာပဲ၊ သေချာတော့ ဖေဖေ မသိဘူး သမီး"

ဒေါ်မွန်မွန်သည် ဆရာမြတ်နှင့် သမီးအမာလေးတို့ အပြန်အလှန် ပြောသည်ကို နားထောင်ရင်း ဝေခွဲမရသောအသံဖြင့် ပြောလိုက်သည်။

"သမီးနဲ့ သမီးဖေဖေ ပြောနေတာက သားနောင်နောင်ဟာ ကိုဒေဝဆိုတဲ့ လူနဲ့ မိတ္ထီလာကို သွားတယ်လို့နော်၊ အဲ မောင်အောင်မျိုးလှိုင် ဒေါ်ဒေါ့ဆီ ရေးလိုက်တဲ့စာထဲမှာတော့ ကိုဒေဝဆိုတဲ့နာမည် လုံးဝမပါဘူး၊ သားနောင်နောင်ဟာ နွေးနွေးဆိုတဲ့ အမျိုးသမီးနဲ့ မန္တလေးကို ဖင်မလီယာနဲ့ သွားရင်း ခါတ်ဆီကုန်သွားတာတဲ့၊ သားနောင်နောင်ရဲ့ အပြောကတော့ အခကြေးငွေရလို့ ဖင်မလီယာကားကို လိုက်မောင်းပေးတာတဲ့"



ဆရာမြတ် ခေါင်းကုတ်ရတော့သည်။

အမာလေး ရင်ထဲတွင် ဒိတ်ခနဲ ခံစား၍ရပါ၏။ ဒေါ်ဒေါ်မွန် ပြောပုံက သိပ်တိကျလွန်းနေပေသည်။ နွေးနွေးဆိုသည့် အမျိုးသမီးနှင့်တဲ့။

တစ်ဆက်တည်း အမာလေး စဉ်းစားမိဖြစ်သည်။ အစ်ကိုနောင်နောင် မသွားမီညက သန်းခေါင်ကျော်ကြီးကျမှ ဖင်မလီယာကားပြာတစ်စီးနှင့် လိုက်ပါသွားသည်ကို စဉ်းစားမိသည်။

ထိုစဉ်က အစ်ကိုနောင်သည် ဝယ်သူက ဝယ်ယူမည့် ကားတစ်စီးကို လိုက်ကြည့်ပေးရန် ဖင်မလီယာကားနှင့် ခေါ်ခြင်း ဖြစ်သည်ဟု ပြောခဲ့သည်။ ထိုစကားကို ဝပ်ရှော့တွင် မကြာခဏ ကြုံတွေ့ရသောအဖြစ်မျိုးမို့ အမာလေး လွယ်လွယ်ပင် ယုံကြည်လိုက်သည်။ ထို့ပြင် ဖင်မလီယာကားနှင့် လာခေါ်သူကို အမာလေး လုံးဝမတွေ့မြင်လိုက်ရ။ လာခေါ်သူမှာ ယောက်ျားလား မိန်းမလား ဟူ၍ အမာလေးမသိ။ ညကြီးသန်းခေါင် လိုက်ကြည့်ပေးပါဟုလည်း ခေါ်မည်မဟုတ်သည်မို့ စိတ်ကူးထဲမှာပင် တွေးထင်စရာမရှိ။

ဒါဆိုလျှင် ထိုသန်းခေါင်ကျော်ညကတည်းက နွေးနွေးနှင့် အစ်ကိုနောင် အချိန်းအချက်ပြုပြီး မန္တလေးသို့ သွားကြခြင်းပေလား။

ယင်းသို့ဆိုပါကလည်း အစ်ကိုနောင်ကို ခရီးသွားဖို့ လာခေါ်သူမှာ ဦးဒေဝကြီး ဖြစ်နေပြန်သည်။ ဘယ်လိုတွေများပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနောင်နှင့် ပတ်သက်ပြီး အမာလေး ရင်ထဲတွင် နင့်ခနဲ ,ခံစားရသည်မှာ (၂)ကြိမ်ရှိပြီ။ ပထမတစ်ကြိမ်က အစ်ကိုနောင် သိမ်းထားသော ညိုသီ၏ ဓာတ်ပုံတွေ့ရစဉ်ကနှင့် ယခု မနွေးနွေးဆိုသူနှင့် ခရီးရှည်ကြီး သွားပြန်သည်ဟု ကြားရသည်က ဒုတိယအကြိမ် ဖြစ်ပါ၏။

"ဒါထက် မေးပါရစေ ဒေါ်မွန်မွန်"

"မေးပါ ဒေါ်ကြူကြူ"

"ဩော် ... နောင်နောင်ဟာ ကျွန်မတို့ဆီမှာ လာအလုပ်လုပ်နေပုံက သူ့ဇာတိမှန်ကို မြှုပ်ထားပြီး လာလုပ်နေတဲ့ ပုံပဲ။ အဲ ... နောင်နောင်ရဲ့ ဇာတိမှန်ကို သိခွင့်များ ရမလား လို့"

"အိုကွာ ... မကြူကလဲ ... သူတစ်ပါး ကိုယ်ရေးကိုယ်တာကို မေးတာဟာ ရိုင်းရာရောက်တယ်ကွ"

ဆရာစမြတ်က အားနာစွာ ဟန့်တားသည်။

"ရပါတယ်ရှင် ... ရပါတယ် ... သားနောင်နောင်ရဲ့ ဖေဖေဟာ ဆောက်လုပ်ရေးဌာနက တိုင်းအင်ဂျင်နီယာပါ။ လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က ကွယ်လွန်သွားပါပြီ။ ကျွန်မတို့မော်လမြိုင်မှာပဲ နေပါတယ်၊ သားသမီးဆိုလို့ သားနောင်နောင် တစ်ယောက်တည်း ထွန်းကားပါတယ်။ သားက တက္ကသိုလ်က ဘီအက်စီဘွဲ့ရပြီးသားပါ၊ သားရဲ့ ဆန္ဒက သူ့အဖေဆုံးသွားပြီးတဲ့နောက်၊ ကျွန်မတို့သားအမိ နှစ်ယောက် လုပ်ကိုင်စားသောက်ကြမယ်ဆိုတဲ့ ဆန္ဒမျိုး



ရှိပါတယ်၊ နောက်ပြီး သူ့အဖေ သေဆုံးတာဟာ သွေးရိုးသားရိုး မဟုတ်ဘဲ တစ်ပါးသူတစ်ယောက်ရဲ့ လက်ချက်နဲ့ သေရတယ်လို့ သားက ယူဆတယ်၊ အဲဒီကိစ္စကို သားက စုံစမ်းတယ်၊ အဲဒီစုံစမ်းမှုဟာ သားနောင်နောင်အတွက် အသက်အန္တရာယ် သိပ်ကြီးကြောင်း ကျွန်မ ရိပ်မိတယ်၊ ဒီကြားထဲ သူ့အဖေဆုံးပြီး ခြောက်လအကြာမှာ ကျွန်မက နောက်အိမ်ထောင်ပြုလိုက်တယ်၊ အဲဒါကို သားက လုံဝ မကျေနပ်ပါဘူး၊ မကြာခင်ဘဲ ကျွန်မရဲ့ နောက်အိမ်ထောင်နဲ့ သား အကြီးအကျယ် စကားများပြီး သူ့ပထွေးလက်က သေနတ်ကို သားက အရပြန်လုပြီး သူ့ပထွေးကို သေနတ်နဲ့ ပစ်တယ်၊ ဒီအတွက် သားနောင်နောင်ကို တရားရုံးက ထောင်ဒဏ်တစ်နှစ် အပြစ်ပေးခံရတယ်"

"ဖြစ်မှဖြစ်ရလေ ဒေါ်မွန်မွန်ရယ်၊ ဒါဆို နောင်နောင်ဟာ ထောင်တစ်နှစ်ကျခဲ့တာပေါ့နော်"

"ဟုတ်ပါတယ် ဒေါ်ကြူကြူ။ သားထောင်က လွတ်တဲ့နေ့မှာ ထောင်ဘူးဝက ကျွန်မ သွားကြိုခဲ့ပါတယ်၊ သား အခြေအနေဟာ မော်လမြိုင်လာပြီး ကျွန်မနဲ့အတူ ပြန်လာနေဖို့ အလွန်ပဲ မဖြစ်နိုင်တဲ့အခြေအနေမှန်း ကျွန်မက သိနေတယ်၊ ကျွန်မရဲ့ နောက်အိမ်ထောင် သားရဲ့ ပထွေးက မော်လမြိုင်မှာ သိပ်အရှိန်အဝါကြီးမားတယ်၊ အသိုင်းအဝိုင်း သိပ်ကောင်းတယ်၊ တပည့်လူမိုက်တွေ မွေးထားတယ်၊ သားအပေါ်မှာ သူ့ပထွေးက လုံးဝ မကျေနပ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သား ပြန်လာရင် တစ်ခုခု သားကို အန္တရာယ်ပြုမယ်မှန်း ကျွန်မ သိနေတယ်၊ ဒါကြောင့် ထောင်ဘူးဝမှာ သားကို တွေ့ပြီး မော်လမြိုင်ကို ပြန်မလာနဲ့ဦး၊ ဒီကြားထဲမှာ သား သုံးဖို့စွဲဖို့ ငွေတစ်သိန်းပေးခဲ့ပါတယ်”

ဒေါ်ကြူကြူ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ...

“ဒီမယ် ကိုအောင်မြနွယ်၊ အံ့သြစရာပဲနော်၊ နောင်နောင်ဟာ ငွေတစ်သိန်းကြီးတောင် ရှိသားနဲ့ ကျွန်မတို့ဝပ်ရှော့မှာ ထမင်းကျွေးရုံ၊ ပေးသလောက် ငွေယူရုံနဲ့ လာလုပ်နေတယ်၊ အဲဒီငွေတစ်သိန်းကြီးကို နောင်နောင် ဘာတွေ လုပ်ပစ်လိုက်သလဲ မသိဘူးနော်”

ဆရာမြတ် ကိုယ်တိုင်လည်း ငွေတစ်သိန်း ရှိလျက်နှင့် ဝပ်ရှော့တွင် ပင်ပင်ပန်းပန်း လာလုပ်နေသော နောင်နောင့်ကို အံ့သြပါ၏။

“အစ်ကိုနောင်ဟာ ငွေတစ်သိန်းကို ဘာမှ သုံးစွဲမပစ်တဲ့အပြင် အထုပ်မပျက် တစ်ပြားမှ မလျော့စေဘဲ ဒီအတိုင်း ထားပါတယ် ဖေဖေ”

“ဟင် ... အဲဒါ သမီးက ဘယ်လိုသိတာလဲ”

ဒေါ်မွန်မွန်ရော ဒေါ်ကြူကြူရော ဆရာမြတ်ရော အမာလေးကို အံ့သြစွာ ကြည့်ကြပါ၏။

“ဒေါ်ဒေါ်မွန် ကိုယ်တိုင်ရော ဖေဖေနဲ့မေမေရော သမီးရဲ့ အပေါ်ထပ်အိပ်ခန်းကို ခဏလိုက်ခဲ့ကြပါ၊ အဲဒီမှာ အစ်ကိုနောင်ရဲ့ ငွေတစ်သိန်းအိတ်ကြီး ရှိတယ်”



ပြောပြောဆိုဆို အမာလေးကပင် ရှေ့ဆောင်၍ အပေါ်ထပ်သို့ ခြေလှမ်းသည်။

“လာ ... ဒေါ်မွန်မွန်၊ အပေါ်ထပ်တက်ကြည့်ကြစို့၊ ကျွန်မတို့လင်မယားကတော့ ဒီကိစ္စတွေ ဘာမှ မသိတာ အမှန်ပါ၊ ကဲ ... ကြွပါ ဒေါ်မွန်မွန်”

အမာလေး၏ အိပ်ခုတင်လေးတစ်လုံးရှိသည်။ ခုတင်တွင် မွေ့ရာလေးရှိသည်။ ဖြူစင်သန့်ရှင်းသော အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ခြင်ထောင်တွေ ရှိနေသည်။ စောင်ကိုလည်း ကျကျနန ခေါက်ပြီး ခြေရင်းတွင် ထားရှိသည်။

အပျိုမလေးတစ်ယောက်၏ အခန်းမို့ မှန်တင်ခုံ၊ အဝတ်ဗီရိုများရှိသည်။ အားလုံး သပ်သပ်ရပ်ရပ် စီစီရီရီ ရှိနေပါ၏။ ဖရိုဖရဲ ပစ်စလက်ခတ် ဘာမှ မရှိ၊ ခုတင်ဘေးတွင် ကျောင်းသူမို့ စာကြည့်စားပွဲရှိသည်။ စာအုပ်တွေ စာရွက်တွေ အားလုံး စီစီရီရီပင် သေသပ်စွာ တွေ့ရှိရသည်။ အိပ်ခန်းတစ်ခန်းလုံးတွင် ပင့်ကူအိမ်မရှိ၊ ဖုန်မှုန့်မရှိ၊ ကြမ်းမှာ ရေပတ်တိုက်ပါများ၍ ပြောင်ချောနေသည်။

ဒေါ်မွန်မွန်သည် အမာလေး၏ အိပ်ခန်းကို ဝေ့ကြည့်မိသည်နှင့် ဒီကောင်မလေး ငယ်သာငယ်သည်၊ စည်းနှင့်ကမ်းနှင့် သပ်သပ်ရပ်ရပ် သန့်သန့်စင်စင် နေတတ်ရှာတယ်ဟု ကျိတ်၍ မှတ်ချက်ချမိသည်။ အမာလေး၏ အနေအထိုင် အပြောအဆို အမူအရာလေးတွေကို ဒေါ်မွန်မွန် နှစ်သက်မိပါ၏။

“ဒီမှာပါ ဒေါ်ဒေါ်မွန်၊ အစ်ကိုနောင်ရဲ့ ငွေတစ်သိန်းရော၊ ဖိုင်တွဲတွေရော၊ အဝတ်အစားတွေရော ထည့်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးသေတ္တာပါ၊ သေတ္တာအောက်ဆုံးမှာ ဘီအိုအေစီ ဆွဲအိတ်နဲ့ ထည့်ထားတဲ့ ငွေတစ်သိန်း ရှိနေပါတယ်"

အမာလေးက ခုတင်အောက် သွင်းထားသော ထင်းရှူးသေတ္တာကို ထုတ်ယူပြသလိုက်သည်။

လူကြီးသုံးဦး ထင်းရှူးသေတ္တာဘေးတွင် ဝိုင်းထိုင်ကြသည်။

"ဒေါ်ဒေါ်မွန်ပဲ ဖွင့်ကြည့်ပါ"

ဒေါ်မွန်မွန် ဖွင့်ကြည့်သည်။

ပထမဦးစွာ သားလေးနောင်နောင်၏ အဝတ်အထည်တွေကို မြင်သည်နှင့် တယုတယ ထုတ်ယူကိုင်တွယ်ရင်း တွေဆွေးသွားသည်။ မျက်ရည်တွေ ဝိုင်းလာသည်။

အဝတ်တွေကို အမာလေး၏ ခုတင်အိပ်ရာပေါ်မှာပင် အထပ်လိုက် တင်သည်။

ဖိုင်တွဲတွေကို ဒေါ်မွန်မွန် မကြည့်ပေ။

အမာလေးက ဒေါ်မွန်မွန် ဖိုင်တွဲကို လှန်ကြည့်စေချင်သည်။ သို့မှသာ ညိုသီ၏ ဓာတ်ပုံကို တွေ့မည်။ ထိုအခါကျမှ အစ်ကိုနောင်နှင့် ညိုသီ၏ အကြောင်း အမာလေးက မသိမသာ မေးမြန်းမည်ဟု စိတ်ကူးရှိသည်။ သို့သော် ဖိုင်တွဲကို ဒေါ်ဒေါ်မွန် ဖွင့်ကြည့်ပါဟု အမာလေး မပြောရဲပေ။

ဘီအိုစီ ဆွဲအိတ်ကြီး ပေါ်လာပြီ။ ဇစ်ကို ဆွဲပြီး ဒေါ်မွန်မွန် ဖွင့်ကြည့်သည်။ ရာတန်အုပ်များသည် မိမိ ပေးထားခဲ့သည့်အတိုင်း ဘယ်လိုမှ အုပ်မပျက်ဘဲ နဂိုအတိုင်း ရှိနေသည်ကို မြင်တွေ့ရသည်။



မျက်ရည်ဝိုင်းရုံမကတော့ဘဲ ဒေါ်မွန်မွန်၏ ပါးပြင်နှစ်ဖက်သို့ မျက်ရည်တွေ စီးဆင်းလာသည်။

"သားက မအေပေးခဲ့တဲ့ ငွေတစ်သိန်းကို လက်ဖျားနဲ့တောင် မတို့ချင်ဘူးဆိုတဲ့သဘောပါလား ဒေါ်ကြူကြူရယ်၊ ငွေတစ်သိန်းကို ဒီအတိုင်းထားပြီး ဒေါ်ကြူကြူတို့ဆီမှာ သူ့လုပ်အားနဲ့သူ ထမင်းရှာစားတဲ့သဘောပေါ့နော်"

"အဲဒီသဘောဟုတ်ချင်မှ ဟုတ်မှာပါ ဒေါ်မွန်မွန်၊ ကျွန်တော် အကဲခတ်မိသလောက်တော့ နောင်နောင်ဟာ မော်တော်ကားစက်ပညာကို တော်တော်စိတ်ပါလက်ပါနဲ့ လိုလိုလားလားရှိတယ်၊ ဒါကြောင့်လည်း တခြားပညာသင်တွေနဲ့ မတူဘဲ နှစ်နှစ်အတွင်းမှာ နောင်နောင်ဟာ ဝပ်ရှော့ပညာ တော်တော်တတ်ကျွမ်းနေပြီ၊ သူ့ဟာသူ ဝပ်ရှော့ထောင်ဖို့ ရည်ရွယ်ထားသလားမှ မသိတာ"

ဒေါ်မွန်မွန်က ခေါင်းခါပြသည်။

"အဲဒီရည်ရွယ်ချက်ရှိရင် ဒီငွေတစ်သိန်းလောက်ကို မသုံးမစားဘဲ သိမ်းထားဖို့ မလိုပါဘူး ဆရာမြွတ်၊ ကျွန်မမှာ ဒီသားတစ်ယောက်တည်းပါ၊ ကျွန်မ ချမ်းသာသမျှ သူ့အတွက်ချည်းပါ၊ တခြားခွဲပေးစရာ တစ်ယောက်မှ မရှိတာ၊ သား လိုအပ်တယ်ဆိုရင် ကျွန်မက ဆယ်သိန်းယူမလား၊ ဆယ့်ငါးသိန်းယူမလား၊ ပေးဖို့အဆင်သင့်ပါ၊ သူ ဒီငွေတစ်သိန်းကို ကျွန်မကို စိတ်နာနာနဲ့ တစ်ပြားမှ မသုံးဘဲ ဒီအတိုင်းထားတာနေမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မွန်မွန် အိတ်ကို ပြန်ပိတ်ပြီး သူ့နဂိုအတိုင်း ပြန်ထည့်ထားလိုက်သည်။

"ရှိပါစေတော့လေ၊ သားက ကျွန်မကို အထင်လွဲစိတ်နာနေဆဲကိုး၊ သား ပြန်လာလို့ ကျွန်မက ဖြစ်ခဲ့သမျှ အားလုံးကို ရှင်းပြရင် သားက နဂိုအတိုင်း မအေကို ပြန်ချစ်လာမှာပါ၊ အမှန်တော့ သားလေးဟာ ဖအေကိုရော မအေကိုရော သိပ်ချစ်ရှာတဲ့ သားလေးပါ"

ဖိုင်တွဲကို ဒေါ်မွန်မွန်က ပြန်ထည့်မည်အပြုတွင် အမာလေးက မေးမြန်းလိုက်သည်။

"ဒီငွေတွေ ဒီအတိုင်း ထားခဲ့မလို့လား ဒေါ်ဒေါ်မွန်၊ သားအမိ အစ်ကိုနောင်နဲ့ ပြန်တွေ့တော့မှာပဲဟာ၊ ပြန်ယူသွားပေါ့ ဒေါ်ဒေါ်မွန်"

ဒေါ်မွန်မွန်က အမာလေးကို ကြည့်လိုက်သည်။ ပြီး ဆရာမြတ်နှင့် ဒေါ်ကြူကြူကို ကြည့်လိုက်ပြန်သည်။

"သားက ဒီငွေတွေကို ဆရာမြတ်နဲ့ ဒေါ်ကြူကြူကို အပ်ထားတာ မဟုတ်လားရှင်"

"ဟာဗျာ ... ကျွန်တော်တို့ သိတောင်မသိဘူး ဒေါ်မွန်မွန်"

ဆရာမြတ် လူရိုးလူရှင်းကြီးက ခေါင်းခါခါ လည်ခါခါ ပြန်ပြောလိုက်သည်။

ထိုရောအခါ ဒေါ်မွန်မွန်က အမာလေးကို ပြန်ကြည့်လိုက်သည်။ နောင်နောင်၏ ငွေတစ်သိန်းသာမက အဝတ်အစားတွေပါ ထည့်ထားသော သေတ္တာ အမာလေး၏ အိပ်ခန်းထဲ ရောက်နေရုံမက အမာလေးက ထိုအကြောင်း သူမ၏ ဖေဖေနှင့်မေမေကိုပင်



လုံးဝ မပြောဘဲ ထားသည်မှာ ဘယ်လိုပါလိမ့်ဟူသော အကြည့် ဖြစ်ပါ၏။

ဒေါ်မွန်မွန်သည် အမာလေးအား ကျေနပ်သော အကြည့်၊ နှစ်ခြိုက်သဘောကျခြင်းအကြည့်မျိုးနှင့် ကြည့်ပြီးမှ မေးမြန်းလိုက်သည်။

"ဒါဆို သမီးလေးကို သားနောင်နောင်က အပ်ထားတာ ထင်ပါရဲ့နော်"

"ဟင်အင်း ... ဟင်အင်း ... အစ်ကိုနောင်က မအပ်ခဲ့ပါဘူး ဒေါ်ဒေါ်မွန်"

ဒေါ်ကြူကြူက ထပ်မေးပြန်ပါ၏။

"ဒါဖြင့် ဒါတွေ သမီးအခန်းထဲ ဘာလို့ ရောက်နေသလဲ၊ မလိမ်နဲ့နော်၊ ညည်းအဖေလည်း မသိ၊ ငါလည်း မသိနဲ့၊ ညည်းအခန်းထဲ ဒီသေတ္တာ ရောက်နေတာ"

ဒေါ်ကြူကြူ မေးမြန်းပုံ ကြမ်းသည်။

ဒေါ်မွန်မွန်က ဒေါ်ကြူကြူ၏ လက်ကို သူမ၏ လက်ဖဝါးဖြင့် ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။ ပြီး ဦးခေါင်းကို ဖြည်းလေးစွာ ယမ်းပြသည်။ အဓိပ္ပာယ်မှာ သမီးအမာလေးအပေါ်တွင် ဤမျှမကြမ်းစေချင် မရင့်စေချင်သောသဘော ဖြစ်ပါ၏။

"အမှန်ပါ မေမေ၊ အစ်ကိုနောင်ရဲ့အကြောင်း သမီး သိပ်သိချင်တယ်၊ အစ်ကိုနောင်က သူ့အကြောင်း သိပ်လျှို့ဝှက်တယ်၊ မေးလိုက်ရင် ဟိုဝှေ့ ဒီဝှေ့နဲ့ ဘယ်တော့မှ မပြောဘဲ အနောက်အပြောင် လုပ်ပစ်တယ်၊ ဒီတော့ အစ်ကိုနောင် ခရီးထွက်သွားတုန်း ဆေးသုတ်ကုလားတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



လှေကားနဲ့ သမီး အစ်ကိုနောင်ရဲ့ ထပ်ခိုးပေါ် တက်ကြည့်တယ်၊ အစ်ကိုနောင် ကမန်းကတန်း လိုက်သွားတာမို့ သူ့သေတ္တာ ပြန်မပိတ်မိဘဲ သော့တန်းလန်းကြီးထားတာတွေ့ရလို့ သမီးဖွင့်ကြည့်မိတော့ အဲဒါတွေ တွေ့ရတာပဲ၊ ရုံထဲမှာက ကိုအောင်ကြည်စိန်နဲ့ ကိုမျိုးညွန့်တို့က နေ့ထိုင်းရှိနေတာလေ၊ သူတို့အချင်းချင်း လုပ်ဖော်ကိုင်ဖက်တွေဆိုပြီး ဖေဖေ့အလစ်မှာ နားဖို့ ဒီထပ်ခိုးပေါ် တက်ချင်တက်ကြမှာ၊ အစ်ကိုနောင်ရဲ့ အဝတ်တွေ သူတို့ ယူဝတ်မှာစိုးတာရော၊ ငွေတွေ တွေ့သွားမှာရော၊ အစ်ကိုနောင်အိပ်ရာမှာ သူတို့ ကိုယ်က ညစ်တီးညစ်ပတ်နဲ့ အိပ်မှာရော စိုးရိမ်ပြီး ဒီသေတ္တာကို သမီးအခန်းထဲမှာ ယူထားလိုက်တယ်၊ အစ်ကိုနောင် ပြန်လာမှ ပြန်ပေးမလို့ပါ မေမေ"

"ဒီကိစ္စ ငါ့ကိုတောင် ညည်းက မပြောဘူးနော်၊ မြို့နေတယ်"

"သမီး မပြောတာက ငွေတစ်သိန်းကြီးလည်း ရှိနေတယ်၊ အစ်ကိုနောင်ဟာ ထောင်ကျဖူးခဲ့တယ်ဆိုတာလည်း သိသွားရင် ဖေဖေနဲ့မေမေက အစ်ကိုနောင့်ကို အထင်လွဲပြီး ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်မှာစိုးတယ်ဆိုပြီး အိမ်က နှင်ချမှာစိုးလို့ပါ၊ အဲဒီဖိုင်တွဲထဲက သတင်းစာဖြတ်ပိုင်းလေးမှာ အစ်ကိုနောင် ထောင်ဒဏ်အပြစ်ခံရကြောင်း ဖော်ပြထားလို့ပါ မေမေ"

အမာလေး ရှင်းပြသည်ကို သူမ၏ အမေနှင့်အဖေကတော့ ဘယ်လိုသဘောထားသည် မသိ။ ဒေါ်မွန်မွန်၏ စိတ်ထဲ၌



ဤမိန်းကလေးသည် သားလေးနောင်နောင်အပေါ်တွင် သံယောဇဉ်ရှိနေရှာပါလားဟု ယူဆလိုက်မိသည်။

ဒေါ်မွန်မွန်သည် အမာလေးကို သမီးလေးတစ်ဦးအား ပွေ့ပိုက်သလို ပွေ့ထားလိုက်သည်။

"သမီးလေး အမာလေးဟာ ရုပ်သိပ်လှသလို စိတ်လည်းသိပ်လှပါပေတယ်ကွယ်၊ သားလေးရဲ့ ပစ္စည်းတွေ သိမ်းပေးထားတာ၊ ဒေါ်ဒေါ်မွန် သမီးလေးကို သိပ်ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ သားလေးရဲ့ ငွေတစ်သိန်းကို ဒေါ်ဒေါ်မွန် ပြန်ယူသွားပါလို့ ပြောတာ၊ ပြန်ပေးတာကတော့ မဆင်ခြင်တဲ့သဘော မသက်ရောက်ဘူးလား"

"ဘယ်လိုမဆင်ခြင်တဲ့သဘော သက်ရောက်သွားလို့လဲ ဒေါ်ဒေါ်မွန်"

"လူလိမ်လူညာဆိုတာ ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ချိုပါတာမှ မဟုတ်တာပဲ အမာလေးရဲ့၊ ဒေါ်ဒေါ်မွန်က သားနောင်နောင်ရဲ့ မိခင်အစစ်အမှန်မဟုတ်ဘဲ ဓာတ်သိလူလိမ်လူညာဖြစ်ပြီး ဒီငွေတစ်သိန်းကို လာပြီး လိမ်ညာယူတာဆိုရင် ဘယ်လိုလုပ်မလဲ သမီး၊ သားနောင်နောင်ရဲ့ မေမေကို သမီးအမာလေးက တစ်ခါမှ မြင်ဖူးတာမှ မဟုတ်တာ"

အမာလေးက ပြုံးလိုက်ပါ၏။

"ဒေါ်ဒေါ်မွန့်ကို အစ်ကိုနောင့်ရဲ့ မိခင်ရင်း မေမေလို့ အမာလေး မြင်ဖူးထားပါတယ်"

"ဟော ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသေတ္တာထဲက ဖိုင်တွဲထဲမှာ အစ်ကိုနောင်ရဲ့ တစ်သက်တာ အထိမ်းအမှတ်နဲ့ သိမ်းထားတာလားတော့ မသိဘူး၊ ဓာတ်ပုံတွေနဲ့ သတင်းစာဖြတ်ပိုင်း ထည့်ထားတာကို အမာလေး တွေ့မြင်ပြီး၊ ကြည့်ပြီးသားပါ ဒေါ်ဒေါ်မွန်၊ အဲဒီ ဓာတ်ပုံထဲက အစ်ကိုနောင် ဆယ်တန်းကို သုံးဘာသာ ဂုဏ်ထူးနဲ့ အောင်တုန်းက အစ်ကိုနောင်ရဲ့ ဖေဖေ မေမေနဲ့ အစ်ကိုနောင် တွဲရိုက်ထားတဲ့ ဓာတ်ပုံပါ၊ အဲဒီဓာတ်ပုံထဲက အစ်ကိုနောင်ရဲ့ အမေရင်း ဒေါ်ဒေါ်မွန်ကို အမာလေး တွေ့ဖူးထားပြီးသားပါ။ ဓာတ်ပုံထဲက ဒေါ်ဒေါ်မွန်ဟာ အခု မြင်ရတဲ့ ဒေါ်ဒေါ်မွန်မှန်း သိသာနေ၊ ထင်ရှားနေပါတယ်၊ ဟိုတုန်းက နှစ်တွေကြာပြီ ဖြစ်ပေမဲ့ ဒေါ်ဒေါ်မွန်ရဲ့ ရုပ်ဟာ ဟိုတုန်းကထက် နည်းနည်းလေး ပိုပြီးရင့်လာတာကလွဲပြီး ပြောင်းလဲမှုမှ မရှိတာ၊ ဒါကြောင့် အစ်ကိုနောင်ရဲ့ မေမေ အစစ်အမှန် အမာလေး သေချာသိတာပေါ့"

"ဟုတ်ပါ့သမီးရယ်၊ သမီးလေးက တော်လိုက်တာ၊ အတွေး အခေါ်ရော၊ အမှတ်သညာရော တကယ်တော်တယ်ကွယ်၊ ဒီငွေတစ်သိန်းကို သမီးလေးပဲ သိမ်းပေးထားပါ၊ သားနောင်နောင်ကို လိုက်ရှာကတည်းက ဒီငွေကိုမှ ဒေါ်ဒေါ်မွန် ခေါင်းထဲမှာ မပါပါဘူး၊ နောက်ပြီး သား ပြန်လာတဲ့အခါ ဒီငွေတစ်သိန်းကို ဒေါ်ဒေါ်မွန်က ပြန်ယူသွားတယ်ဆိုရင် ထပ်ပြီး မအေကို အထင်မှား ထပ်ပြီး စိတ်နာသွားပါ့မယ်၊ အဲဒီတော့ သမီးလေး သေချာမှတ်ထားနော်၊ ဒေါ်ဒေါ်မွန် စမ်းချောင်း ရှမ်းလမ်းက ခြံအမှတ် (---) မှာ တည်းခို နေပါတယ်၊ ဖုန်းနံပါတ်က (-----)ပါ၊ အင်ဂျင်နီယာ ဦးအေးစောရဲ့အိမ်ပါ သမီး၊ သား ရောက်လာလာချင်း သားလိုက်လာပါလို့ မေမေက မှာထားတဲ့အကြောင်း အမာလေးက သားကိုပြောပါ၊ တကယ်လို့ သားက မအေကို စိတ်ဆိုးစိတ်နာနေတုန်းမို့ မလာဘူး မတွေ့ချင်ဘူး ဆိုရင် အဲဒီဖုန်းနံပါတ်နဲ့ အမာလေးက ဒေါ်ဒေါ်မွန်ဆီ ဆက်ပါ၊ ချက်ချင်း ဒေါ်ဒေါ်မွန် လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့ပါ"ဟု ပြောရင်း အမာလေးသည် စမ်းချောင်းရှမ်းလမ်း အိမ်နံပါတ်၊ ဖုန်းနံပါတ်တို့ကို ဦးနှောက်တွင် အလွတ်ကျက်မှတ်ထားလိုက်ပေသည်။ ဒေါ်ဒေါ်မွန်က ပြန်ရန် နှုတ်ဆက်သောအခါ ဆရာမြတ်နှင့် ဒေါ်ကြူကြူက အိမ်လှေကားရင်းအထိ လိုက်ပို့သည်။

"အမာလေးက ဒေါ်ဒေါ်မွန်တို့ကားအထိ လိုက်ပို့ပေးကွယ် နော်"

အမာလေးက မာစီဒီးကားကြီးဆီ ရောက်သည်အထိ လိုက်ပို့ပေးပေတော့သည်။

"ဒီမယ် ဆရာကြီး၊ ရှင်နဲ့ကျွန်မတော့ ဒုက္ကလနဲ့ ပါရိကကိန်း ဆိုက်ကြပြီသိလား"

"မင်း ဘာတွေ ပြောနေတာလဲ မကြူ"

"ဩော် ... ရှင့်မလည်း အ,ရန်ကော၊ ဒုက္ကလနဲ့ ပါရိကဟာ သား သုဝဏ္ဏသာမ ရွှေအိုးထမ်းလာတာကို မြင်ရတယ် မဟုတ်လား၊ သမီးအမာလေးက နောင်နောင်ကို စိတ်ဝင်စားနေမှန်း ကျွန်မ အကဲခတ်မိတာကြာပြီ၊ နောင်နောင်



www.burmeseclassic.com

www.burmeseclassic.com



အမေ ဒေါ်မွန်မွန်ကို ကြည့်ရတာလည်း သမီးအရွှာလေး အပေါ် တော်တော်သဘောကျ ကျေနပ်နှစ်သက်ပုံပဲ"

"အေးလေ ... အဲဒါ ဘာဖြစ်လဲ"

"ရှင်ကိုယ်တိုင် တွင်ခုံတွေ ကိုင်ဘတ်တွယ်တာတော်၊ နားလည်နေတာပဲဟာ၊ ငွေလေးငါးခြောက်သိန်းရှိရင် တွင်ခုံစက်ခုံကြီးတွေ ထူထောင်နိုင်တာပေါ့၊ ခုတော့ ကားပစ္စည်းအပ်ရင် တခြားတွင်ခုံတွေမှာ သွားအပ်ရတာ၊ အချိန်လည်း ကုန်တယ်၊ လူလည်း ပင်ပန်းတယ်၊ ကိုယ် စားမဲ့ဟာ တွင်ခုံကို လုပ်ကျွေးနေရတာ၊ နောင်နောင်ဟာ ရွှေတုံး ရွှေခဲ စိန်တုံး စိန်ခဲလေး၊ ရှင့်သမီးအမာလေးနဲ့သာ နေရာချပေးလိုက်ရင်၊ ရှင် ယောက္ခမကြီးက တွင်ခုံဆရာကြီး ဖြစ်လာပြီး နောင်နောင်က ရှင့်လက်ထောက် ရွှေသားမက်ငွေသားမက် ဖြစ်လာမှာပေါ့၊ အဲဒါ ရှင် မတွေးမိဘူးလား"

"တော်စမ်းပါကွာ၊ မင်းတို့ မိန်းမတွေဟာ ဒါပဲ"

"ဘာ ဒါပဲလဲ၊ ကျွန်မ မြင်တဲ့အကွက်က သားရွှေအိုးထမ်းလာတဲ့ အကွက်ရှင့်"

"နို့ ... မင်းပဲ နောင်နောင့်ကို နန်းဝေနဲ့ စီစဉ်ပေးရရင် ကောင်းမလားဆို၊ ဘယ့်နှယ် အခုတော့ သမီးအမာလေးနဲ့ ရည်ရွယ်ပြန်ပြီလား"

"ရှင် နေရာတကာမှာ ရိုးရိုးကြီး ပြောမနေနဲ့၊ လူဆိုတာ အခြေအနေပေါ်မှာ မူတည်ပြီး ပြောင်းလဲရတယ်ရှင့်၊ မနေ့ကအထိ နောင်နောင်ဟာ ကျွန်မတို့ရဲ့ ထမင်းကျွေးသဒ္ဒါပေး အလုပ်သမား၊ ဟော ... ဒီနေ့ ဒီအချိန်ကစပြီး



သူက ကျိုကျိုတက်သူဌေးသား၊ တစ်ဦးတည်းအမွေဆက်ခံမဲ့သူ၊ တက္ကသိုလ်ဘီအက်စီဘွဲ့ပြီးသားလို့ သိရပြီမဟုတ်လား၊ ဒီတော့ နောင်နောင်နဲ့ နန်းဝေ တူသလား၊ ဟန်သလား ဆိုတာ ရှင်ပဲ စဉ်းစားကြည့်"

"အေး ... ကျုပ် အခု စဉ်းစားမိတာကတော့ လက်ရှိကိုင်နေတဲ့ ကားအင်ဂျင်ကို ကိုင်ဖို့ပဲ စဉ်းစားတယ်၊ မင်းလည်း အိမ်ထဲသွား အိပ်ရာမှာ ပက်လက်လှန်ပြီး နဖူးပေါ်လက်တင်လို့ စဉ်းစားချင်တာ စဉ်းစားပေးတော့ မကြူ"

ဟုလေသတည်း။

* * *

www.burmeseclassic.com



## ( ၁၅ )

ရေတာရှည်မှ ဖင်မလီယာကားလေး မောင်းထွက်ခဲ့သည်။

မြောက်ဘက် မန္တလေးကို မဟုတ်ပါလေတော့။

တောင်ဘက် ရန်ကုန်ကို ဦးတည်မောင်းနှင်ခြင်းဖြစ်တော့သည်။

နောင်နောင့် လက်မောင်းတွင် ဒဏ်ရာရထားသည်မို့ မမနွေးက ကားပေးမမောင်း၊ သူမကိုယ်တိုင် မောင်းသည်။

မမနွေးကိုရော၊ နောင်နောင့်ကိုရော ရဲအရာရှိ သူငယ်ချင်းအောင်မျိုးလှိုင်က ပြန်ခွင့်ပေးလိုက်ခြင်း ဖြစ်ပါ၏။

"ကဲ ... သူငယ်ချင်းရော၊ မနွေးနွေးရော ရေတာရှည်က သွားလို့ရပါပြီ၊ ကိုသက်တင်ရဲ့ အမှုက ပိုပြီး ရှုပ်ထွေးလာတယ်၊ အမှုလည်း ပိုကြီးလာတယ်၊ လူဖော်က သူ့ဆရာ ကိုသက်တင်ကို စိတ်နာပြီး ဖော်ကောင်လုပ်တယ်ဆော



အမှန်တော့ မနွေးနွေးရဲ့ခင်ပွန်း ကိုသက်ဇင်က လက်ထပ်တဲ့နေ့မှာ သူ့ညီကိုသက်တင်က လုပ်ကြံသတ်ပစ်လိုက်တာတဲ့"

အောင်မျိုးလှိုင်က ဆက်၍ ရှင်းပြသည်။

ကိုသက်ဇင်က ဦးမှုံကြီးကို အိမ်က နှင်ချလိုက်သည်ကိုလည်း ဦးမှုံကြီးက ကိုသက်ဇင်အပေါ် စိတ်နာသည်။ ထို့ကြောင့် ဦးမှုံကြီးက ကိုသက်တင်နှင့် ပူးပေါင်းသည်။

ဦးမှုံကြီးက သိန်း(၃၀)ကျော်တန် ရတနာသေတ္တာကို ကိုသက်ဇင်က အမွေထည့်မခွဲဘဲ တစ်ယောက်တည်း အပိုင်စီးထားသည်ကို သိသည်။ ထို့ကြောင့် ကိုသက်ဇင်ထံမှ နှုတ်ပိတ်ခ သိန်းချီပြီး တောင်းသည်။ ကိုသက်ဇင်က မပေးရုံမက ဦးမှုံကြီးကို နှင်ချလိုက်သည်။

ကိုသက်တင်နှင့် ဦးမှုံကြီး ပူးပေါင်းသောအချိန်မှာ နွေးနွေးနှင့် ကိုသက်ဇင် လက်ထပ်ရန် အချိန်အားဖြင့် လွန်စွာနီးကပ်နေပြီ။

ကိုသက်ဇင် တွက်ချက်တော့သည်။

အမွေခွဲဝေမှုတွင် မိမိက ကျေနပ်ကြောင်း စာချုပ်စာတမ်းတွင် လက်မှတ်ထိုးပြီးသွားခဲ့ပြီ။ နတ်မောက်လမ်းအိမ်ကြီးသည် ကိုသက်တင်နှင့် မသက်ဆိုင်ပါလေတော့။ အစ်ကိုသက်ဇင်၏ ခွင့်ပြုချက်မရှိပါက နတ်မောက်လမ်းအိမ်ကြီး ခြံကြီးထဲသို့ ကိုသက်တင် ခြေတစ်လှမ်းပင် ဝင်ခွင့်မရှိပါလေတော့။

ထို့ပြင် ကိုသက်ဇင် လက်တွင် အမွေမခွဲဘဲ အပိုင်စီးထားသော ရတနာသေတ္တာ ရှိနေပါသည်ဟုလည်း ဘာသက်သေ

www.burmeseclassic.com

www.burmeseclassic.com

အတောက်အထားမှ မရှိသောကြောင့် သက်ဆိုင်ရာတရားဥပဒေနှင့် ဆိုနိုင်းခွင့်မရှိ။ ဦးမှုံကြီးကို သက်သေပြုတင်ပြရမှာလည်း ကိုသက်ဇင်နှင့် မိမိမှာ ရာဇဝင်ကြောင်းခြင်း ကွာခြားလွန်းလှသည်။

ဦးမှုံကြီးသည် ကိုသက်ဇင်က မလိုတော့၍ အိမ်မှ အလုပ်ထုတ်ပစ်သောကြောင့် ညီအစ်ကိုနှစ်ယောက်ကြား အထင်လွဲမှားစေရန် ကုန်းတိုက်ကုန်းချောခြင်းသာ ဖြစ်သည်ဟု ကိုသက်ဇင်တင်ပြသည်နှင့် ဦးမှုံကြီးကို သက်သေပြုချက်မှာ အလိုအလျောက် ပျက်ပြယ်သွားမည့်ဖြစ်သည်။

ဘယ်လိုနည်းနှင့်မှ တရားဥပဒေကြောင်းအရ ကိုသက်ဇင်ကို မယှဉ်နိုင်သောအခါ ကိုသက်တင်သည် ကောက်ကျစ်ယုတ်မာသော အကြံအစည်တွေ ပြုပေတော့သည်။

ကိုသက်ဇင် သေသွားလျှင် နတ်မောက်လမ်းအိမ်ကြီးသည် တရားဝင်ဇနီး မနွေးနွေးသာလျှင် ဆက်ဆံပိုင်ဆိုင်ရမည်။ လက်ထပ်ပြီး ကိုသက်ဇင်သေသွားလျှင် နွေးနွေးလည်း တစ်ယောက်တည်း ထိုအိမ်ကြီးတွင် နေရဲမည်မဟုတ်။

လူမနေသော နတ်မောက်လမ်းအိမ်ကြီးတွင် ကိုသက်တင်နှင့် ဦးမှုံကြီးတို့ ရတနာသေတ္တာ ရှာဖွေနိုင်မည်။

ယင်းတွက်ကိန်းဖြင့် ကိုသက်တင်သည် ကိုသက်ဇင် အပေါ်တွင် အချိုသတ်တော့သည်။

မနွေးနွေးနှင့် အစ်ကိုသက်ဇင် လက်ထပ်ပွဲကို အင်မတန် လိုလားသဘောကျဟန်တွေ ကိုသက်တင် ပြသည်။ အစ်ကိုသက်ဇင်နှင့် တပူးတွဲတွဲ နေပြသည်။



အင်ယားကန်ဟိုတယ်တွင် နွေးနွေးနှင့် ကိုသက်ဇင် မင်္ဂလာလက်ထပ်ပွဲနှင့် မင်္ဂလာညစာခံပွဲအပြီးတွင် ကိုသက်ဇင်က သူ့မိတ်ဆွေတွေကို သီးသန့်ပြုစုပြီး အပြန်တွင် ညီသက်တင်က အစ်ကိုသက်ဇင် လူပျိုဘဝမကျွတ်မီ အစွမ်းကုန် ဂုဏ်ပြုပါရစေဟု လှည့်ပတ်မြှောက်ပင့်စကားအချိုကွေ့နှင့် သွေးဆောင်တော့သည်။

ကိုသက်ဇင်မှာ သူ၏ သူငယ်ချင်းများ ပြုစုသည့် ဝိုင်းမှာကတည်းက သောက်ထားပြီး ခပ်ထွေထွေဖြစ်နေသည့်မို့ ညီတော်မောင် သက်တင်၏ ဖိတ်ခေါ်ချက်ကို ခေါင်းညိတ်လိုက်ပါသွားသည်။

ကိုသက်တင်သည် ကိုသက်ဇင် သောက်သည့်အရက်တွင် အိပ်ဆေးထည့်သည်။ ကိုသက်ဇင်မှာ အရက်သောက်များသည်ရော၊ အိပ်ဆေးဒဏ်ကြောင့်ရော ခေါင်းမထူနိုင်၊ သတိမရဖြစ်သွားပေသည်။

ယင်းသို့ လူမှန်းမသိ ဖြစ်နေသော ကိုသက်ဇင်ကို ကိုသက်တင်က ကားပေါ်တင် မောင်းထွက်ခဲ့ကာ လူပြတ်သော ကန်တော်ကြီးစောင်းအရောက်တွင် ကိုသက်ဇင်ကို မောင်းသူနေရာ ပြောင်းရွှေ့သည်။ ကိုသက်ဇင် ခြေတစ်ဖက်က ကား၏ လီဗာပေါ် နင်းထားစေသည်။ ပြီး ကားကို စက်နှိုး ဂီယာသွင်းကာ ကားပေါ်မှ သက်တင် ဆင်းနေခဲ့သည်။

ထို့ကြောင့် ကိုသက်ဇင်ပါသွားသောကားသည် သစ်ပင် ဝင်တိုက်တိမ်းမှောက်ပြီး မီးလောင်ခြင်းကြောင့် ကိုသက်ဇင် သေဆုံးသွားသည်ကို၊ ဖန်တီးလိုက်သည်ကို လူဇော်က အားလုံး ထွက်ဆိုပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့သို့ ရန်ကုန်မှ ကိုသက်ဇင် လူသတ်မှုပါ ရှုပ်ထွေးလာသဖြင့် တရားခံကိုသက်တင်၏အမှုကို ရန်ကုန်သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရသည်။

ထို့ကြောင့် ကိုအောင်မျိုးလှိုင် နွေးနွေးနှင့် နောင်နောင့်ကို ရန်ကုန်သို့ ပြန်ခွင့်ပြုလိုက်ခြင်း ဖြစ်ပေသည်။

ကိုယ့်အတွေးနှင့်ကိုယ်မို့ နွေးနွေးကလည်း စကားတစ်ခွန်းမဆို၊ နောင်နောင်ကလည်း စကားတစ်ခွန်း မပြောဘဲ နွေးနွေး မောင်းလာသည်မှာ တောင်ငူမြို့ကိုပင် ဖြတ်ကျော်လာခဲ့ပေပြီ။

နောင်နောင် မနေနိုင်တော့။ သူ၏ ရင်ထဲတွင် အစိုင်အခဲကြီး တစ်ဆို့ဖြစ်နေရသည်ကို ရင်ဖွင့်ချင်သည်။ မမနွေးကို မေးချင်သည်။

"မမနွေး"

"နောင်နောင်"

"မမနွေးက တအားကြီး ငြိမ်နေတော့ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးပဲဗျာ၊ မမနွေး ဒီလောက်ငြိမ်နေတာ တစ်ခုခု စဉ်းစားနေတာ ဖြစ်မှာပါ"

"ဒါပေါ့၊ ငြိမ်နေတယ်ဆိုရင် တစ်ခုခု စဉ်းစားနေတယ်ဆိုတာ သိပ်သေချာတာပေါ့၊ ဒါဆို တို့မောင်လည်း ရေတာရှည်က ထွက်လာကတည်းက ကျောက်ရုပ်လို ငြိမ်ပြီး စဉ်းစားလာတာမဟုတ်လား၊ တို့မောင် ဒီလောက်တောင် ဘာတွေ စဉ်းစားလဲဆိုတာ အရင်ပြောလေ"



"မှန်တယ် မမနွေး၊ ကျွန်တော် စဉ်းစားတယ်၊ မမနွေးဟာ မန္တလေးကို အလျှင်ထွက်သွားတဲ့ ဦးကောင်းညွန့်ရဲ့ လင်းရိုဗာကားထဲမှာ မမနွေးရဲ့ ဆွဲကြိုးကျန်ခဲ့တယ်ဆိုပြီး သဲသဲမဲမဲ လိုက်ခဲ့တယ်၊ အခုကျပြန်တော့လည်း မန္တလေးကို ဆက်မလိုက်တော့ဘဲ ရန်ကုန်ကို ပြန်တယ်၊ ဒါဆို မမနွေး ဦးကောင်းညွန့်နောက်ကို လိုက်တာဟာ အဓိပ္ပာယ် ရှိသေးရဲ့လားလို့ ကျွန်တော် တွေးနေတယ် မမနွေး"

နွေးနွေးက ချက်ချင်း ပြန်မဖြေဘဲ ဖင်မလီယာကားကို လမ်းဘေးအပင်ကြီးကြီး အရိပ်ကောင်းသော ကုက္ကိုပင်ကြီး တစ်ပင်အောက်တွင် ရပ်လိုက်သည်။ သေချာ ကားသော့ပိတ်၊ စက်ရပ်ပြီးမှ နောင်နောင့်ဘက်သို့ လှည့်လိုက်သည်။

"ဦးကောင်းညွန့်ရဲ့ကားထဲမှာ ကျကျန်ခဲ့တာဟာ ဆွဲကြိုး မဟုတ်ပါဘူး တို့မောင်"

"ဗျာ ... ဒါနဲ့ ..."

"နားထောင်လေ၊ မမနွေး ဆက်ပြောမှာပေါ့၊ ဦးကောင်းညွန့်ရဲ့ လင်းရိုဗာကားထဲမှာ မမနွေး တမင်ချထားခဲ့တာဟာ မြေပုံညွှန်းတစ်ခုပါ၊ နတ်မောက်လမ်းက ခြံကြီးနဲ့အိမ်ကြီးရဲ့ မြေပုံလေ၊ အဲဒီမြေပုံကြီးထဲက တစ်နေရာမှာ မှင်နီရောင် ဝိုင်းပြထားတယ်၊ ကိုသက်ဇင်ဟာ သေကာနီးဆဲဆဲ သူ့အခန်းမှာ မမနွေးတစ်ယောက်ကိုသာ တွေ့ချင်တယ် ပြောချင်တယ်ဆိုလို့ ဆရာဝန်ရဲ့ ခွင့်ပြုချက်အရ မမနွေး ကိုသက်ဇင်ကို နှစ်ယောက်ချင်း ဝင်တွေ့ခဲ့ပါတယ်၊ မမနွေး

www.burmeseclassic.com

www.burmeseclassic.com



ကို ကိုသက်ဇင်က "သက်တင် အကြံပက်စက်တယ်"လို့ ပြောပြီး မမနွေးကို မြေပုံစက္ကူခေါက်တစ်ခုပေးတယ်၊ မြေပုံစက္ကူခေါက်လည်း ပေးပြီးရော ကိုသက်ဇင် အသက်ထွက်သွားတာပဲ၊ မမနွေးက အဲဒီမြေပုံကို ဖွင့်ကြည့်ပြီး ဘာမြေပုံမှန်း မသိပေမဲ့ ကိုသက်ဇင်က မမနွေးကို နှစ်ယောက်ချင်း တွေ့ဖို့ခေါ်ခိုင်းပြီး ပေးတာမို့ ဒီမြေပုံဟာ အရေးကြီးတယ်၊ လျှို့ဝှက်တယ်ဆိုတာ သိပြီး ပြန်ခေါက်တယ်၊ မမနွေး ဘရာဒီယာကြားမှာ ထည့်ထားလိုက်ပြီး အပြင်ကို ပြန်ထွက်လာခဲ့တာပဲ"

"ဒါဆိုရင် အဲဒီမြေပုံရဲ့ မှင်နီကွက်ပြထားတဲ့နေရာဟာ သိန်းသုံးဆယ်တန် ရတနာသေတ္တာရှိတဲ့နေရာ ဖြစ်မယ်ထင်တယ်နော် မမနွေး"

"ခုပုံအတိုင်းဆိုရင်တော့ ဒီလိုပဲ တွက်ကြည့်စရာ ဖြစ်နေတာပေါ့၊ အမှန်ပဲ တို့မောင်၊ ရန်ကုန်က တို့မောင်နဲ့ အတူတူထွက်မလာခင်ကတော့ ဒီမြေပုံ မှင်နီဝိုင်းအညွှန်းဟာ ဘာကိုရည်ညွှန်းမှန်း မမနွေး လုံးဝ မသိဘူး၊ ဒါကြောင့်လည်း ဒီမြေပုံက အနီဝိုင်းအညွှန်းကို မမနွေးဘာသာ ရှာခဲ့တယ်၊ အဲဒီမှာ ကိုသက်တင်ရဲ့ တပည့် လူဖော်လူမော် တို့နဲ့ တိုးပြီး ထွက်ပြေးခဲ့ရာမှာ တို့မောင် မောင်းလာတဲ့ လင်းရှိဗာနဲ့ ဆုံမိတာပဲ၊ အဲဒီလင်းရှိဗာကားပေါ်အထိ လူမော်လူဖော်တို့ အတင်းတက် မမနွေးကို အတင်းဖမ်းတာနဲ့ သူတို့လက်က လွတ်မယ်မထင်လို့ လင်းရှိဗာကားရဲ့ ကူရှင်နောက်ကြားထဲမှာ အဲဒီမြေပုံကို ဝှက်လိုက်တာ၊ အဲဒီနောက်တော့ ဖြစ်ပျက်ခဲ့တာ အားလုံးကို တို့မောင် သိပြီးသားပဲနေလ၊ ဒီတော့ မမနွေး ဘာကြောင့် ဦးကောင်းညွှန့် လင်းရှိဗာနောက်ကို သဲသဲမဲမဲ လိုက်ရတယ်ဆိုတာ တို့မောင် ရှင်းပြီပေါ့နော်"

"ဟာ ... ဒါဆို ဘာလို့ အခု ရန်ကုန်ကို ပြန်မောင်းတာလဲ၊ မန္တလေးကို ဆက်လိုက်စို့လေ"

မမနွေးက ဦးခေါင်းခါပြပါ၏။

"အခု လမ်းမှာ ကိုသက်တင်တို့နဲ့ တွေ့ဆုံဖြစ်ပျက်ခဲ့တာတွေအရ၊ ဪ ... မြေပုံထဲက မှင်နီဝိုင်းပြထားတဲ့အညွှန်းဟာ သိန်းသုံးဆယ်လောက်တန်ကြေးရှိတဲ့ ရတနာသေတ္တာကို ညွှန်းပြတာပါလားလို့ မမနွေး သိခဲ့ပြီလေ"

"ဘာပဲဖြစ်ဖြစ် ဒီရတနာသေတ္တာဟာ သိန်းသုံးဆယ်တန်ကြေးရှိနေတာပဲ မဟုတ်လား၊ နောက်ပြီး ခင်ပွန်းသေဆုံးရင် ခင်ပွန်းပိုင်ကျန်ခဲ့သမျှ ပစ္စည်းဟာ တရားဝင် လက်ထပ်ဇနီးက ဆက်ခံရစမြဲ မဟုတ်လား၊ ဦးကောင်းညွှန့်နောက်ကို ဆက်လိုက်ပြီး အဲဒီမြေပုံကို ပြန်ယူသင့်တာပေါ့ မမနွေး"

"တို့မောင် မှားနေပြီ၊ ရတနာသေတ္တာဟာ မမနွေးနဲ့ မသက်ဆိုင်တော့ဘူးလေ၊ မမနွေး နတ်မောက်လမ်းခွဲနဲ့ တိုက်အိမ်ကို စွန့်လွှတ်လိုက်ပြီပဲ"

"မဟုတ်တာ မမနွေး၊ ဒီခြံနဲ့ ဒီတိုက်ကို စွန့်လွှတ်လိုက်ပြီလို့ ဘာကလို့ ပြောတာလဲ"

www.burmeseclassic.com



"စစ်တောင်းမြစ်ကမ်းဆိပ်က ဆန်စက်ပျက်ကြီးထဲမှာ ကိုသက်တင်က အလဲအဖယ်လုပ်တဲ့ စာချုပ်မှာ မမနွေး သဘောတူ လက်မှတ်ရေးထိုးခဲ့လိုက်ပြီးပြီလေ"

နောင်နောင်သည် သူ၏ မမနွေးကို ငေးကြည့်မိသည်။ စိုက်ကြည့်မိသည်။ အားမနာစတမ်း သတိလက်လွတ်ကြီးကို ကြည့်မိတော့သည်။

"အဲဒီတုန်းက ကျွန်တော့်လက်မောင်း သေနတ်ဒဏ်ရာကြောင့် ခဲဆိပ်တက် သွေးလွန်ပြီး သေသွားမှာစိုးရိမ်လို့ ကိုသက်တင်ရဲ့ ဖလှယ်စာချုပ်မှာ မမနွေး လက်မှတ်ထိုးပေးလိုက်တာပါ၊ ဒါပေမဲ့ အဲဒီစာချုပ်မှာ မမနွေး လက်မှတ်ထိုးပေးလိုက်တာဟာ ကျွန်တော့်ကို ငဲ့ညှာမှုသက်သက်ကြောင့်ပါ၊ အဲဒီစာချုပ် တကယ်တော့ တရားမဝင်ပါဘူး၊ မမနွေးကို အတင်းအနိုင်ကျင့် ခြိမ်းခြောက်ပြီး ထိုးခိုင်းမှန်း အမှုလိုက်ရဲက သိထားတယ်၊ နောက်ပြီး အဲဒီစာချုပ်မှာ မမနွေး လက်မှတ်ထိုးလိုက်ပေမဲ့ ဂုဏ်သရေရှိ သက်သေနှစ်ဦးရဲ့ လက်မှတ်ထိုးချက် မပါရှိဘူး၊ ဒါကြောင့် အဲဒီစာချုပ်ဟာ ဘယ်ရုံးတော်မှာ တင်ပြ တင်ပြ တရားဝင်စာချုပ် မဟုတ်ဘူး"

မမနွေး ဦးခေါင်းထပ်ခါပြပြန်သည်။

"ကိုသက်တင်ဆီက မမနွေး ဘာဆိုဘာမှ မလိုချင်တော့ဘူး နောင်နောင်၊ ကိုသက်ဇင် သေပြီးကာစကတော့ သူ့ရဲ့ တရားဝင် ဇနီးအနေနဲ့ ကိုသက်ဇင်ရဲ့ ကျန်ခဲ့တဲ့ ပစ္စည်းတွေကို မမနွေး လက်ခံရယူမယ်လို့ စိတ်ကူးရှိခဲ့သေးတယ်၊ ဒါပေမဲ့ အခုတော့ မမနွေး ကိုသက်ဇင်ဆီက ဘာပစ္စည်းမှ မလိုချင်ဘူး၊ မဆက်ခံချင်ဘူး"



"ပထမတုန်းကတော့ လက်ခံမယ်ဆိုပြီး အခု လက်မခံတော့ဘူးဆိုတာက စိတ်ပြောင်းလဲသွားတဲ့ သဘောအဓိပ္ပာယ် သက်ရောက်နေပါလား မမနွေး"

"ဟုတ်တယ်၊ မမနွေး စိတ်ပြောင်းသွားတယ်ပဲ ဆိုရမယ်ထင်ပါရဲ့၊ ကိုသက်ဇင်ကို မမနွေး လက်ထပ်ခဲ့တယ်၊ ဒါပေမဲ့ အပျိုတစ်ယောက်အနေနဲ့ အဲဒီလက်ထပ်ပွဲအတွက် တစ်စက်လေးမှ ရင်မခုန်ခဲ့ဘူး၊ နောက်တစ်ချက်က မမနွေးကို ကိုသက်ဇင်ဟာ လက်သာလက်ထပ်သွားတယ်၊ မမနွေးဆီက ကိုသက်ဇင် ဘာဆိုဘာတစ်ခုမှ ရမသွားဘူး၊ လက်ထပ်တယ်လို့ အမည်ခံပြီး မမနွေးရဲ့ မေတ္တာကိုလည်း တစ်စက်တောင် ရမသွားဘူး၊ အို့ကွာ၊ ကိုသက်ဇင်ဟာ မမနွေးဆီက ဘာဆိုဘာတစ်ခုမှ ရမသွားခဲ့ဘူး၊ ဒါကြောင့်လည်း သူ့ဆီက ကျန်ခဲ့တဲ့ ပစ္စည်းကို မမနွေး လုံးဝ လက်ခံမယူတော့ဘူလို့ ဆုံးဖြတ်လိုက်တယ်"

"ဆုံးဖြတ်လိုက်တယ်ဆိုတာက ရန်ကုန်က ထွက်လာပြီး အခု ခုနစ်ရက်ကာလအတွင်းကျမှ ဆုံးဖြတ်လိုက်တာ မဟုတ်လား မမနွေး၊ ရန်ကုန်က ထွက်လာတုန်းကတော့ ကိုသက်ဇင်ရဲ့ ရတနာသေတ္တာ မြေပုံအညွှန်းကိုတောင် ပြန်လိုချင်လို့ လိုက်ခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"အင်း ... အဲဒီအတောအတွင်းမှာ ပြောင်းလွဲဆုံးဖြတ်တာပဲ ဆိုပါတော့"

နောင်နောင်သည် ဘာဆိုဘာတစ်ခွန်းမျှ ထပ်မပြောဘဲ ဘာမပြောညာမပြောကြီးပင် သူ့မမနွေး၏ ခန္ဓာကိုယ်လေးကို ဖွတ်ဖက်ခါ သူ၏ ရင်ခွင်ကျယ်ကြီးထဲသို့ ဆွဲသွင်းလိုက်သည်။

"ကြည့်စမ်း ... မင်း ဒါ ဘာလုပ်တာလဲ နောင်နောင်၊ လွှတ်စမ်း၊ ဒီလိုလုပ်တာ မမနွေး စိတ်ဆိုးတယ်"

"ဆိုးဗျာ၊ ဆိုးချင်သလောက်ဆိုး စိတ်ဆိုးလို့ ကျွန်တော့်ပါးကို ရိုက်ချင်သလောက်ရိုက်ဗျာ၊ ကျွန်တော် မမနွေးကို ချစ်တယ်၊ ချစ်တာမှ အရမ်းချစ်တာ၊ မမနွေးကလည်း ကိုသက်ဇင်ဆီက ဘာမှ မယူချင်တော့ဘူးလို့ စိတ်ပြောင်းသွားတာဟာ ကျွန်တော့်ကို ပြန်ချစ်မိလို့ မဟုတ်လား၊ ကျွန်တော်နဲ့ မမနွေး အချစ်ကို တန်ဖိုးအကြီးကြီးထားလို့ မဟုတ်လား"

"လွှတ်စမ်း နောင်နောင်၊ မင်း ပြောတာမှန်သင့်သလောက် မှန်တယ်၊ ဒါပေမဲ့ မမနွေးကို ဒီလို ဖွတ်ပွေ့ပိုက်တာမျိုး မလုပ်နဲ့၊ အေးအေးဆေးဆေး စကားပြောမယ်"

နောင်နောင်က ပွေ့ပိုက်ထားသည်ကို လွှတ်ပေးလိုက်ပါ၏။

နောင်နောင် ကျေနပ်သွားပေပြီ။ မမနွေးက မင်းပြောတာမှန်သင့်သလောက် မှန်တယ်ပြောခြင်းကပင် မိမိအပေါ် တုံ့ပြန်ချစ်ခင်ကြောင်း ဝန်ခံရာရောက်သွားပြီ မဟုတ်လား။



နွေးနွေးသည် သူ၏ ကိုယ်လုံးကို မတ်မတ်ပြန်ထိုင်သည်။ နောင်နောင်က ဖွတ်ပွေ့ပိုက်သည်ကို စိတ်တကယ်ဆိုးဟန်မရှိ။

ဣန္ဒြေရရပင် ကားကို စက်ပြန်နှိုး၍ ထိုနေရာမှ မောင်းထွက်လာခဲ့သည်။ မောင်းရင်း ဆက်ပြီးပြောသည်။

"မမနွေး ကိုယ်တိုင်လည်း မညာချင်ဘူး၊ မင်းကိုလည်း ညာချင်ဘူး၊ မင်းကို နတ်မောက်လမ်းမှာ စပြီးတွေ့ဆုံခဲ့ဖူးကတည်းက ကောင်တစ်မျိုးလေးပါလားလို့ မမနွေး စိတ်ဝင်စားစပြုခဲ့တယ်၊ အဲဒီညမှာပဲ မင်းကို ခေါ်ပြီး ဦးကောင်းညွန့်အိမ် သွားကြတော့ မော်တော်ကား ပလက်ဖောင်းပေါ် တက်အသွားမှာ မင်းနဲ့ မမနွေး ဗလုံးဗထွေး ဖြစ်သွားတော့ မမနွေးကို ချဉ်းကပ်ခဲ့တဲ့ ယောကျ်ားတွေနဲ့ ပတ်သက်ပြီး တစ်ကြိမ်တစ်ခါမှ ရင်ခုန်တာမျိုး မဖြစ်ခဲ့ဘူးရိုးအမှန်"

"ကျွန်တော်နဲ့ကျမှ မမနွေး ရင်ခုန်သွားတာ၊ အဲဒီတုန်းကတည်းက ကျွန်တော့်ကို မမနွေး ချစ်သွားလို့ ဖြစ်မှာပေါ့နော်"

"မသိဘူး၊ မမနွေး မဝေခွဲနိုင်ခဲ့ဖူး၊ နောက်တစ်နေ့ ရေတာရှည်ရောက်လို့ ကားဓာတ်ဆီ မင်း လိုက်ဝယ်နေတုန်း မိကြည်တို့ အိမ်မှာ မမနွေး ကျန်ခဲ့တယ်၊ မင်းအကြောင်းကို မမနွေး သိပ်သိချင်နေတာမို့ ကိုအောင်မျိုးလှိုင်ဆီကို မိကြည်ကတစ်ဆင့် ဖုန်းဆက်ခိုင်းပြီ၊ မင်းအကြောင်းတွေကို မေးတယ်၊ အဲဒါကို မိကြည်က မမနွေးကို ဝေဖန်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်က သိစိတ်တဲ့၊ နှလုံးသားက မသိစိတ်တဲ့၊ အဓိပ္ပာယ်ကတော့ မမနွေးရဲ့ နှလုံးသားဟာ နောင်နောင်နဲ့ ကျမှ လှုပ်ရှားနိုးကြားလာတာလို့ ပြောတာပဲ”

“ကျွန်တော့်ကို မမနွေး ချစ်ပါတယ်ပေါ့ဗျာ၊ ရှင်းရှင်းလေးပဲဟာ”

“ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ မမနွေးကိုယ်မမနွေး နောင်နောင့်ကို ချစ်နေတယ်လို့ ဆုံးဖြတ်ချက်မျိုးတော့ မချသေးဘူး”

“ဒါဆို သိသိသာသာကြီး ဘယ်တော့မှ ဆုံးဖြတ်မှာလဲဗျာ”

“မင်း လက်မောင်းမှာ သေနတ်ဒဏ်ရာ ရသွားတဲ့အချိန်၊ ဦးခေါင်းကို အရိုက်ခံရတဲ့အချိန်မှာ မမနွေး ရင်တွေ တအားခုန်ရပြန်တယ်၊ ကိုသက်ဇင် ကားတိုက်ကားမှောက် သေဆုံးသွားတုန်းက မမနွေး ရင်မခုန်ခဲ့ဘူး၊ အခု မင်း ဒဏ်ရာတွေနဲ့ သေသွားမှာကျတော့ “မတော်လို့များ နောင်နောင် သေသွားရင်”လို့ တွေးမိရုံလေးနဲ့ မမနွေး ငယ်ထိပ်အထိ သွေးတက်အောင် စိုးရိမ်တယ်၊ ရင်တွေ ခုန်တယ်၊ ဒီတော့မှပဲ မမနွေးဟာ မင်းကို ရင်ထဲနှလုံးထဲက ချစ်မိနေပြီကောလို့ ဆုံးဖြတ်နိုင်တယ်”

“အို ... မမနွေးရယ်၊ အဲဒီလိုအစကတည်းက ပြောရင်ပြီးရော”

နောင်နောင်က မနေနိုင်တော့ပဲ ကားမောင်းနေသည့် မမနွေး၏ လက်မောင်းကစ်ကစ်လေးကို ဆုပ်ကိုင်မိပြန်သည်။

“ဒါပေမဲ့ နောင်နောင်”

“ပြော မမနွေး”



“မိကြည် ပြောသလိုပေါ့ကွာ၊ ချစ်တယ်ဆိုတာဟာ နှလုံးသားကို အလိုလိုက်တာတဲ့၊ အလိုလိုက်တယ်ဆိုတာကလည်း မထိန်းနိုင်တော့လို့ ဇက်ကြိုးနောက်ဆွဲရာကို ပါသွားတာတဲ့”

“မမနွေး ပြောပုံကြီးက ကွင်းလုံးကျွတ်ကို မဟုတ်သေးဘူး၊ ထောင့်တောင့်တောင့်ကြီး၊ မမနွေး ဘာတွေ ပြောချင်တာလဲဗျာ”

“မင်းနဲ့ မမနွေး ချစ်မိကြတာကိုက ထောင့်တောင့်တောင့်နဲ့ ချစ်မိကြတာကိုး နောင်နောင်၊ မမနွေးက မင်းထက် အသက်လေးငါးနှစ် ပိုကြီးနေတယ်”

“ကြီးကြီးဗျာ”

“မင်းက လူပျို နုနုထွတ်ထွတ်လေး၊ မမနွေးက လင်သေမုဆိုးမ”

“မုဆိုးမ,မကလို့ ဘာဖြစ်ဖြစ်ဗျာ”

“ပညာအားဖြင့်လည်း မင်းက ဘီအက်စ် မမနွေးက ဘီအီးဒီ”

“အဲဒါတော့ ဘာဖြစ်လဲ၊ ဒါတွေအားလုံး ဘေးချိတ်ထားလို့ ရတာတွေချည်းပဲ မမနွေးရာ”

“ဖွတ်မပြောနဲ့ နောင်နောင်၊ အသက်ချင်း ကွာခြားမှုက အခု နောင်နောင်ရော မမနွေးရော အရွယ်ကောင်းတုန်းမှာ ပြဿနာမဟုတ်ပေမဲ့ နောင် နှစ်ပေါင်းကြာလာတဲ့အခါမှာ နောင်နောင်က နုဖျိုဆဲမှာပဲ မမနွေးက ကျသွားမယ်၊ လက်ထပ်အိမ်ထောင်ပြုလိုက်တာနဲ့ သားသမီးမွေးဖွားရတဲ့ မိန်းမသားဟာ အကျမြန်တယ်၊ အအိုမြန်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"မမန္တေးဟာက အတွေးမခေါင်လွန်းဘူးလား"

"အသက်ကွာခြားတာနဲ့အမျှ အိမ်ထောင်ရေးအယူအဆ၊ စီးပွားရေးအယူအဆ၊ လူမှုရေးအယူအဆတွေ ကွာဟလာပြီး ကြာလေသဘောထားချင်း မတိုက်ဆိုင်လေးဖြစ်ရတတ်တယ် နောင်နောင်၊ ယောက်ျားသားက အသက်ပိုကြီးပြီး မိန်းမသားက အသက်လေးငါးခြောက်နှစ် ပိုငယ်တာ အကြောင်း မဟုတ်ပေမဲ့ မိန်းမသားက လေးငါးနှစ်အသက် ပိုကြီးနေရင် အိမ်ထောင်ရေးမှာ ကြာရင် ပြဿနာဝင်တတ်တယ်"

"မမန္တေးက တစ်တီတူးငှက် မဆန်နေဘူးလား၊ မိုးပြီးမှာ ကြောက်လို့ ပြိုကျမဲ့မိုးကို ကာကွယ်တဲ့အနေနဲ့ ခြေနှစ်ချောင်း မိုးပေါ်ထောင်အိပ်တာမျိုး ဖြစ်နေပြီလား"

"မင်း ယူလာတဲ့ဘွဲ့က သိပ္ပံ၊ မမန္တေးက ဝိဇ္ဇာ၊ ဘာမဆို မင်းက သိပ္ပံနည်းနဲ့ တွေးမယ်၊ မမန္တေးက ဘာမဆို ဝိဇ္ဇာနည်းနဲ့ တွေးမယ်၊ အဲဒီမှာလည်း အတွေးအခေါ်ချင်းတွေ မတူဘဲ ဖြစ်လာကြမယ်"

နောင်နောင် မျက်မှောင်ကုတ်လာသည်။ နှုတ်ခမ်း ထော်လာသည်။

"အဲဒီတော့ မမန္တေး အခုက ဘာဆိုလိုချင်တာလဲ"

"နောင်နောင် မမန္တေးကို ချစ်တယ်၊ မမန္တေးက နောင်နောင်ကို ချစ်တယ် ဆိုတာကို အခုကပဲ ရပ်တန်းက ရပ်ရင် ကောင်းမယ် နောင်နောင်"



"အို ... မဟုတ်လိုက်တာကြီးနယ်ဗျာ၊ နှစ်ဦးနှစ်ယောက် အပြန်အလှန် ချစ်မှတော့ တရားဝင် လက်ထပ်ပြီး ညားကြ လေသတည်းပဲ ဖြစ်ရမှာပေါ့"

"မလွယ်ဘူး တို့မောင်၊ လင်သေပြီးတာမှ ရက်ပိုင်းလပိုင်း ပဲရှိသေးတယ်။ ကိုယ့်ထက်ငယ်တဲ့ ကောင်လေးကို ကောက် ယူလက်ထပ်တယ်ဆိုရင် ပတ်ဝန်းကျင်က ဝိုင်းလက်ညှိုးထိုး ကဲ့ရဲ့မယ်၊ မမန္တေးရဲ့ မိဘတွေကလည်း အကြီးအကျယ် အပြစ်တင်မှာ"

"ဒါဆို နောင်တစ်နှစ်တန်သည် နေပြီးမှ လက်ထပ်ကြမယ် လေ မမန္တေး"

"နောက်ထပ် တစ်နှစ်ဆို တစ်နှစ်။ နှစ်နှစ်ဆို နှစ်နှစ် မမန္တေး အသက်က ပိုကြီးသွားပြန်ရော"

နောင်နောင်သည် စိတ်မရှည်စွာဖြင့် သူ့ပေါင်ကို သူ့လက်သီးဖြင့် ထုတော့သည်။

"မဟုတ်သေးပါဘူး မမန္တေးရာ၊ အခုလက်ရှိ အခြေအနေကို ကြည့်ပါ။ မမန္တေးက ကြွယ်ဝချမ်းသာတယ်။ ကျွန်တော်က မိဘစွန့်ပစ်ထားတဲ့ ဝပ်ရှော့မှာ ထမင်းစားကျွန်ခံ ပညာသင် အလုပ်သမား၊ ဒါကြောင့် မမန္တေး ကျွန်တော့်ကို ချစ်ရက်နဲ့ လက်မထပ်ရဲတာ"

"မမန္တေးကို ဘာစွပ်စွဲတာလဲ နောင်နောင်"

"စိတ်ထဲမှာ မခံချင်လွန်းလို့ ထင်တာကို ပြောလိုက်တာ မမန္တေး"

www.burmeseclassic.com



"အေး ... အဲဒီလို ထင်တာဆိုရင် မမနွေးက တစ်ခုပဲပြောမယ်။ မင်းကို ချစ်မိပြီဟေ့ ဆိုတာနဲ့ နတ်မောက်ခြံအိမ်ကြီးရယ်၊ သိန်းသုံးဆယ်လောက် တန်ပါတယ်ဆိုတဲ့ ရတနာသေတ္တာရယ်ကို မမနွေး ငှက်ပျောခွံလွှင့်ပစ်သလို စွန့်ပစ်လိုက်ပါတယ်နော်။ ဒါဆို မမနွေးက ဂုဏ်မက် ငွေမက် ဖြစ်ဦးမလား"

နောင်နောင်သည် မမနွေး၏ လက်မောင်းလုံးလေးကို မချင့်မရဲ ဆုပ်ကိုင်မိပြန်သည်။

"သိတယ် မမနွေး၊ သိလည်း သိတယ်၊ လက်တွေ့လည်း မြင်ခဲ့တယ်။ ကျွန်တော်ကလည်း မမနွေးကို ချစ်တာမှ အရမ်းကြီးကို ချစ်တာပါဗျာ။ ကျွန်တော့်မှာလည်း မမနွေးလိုပဲ အတွေ့အကြုံ ရှိခဲ့ဖူးတာပါပဲ။ မမြင်ဘူး မူးမြစ်ထင် ဆိုတာမျိုးနဲ့ ချစ်တာ မဟုတ်ပါဘူး။ ကျွန်တော် တက္ကသိုလ်မှာတုန်းက 'ညိုသီ'ဆိုတဲ့ ကျောင်းသူတစ်ယောက်နဲ့ ချစ်ခဲ့ဖူးပါတယ်။ အခု မမနွေးကို ချစ်ရတာက အနမ်းဝေးလို့ အပွေ့အပိုက်လေးတောင် မရခဲ့ပါဘူး၊ ညိုသီနဲ့တုန်းက ကျွန်တော် ကိုယ်တိုင်ကသာ သိက္ခာမစောင့်ထိန်းရင် အစွန်းဆုံးအထိရောက်အောင် အခွင့်အရေး ရခဲ့ပါတယ်။ ဒါပေမဲ့ ဘုရားစူးစေ့ဗျာ၊ မိုးကြိုးကြီး ပစ်စေ့ဗျာ၊ ညိုသီနဲ့ ပတ်သက်လို့ ကျွန်တော့်ရင် တစ်ခါမှ မခုန်လိုက်ဘူး၊ နှလုံးသား တစ်ချက် မလှုပ်ခဲ့ဘူး၊ လူငယ်ကျောင်းသားဘဝ ဖြစ်တတ်တဲ့ သဘော ဖြစ်လိုက်တာမျိုးပဲ ရှိတယ်၊ ဒီနောက် ညိုသီကပဲ အမ်ဘီဘီအက်(စ်) ဆရာဝန်ပေါက်စ တစ်ယောက်နဲ့ လက်ထပ်သွားတယ်"



"ဘယ်ဆိုးလို့လဲ နောင်နောင်၊ တို့မောင်မှာလည်း အတွေ့အကြုံ ရှိခဲ့သားပဲ"

"ညိုသီနဲ့ပတ်သက်ပြီး ကျွန်တော် လုံးဝ မတုန်လှုပ်ခဲ့ဘူး မမနွေး၊ အခုတော့ မရဘူး မမနွေး၊ ကျွန်တော်ချစ်တဲ့ မမနွေးကို ကျွန်တော် သိပ်လက်ထပ်ချင်တယ်"

နွေးနွေး တွေဝေသွားသည်။ ဘာမှ ဆက်မပြောဘဲ ကားကို မောင်းမြဲ မောင်းနေမိသည်။ နွေးနွေးသည် အပြန်ပြန် အလှန်လှန် အလေးအနက် စဉ်းစားနေပါ၏။

"ကောင်းပြီလေ ... ရန်ကုန် ရောက်ရောက်ချင်း အဲဒီညမှာပဲ မမနွေးရဲ့ ဖေဖေနဲ့ မေမေကို နောင်နောင်နဲ့ တွေ့ခဲ့ပုံကအစ နောက်ဆုံး မမနွေး ကိုယ်တိုင်က နောင်နောင့်ကို ချစ်မိတယ် ဆိုတာ ဖွင့်ပြောမယ်။ အဲဒီနောက်ကျမှ မမနွေးနဲ့ နောင်နောင် လက်ထပ်မယ်၊ မထပ်ဘူးဆိုတာ အဖြေပေးမယ်"

"ဟာဗျာ ... တကယ်လို့ မမနွေးရဲ့ ဖေဖေနဲ့ မေမေက ခေါင်းခါလိုက်ရင် ..."

"တော်လောက်ပြီ တို့မောင်၊ မမနွေးဘက်က ဒီလောက်အထိပဲ လိုက်လျောနိုင်မယ်၊ အဲ ... ဒါပေမဲ့ ဖေဖေနဲ့ မေမေ့ကို မမနွေး ပြောဆိုတဲ့အခါမှာ တို့မောင် အပေါ်မှာ မမနွေး ကိုယ်တိုင်က ချစ်မိပြီး လိုလိုလားလား ရှိနေတာကို

www.burmeseclassic.com

www.burmeseclassic.com



အလေးအနက်ထားပြီး ပြောပြမယ်။ ဒါလည်း လိမ်တာမှ မဟုတ်တာ။ အမှန်အတိုင်း ပြောတာပဲဟာ။ မမန္တေးရဲ့ ဖေဖေနဲ့ မေမေရဲ့ ဆန္ဒမှန်သမျှ မမန္တေးကို ဘယ်တော့မဆို လက်ခံလိုက်လျော့ခဲ့တာမို့ ဒီတစ်ခါ မမန္တေးရဲ့ဆန္ဒကို ဖေဖေနဲ့ မေမေက လိုက်လျော့မယ်လို့တော့ မျှော်လင့်တာပဲ နောင်နောင်"

***



## ( ၁၆ )

နေ့ဝင်ရီတရောမှာပင် စမ်းချောင်း၊ မင်္ဂလာလမ်းရှိ မမန္တေး၏ တိုက်အိမ်ကြီးရှေ့တွင် ကားရပ်လိုက်သည်။

"လာ ... တို့မောင်၊ မမန္တေးတို့ အိမ်ပေါ်ကို တက်ဦး၊ တို့မောင်ကို မမန္တေးရဲ့ ဖေဖေမေမေနဲ့ မိတ်ဆက်ပေးမယ်။ ညကျရင် ပြောရမဲ့စကားတွေ ရှိနေတော့ တို့မောင်ကို ဖေဖေနဲ့ မေမေ မြင်ဖူး သိဖူးထားရင် ပိုကောင်းမယ်"

"ဟာဗျာ ... ကျွန်တော့် တစ်ကိုယ်လုံး ဖုန်တွေပေပေ၊ ဆံပင်စုတ်တီးစုတ်ဖွားနဲ့ လူကြီးတွေကိုတွေ့လို့ ဘယ်ကောင်းမလဲ။ အခု ကျွန်တော် အိမ်ပြန်မယ်လေ၊ ရေမိုးချိုးအဝတ်အစားလဲပြီးမှ ပြန်လာမယ်"

"ဘယ်ကောင်းမလဲ တို့မောင်၊ နောက်တစ်ခေါက် ပြန်လာမယ်ဆိုရင် တမင်တကာ ရုပ်လာပြမှန်း သိသာမယ်။ အရှိကိုအရှိအတိုင်း ဖေဖေနဲ့မေမေ မြင်တာပဲ ကောင်းပါတယ်၊ နောက်ပြီး တို့မောင် ဒီအတိုင်း ဝပ်ရှော့ကို ပြန်သွားလို့ ဘယ်ဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဖြစ်မှာလဲ မမနွေး"

"မင်းကို ဝပ်ရှော့က ခေါ်လာတုန်းက ကိုဒေဝက ခေါ်လာတာပဲဟာ၊ အခု အိမ်ကဖုန်းနဲ့ ကိုဒေဝကို မမနွေး ဆက်ခေါ်လိုက်မယ်၊ ကိုဒေဝနဲ့ အတူတူ ဝပ်ရှော့ကို ပြန်မှ သဘာဝကျမှာ မဟုတ်လား"

နောင်နောင် ခေါင်းညိတ်ပါ၏။

ကိုဒေဝနှင့်အတူ ဝပ်ရှော့ကိုပြန်မှ ယုတ္တိရှိမည် မဟုတ်လား။ ဤအချက်ကို မမနွေး စဉ်းစားမိသည်မှာ ချီးကျူးစရာ။

နောင်နောင် မမနွေး အိမ်ပေါ် လိုက်ခဲ့သည်။

မမနွေး ထိုင်ခိုင်းသော ဆိုဖာဆက်တီပေါ်တွင် ထိုင်သည်။

ဧည့်ခန်းမှာ ငွေကြေးချမ်းသာသူတို့၏ အိမ်ဧည့်ခန်းတွင် ရှိတတ်သော ပရိဘောဂ အဆောင်အယောင်တွေ တောက်ပစွာပင် ဖြစ်ပါ၏။

"ဟောဒါက မမနွေးရဲ့ ဖေဖေ၊ ဟောကဒါ မမနွေးရဲ့ မေမေ၊ သူကတော့ နောင်နောင်တဲ့။ အခု နွေးသွားရာလမ်းတစ်လျှောက်လုံးမှာ မုဲ့တစ်ပေါက် မစွန်းအောင် နွေးကို အကာအကွယ်ပေးပြီး ကားလိုက်မောင်းသူပဲ ဖေဖေနဲ့မေမေ။ နွေး ရေနီနားမှာ ကိုသက်တင်တို့ လူဆိုးအဖွဲ့နဲ့ တွေ့ပြီး ကြုံလိုက်ရတဲ့ အန္တရာယ်တွေမှာ ဒီ နောင်နောင်က အသက်စွန့် ကာကွယ်ပေးခဲ့တယ်။ အဲဒီအကြောင်းတွေ အသေးစိတ် ညကျမှ ဖေဖေနဲ့ မေမေကို နွေး အားလုံးပြောပြမယ်နော်"



မမနွေး၏ ဖေဖေသည် အညိုရောင်သမ်းသော အဝတ်ကို ဝတ်ထားပြီး လက်ကောက်ဝတ်တွင် စိပ်ပုတီးကို ပတ်ထားသည်။

မမနွေး၏ မိခင်ကတော့ သိသိသာသာကြီးပင် ယောဂီအင်္ကျီထဘီ ဝတ်ဆင်ထားကာ ယောဂီပဝါကို ပခုံးထက်တွင် တင်ထားသည်။ စိတ်ပုတီးကို လည်တွင်စွပ်ထားပါ၏။

မမနွေး၏ ဖေဖေရော မေမေရော အလွန်တရာပင် တရားပြည့်ဝရုပ် ထွက်နေပြီး၊ အေးဆေးကည်ငြိမ်စွာဖြင့် ဥပဓိရုပ် သိပ်သန့်ကြသည်ကို နောင်နောင် တွေ့ရသည်။

သမီးနွေးနွေး၏ မိတ်ဆက်ပေးမှုကို မမနွေး၏ မိဘနှစ်ပါးက ပြုံးပြီး အသိအမှတ်ပြုသလို ညင်သာစွာ ခေါင်းညိတ်ပြသည်။ ရိုသေသမှုနှင့် မတ်တတ်ရပ် ခါးကိုအတန်ငယ် ကိုင်းတာ လက်နှစ်ဖက် ရှေ့ချထားသော နောင်နောင်ကို ဆိုဖာတွင် ပြန်ထိုင်စေသည်။

နောင်နောင်သည် ပြန်ထိုင်ရင်း ထူးထူးခြားခြား သတိထားမိသည်။

မမနွေး၏ မိဘနှစ်ပါးစလုံးသည် သမီးဖြစ်သူ နွေးနွေးအား အပြုံးနှင့်ပင်ကြည့်ကာ အပြစ်တင်ခြင်း၊ ဆူပူကြိမ်းမောင်းခြင်း ဘာမျှမရှိရုံမက မမနွေး သဘောအတိုင်း သွားလာလှုပ်ရှားနေသည်ကိုလည်း ကန့်ကွက်ခြင်း လုံးဝပြုဟန်မတူပေ။

ကိုသက်ဇင်အား မမနွေးက မိဘစကား နားထောင်ပြီး လက်ထပ်လိုက်သည့်အတွက် ပူပူနွေးနွေး လင်သေသူဆိုးမလေး ဖြစ်သွားသည်ကိုပင် မိဘနှစ်ပါးက စိတ်မချမ်းသာပုံရသည်။

www.burmeseclassic.com



ထို့ကြောင့် မမနွေး စိတ်ကြိုက်ပျော်သလို နေပေတော့ဟု လိုက်လျောထားသော အသွင်မျိုး ရှိနေသည်ဟု နောင်နောင် အကဲဖမ်းမိသည်။

ယင်းသို့ တွေ့မြင် အကဲဖမ်းမိသဖြင့် နောင်နောင်သည် အားမာန် တက်ရသည်။

ညှကျလျှင် မမနွေးက မိမိတို့နှစ်ဦးနှစ်ဝ အပြန်အလှန် မေတ္တာမျှနေပြီဖြစ်ကြောင်း ဖွင့်ပြောပြလျှင် ဤကည်ငြိမ်အေးဆေးသော မိနင့်ဖသည် သမီးနွေး၏ ဆန္ဒကို ခေါင်းညိတ်လက်ခံလိမ့်မည်ဟု နောင်နောင် ယုံကြည်သောကြောင့် အားမာန်တက်ရခြင်းပါပေ။

မမနွေးက ဦးဒေဝကို တယ်လီဖုန်းဆက် ခေါ်လိုက်ရာ နာရီဝက်အတွင်း ဦးဒေဝ ဂျစ်ကားနှင့် ရောက်လာသည်။

နောင်နောင်သည် အေးဆေးတည်ငြိမ်သော မမနွေး၏ မိဘကို ရိုသေစွာ နှုတ်ဆက်သည်။ မမနွေးကို ချစ်ရည်ပြည့်သော အကြည့်ဖြင့် နှုတ်ဆက်သည်။

ပြီးနောက် ... ဦးဒေဝ ဂျစ်ကားဖြင့် လိုက်ပါခဲ့သည်။

မမနွေးက နောင်နောင့်ကို ဂျစ်ကားအထိ ဆင်းပို့ပေးရင်း ...

"မနက်ရှစ်နာရီ လာခဲ့ နောင်နောင်"

ဟု ပြောသည်။ နောင်နောင် ဝမ်းသာစွာ ခေါင်းညိတ်ပြခဲ့ပါ၏။

ဦးဒေဝက မောင်းထွက်လာသည့် တစ်ချိန်လုံး နောင်နောင့်အား ကွက်ကြည့် ကွက်ကြည့်နှင့် ကြည့်သည်။



နောက်ဆုံး မမျိုသိပ်နိုင်တော့သည့်အလား ငြိမ်သက်စွာ လိုက်ပါလာသော နောင်နောင့်ကို အမေးအမြန်း စကားတွေ ထွက်လာတော့သည်။

"ဘယ့်နှယ် ... အဆင်ပြေတယ် မဟုတ်လား နောင်နောင်၊ မင်းတို့သွားတာ ရှစ်ရက်တောင် ကြာတယ်"

"ဘာ အဆင်ပြေတာကို ပြောတာလဲ ဦးဒေဝ၊ ကျွန်တော်က ခင်ဗျား ထည့်ပေးလိုက်တဲ့ အငှားဒရိုင်ဘာပဲဟာ၊ မမနွေး သွားချင်ရာကို လိုက်မောင်းပို့ရတာကလွဲပြီး တခြား ဘာ့အဆင်ပြေရမှာလဲ"

"ဒါဆိုလည်း ကောင်းပါပေ့ကွာ။ နွေးနွေးက ဘီအီးဒီဘွဲ့ ရပြီးသားကွ၊ သူ့မိဘတွေကလည်း တော်တော်ကြီး ချမ်းသာတယ်"

"ကျွန်တော့်ကို အဲဒါတွေ ဘာလို့လာပြောနေတာလဲ ဦးဒေဝ"

နောင်နောင့်က သံပြတ်နှင့် ပြောသည်ကို ဦးဒေဝက လုံးဝပမာမပြုဘဲ သူပြောချင်တာကိုသာ ဆက်ပြောသည်။

"ငါ့အနေနဲ့တော့ နွေးနွေးနား မကပ်နိုင်ခဲ့ပါဘူးကွာ၊ အေး ... အဲဒါက ဟိုတုန်းက ပြောတာနော်။ အခုတော့ နွေးနွေးက လင်သေမုဆိုးမလေး ဖြစ်သွားပြီကွ၊ ငါ့အတွက် မျှော်လင့်ချက် ပြန်ထားနိုင်သေးတာပေါ့။ ဟဲ ... ဟဲ ... ဟဲ ..."

နောင်နောင်သည် ဦးဒေဝအား အတော်စိတ်ပျက်မိ၏။ ဒီလူနှင့် စကားဖက်ပြိုင် ပြောနေ၍ ကြာလျှင်ပင် ကိုယ်ပင် ဒေါသဖြစ်ရမည်မို့ သူ့ဟာသူ ပြောချင်ရာပြော လွှတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက်တော့ အမာလေးက မဆိုးဘူးကွ။ ဆရာမြတ်က သဘောကောင်း လူအေးကြီးကွ။ ရင်ထဲမှာ တရားလည်း ပြည့်ဝတယ်။ ဆရာမြတ် အနေနဲ့ အလုပ်ခွင်မှာ အသက်လေးလည်း ထောက်လာပြီ မဟုတ်လား။ မင်းလို ထက်မြက်တဲ့ လက်ထောက်တစ်ယောက်ကို ဆရာမြတ်က ရာသက်ပန်မွေးဖို့ ဝန်လေးမှာ မဟုတ်ဘူး။ အေး ... ဒါပေမဲ့ အမာလေးရဲ့အမေ ဒေါ်ကြူကြူကြီးကိုတော့ အလိုက်အထိုက် မင်းက မြှောက်ပင့်ပေါင်း။ ဒီမိန်းမကြီးက တော်တော် ဂုဏ်မက်ချင်တာကွ"

"တော်စမ်းဗျာ ဦးဒေဝ"

ပြောချင်ရာပြောဟု လွှတ်ထားသော်လည်း အနီးကပ် ပြောနေသောကြောင့် နောင်နောင်က နားမခံနိုင်တော့ပဲ စိတ်ထဲ စွာ အော်ဟစ်ပစ်လိုက်သည်။

ဦးဒေဝ ပြောသော စကားတွေမှာ မင်းလိုဝပ်ရှော့ ပညာသင် အလုပ်သမားသည် နွေးနွေးနှင့် မတန်၊ မင်း သိုက်တူး လိုပါက ဝပ်ရှော့တစ်ခုလုံး လက်ဝယ်ရောက်လာနိုင်သည့် လမ်း စဉ်အရ အမာလေးကို မင်း အပိုင်ချိုင်ဟု ဆိုချင်သည့်သဘော သက်ဝင်နေသည်။

"ဒီမှာ ဦးဒေဝ၊ ခင်ဗျားဘာသာ မမနွေး ချမ်းသာတာချ မက်ပြီး ဣတ္ထိယသိုက် တူးချင်တူး၊ ကျုပ်ကိုတော့ အမာ လေးတို့ ဝပ်ရှော့ကိုပြပြီး သိုက်မတူးခိုင်းနဲ့၊ ကျုပ်တစ်သက် မှာ မိန်းမထဘီနား ခိုစားဖို့ ဘယ်တုန်းကမှ စိတ်မကူး ဘူး"



"အံမာ ... မင်းက"

"အံမာ ... ခင်ဗျားက"

ဦးဒေဝက နောင်နောင်လို လူက သူ့လိုလူကို ပြန် ဟောက်ရ ကောင်းလားဟု မျက်လုံးကြီးပြူးကာ ဒေါသဖြင့် နောင်နောင့်ကို ကြည့်လိုက်သည်။

နောင်နောင်ကလည်း သူ့ကိုပြန်ကြည့်ရင်း လက်သီး ဆုပ်ထားလိုက်သည်။

တကယ်တမ်းကျတော့ ဦးဒေဝလို လူသည် ဟိန်း ဟောက်တတ်ရုံကလွဲပြီး သတ္တိရှိသူ မဟုတ်။ နောင်နောင်၏ ပို့မြစ်မှု၊ နောင်နောင်၏ဗလ၊ နောင်နောင်၏ ပြန်အကြည့်နှင့် လက်သီးဆုပ်ထားသည်ကို ဦးဒေဝ လန့်စေပါ၏။

"အေးပေါ့ကွာ ... မင်း နေနှင့်ဦး"ဟု စိတ်ထဲမှ တေးထောက်ထားရင်း ဘာမှဆက်မပြောတော့ဘဲ ကားကို ဆက် မောင်းခဲ့သည်။

ဝပ်ရှော့ရှေ့ ဂျစ်ကားရပ်ပြီး နောင်နောင် သူ့ဆွဲအိတ် ကိုဆွဲကာ ဂျစ်ကားပေါ်မှ ဆင်းလာသည်ကို တွေ့သည်နှင့် အမာ လေး ရှေ့ဆုံးမှ ထွက်လာသည်။

အမာလေး နောက်တွင် မကြိုစဖူး ထူးကဲစွာ ဒေါ်ကြူကြူ ကိုယ်တိုင် ဖားလျားဖားလျားနှင့် လိုက်ပါလာသည်။

"အစ်ကိုနောင် ပြန်လာသေးတယ်နော်"

"ဟ ... တို့က ပြန်မလာလို့ ဘယ်ဘုန်းကြီးကျောင်းမှာ သွားနေရ စားရမှာလဲ အမာလေးရ"

"ပြောတတ်ဖူးလေ ... ဟို ဖင်မလီဟာကားပိုင်ရှင်က ..."

www.burmeseclassic.com

www.burmeseclassic.com



"အိုကွယ် ... သမီးလေးကလည်း ပေါက်ကရတွေ ပြောတော့မယ်။ လာ ... လာ ... နောင်နောင်"

ဒေါ်ကြူကြူက အမာလေးစကားကို ကြားဖြတ်ကာ ဟန့်တားရင်း နောင်နောင့်ကို သူမ၏အိမ်ပေါ်သို့ လက်ဆွဲခေါ်သွားသည်။

ဦးဒေဝသည် ဒေါ်ကြူကြူ၏ ထူးခြားမှုကို သေချာအကဲခတ်ကြည့်ရင်း နောက်မှ ယောင်တောင်ပေါင်တောင်နှင့် လိုက်လာသည်။

ဆရာမြတ်ကတော့ ဘာမှ ပျာပျာသလဲမရှိ၊ အေးအေးဆေးဆေးပင် ဂီယာဘောက်တစ်လုံး ကိုင်မြဲကိုင်နေပါ၏။

"ဆရာမြတ် ... ကျွန်တော် ရက်တွေကြာသွားလို့ ဆရာမြတ်ကိုယ်တိုင် သိပ်ပင်ပန်းနေမှာပေါ့"

နောင်နောင်က ဒေါ်ကြူကြူ ဆွဲခေါ်နေသည့်ကြားကပင် ဆရာမြတ်ကို နှုတ်ဆက်စကား ဆိုပေသည်။

"ရတယ် နောင်နောင်၊ ဒီလိုပဲပေါ့ကွာ၊ အခု မင်း ပြန်ရောက်လာပြီပဲဟာ"

ဒေါ်ကြူကြူသည် ယခင်ကဆိုလျှင် သူမ၏ဧည့်ခန်းဆက်တီကုလားထိုင်များတွင် အလုပ်သမားတွေ ဝင်ထိုင်လျှင် ကြိုက်လေ့ မရှိသော်လည်း ယခုမူ နောင်နောင့်ကို ဧည့်ခန်းဆက်တီကုလားထိုင်တွင် ထိုင်စေသည်။ ပြီး ... ဒေါ်ကြူကြူကပင် စကားဖောင်ဖောင်ဖြင့် နောင်နောင့်ကို ပြောသည်။

"ဒီလိုကွယ့် နောင်နောင်၊ ခရီးရောက်မဆိုက်ပဲ ပြောရဦးမယ်၊ လွန်ခဲ့တဲ့ လေးရက်လောက်က မော်လမြိုင်က



နောင်နောင်ရဲ့ မမေ ဒေါ်မွန်မွန် ဒီဝပ်ရှော့ကို လာသွားတယ်"

"ဗျာ ... မမေ လာတယ် ဟုတ်လား၊ ကျွန်တော် ဒီဝပ်ရှော့မှာ ရောက်နေမှန်း မမေက ဘယ်လိုသိသွားတာလဲ"

"မြို့လှက မင်းသူငယ်ချင်း ရဲအရာရှိတစ်ယောက်က လူကြုံနဲ့ စာပေးလိုက်လို့ မင်းဟာ ရန်ကုန်၊ ဘိုလိန်းလမ်းက ဝပ်ရှော့တစ်ခုမှာ လုပ်နေကြောင်း သိရတာတဲ့။ ဒါကြောင့် ဘိုလိန်းလမ်းမှာရှိသမျှ ဝင်မေးပြီး ဒေါ်ဒေါ်ကြူတို့ဝပ်ရှော့ကို ရောက်လာတာတဲ့"

နောင်နောင် သဘောပေါက်ပေသည်။ အောင်မျိုးလှိုင်က သူ့တပည့်တစ်ယောက် သံဖြူဇရပ်သို့ ပြောင်းရွှေ့သဖြင့် မမေ့ထံ သူ စာပေးလိုက်ကြောင်း ပြန်သတိရသည်။

"မင်း အိမ်ပြေးဖာတ် ခင်းခဲ့တာ ပေါ်ပြီလေ၊ ဒေါ်မွန်မွန်က သူ့သားအကြောင်းကို မျက်ရည်တစမ်းစမ်းနဲ့ ပြောပြတာ သနားစရာပါကွယ်။ နောက်ပြီး မင်း ထင်းရှူးသေတ္တာကိုရော ငွေတစ်သိန်းကိုရော အဝတ်အစားတွေရော၊ အမာလေးက မင်းမေမေကို ထုတ်ပြလိုက်တယ်"

"ဟင် ... အမာလေးက ကျွန်တော့်သေတ္တာကို ထုတ်ပြတယ် ဟုတ်လား"

အမာလေးက တစ်လုံးမှ မပြောရဘဲ ဒေါ်ကြူကြူကပင် သမီး အမာလေးက စိုးရိမ်ကြီးစွာဖြင့် သေတ္တာကို ထိန်းပေးထားကြောင်း သာသာထိုးထိုးလေး ဆက်လက်ရှင်းပြပြောပြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သမီး အမာလေး၊ ဒေါ်မွန်မွန်က သား ... အဲ ... နောင်နောင် ဒီကို ခရီးက ပြန်ရောက်လာလာချင်း သားကို ... အဲလေ ... နောင်နောင့်ကို ရှင်းပြ ပြောပြစရာတွေ အများကြီးရှိလို့ လာခဲ့ပါဆိုပြီး၊ ဒေါ်မွန်မွန်ရဲ့လိပ်စာ ပေးခဲ့တယ်လေ၊ အဲဒါ ... သမီးက သမီးရဲ့အစ်ကိုနောင်ကို အဲဒီလိပ်စာ ပြောပြလိုက်လေ"

ဒေါ်ကြူကြူ အကဲပို လော်ကွတ်တွေ ပိုနေသော်လည်း အမာလေးက ဣန္ဒြေရရလေးပင် ...

"စမ်းချောင်း၊ ရှမ်းလမ်းက ခြံနံပါတ်(---) အင်ဂျင်နီယာ ဦးအေးမောင်ရဲ့အိမ်မှာ ဒေါ်မွန်မွန် တည်းခိုနေပါတယ်တဲ့"

"ဒါဆို ... ကျွန်တော် မေမေနဲ့ သွားတွေ့လိုက်ဦးမယ် ဒေါ်ဒေါ်ကြူ"

"ရေမိုးချိုး အဝတ်အစား လဲလိုက်ပါဦးကွယ်၊ ဟိုတုန်းကတော့ ဒေါ်ဒေါ်ကြူမှာ သမီးပျို အမာလေး ရှိနေလို့ အလုပ်သမားတွေနဲ့ ရောရောနှောနှော ဖြစ်မှာစိုးလို့ စည်းကမ်း သတ်မှတ်ရတဲ့ သဘောပါ၊ တကယ်တော့ နောင်နောင်ဟာ လခစား အလုပ်သမားမှ မဟုတ်တာ၊ ဒေါ်ဒေါ်ကြူတို့နဲ့ ဒီအိမ်မှာ အတူနေ အတူစားလာတာ နှစ်နှစ်တောင် ကျော်ခဲ့ပြီပဲ။ မိသားစု ဖြစ်နေပြီလေ၊ အောက်မှာ ဆင်းရေမချိုးနဲ့၊ အိမ်က ရေချိုးခန်းမှာပဲချိုး ... ချိုး"

နောင်နောင်က ရေမြန်မြန်ချိုးရ ပြီးရောဆိုသည် သဘောနှင့်ပင် အိမ်ပေါ်ရှိ ရေချိုးခန်းမှာပင် ရေဝင်ချိုးလိုက်သည်။



ရေချိုးပြီး ရေချိုးခန်းမှ ပြန်ထွက်အလာတွင် ဧည့်ခန်းထဲဝယ် ကိုဒေဝနှင့် ဒေါ်ကြူကြူတို့ စကားလက်ဆုံကျနေသည်ကို တွေ့ရသည်။ ဦးဒေဝနှင့် ဒေါ်ကြူကြူ စကားလက်ဆုံကျခြင်းအတွက် နောက်နောင့် စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားမိလိုက်သည်။

အမာလေးက နောင်နောင်၏ အဝတ်အစား တစ်ထပ်ကြီးကို အိမ်အပေါ်ထပ်မှ ယူချလာပေးပေသည်။

"အစ်ကိုနောင် ဘာဝတ်ချင်မှန်း မသိလို့ အထပ်လိုက်ပဲ ယူလာခဲ့တယ်"

ဟု ပြောပြီး အဝတ်အစား တစ်ထပ်ကြီးကို အနီးရှိ စားပွဲပေါ်တင်ပြီး အမာလေး ပြန်ထွက်သွားသည်။

နောင်နောင်သည် အမာလေး၏ မျက်နှာအမူအရာနှင့် အပြုတ်ပြော ထွက်ခွာသွားပုံကို သတိထားလိုက်မိသည်။

မမနွေးနှင့်အတူ မိမိ ခရီးသွားခဲ့ကြောင်း အမာလေး သိသွားပြီ ဖြစ်ဟန်တူပါ၏။

ဒေါ်ဒေါ်ကြူက မိမိ၏ ဇာတိဇာစ်မြစ် အမှန်တွေကို ဒေဝအား ပြောပြသလို၊ ကိုဒေဝကလည်း မမနွေးနှင့် မိမိ ခရီးအတူသွားခဲ့ကြောင်းတွေ ပြောပြမည်မှာ မလွဲ။ ထို့ကြောင့် အမာလေး မကျေနပ်သော အမူအရာတွေ ဖြစ်နေခြင်းပင် ဖြစ်ရမည်။

ကိစ္စမရှိ။ အမှန်တရား ပေါ်ထွက်သွားသည်မှာ ဘာအရေးနည်း။

နက်ဖြန်မနက် မမနွေးထံ သွားပြီး အားလုံး အိုကေသည်နှင့် မမနွေးနှင့် လက်ထပ်ရတော့မည်။ ဒီတော့ မိမိ

www.burmeseclassic.com

www.burmeseclassic.com



နှင့် မမနွေး အကြောင်းကို သက်ာမကင်း ဖြစ်နေသည့် အမာလေးအား ရှင်းပြရန် မလိုပါလေတော့။ မိကျောင်းမှန်လျှင် ဆန်ရမည်သာ။

နောင်နောင်သည် အဝတ်အစား တစ်ထပ်ကြီးထဲမှ ကြုံရာကို ကောက်ဝတ်ပြီး၊ ရှမ်းလမ်း အင်ဂျင်နီယာဦးအေးမောင် အိမ်ဆီသို့ ထွက်လာခဲ့ပေတော့သည်။

* * *



## ( ၁၇ )

"ဦးစိန်မြမောင်ဟာ လွန်ခဲ့တဲ့လေးလလောက်ကပဲမော်လမြိုင် တရားရုံးတော်ရဲ့ စီရင်ချက် အမိန့်အရ ထောင်ဒဏ်ဆယ်နှစ် ကျသွားပါတယ် သား"

ရှမ်းလမ်း ဦးအေးမောင် အိမ်ရောက်ပြီး သားအမိ မျက်နှာချင်းဆိုင် စကားပြောရာတွင် မေမေက ပထမဆုံး နောင်နောင့် အတွက် မင်္ဂလာအရှိဆုံး စကားကို ပြောလိုက်ပေသည်။

အင်ဂျင်နီယာ ဦးအေးမောင် လင်မယားက မေမေ၏ အကြောင်းစုံကို သိပြီးသား ဖြစ်ဟန်တူသည်။ ထို့ကြောင့် သားအမိ လွတ်လပ်စွာ စကားပြောစေရန် အပြင်သို့ ထွက်သွားကြသည်။

"ဘာမှုနဲ့ ဦးစိန်မြမောင် ထောင်ဆယ်နှစ် ကျသွားတာလဲ မေမေ"

"မေးနေစရာ လိုသေးလား သားရယ်။ သားရဲ့ဖေဖေ အင်ဂျင်နီယာကြီး ဦးဘနောင်ကို ဦးစိန်မြမောင်က အရက်

www.burmeseclassic.com

www.burmeseclassic.com



မှုးအောင်တိုက်၊ ပင်လယ်ထဲ တွန်းချပြီး သတ်လိုက်တဲ့ အမှုနဲ့ပေါ့။ အဲဒီအမှုကို မေမေကိုယ်တိုင် စွဲချက်တင်၊ တိုင်ချက်ဖွင့်ပြီး ဦးစိန်မြမောင်ရဲ့ လူသတ်မှုကို ဖော်ထုတ်နိုင်ခဲ့တာပဲသား။ အဲ ... သားကလည်း ထောင်မကျခင်က ရဲစခန်းမှာ သားရဲ့ဖေဖေ သေသွားတာဟာ သွေးရိုးသားရိုး မဟုတ်ဘူး၊ တစ်ပါးသူသက်လို့ သေတာလို့ ရဲမှာတိုင်ချက် ဖွင့်ခဲ့တယ် မဟုတ်လား။ ဒီတော့ အမှုက တန်းလန်းဖြစ် နေတဲ့သဘော ရှိနေဆဲမှာ မေမေက နောက်ဆုံးပိုင်ပိုင်နိုင် နိုင်သက်သေအထောက်အထား အမာခံ အခိုင်အမာနဲ့ တင်ပြနိုင်တော့ ဦးစိန်မြမောင် ထောင်ဆယ်နှစ် ကျသွားတာပေါ့။ ဒါတောင် သူ့ဘက်က လိုက်နိုင်လွန်းလို့ ဆယ်နှစ်ကျတာ။ မေမေကတော့ ဦးစိန်မြမောင်ကို ကြိုးဒဏ် ကျွန်းဒဏ်ကျတဲ့ အထိ ဆောင်ရွက်ခဲ့တာ"

"နောက်ဆုံး မေမေ ပိုင်ပိုင်နိုင်နိုင်ကြီး ဘယ်လိုဖော်ထုတ် နိုင်ခဲ့တာလဲ မေမေ"

"သားဖေဖေ အရက်မူးလွန်လို့ ပင်လယ်ထဲကျ သေဆုံးသွား တယ် ဆိုကတည်းက မေမေ့အနေနဲ့ ဒက်ခနဲ ဦးစိန်မြမောင် ကို မသင်္ကာ ဖြစ်ခဲ့တယ်"

"သားလည်း မသင်္ကာလို့ လိုက်စုံစမ်းတာပဲ"

"အထွာချင်းက ကွာတယ် သား၊ သား စုံစမ်းပုံက နည်း ပရိယာယ် မပါဘူး၊ မခံချင်စိတ်၊ ဒေါသစိတ်နဲ့ စုံစမ်းတာ။ ဦးစိန်မြမောင်က သားထက် အဆတစ်ရာမက ပါးနပ်တယ်။ အတွေ့အကြုံ ရင့်တယ်။ အရာရာမှာ စိန်မြမောင်က သား



ထက်ပိုပြီး အထွာကြီးတယ်၊ တပည့်လက်သားတွေ ပေါများ ပြီး အသိုင်းအဝိုင်း သိပ်အင်အားကောင်းတယ်။ သားက သားရဲ့ဖေဖေ သေသွားပုံကို ရဲမှာလည်း တိုင်ချက်ဖွင့် သားကိုယ်တိုင်လည်း စုံစမ်းနေမှန်းလည်းသိရော စိန်မြမောင် က သားကိုပါ နှုတ်ပိတ် သတ်ပစ်ဖို့ ကြံစည်လာမှန်း မေမေ ရိပ်မိတယ်"

"ဒါကြောင့် ကျွန်တော်နဲ့ သူနဲ့ စကားများကြတုန်းက ကျွန်တော့်ကို သေနတ်နဲ့ ပစ်သတ်ဖို့ သူ ကြိုးစားတာပေါ့ မေမေ"

"အဲဒါကတော့ ဖုန်းခနဲ အမှတ်မထင် ဖြစ်တာပဲ သား။ စိန်မြမောင်က သားကိုသတ်ဖို့ ကြံစည်ရာမှာ သားဖေဖေ ကို သတ်ပစ်သလို သူ့အပေါ် လုံးဝအမှုမပတ်နိုင်အောင် ကြံစည်အကွက်ချပြီးမှ သတ်မှာ။ သူနဲ့သား ရန်ဖြစ်တုန်း က သူက သေနတ်နဲ့ ထုတ်ချိန်ပေမဲ့၊ သူ့လက်နဲ့ သားကို သတ်ဖို့ မရည်ရွယ်ဘူး၊ သားကို ခြိမ်းခြောက်တဲ့သဘော သား။ ဒီမှာ သားက သူ့လက်ထဲက သေနတ်ကို အရ သူ့ကို ပစ်လိုက်တာဟာ မမျှော်လင့်ဘဲ ဖြစ်သွားတဲ့ဖြစ်ရပ် ပဲ။ စိန်မြမောင် အဖို့ တစ်သက်လုံး သူများကိုသာ သူက သတ်ခဲ့တာ၊ သားနဲ့ကျတော့ သူ သေနတ်ပစ်ခံလိုက်ရတာကို သူ ပိုပြီးခံပြင်းလာတယ်။ သားကို သတ်ပစ်ဖို့ သူ ပိုပြီး စိတ်အားထက်သန်လာတယ်။ ပိုပြီး ကြံစည်လာတယ်။ ဒါကြောင့် သားသေနတ်ပစ်တဲ့ အမှုမှာ မေမေ့ရဲ့ဆန္ဒကိုယ် တိုင်က သားကို ထောင်ကျစေချင်တယ်။ စိန်မြမောင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲစွမ်းစွမ်း၊ ထောင်ထဲက သားကိုတော့ သူ ဘယ်လိုလုပ် အသေသတ်နိုင်မှာလဲ သား"

"ဪ ... ဪ ... ဒါကြောင့် မေမေက တရားရုံးမှာ အစစ်ခံတော့ ကျွန်တော့်ဘက်ကလိုက်ပြီး မဖေးမတဲ့ ထွက်ဆိုချက်တွေ တမင်ပေးတာပေါ့ ဟုတ်လား"

"စေတနာ မေတ္တာ အရင်းခံရိုး အမှန်ပါ သား။ သား ထောင်ကလွတ်မဲ့ရက်ကို စိန်မြမောင်က အမြဲစုံစမ်းနေတယ်၊ သိထားတယ်။ သား ထောင်ကလွတ်ပြီး မော်လမြိုင်ကို ပြန်လာရင် စိန်မြမောင်က နည်းလမ်းပရိယာယ် အမျိုးမျိုးနဲ့ သားကို သတ်ပစ်ဖို့ ကြံစည်နေတယ်။ သားကို သူက သတ်ပစ်ရမဲ့ အကြောင်းတွေကလည်း သူ့မှာ ရှိလာတာကိုး"

"ဘယ်လို အကြောင်းတွေလဲ မေမေ"

"သား အသက်ရှင်နေသရွေ့ သားရဲ့ဖေဖေ အသတ်ခံရမှုကို သားက ဆက်စုံစမ်းမှာ သူ သိပ်စိုးရိမ်တယ်။ သားက သူ့ကို သေနတ်နဲ့ပစ်လို့ သူ ခံရတာကိုလည်း အရမ်းခံပြင်းနေတယ်။ နောက်တစ်ချက်ကတော့ မေမေ ချမ်းသာသမျှ ပစ္စည်းတွေ သားကို မေမေက အမွေပေးမှာကို မလိုလားဘူး၊ အဲဒီအချက်တွေကြောင့် သူက သားကို အသေသတ်မှာ ဒါတွေကို မေမေက သိထားတာမို့ သား ထောင်ကလွတ်တဲ့ နေ့မှာ မေမေ တမင်လာတွေ့ပြီး ငွေတစ်သိန်း ပေးခဲ့တယ်၊ မော်လမြိုင်က အိမ်ကို ပြန်မလာဖို့ ပြောခဲ့တာ"

"ငွေတစ်သိန်း ပေးတုန်းက အဲဒီလို အကျိုးအကြောင်းတွေ မေမေက သားကို ရှင်းပြဖို့ ကောင်းတာပေါ့"



"သားက လူငယ်ဖြစ်နေတာရော၊ သားစိတ်ဓာတ်က သားဖေဖေအတိုင်း မဟုတ်မခံ စိတ်ဓာတ်မျိုးကြောင့်ရော၊ မော်လမြိုင် ပြန်လာပြီး စိန်မြမောင်ကို ရင်ဆိုင်မှာ မေမေ သိပ်စိုးရိမ်တယ်လေ။ မော်လမြိုင်မှာ သားက သူ့ကို ရင်ဆိုင်ရင် သားပဲ အသက်ဆုံးရှုံးသွားမယ်ဆိုတာ မေမေ သိထားတယ်။ သားအတွက် မေမေ အရမ်း ရင်တုန်ရတယ်၊ ရင်ခုန်ရတယ်။ နောက်ပြီး သား ပြန်လာပြီး တစ်ဇွတ်ထိုး ထင်ရာတွေ လုပ်လိုက်ရင် မေမေ ဆင်ထားတဲ့ ဆင်ကွက်တွေ တစ်လွဲတစ်ချော်တွေ ဖြစ်သွားမှာစိုးတယ်"

"မေမေ ဆင်ထားတဲ့ အကွက်တွေ ဟုတ်လား"

"ဟုတ်တယ် သား၊ တကယ်တော့ စိန်မြမောင်ကို မေမေ လက်ထပ်လိုက်တာဟာ မေမေ့ ကိုယ်ခန္ဓာကို စတေးပြီး သားဖေဖေ အသတ်ခံရမှုကို မိန်းမဉာဏ်နဲ့ ပေါ်အောင်ဖော်ထုတ်ချင်လို့ လက်ထပ်လိုက်တာ"

"ဘယ်လို ... ဘယ်လို"

"သားဖေဖေနဲ့ မေမေဟာ ငယ်လင်ငယ်မယားပါ၊ သားဖေဖေကို သားချစ်တာထက် မေမေ ပိုချင်သာပိုမယ်၊ မလျော့ပါဘူး။ သားဖေဖေ ဆုံးသွားပုံကို သားက စိန်မြမောင်ကို မသင်္ကာသလို မေမေကလည်း စိန်မြမောင်ကို မသင်္ကာခဲ့ပါဘူး၊ သားက ဖော်ထုတ်ချင်သလို မေမေက လည်း ဖော်ထုတ်ချင်တာမှ အလွန်ပေါ့။ အဲဒီအချိန်မှာပဲ စိန်မြမောင်က မေမေ့ကို အရေးဆိုလာတယ်လေ။ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မလား၊ မော်လမြိုင်က မေမေတို့ခြံနဲ့ တိုက်အိမ်ကို သိမ်းရမလားတဲ့"

"ဘာရယ် မေမေ ... သူက ဘာလို့ ဖေဖေနဲ့ မေမေရဲ့ ခြံနဲ့ တိုက်အိမ်ကို သိမ်းရမှာလဲ"

"ဒီလိုသားရဲ့ ... သားရဲ့ဖေဖေဟာ စိန်မြမောင်နဲ့ ပေါင်းမိမှ ဂျင်ကစားတယ် ဆိုပဲ၊ သူတို့ ပင့်လယ်ဘက်ကို ခရီးထွက်တယ် ဆိုတာ ဘုတ်ပေါ်မှာ ဂျင်ကစားကြတာပဲ တဲ့"

"အဲဒီလို ဖေဖေက ဟုတ်နိုင်ပါ့မလား"

"ဟုတ်,မဟုတ် ဆိုတာ ထားပါတော့ သား၊ သားရဲ့ဖေဖေ ဂျင်ကစားရာမှာ အရှုံးကြီးရှုံးလို့ မေမေတို့ရဲ့ ခြံနဲ့တိုက်ကို 'ပေါင်ရောင်း' လုပ်ထားတယ်ကွယ့်။ လေးသိန်းနဲ့ ပေါင်ရောင်းလုပ်ထားတာ"

"ပေါင်ရောင်း ဆိုတာ ဘာလဲ မေမေ"

"အရင်းငွေ လေးသိန်းရယ်၊ တစ်လကို အတိုးငွေ ငါးရာခိုင်နှုန်းရယ်၊ ကြာသလောက် လ,တွေရဲ့ အတိုးရော အရင်းရော ပေးနိုင်ရင် ပြန်ရွေးခွင့်ရှိတယ်။ အဲဒါက အပေါင်သဘော၊ ခြောက်လကြာလို့မှ မရွေးနိုင်ရင် အိမ်ကိုအပြီးအပိုင် ရောင်းလိုက်ပြီ ဆိုတဲ့သဘောပဲ သား၊ သားဖေဖေဟာ ဘယ်အချိန်က မီးခံသေတ္တာထဲမှာ ထည့်ထားတဲ့ ခြံနဲ့ တိုက်ဂရံကို ယူသွားမှန်းတောင် မေမေ မသိဘူး၊ စိန်မြမောင်က စာချုပ်နဲ့အတူ အိမ်ဂရံကို မေမေ့ကိုပြမှ မီးခံသေတ္တာ



ကို မေမေ ဖွင့်ကြည့်တော့ တကယ်ပဲ ဂရံမရှိတော့ဘူး။ စိန်မြမောင် လက်ထဲ ရောက်သွားနေပြီ"

"ဖေဖေက တိုက်နဲ့ခြံကို ပေါင်ရောင်း လုပ်ခဲ့တယ်ဆိုတာ ကျွန်တော့် စိတ်ထဲမှာ မတင်မကျကြီး မေမေ"

"ဘယ်လို မတင်မကျကြီးလဲ သား"

"မေမေဟာ ဘိုးဘိုးနဲ့ ဘွားဘွား အမွေတွေ ဆက်ခံရမှန်းတော့ ကျွန်တော် သိထားတယ်၊ ဘယ်လောက်ထိ အမွေရထားမှန်းတော့ ကျွန်တော် မသိဘူး၊ ဖေဖေ ဂျင်ကစားလို့ ရှုံးတယ်ပဲထား၊ ဘာမှမရွေးနိုင်စရာ မရှိဘူး၊ မေမေ အမွေတွေရထားတဲ့အထဲက ငွေတွေနဲ့ ပြန်ရွေးနိုင်တာပဲ"

ဒေါ်မွန်မွန်က ဦးခေါင်းယမ်းပြသည်။

"သားရဲ့ဖေဖေက မာနလည်း ကြီးတယ်၊ စည်းကမ်းလည်း ကြီးတတ်မှန်း သား သိသားနဲ့။ မေမေရတဲ့ အမွေကို သားဖေဖေက လက်ဖျားနဲ့တောင် မထိဘူး"

"ဘာထူးလဲ ... မော်လမြိုင်က ခြံနဲ့တိုက် ဝယ်တုန်းက မေမေ အမွေရတဲ့ငွေနဲ့ပဲ ဝယ်တာမဟုတ်လား။ ခြံနဲ့အိမ်ဂရံကို ပေါင်တာဟာ အမွေရထားတာကို ပေါင်တာနဲ့ အတူတူပဲပေါ့"

ဒေါ်မွန်မွန် ခေါင်းခါပြန်ပါ၏။

"သားဖေဖေက အစိုးရလခစား အရာရှိကြီး မဟုတ်လား၊ ခြံနဲ့တိုက်အိမ် ဝယ်တုန်းက သားဖေဖေပိုက်ဆံနဲ့ ဝယ်တယ် ဆိုရင် သက်ဆိုင်ရာတွေက အစစ်အဆေး အမေးအမြန်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



အရေးယူမှုတွေ ရှိလာနိုင်တာပေါ့။ ဒါကြောင့် မေမေ့ဘက်က အမွေတွေရလို့ ဝယ်တယ်လို့ သတင်းလွှင့်ထားတော့ မေမေ့မှာလည်း တကယ် အမွေတွေရတာ အထင်ကရမို့ စစ်ဆေးမှု စုံစမ်းမှုတွေ အလိုလိုပြီးသွားတယ်။ တကယ်ကတော့ ဒီခြံနဲ့ဒီတိုက် ဝယ်တာ အမွေထဲက တစ်ပြားမှမပါဘူး။ သားဖေဖေ စုဆောင်းရှာဖွေထားတဲ့ငွေနဲ့ဝယ်တာ။ ဒါကြောင့် ဒီခြံနဲ့ ဒီတိုက်ကို မေမေ ဘယ်လိုမှ အဆုံးမခံနိုင်ဘူး။ စိန်မြမောင် လက်ထဲ ထိုးမအပ်ရက်လို့ စိန်မြမောင်ကို ပထမအချက်အရ လက်ထပ်လိုက်တာပဲ သား"

"အဲဒါကို ကျွန်တော် လက်မခံဘူး မေမေ"

"ဘာလို့ သားက လက်မခံတာလဲ"

"ဖေဖေ့ ချွေးနည်းစာနဲ့ စုဆောင်းဝယ်ထားတာမို့ စိန်မြမောင် လက်ထဲအရောက်မခံနိုင်ရင် မေမေရထားတဲ့ အမွေတွေထဲက ပဲ အရင်းရော အတိုးရောပေးပြီး ပြန်ရွေးယူရုံပေါ့"

"ဟော ... သားက ပြောရင်း သဘောပေါက် လွဲသွားပြန်ပြီ။ မေမေ ပြောခဲ့သားပဲ၊ ခြောက်လအတွင်း ပြန်ရွေးမှ ပြန်ရွေးလို့ရမှာ၊ ခြောက်လကျော်တာနဲ့ အပြီးအပိုင် အရောင်းသဘောရောက်သွားပြီလေ။ ပြန်ရွေးလို့မှ မရတော့တာ။ စိန်မြမောင်ကလည်း ဒီအကွက်ကို မြင်ထားပြီး ခြောက်လကျော်မှ အရေးဆိုတာ။ ဒါကြောင့် မလွှဲသာ မရှောင်သာပဲ မေမေက သူ့ကို လက်ထပ်တယ်၊ လက်ထပ်တဲ့နေ့မှာပဲ ခြံနဲ့တိုက်ဂရံကို မေမေ တရားဝင် ပြန်ယူလိုက်တယ်"



"သိပ်ယုတ်မာတဲ့ လူကြီး၊ ဒါဆို မေမေ့ကို လက်ထပ်ချင်လို့ ခြောက်လကြာပြီးမှ အရေးဆိုတာပေါ့၊ ဟုတ်လား။ နောက် ကျွန်တော် မတင်မကျ ဖြစ်တာ တစ်ခုရှိသေးတယ်။ တကယ်ဆိုရင် စိန်မြမောင်ဟာ အပျိုတွေကို လက်ထပ်နိုင်သားနဲ့ အရွယ်ရောက်ပြီး သားကြီးတစ်ယောက် ရှိနေတဲ့ သားသည်အမေ လင်သေမုဆိုးမ အရွယ်ဟိုင်းကိုမှ ဘာလို့ တန်းတန်းစွဲ လက်ထပ်ချင်တာလဲ"

"မေမေ့ကို မက်မောတာထက် မေမေ ရထားတဲ့ အမွေ သိန်းလေးငါးဆယ်ကို မက်လို့ပဲ သား။ သားဖေဖေက အရက်ဝိုင်းမှာ မေမေဟာ အမွေတွေ သိန်းလေးငါးဆယ် ရထားတာကို အမှတ်မထင် ပြောဖူးသတဲ့။ ဒါလည်း စိန်မြမောင်က နောက်ဆုံးသူ့ဟာသူ ဖွင့်ပြောတာလေ"

"ထားပါတော့လေ၊ မေမေ အကွက်ဆင်တယ် ဆိုတာက ဘယ်လိုဆင်တာလဲ"

"စိန်မြမောင်ကို သားဖေဖေ သတ်မှုအပေါ်မှာ မေမေ မသင်္ကာကြောင်း ပြောခဲ့ပြီလေ။ ဒီကိစ္စကို ရိုးရိုးစုံစမ်းလို့တော့ မလွယ်ဘူး၊ စိန်မြမောင်ကို အယုံသွင်း လက်ထပ်ပြီး အနီးကပ် ဖော်ထုတ်ဖို့ မေမေ ဆုံးဖြတ်တယ်။ သားရဲ့ ဖေဖေ မြတ်နိုးတဲ့ တိုက်နဲ့ခြံကိုလည်း အရပြန်ယူမယ် မဟုတ်လား၊ စိန်မြမောင်နဲ့ လက်ထပ်ပြီးနောက်မှ သူ့ အလစ်မှာ အိမ်ရဲ့ဧည့်ခန်းမှာရော၊ သီးသန့်စကားပြောခန်းမှာရော အသံသွင်းတိတ်ခွေတွေ တပ်ထားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အသံဖမ်း ခလုတ်တွေကိုလည်း လူမမြင်နိုင်အောင် အံဝှက်တွေနဲ့ ဝှက်ပြီး စီစဉ်ထားလိုက်တယ်"

"မေမေက အဲဒါတွေ လုပ်တတ်လို့လား"

"မေမေ ဘယ်လုပ်တတ်မှာလဲ သားရဲ့။ မော်လမြိုင်ကလူတွေကိုတောင် မခိုင်းပဲ၊ ရန်ကုန်ကလူကို ကျေနပ်အောင် အခကြေးငွေပေးပြီး တိတ်တိတ်ခေါ်ပြီး လုပ်ခိုင်းတာ။ အဲဒီနောက် ဧည့်ခန်းမှာဖြစ်ဖြစ်၊ စာကြည့်ခန်းမှာဖြစ်ဖြစ်၊ အိပ်ခန်းမှာဖြစ်ဖြစ် စိန်မြမောင် အိမ်မှာရှိလို့ သူစကားပြောတဲ့နေရာတိုင်း မေမေက တိတ်ခွေခလုတ်တွေကို ဖွင့်ထားတယ်။ စိန်မြမောင်ရဲ့ဧည့်သည် ဘယ်သူလာလာ မေမေက ရှောင်ပေးပြီး ခလုတ်ကို ဖွင့်ထားလိုက်တယ်လေ"

"အား ... မေမေက သိပ်တော်တာပဲ၊ ဉာဏ်လည်းသိပ်ကောင်းတာပဲ၊ သားမှာတောင် အဲဒီလို စိတ်ကူးမျိုးမရှိခဲ့ဘူး"

ပြောပြောဆိုဆို နှောင်နှောင်သည် မိခင်ဒေါ်မွန်မွန်အား ချီးကျူးရင်း ပွေ့ပိုက်လိုက်သည်။ ဟိုယခင်က အသုံးအနှုန်းအတိုင်း သူ့ကိုယ်သူ "သား" ဟူသော သုံးနေကျ နာမ်စားကို ပြန်သုံးသည်။ စောစောက တစ်လျှောက်လုံး သူ့ကိုယ်သူ "ကျွန်တော်" ဟု ပြောခဲ့ရာမှ "သား" ဟု ပြန်ပြောလာသဖြင့် ဒေါ်မွန်မွန်မှာ ဝမ်းသာလွန်းပြီး မျက်ရည်များပင် ကျလာရပါ၏။

"ဆက်ပြောပါ မေမေ၊ မေမေ့ရဲ့ လျှို့ဝှက်ချက်တွေ သားနားထောင်ရတာ အရသာရှိလွန်းလို့"



"နှစ်နှစ်ကျော် ကြာတယ်သား၊ တိတ်ခွေပေါင်း တစ်ရာနီးပါးခန့်ပဲ၊ တိတ်ခွေကိုးဆယ့်ကိုးခွေရောက်မှ သားဖေဖေကို စိန်မြမောင် သတ်မှု ပေါ်လာတော့တယ်"

"ဘယ်လို ပေါ်လာတာလဲ မေမေ"

"တကယ်တော့ စိန်မြမောင်ရဲ့ ငွေကြေး အခြေအနေနဲ့ စီးပွားရေး အခြေအနေက လုံးပါး ပါးနေပြီ။ နဂိုကလည်း သိပ်ရှိတာမှ မဟုတ်တာ၊ ဟန်ရေးပြလောက်ပဲ ရှိတာ။ ဒီကြားထဲ သားရဲ့ဖေဖေကို အိမ်ပေါင်ရောင်းမှာ ငွေလေးသိန်း ထုတ်ပေးလိုက်ရတော့ သူ့မှာ အရင်းအနှီးအင်အား — သိပ်နည်းသွားပြီ။ မေမေက အမွေရတဲ့ ငွေတွေရော၊ စိန်တွေ ရွှေတွေ ရတနာတွေရော အားလုံး ဘဏ်မှာ မေမေ့နာမည်နဲ့ အပ်ထားလိုက်တယ်လေ။ အိမ်မှာထားရင် စိန်မြမောင်က အနိုင်ကျင့်၊ မီးခံသေတ္တာဖွင့်ပြီး ယူရင် မေမေ မတတ်နိုင်မှာစိုးလို့ ဘဏ်မှာ စနစ်တကျ အပ်ထားလိုက်တာ"

"ဟောဗျာ ... မေမေက ပါးနပ်လိုက်ပြန်ပြီ"

"နောက်ပြီး စိန်မြမောင် တဖြည်းဖြည်း စီးပွားရေးကျဆင်းလာတာဟာ သူ့မှာ ငွေညှစ်ခံနေရတာကိုး"

"စိန်မြမောင် ငွေညှစ်ခံရတယ်၊ ဟုတ်လား မေမေ"

"ခံရတာမှ အဖွဲ့နဲ့ အညှစ်ခံရတာ။ သားဖေဖေကို အရက်ထဲ ဘာတွေညာတွေရော ထည့်တိုက်ပြီး ရေထဲကို ဘုတ်ပေါ်က တွန်းချတုန်းက ဘုတ်ပေါ်မှာ ပါလာတဲ့အဖွဲ့လေ။ အဲဒီအထဲက အဖွဲ့ခေါင်းဆောင်နာမည်က ဦးလှိုင်ဘွားတဲ့။ ဦးလှိုင်ဘွား

www.burmeseclassic.com



နဲ့ အဖွဲ့ကို ငွေညှစ်တိုင်း ပေးရတာ အကြိမ်ပေါင်းများလှ ပြီလေ။ နောက်ဆုံး စိန်မြမောင်ဟာ စိတ်မရှည် ဖြစ်လာတော့ တာပေါ့။ မေမေ့ဆီက ငွေတောင်းတယ်။ မေမေက လုံးဝ ထုတ်မပေးဘူး၊ တမင်မပေးတာ။ ဒါမှ စိန်မြမောင်ဟာ ငွေညှစ်အဖွဲ့ကို မပေးနိုင်လေ သူ့တို့ချင်း ပဋိပက္ခဖြစ်လေ မျိုးကို မေမေ တမင်ဖန်တီးတာ”

“ဟုတ်တော့ ဟုတ်ပါတယ် မေမေ၊ မေမေက သူတောင်း တဲ့ငွေ မပေးတော့ စိန်မြမောင်က မေမေ့ကို ကိုယ်ထိလက် ရောက် လုပ်မလာဘူးလား”

“ပါးရိုက် နားရိုက်တာလောက်မျိုးတော့ မေမေ ခံရတာ ပေါ့။ ငွေတောင်းလို့ မရတိုင်း မေမေ့ကို စိန်မြမောင်က ရိုက်တယ်”

“ဖြစ်ရလေ မေမေရယ်၊ ဒီလူကြီးကို သားကိုယ်တိုင် သတ်ချင်လိုက်တာ”

“ဒါကြောင့် သားကို မော်လမြိုင်အိမ် ပြန်မခေါ်တာပေါ့။ အဲ ... နောက်ဆုံးကျတော့ မေမေ ဆင်တဲ့အကွက်ထဲ စိန်မြမောင် ဒက်ထိကြီး ဝင်တော့တာပဲ။ မေမေ့ဆီက ငွေ တောင်းမရလို့ ပြောကြ ရန်ဖြစ်ကြ၊ ရိုက်ကြ ပုတ်ကြတာတွေ လည်း တိတ်ခွေထဲမှာ ဝင်နေတယ်။ အဲဒါထက် နောက်ဆုံး အမှုပေါ်တဲ့အထိ အရေးပါတဲ့ အကွက်ဝင်လာတော့တာပဲ”

“ဘာနောက်ဆုံးအကွက်လဲ မေမေ”

“နောက်ဆုံးအခေါက် ဦးလှိုင်ဘွား မေမေ့တို့အိမ် စိန်မြမောင် ဆီကို လာတယ်လေ။ စာကြည့်ခန်းထဲမှာ သူတို့တွေ ငြ



တယ်။ မေမေက ခလုတ်ဖွင့်ပြီး ရှောင်နေလိုက်တယ်။ မိနစ်လေးဆယ်လောက်ကြာတော့ စာကြည့်ခန်းထဲမှာ တဝုန်းဝုန်း တဒိုင်းဒိုင်း အသံတွေ ကြားရတာပဲ။ အဲဒီတော့ မှ မေမေက ရပ်ကွက်လူကြီးကိုခေါ်ပြီး အထဲက သော့ပိတ် ထားတဲ့ စာကြည့်ခန်းကို ဖျက်ဝင်ကြည့်ကြတယ် ...

စိန်မြမောင်ရော၊ ဦးလှိုင်ဘွားရော သွေးသံရဲရဲနဲ့ ပိုးလိုးပက်လက်တွေ ဖြစ်နေတာ တွေ့မြင်ကြရတယ်။ စိန်မြမောင်က လှိုင်ဘွားကို သေနတ်နဲ့ပစ်တယ်။ လှိုင်ဘွား က စိန်မြမောင်ကို ဓားနဲ့ထိုးတယ်။ နှစ်ယောက်စလုံး သေတော့မသေဘူး၊ မေမေက ရဲအဖွဲ့ကို ခေါ်လိုက်တာပေါ့။ အဲဒီနောက် ရဲအဖွဲ့ရှေ့မှာရော အရပ်လူကြီးတွေရှေ့မှာရော ကိုးဆယ့်ကိုးခွေမြောက် အခွေကို ဖွင့်ပြတယ်၊ ပေါ်ပြီပေါ့ သား။ လှိုင်ဘွားက ဘုတ်ပေါ်မှာ သားဖေဖေကို ကြိုးစည် သတ်ပုတ်တာတွေရော၊ ဦးလှိုင်ဘွား နောက်ဆုံးငွေညှစ်တာ ကို မပေးရင် ရဲကို မင်းဖေဖေကို သတ်ခဲ့ကဲ့အကြောင်း ဖွင့်တိုင်မယ်ဆိုတာရော၊ စိန်မြမောင်က မင်းကို အရင်သတ် မယ်လို့ လှိုင်ဘွားကို ပြန်ပြောတာရော၊ ဘာရော ညာရော တွေ အားလုံးပေါ်တော့တာပေါ့။ ကဲ ... ဒါဆို သားက မေမေ့ကို သားဖေဖေ အပေါ်မှာ သစ္စာမရှိဘူး၊ မေမေဟာ သားအပေါ်မှာ ရက်စက်ပြီး ဂုဏ်မက်တယ်၊ တစ်ကိုယ် ကောင်း ဆန်တယ်လို့ သား မေမေကို နာကြည်းဦးမလား ဟင်”

“အို ... မေမေရယ်”

www.burmeseclassic.com

www.burmeseclassic.com



နောင်နောင်သည် ချက်ချင်း ကြမ်းပြင်တွင် ဆောင့်ကြောင့်ထိုင်ချကာ သူ့မေမေအား လက်အုပ်ချီ ကန်တော့ပေတော့သည်။

"မေမေ့အပေါ် သား အထင်လွဲတာတွေ နာကြည်းမိတာတွေ ခွင့်လွှတ်ပါ မေမေ"

ဒေါ်မွန်မွန်က မျက်ရည်တွေ စီးကျလာရင်း ကန်တော့နေသော နောင်နောင်၏ လက်အုပ်ချီ လက်ချောင်းလေးတွေကို တယုတယ ဆုပ်ကိုင်လိုက်သည်။

"မေမေက သားကို ဘယ်တုန်းကမှ အပြစ်ရှိတယ်လို့မ မမြင်တာ၊ အထူးခွင့်လွှတ်စရာ မရှိပါဘူး သားလေးရယ်၊ ကဲ ... ထ ... ပြန်ထိုင်၊ သားစိတ်ထဲမှာ မေမေ့ကို သံသယ ရှင်းသွားတာကိုပဲ ကျေနပ်ဝမ်းသာလှပါပြီကွယ်"

နောင်နောင် ဆက်တီပေါ် ပြန်ထိုင်သည်။ ဒေါ်မွန်မွန် က သားနောင်နောင်၏ မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း အပြ ဘက်သို့ ပြောင်းကာ စကားဆက်လိုက်သည်။

"သား မေမေနဲ့ ကွဲကွာနေတဲ့ နှစ်နှစ်အတွင်းမှာ အလု ကြမ်းတွေ လုပ်ရပြီး သိပ်ပင်ပန်းမှာပဲနော်။ အစားဆင်း အနေဆင်းရဲလည်း ဖြစ်မှာပေါ့။ မေမေ ပေးထားတဲ့ ငွေ တစ်သိန်းကိုလည်း မေမေ့ကို စိတ်နာပြီး လက်ဖျားနဲ့တော မတို့ဘူးနော်"

"သား မပင်ပန်းပါဘူး မေမေ၊ သား နဂိုကတည်း ဝါသနာပါတဲ့ ကားပြင်အလုပ်ကို လုပ်တာဆိုတော့ စိတ် စားပြီး ပင်ပန်းမှန်း မသိပါဘူး။ အစားဆိုလည်း ဆရာမြ



က သူတို့စားသလိုပဲ ကျွေးတာပါ။ အအိပ်အနေကတော့ မော်လမြိုင်ကတိုက်အိမ်ကြီးမှာလို ရေမြှုပ်မွေ့ရာကြီးတွေနဲ့ ဘာနဲ့ မအိပ်ရဘူးပေါ့။ သားက ထောင်ထဲမှာ တစ်နှစ်နီး သံမံတလင်းပေါ်အိပ်ဆိုတော့ ဝပ်ရှော့ဂိုဒေါင်ထပ်ခိုးပေါ်မှာ အိပ်ရတာ အဆင်ပြေပါတယ် မေမေ"

ဒေါ်မွန်မွန်သည် ဘာကို အလေးအနက် တွေးမိသည်မသိ၊ ပြုံးသည်ထက်ပို၍ ပြုံးလာသည်။

"ဆရာမြတ်တို့ ဒေါ်ကြူကြူတို့ထက် သူတို့သမီးလေး အမာလေးက သားကို ပိုပြီးဂရုစိုက်ပုံရတယ်နော်၊ သား ပစ်စလက်ခတ် ထားခဲ့တဲ့ ငွေတွေကို သိမ်းပေးထားတာ၊ သူ့အဖေနဲ့ အမေတောင် အသိမပေးဘူး"

"အမာလေးက မဆိုးပါဘူး၊ သားကို ဂရုစိုက်ပါတယ် မေမေ၊ လူငယ်ချင်းဆိုတော့ ပိုပြီးခင်မင်တဲ့သဘောလည်း ရှိပါတယ် မေမေ"

"ဒါထက် သားရှေ့ဆက်ပြီး ဘာလုပ်မယ် စိတ်ကူးလဲ၊ မေမေနဲ့ အတူတူ မော်လမြိုင်ကို ပြန်လိုက်မယ် မဟုတ်လား"

"မေမေနဲ့ မော်လမြိုင်ကို အတူခဏလောက်တော့ လိုက်နေမယ် မေမေ၊ ရှေ့ဆက် ဘာလုပ်မလဲ ဆိုတာကတော့ သားက မော်တော်ကားဝပ်ရှော့အလုပ်၊ တွင်ခုံအလုပ်တို့မှာ သိပ်စိတ်ဝင်စားတယ်။ ဆရာမြတ်ဆီမှာ ပညာဆက်သင်ပြီး ပညာပြည့်ရင် ကိုယ်ပိုင်ဝပ်ရှော့၊ ကိုယ်ပိုင်တွင်ခုံ၊ စက်ခုံ တွေနဲ့ လုပ်ချင်တာပဲ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ … သားလိုအပ်တဲ့အချိန် ကြိုက်သလောက်ငွေယူပေါ့။ သားက ဒီလုပ်ငန်းမှာ သိပ်စိတ်ဝင်စားတယ်ဆိုတော့ အဲဒီလုပ်ငန်းနဲ့ ဆက်နွယ်နေတဲ့ အမာလေးကိုလည်း သား စိတ်ဝင်စားသင့်သလားပဲ"

"ဟာ … မေမေကလည်း"

"အမာလေးဟာ မေမေ့ အမြင်တော့ ရုပ်လေးလည်းချောတယ်၊ နှလည်း တော်တော်နုပျိုတယ်၊ စိတ်လေးလည်း လှပုံရတယ်၊ လိမ္မာပုံလည်း ရတယ်။ သူ့အတွေးအခေါ်လေးတွေကလည်း သားကို အထောက်အကူ ရစေနိုင်သလားပဲ"

"မဖြစ်နိုင်ပါဘူး မေမေ"

"ဖြစ်ရမယ်လို့ မေမေက မဆိုလိုပါဘူး၊ သင့်တော်တယ်ထင်လို့သာ မေမေ ပြောတာပါ၊ အထူးသဖြင့် မေမေအကဲခတ်မိတာက အမာလေးဟာ သားကို သံယောဇဉ်တွေ၊ မေတ္တာတွေ သက်ဝင်နေသလားလို့။ နောက်ပြီး သားအပေါ်မှာ အမာလေး ထားတဲ့ သံယောဇဉ်နဲ့ မေတ္တာက မေမေ့သား ဘီအက်(စ်)စီဘွဲ့ရ နောင်နောင် အနေနဲ့ မဟုတ်ခင်ကတည်းက အခြေအနေမှဲ့ ဆရာမြတ်ရဲ့ ပညာသင်တပည့်ဘဝကထားတဲ့ သံယောဇဉ်မေတ္တာမို့ သိပ်ဖြူစင်နေသလားလို့ပါ"

"တော်ပြီ မေမေ၊ သားရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ အခုမေမေ့ကို သား ဘာမှမပြောသေးဘူး။ နက်ဖြန်မနက်ဆယ်နာရီလောက်ဆိုရင် သားရဲ့ ကိုယ်ရေးကိုယ်တာဟာ



ဒါပါပဲလို့ မေမေ့ကို ပြောပြမယ်၊ အခု မေမေ မော်လမြိုင်က လာတာ မီးရထားနဲ့လား အိမ်ကကားနဲ့လား မေမေ"

"တူတွမ်တီးအက်(စ်)မာစီဒီးကားနဲ့ မေမေ လာခဲ့တာသား။ ရန်ကုန်မှာ သားကို လိုက်ရှာရမှာမို့ အိမ်ကကားကိုယူလာတာ"

"အိမ်ကကားက ဖင်မလီယာကားပါ မေမေ၊ ဖေဖေမဲပေါက်ပြီး ရထားတဲ့ကားပဲ။ အဲဒါကိုရောင်းပြီး မေမေက မာစီဒီးကား ဝယ်တာလား"

"ဘယ်တော့မှ မရောင်းဘူး၊ သားဖေဖေ ထားခဲ့တဲ့ ပစ္စည်းမှန်သမျှ မေမေ ရိုရိုသေသေ ထားတယ်။ အမြတ်တနိုးထားတယ်။ သားဖေဖေရဲ့ ဖင်မလီယာကားကို အိမ်ကကားဂိုဒေါင်ထဲမှာ ခြင်ထောင်အုပ်ပြီး သိမ်းထားတာ"

"ဒါဖြင့် ဒီမာစီဒီးကားက …"

"စိန်မြမောင် ဆီက ဆက်ခံတာလေ"

"ဟာ … မေမေကလည်း ဒီလူကြီးပစ္စည်းကို မသုံးပါနဲ့"

ဒေါ်မွန်မွန်က မျက်နှာထားတည်တည်နှင့်ပင် ပြန်ပြောပါ။

"သုံးရမယ် သား။ မေမေ့ ခန္ဓာကိုယ်ကို စတေးပြီး မေမေမချစ်ခင် မနှစ်သက်တဲ့လူနဲ့ ပေါင်းရတဲ့ နစ်နာကြေးကိုတော့ရသလောက် ပြန်ယူရမှာပဲ၊ အရပြန်ယူတာကိုပဲ ပြောတာနော်၊ အမှတ်တရ ပြောတာမဟုတ်ဘူး၊ သားအနေနဲ့ မကျေနပ်ရင် မာစီဒီးကားကို မီးရှို့ပစ်လိုက်၊ မေမေ ပြုံးပြုံးလေး ကြည့်နေမယ်"

www.burmeseclassic.com

www.burmeseclassic.com

"အို ... မေမေရယ်၊ လောကကြီးမှာ လင်နဲ့သားအပေါ်မှ ချစ်လွန်းတတ်တဲ့၊ မေမေ့လို အမျိုးသမီး၊ လျှို့ဝှက်ပြီး ကိုယ့်အကြံအစည်ကို အထမြောက်အောင် လုပ်ဆောင်နိုင်တဲ့ အမျိုးသမီးမျိုး ရှိနိုင်ပါဦးမလား မေမေ"

* * *



## (၁၈)

ဒါမျိုးကျတော့ နောင်နောင် ဝီရိယ ကောင်းသည်။

မနေ့က ဆရာမြတ် ဝပ်ရှော့သို့ပင် မပြန်တော့။ မေမေ တည်းခိုရာ စမ်းချောင်း၊ ရှမ်းလမ်း၊ ဦးအေး၏တိုက်မှာပင် မေမေနှင့် ညဦးနက်သည်အထိ စကားပြောပြီးမှ အိပ်လိုက်သည်။

အမာလေးက စကားနာ ထိုးလေမည်မှန်းတော့ တွေးမိပါ၏။ သို့သော် မေမေနှင့် ပြန်တွေ့စမို့ မေမေနှင့်အတူ နေချင်မိသည်။

ထို့ပြင် မိုးလင်းလျှင် စမ်းချောင်း၊ မင်္ဂလာလမ်းရှိ မမနွေး အိမ်သွားရန်မှာ ရှမ်းလမ်းမှသွားလိုက်လျှင် ခရီးနီးသည်မို့ အဆင်ပြေသည်။

နံနက်(၇)နာရီတိတိမှာပင် မေမေ၏ မာစီဒီးကားကြီးဖြင့် စမ်းချောင်း၊ မင်္ဂလာလမ်း မမနွေးတို့အိမ်ရှေ့သို့ ရောက်လာခဲ့သည်။

တစ်အိမ်လုံး တိတ်ဆိတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မမနွေး၏ အရိပ်အရောင်ပင် မတွေ့ရ။

နောင်နောင့် ရင်ထဲတွင် ဒိတ်ခနဲ ခုန်သွားသည်။ မမနွေး ဘာလို့ ထွက်မကြိုပါလိမ့်။

အိမ်တံခါးများ ပွင့်နေသည်မို့ နောင်နောင် ကားပေါ်မှဆင်းကာ အိမ်၏လှေကားထစ်သုံးထစ်ကို တက်ခဲ့သည်။

"မောင်ရင် ... နောင်နောင် ဆိုတဲ့သူလားကွယ်"

အိမ်ကြီးတစ်အိမ်လုံးတွင် အသက်(၅၀)ခန့် အိမ်စောင့်ဖြစ်ဟန်တူသော အမျိုးသမီးကြီးတစ်ဦးက အိမ်ထဲမှ ထွက်လာပြီး လှေကားထိပ် အပေါက်မှ ဆီးကြိုစကား ပြောလိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် နောင်နောင်ပါ၊ မမနွေးနဲ့ တွေ့ဖို့လာခဲ့တာပါ"

"နွေးနွေးရော နွေးနွေးရဲ့မိဘတွေရော မရှိကြတော့ဘူးကွယ့်"

"ဗျာ"

"မနေ့ညက မီးရထားလက်မှတ် ရအောင်ဝယ်ပြီး ဒီနေ့မနက်အစောကြီး ခရီးထွက်သွားကြပြီ"

"ဗျာ"

"နွေးနွေးက အဒေါ်ကို ဒီစာအိတ်ပေးခဲ့ပြီး ဒီနေ့မနက် ရှစ်နာရီမှာ နောင်နောင် ဆိုတဲ့သူ လာလိမ့်မယ်တဲ့။ နောင်နောင် လာရင် ဒီစာအိတ် ပေးလိုက်ပါလို့သေချာမှာသွားတယ်"

အဒေါ်ကြီးက ကော်ကပ်အိတ်ပတ် စာအိတ်တစ်လုံး လှမ်းပေးသည်။ ပြီး ... သံဘာဂျာတံခါးကို ဆွဲပိတ်လိုက်ပါ၏။



နောင်နောင်သည် လှေကားထစ်ပေါ်မှာပင် ထိုင်ချပြီး စာအိတ်ဖောက်ကာ စာရွက်ကို ထုတ်ယူဖွင့်ဖတ်လိုက်သည်။

တို့မောင် နောင်နောင် ...

မနေ့က တို့မောင်နဲ့ ကိုဒေဝ ထွက်သွားကြပြီး တစ်နာရီလောက် အကြာမှာ ကိုဒေဝ နောက်တစ်ခေါက် မမနွေး အိမ်ကို ပြန်လာတယ်။

တို့မောင်ရဲ့ မေမေ မော်လမြိုင်က ရောက်နေကြောင်းနဲ့ တို့မောင်ရဲ့မိဘ ဂုဏ်သရေရှိ ချမ်းသာကြွယ်ဝတဲ့ အကြောင်းတွေရော တို့မောင်ရဲ့ တကယ့်ဘဝစစ် ဘဝမှန်ကိုရော ကိုဒေဝက ပြောပြတယ်။

ပြီး ... ကိုဒေဝ ပြောတဲ့အထဲမှာ ဆရာမြတ်နဲ့ ဒေါ်ကြူကြူတို့က တို့မောင်ကို သူတို့သမီး "အမာလေး"နဲ့ ရည်ရွယ်ကြောင်း၊ တို့မောင်ရဲ့ မေမေကလည်း အမာလေးကို အဘက်ဘက်ကတော်လို့ သဘောကျတဲ့ အကြောင်းတွေလည်း မမနွေး သိခွင့် ကြားခွင့် ရလိုက်တယ် တို့မောင်"

"တောက် ... သတ်ချင်တယ်၊ ဦးဒေဝကြီးကို သတ်ချင်တယ်"ဟု တောက်ခေါက်ပြီး နောင်နောင် အသံတုန်ကြီးနှင့် တစ်ယောက်တည်း ပြောလိုက်မိတော့သည်။

မမနွေး အရူမတိုပါဘူး တို့မောင်။ တစ်ဖက်မှာ တစ်ပိဿာအလေး ထည့်ထားရင် နောက်တစ်ဖက်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ပိဿာနဲ့ ညီမျှတဲ့ ပစ္စည်းကို ထည့်ပေးမှ ချိန်ခွင်လျှာဟာ အလယ်ဗဟိုတည့်တည့် ဘယ်ဘက်ကိုမှ မထွက်လေမှ မှန်ကန်တဲ့ တန်ဖိုးရပြီး သူ မနာ၊ ကိုယ် မနာ မျှတမှုရှိကြမယ်ပေါ့ တို့မောင်။

မမနွေးလေ တို့မောင်နဲ့ ချစ်ခဲ့တာကို ပြန်ဆန်းစစ်တယ်၊ သေချာ အသေးစိတ် ဆန်းစစ်ကြည့်တာပါ။

သေချာဆန်းစစ် စဉ်းစားလေ၊ တို့မောင်နဲ့ မမနွေးဟာ အလေးနဲ့ ပစ္စည်း မညီမျှတာကို တွေ့ရလေပဲ တို့မောင်၊ မမနွေးဘက်က ချိန်ခွင်လျှာ ဖောက်ထိုးကြီး ထွက်လာအောင်သာနေတယ်။ မမနွေးကို တို့မောင် လက်ထပ်လိုက်ရင် တို့မောင်ရဲ့ ဘဝတစ်လျှောက်လုံးမှာ နာသွားမယ်။

မမနွေး တို့မောင်ကို လုံးဝ ဘယ်တော့မှ လက်မထပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။

တို့မောင်ကို လက်မထပ်လို့ တခြားတစ်ယောက်ကို မမနွေး လက်ထပ်မှာလို့တော့ လုံးဝကြီးကို မထင်မမှတ်လိုက်ပါနဲ့ တို့မောင်။ အခု မမနွေး ထွက်သွားတာဟာ ဒီဘဝမှာ ဘယ်သူ့ကိုမှ လက်ထပ်ခွင့်မရတော့တဲ့ နေရာကို သွားတာပါပဲ တို့မောင်။

မမနွေးရဲ့ ဖေဖေနဲ့မေမေက အေးအေးဆေးဆေး တရားအားထုတ်ချင်နေကြတာ ကြာပါပြီ။ မမနွေးကို ငဲ့ရတဲ့သံယောဇဉ် နောက်ဆံတင်းမှုကြောင့် ဖေဖေနဲ့မေမေ လွတ်လွတ်လပ်လပ် ဘယ်ကိုမှ မသွားနိုင်ဘဲ အိမ်က ဘုရားခန်းကြီးထဲမှာပဲ တရားထိုင်နေကြရတယ်လေ။



ဒါကြောင့်လည်း ကိုသက်ဇင်နဲ့ မမနွေးကို ဖေဖေနဲ့မေမေက နေရာချထားပေးတာပါ။ ဒါပေမဲ့ မမနွေးဟာ လင်သေမုဆိုးမဘဝကို ချက်ချင်း ရောက်သွားတော့ ဖေဖေနဲ့မေမေဟာ မမနွေးအပေါ် ပိုပြီး စိတ်မကောင်း ဖြစ်သွားရတယ်။

ဖေဖေနဲ့မေမေအတွက် လွတ်လွတ်လပ်လပ် တရားဓမ္မဘက်လိုက်ဖို့ ပိုပြီး အလှမ်းဝေးကွာသွားပြန်တယ်။

အခုတော့ သားအမိသားအဖသုံးယောက်စလုံး တရားဓမ္မရိပ်သာဆီကို ဝမ်းမြောက်ကြည်နူးစွာနဲ့ သွားကြပြီ တို့မောင်။

မမနွေးက ပထမအဆင့်အနေနဲ့ ယောဂီဘဝနဲ့ တရားအားထုတ်မယ်၊ အဲဒီကတစ်ဆင့် ပိုပြီး ရင့်ကျက်သွားရင် သီလရှင်ဘဝကို ခံယူတော့မယ် တို့မောင်။

မမနွေးနောက်ကို တို့မောင် စုံစမ်းပြီး လုံးဝ လိုက်မလာပါနဲ့။ တို့မောင် ရောက်လာရင် တရားရှင် ဓမ္မရှင်တွေကို လိုက်ပြီး နှောင့်ယှက်ရာရောက်မယ်။ နောက်တစ်ခုက မမနွေး တို့မောင်ကို ထပ်ပြီး လုံးဝအတွေ့ခံမှာ မဟုတ်တော့လို့ပဲ တို့မောင်။

မမနွေးရဲ့ နှလုံးသားစစ်စစ် မေတ္တာကို တို့မောင် ရသွားခဲ့ပြီးပဲ။ မေတ္တာစစ် မေတ္တာမှန်ဆိုတာ ဘယ်လိုပဲ ဘဝခြားခြား ... ညားကြလေသတည်း မဟုတ်သေးဘဲ ရာသက်ပန် ရှင်သန်စမြဲပါ တို့မောင် ...

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားမေတ္တာစစ်ဟာ ကြာဖွင့်နဲ့ တူပြီး လက်ထပ်သွားကြတာဟာ နွံလို ညစ်ထေးတယ်လို့သာ တို့မောင် မှတ်ယူလိုက်ပါတော့ တို့မောင်။

မမနွေး

စာဖတ်ပြီးအဆုံး၌ နောင်နောင် အံကြိတ်သည်။ မျက်နှာကြီး နီလာသည်။

"ဦးဝေဒကို ရှာပြီး သတ်မယ်"

မာစီဒီးကြီးပေါ် ပြန်တက်ပြီး မောင်းလာခဲ့သည့် ဦးဒေဝကို ဘယ်မှာ ရှာရမှန်း မသိ။ ဦးဒေဝ၏ နေရပ်လိပ်စာအိမ်ကို မသိ။

အလွယ်ဆုံး နည်းလမ်းမှာ ဆရာမြတ်ဝပ်ရှော့သို့ ပြန်ပြီး ဦးဒေဝအလာကို စောင့်ပြီး သတ်ရန်သာ ဖြစ်ပါ၏။

နောင်နောင် ဘိုလိန်းလမ်း ဝပ်ရှော့ရှိရာသို့ ဦးတည်ပြီး မောင်းလာသည်။ ကားဘီးလိမ့်သည်နှင့်အမျှ နောင်နောင်၏ စိတ်အစဉ်တွေလည်း လိမ့်နေပါ၏။

မမနွေးအကြောင်းကို တွေးသည်။ မမနွေးသည် အကျိုးအကြောင်းတစ်ခုဖြစ်လာလျှင် ထိုအကျိုးအကြောင်းကို ဆက်နွယ်ပြီး မမနွေး ရင်ထဲက မှန်သည်ဟု ယူဆလျှင် ဘာမဆို စွန့်စားရုံမက ခွင့်လွှတ်နိုင်သော သတ္တိမျိုးရှိကြောင်း နောင်နောင် ဆက်စပ်တွေးမိလာသည်။

သိန်း(၃၀)ကျော်တန် ရတနာတွေကို စွန့်လွှတ်လိုက်သည်။ နတ်မောက်အိမ်ကြီးကို စွန့်လွှတ်လိုက်သည်။



ယခု မိမိကို စွန့်လွှတ်လိုက်ပြန်လေပြီ။ မိမိကို စွန့်လွှတ်ရမည့် အကြောင်းအချက်တွေ ရေတာရှည်မှ အပြန်လမ်းခရီးတွင် ချစ်ခင်ကြပြီးမှ မမနွေးက မိမိနှင့် သူမ လက်ထပ်၍ မဖြစ်နိုင်သည့် အကြောင်းအချက်တွေ ဆက်နွယ်ပြီး ပြောပြခဲ့သည်။

ဒါဆိုလျှင် ဦးဒေဝကြီး၏ စကားတွေကြောင့် မမနွေးက မိမိကိုစွန့်လွှတ်ခြင်းပေလား၊ သေချာစဉ်းစားသောအခါ မဟုတ်နိုင်ပါလေ။ ဦးဒေဝ၏ စကားတို့မှာ လောင်နေသောမီးကို လေပင့်သည်သဘောမျှသာ ရှိနေပါ၏။

မမနွေးကိုယ်တိုင် ရေးခဲ့သော စာထဲမှ နိဂုံးပိုဒ်သည် ချစ်ချင်းမေတ္တာကို ကြာပွင့်နှင့် နှိုင်းပြီး လက်ထပ်ပေါင်းသင်းသွားကြသည်ကို နွံအညစ်အကြေးနှင့် နှိုင်းပြသွားသည်။ အဓိပ္ပာယ်မှာ ရှင်းပါ၏။

မမနွေးဘဝ ဤတစ်သက်တွင် အဘယ်သော ယောကျ်ားကိုမှ လက်မထပ်ပါ၊ မချစ်ပါ။

နောင်နောင်ဆိုသည့် တို့မောင်ကိုတော့ သိပ်ချစ်ပါသည်။

သို့သော် လက်မထပ်ပါဟူ၍ ပါတည်း။ ပြီး မမနွေးသည် တရားဓမ္မဘောင်ထဲသို့ ဝင်ရောက်သွားခြင်း ဖြစ်နေပါ၏။

နောင်နောင်သည် ဟူးခနဲ၊ ဟင်းခနဲ အသံထွက်အောင် စိတ်ကို လျှော့ချလိုက်သည်။

အတွေးတို့သည် တစ်မိနစ်ပြီးတစ်မိနစ်၊ ကားဘီးသည်လည်း တစ်ပတ်ပြီးတစ်ပတ် လည်ရင်းပင် နောင်နောင်၏

www.burmeseclassic.com

www.burmeseclassic.com



ဦးဒေဝအပေါ် ထားရှိသော ဒေါသပြေသွားသည်။ ရန်ကုန်မြို့ ဘိုလိန်းလမ်းရှိ ဆရာမြတ်၏ ဝပ်ရှော့ရှေ့သို့လည်း နောင်နောင်နှင့် မာစီဒီးကားကြီး ရောက်ရှိလာပေသည်။

မာစီဒီးကားကြီး ဝပ်ရှော့ရှေ့တွင် ရပ်လိုက်သည်နှင့် ရုံထဲမှ အမျိုးသမီးနှစ်ဦး ပြေးထွက်လာသည်ကို နောင်နောင် တွေ့မြင်ရသည်။

မေမေနှင့် အမာလေးတို့ ဖြစ်ကြပါ၏။

မေမေသည် သားချစ်လေးနောင်နောင်ကို အပြုံးလေးနှင့် ကြည့်ရင်း တိုးကပ်လာသည်။ မေမေ့ကို ဝပ်ရှော့သို့ ဦးအေးမောင်က သူ့ကားနှင့် လိုက်ပို့ပေးထားခြင်း ဖြစ်ပေမည်။

မေမေ၏ မိမိကို ကြည့်သောအပြုံးမှာ အေးလွန်းပါ၏။

မေမေနှင့်အပြိုင် အမာလေးကလည်း အပြုံးလေးဖြင့်ပင် နောင်နောင့်ဆီသို့ တိုးကပ်လာပေသည်။

ဩော် ... အမာလေး၏ အပြုံးလေးကလည်း မိမိရင်တွင် အေးအေးမြမြလေးပဲ ဖြစ်စေသည်ပါတကား။

နားကြပါဦးစို့.

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com